www.burmeseclassic.com

# ရှင်မိုး

(ဆေးတက္ကသိုလ်)

## နှလုံးသားက အနိုင်ရသွားသောအခါ

BURMESE CLASSIC .com



www.burmeseclassic.com

Design L လင်း

www.burmeseclassic.com

# ရှင်မိုး(ဆေးတက္ကသိုလ်)

## နှလုံးသားကအနိုင်ရသွားသောအခါ


တမူခွင့်ပြုချက်အမှတ် – ၅၀၀၇၁၉၀၇၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၈၁၃၀၇၁၀

၂၀၁၀ ခုနှစ်၊ [redacted]

ပထမအကြိမ်

တန်ဖိုး – ၁၀၀၀/-

အုပ်ရေ – ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၈၃

ရှင်မိုး(ဆေးတက္ကသိုလ်)

နှလုံးသားကအနိုင်ရသွားသောအခါ/ရှင်မိုး(ဆေးတက္ကသိုလ်)-ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၀။

၂၈၈- စာ၊ ၁၂×၁၈ စင်တီ။

(၁) နှလုံးသားကအနိုင်ရသွားသောအခါ


### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com





BURMESE CLASSIC .com



# ရှင်မိုး
## (ဆေးတက္ကသိုလ်)


နှလုံးသားက
အနိုင်ရသွားသောအခါ ...

စီစဉ်သူ
မောင်ကျော်ရှိန်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







စိန်သည် ရပ်ထားခဲ့သော ကားဆီအရောက် ကားသော့ကို ငုံ့ဖွင့်လျှင် စိတ်အနှောင့်အယှက်ဖြစ်စရာ ကြုံရတော့သည်။ ကြည့်ပါဦးလေ။ မောင်းသူဘက်အခြမ်း ကားတံခါးကနေ နောက်ခုံတွေရှိရာ တံခါးတစ်လျှောက်လုံးရော နောက်ဘက်ခြမ်းထိပါ တောက်လျှောက်ဆေးမွန်းရာကြီးဖြစ်နေတာ။ စိန့်ကား အဖြူဆွတ်ဆွတ်မှာ ဆွဲခြစ်ခံထားရတဲ့ ဆေးမွန်းရာကြီးက ထင်းနေပါသည်။ ဘေးမှာတော့ တကယ့်ကို အနီရဲရဲတောက်နေသည့် ကားအမြင့်ကြီးတစ်စီးရှိနေသည်။ ကားခေါင်းမှာ ဟိုင်းလပ်(စ)ကားခေါင်းမျိုးပေမယ့် သူ့ခေါင်းက ပိုကြီးကာ ကားခေါင်းမှာတင် နောက်ခြမ်းသီးသန့်ခွဲထားနိုင်ကာ ခေါင်းခန်းမှာ လူလေးယောက် ထိုင်လို့ရသည်။ နောက်ခန်းကတော့ အမိုးဖွင့်ပုံစံဖြစ်သည်။ ကားဘီးကြီးတွေက မြင့်လှပြီး ကားပုံစံကိုကမြင့်သဖြင့် ဟိတ်ဟန်ရှိလှသည်။ ကားရှေ့ဘန်ဘာမှာလည်း နှင်းကွဲမီးသီးကြီးတွေ တပ်ထားသလို ခေါင်းခန်း ခေါင်မိုးမှာလည်း မီးသီးကြီးတွေ ထပ်တပ်ထားသေး

www.burmeseclassic.com

သည်။ ကားက ဒီမှာတွေ့ရခဲ့သောပုံစံ နောက်ဆုံးပေါ် Hilux (ဟိုင်းလပ်(စ)) ပစ်ကပ်ကား အကြီးကြီးဖြစ်ပါသည်။ ဒီလိုကားမျိုးတွေကို ရုပ်ရှင်တွေထဲမှာတော့ တွေ့ဖူးသည်။

"အဲဒီကားကြီး နောက်ဆုတ် ပါကင်ဝင်တော့ သူ့နောက်ဘန်ပါကြီးနဲ့ ဆွဲခြစ်သွားတာ အစ်မ"

စိန်က ဘာရယ်မဟုတ် ဟိုကြည့် ဒီကြည့်လုပ်နေရာမှ ထိုကားကြီးကို စိတ်ဝင်စားပြီး အသေးစိတ်ကြည့်နေစဉ် လမ်းဘေးမှာ စမူဆာ၊ ဗယာကြော်ကို မီးဖိုလေးလက်ဆွဲပြီး ကြော်ရောင်းသော စိန့်အသိ ကုလားလေးက လှမ်းပြောပါသည်။ စိန်က ထိုကုလားလေး ဒီနားခဏချ ကြော်ရောင်းတိုင်း ဆိုင်ထဲကထွက်ကာ ဝယ်စားနေကျဖြစ်၍ သူနဲ့ ရင်းနှီးနေတာဖြစ်သည်။

"ဟုတ်လား၊ ဒီမှာကြည့်ပါဦးဟယ်၊ ဘေးတစ်ခြမ်းကြီး တောက်လျှောက်ပွန်းသွားတာ"

"မြင်တဲ့လူတွေက လှမ်းအော်ကြတယ်၊ သူ ကားနောက်ဆုတ်ဝင်ကတည်းက ခြစ်မိနေတာ၊ ကားချင်းငြိပြီ ငြိပြီ ပြောတာနားမထောင်ဘူး၊ လုံးဝ အလျှော့မပေးဘဲ တအားဆုတ်ဝင်လာတာ"

"ကား ဒီမှာရပ်ထားသေးတယ်ဆိုရင် ဒီလူ ဘယ်မှမသွားသေးဘူးပေါ့၊ နင်ကလည်းဟယ် ... ငါ ထွက်လာပြီး ကား





သော့ဖွင့်မှပဲ ပြောတော့တယ်၊ ဖြစ်တည်းက လာပြောတာမဟုတ်ဘူး"

"ကျွန်တော် ဒီမှာ ရောင်းကောင်းနေတာနဲ့ ဝင်မပြောတာပါ၊ ဖောက်သည်တွေပြတ်သွားရင် အစ်မကို ဝင်ပြော မလို့ပါပဲ၊ အစ်မက အရင်ထွက်လာလို့ပါ"

"အခု အဲဒီလူ ဘယ်ဝင်သွားလဲ၊ နင် တွေ့လိုက်သေးလား"

ဒီပတ်ဝန်းကျင်တစ်ဝိုက်ကတော့ အရောင်းဆိုင်တွေ၊ စားသောက်ဆိုင်တွေ၊ ကော်ဖီဆိုင်တွေ၊ အလှပြင်ဆိုင်တွေ များပြားလှလေရာ တစ်ဆိုင်ဆိုင်ထဲ ဝင်သွားတာဖြစ်မည်ဟု တွေးမိပြီး မေးလိုက်လေရာ ကုလားလေးတောင် မဖြေရသေး။ လူရိပ်တစ်ရိပ် ကားကြီးနား ဖျတ်ခနဲ ရောက်လာတာတွေ့ရပါသည်။

ကျောက်ရုပ်ကြီး တစ်ရုပ်လိုပဲ တောင့်တောင့်တင်းတင်း၊ မြင့်မြင့်မားမား ဖြစ်နေသလို လေးထောင့်ကျချင်သော မျက်နှာမာမာသည် သူ့ကို ကျောက်ရုပ်နဲ့တူစေဖို့ ပိုပြီး မှုံ့ပိုးပေးသလိုဖြစ်နေသည်။ ခပ်ထူထူ နှုတ်ခမ်းနှင့် မျက်ခုံးထူထူမည်းမည်းကြီးရှိရုံကလွဲရင် ညိုမောင်းမြင့်မားသော ထိုသူ့ပုံစံဟာ ဘယ်လိုမှ လူချောတစ်ယောက်လို့ မြင်စရာမရှိပါ။ အီမိုဆံပင်ပုံစံ ဘေးတစ်ခြမ်းစောင်းဆံပင်တိုတိုတွေမှာ သူ့မျက်နှာတစ်ဝက်ကို အုပ်ထားတော့မလိုဖြစ်ကာ သူ့မျက်လုံးတွေကို သေသေချာချာတွေ့ရပါ။

www.burmeseclassic.com

ထိုသူက စိန့်ကို ခပ်တည်တည်စိုက်ကြည့်ပြီး ကားတံခါးဖွင့်မလို့ မြင်လျှင် ...

"ဒီမှာ ... ဒီမှာ"

ဟု စိန် အလျှင်အမြန်ပဲ လှမ်းအော်ခေါ်ပြီးတားလိုက်ရသည်။

ထိုသူက စူးစမ်းသလို စိုက်ကြည့်သည်။ အံမယ် လေး ကြည့်ပုံကလည်း။ ရင်ထဲကို အေးခဲသွားသလိုပဲ။ ရုပ်ရှင်ကားတွေထဲမှာ မြင်ဖူးနေကျ ရက်စက်တတ်တဲ့ Serial killer (ဆီရီယာယ်ကေးလား) လူသတ်သမားတစ်ယောက်ဆီက ရတတ်တဲ့အကြည့်မျိုး။ စိန်သည် သူ့အကြည့်ကို ကျောချမ်းသလိုဖြစ်သွားကာ ပြောရမယ့်စကားပင် လည်ချောင်းဝမှာ တစ်ဆို့နေတော့သည်။

"ဘာကိစ္စလဲ"

ထိုသူ့အသံ ဟိန်းထွက်လာသည်။ အသံထဲမှာကို ဟိန်းဟောက်သံပါနေတာ။ စိန်သည် အားတင်းလိုက်ပြီး ...

"ရှင့်ကားကြောင့် ဒီမှာ ကျွန်မ ကားဘေးတစ်ခြမ်းလုံး ပွန်းသွားပြီ"

"ဟုတ်လို့လား သေချာလို့လား"

"ဘာပြောတယ်"

"ငါ့ကားနဲ့ ထိမိတာလို့ သေချာလား"





"အိုး ... သေချာတာပေါ့၊ သေချာတာပေါ့၊ ဘာလို့ မသေချာရမှာလဲ။ သေချာလို့ ပြောတာ"

"မင်းကားဘေးမှာရပ်မိတာနဲ့ပဲ ငါ့ကားကို စွပ်စွဲစရာလား"

"ဘာပြောတယ်"

"ကျွတ် ... ကျွတ် ... ရုပ်လေးက သနားကမားနဲ့ နားမကောင်းဘူးထင်တယ်၊ စကားတစ်ခွန်းပြောပြီးတိုင်း မကြားလို့ ပြန်ပြန်မေးနေရရှာတယ်"

စိန်သည် လူကို အလကားနေရင်း ရန်စသလိုပုံစံနဲ့ စကားပြောသော ထိုသူ့ကို စူးစူးရဲရဲပြန်ကြည့်မိသည်။ ခက်ထန်ပြီး ရက်စက်တတ်ပုံရသော ထိုသူ့ရုပ်ရည်သည် ပါးစပ်ကထွက်သော စကားအသုံးအနှုန်းနဲ့ပါ လိုက်ဖက်နေသည်မှာ အံ့သြစရာပင်။

"ရှင့်ကားနဲ့ထိတာလို့ ပြောတဲ့သူကပြောတယ်၊ လူသက်သေမရှိဘဲနဲ့ ကျွန်မ အလကားနေရင်း မစွပ်စွဲဘူး"

"ကဲ ... ပြော၊ ဘယ်မှာလဲ သက်သေ"

ဆံပင်တွေ အုပ်နေသောကြောင့် ပိုးတဝါးမြင်ရသော သူ့မျက်လုံးတွေကို အသေအချာ မတွေ့ရပေမယ့် စိန်ကတော့ အကဲခတ်လို့ရသည်။ သူ့မျက်လုံးတွေဟာ တစ်ခုခုကို အကောက်ကြံတတ်ပြီး အငြိုးအတေးလည်း ကြီးတတ်ပုံရသော သူ့ရဲ့အတွင်းစိတ်ကို လှစ်ဟပြနေသည်။ ဒါကို စိန့်စိတ်ထဲမှာ ဖျတ်ခနဲ သတိ


www.burmeseclassic.com

www.burmeseclassic.com



ထားမိလိုက်လျှင် စိန်သည် ဗယာကြော်ရောင်းတဲ့ ကုလားလေး ပြောတာရယ်လို့ ထုတ်မပြောရဲတော့သလို ဖြစ်သွားပါသည်။ သူ့ပုံစံက အဲဒီ ပြောတဲ့သူကို ခုပဲ ပြေးရိုက်တော့မယ့်ပုံစံ။

“ဒီမှာ ရှင် ဘာကြောင့် ကိုယ့်အပြစ်ကိုယ် ဖုံးကွယ်ချင်ရတာလဲ၊ ယောက်ျားပီပီ ကိုယ်လုပ်လိုက်တဲ့ အမှားကို ဝန်ခံရဲရမှာပေါ့၊ ဘာဖြစ်လို့ ဟိုလူသက်သေခေါ်ပါ၊ ဒီလူသက်သေခေါ်ပါ လုပ်နေရတာလဲ”

“ယောက်ျားပီသရင် အမှားကို ဝန်ခံရဲရမယ်ဆိုတော့ ဒါ ဘယ်သူ့အဆိုအမိန့်လဲ။ အဆိုအမိန့်တွေ လာကိုးကားမနေနဲ့၊ ငါက ငါ့ကို အလကားနေရင်း လာစွပ်စွဲပြီး အလျော်တောင်းတိုင်း သွားကြိုးဖြုပြီး ဖြေရှင်းမယ့်ကောင်မဟုတ်ဘူး၊ ပိုက်ဆံဆိုတာ သုံးတော့သာလွယ်တာ၊ ရှာရတာ ဘယ်လောက်ခက်တယ်မှတ်လဲ၊ အလကားနေရင်း ကိုယ့်ပိုက်ဆံ အကုန်ခံရမယ့်ပြဿနာမျိုးတော့ လုံးဝ မဖြေရှင်းဘူးမှတ်”

“ဘာပြောတယ် ... ဘာပြောတယ်။ ရှင် ... ရှင် တော်တော်လူပါးဝတယ်”

“ကိုယ့်ဘာသာ နမော်နမဲ့နဲ့ တခြားမှာဖြစ်လာပြီး တရားခံလာမရှာနဲ့ပေါ့”

“နင့်ကားနဲ့ ထိတယ်ဆိုတာ ငါ သိကိုသိထားတယ်ဟဲ့”





စိန်သည် အလကားနေရင်း ရိုင်းနေသော ထိုသူ့ကို ‘ရှင်’တွေ ‘ကျွန်မ’တွေနဲ့ပင် ယဉ်ယဉ်ကျေးကျေးမပြောနိုင်တော့။ နင်တစ်လုံး၊ ငါတစ်လုံးတောင် ပြောမိတော့၏။

“ဒီကားပွန်းတာလေးနဲ့ မင်း မွဲမသွားပါဘူး၊ သူတောင်းစားခွက်ပျောက်သလောက်တော့ ဘာဝမဆိုးသေးပါဘူး”

“နင် လျော်မေးမလား မလျော်မေးဘူးလား”

ထိုသူက မထီတရီ ပြုံးမဲ့မဲ့လုပ်၊ ပခုံးတွန့်ပြကာ သူ့ကားပေါ် သူတက်ထိုင်တော့သည်။ ကားသော့ကို ထည့်၍ စက်နှိုးလိုက်တာနဲ့ ဘော့(စ)သံပြင်းပြင်းထွက်သော ဒီဂျေတီးလုံးသံ တဒုန်းဒုန်းကို ကြားရသည်။ ရင်ဘတ်ကို လာဆောင့်သလို အသံမှာ ကားတစ်စီးလုံးကိုရော၊ အားပတ်ဝန်းကျင်ကိုပါ ဆူညံသွားစေပါသည်။

“ဒီလိုထွက်သွားလို့ရမလား၊ နင်နဲ့ ငါ ရှင်းရမှာရှိသေးတယ်လေ”

စိန် မခံမရပ်နိုင်သလိုဖြစ်ကာ အော်ပြောပေမယ့် ထိုသူက စိန့်စကားသံကိုတောင် ကြားပုံမရ။ ခေါင်းကို တလှုပ်လှုပ်၊ ပီကေတဝါးဝါးလုပ်ကာ လမ်းမပေါ်ထွက်ဖို့သာ အာရုံစိုက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

စိန်သည် တကယ်တော့ အလျော်လိုချင်တာထက် ကိုယ့်ကို တမင်ကြီး အရှုးလုပ်ပြသွားတဲ့ပုံစံကို မခံမရပ်နိုင်လှသည် ဖြစ်ရာ သူ့ကားရှေ့ကို ပြေးသွားပြီး ကားဘောနက်ကို လက်ဖြင့် တဗုန်းဗုန်းပြေးထုမိတော့သည်။ သတ္တုဘောနက်ကို စိန့်လက်ဖြင့် တဗုန်းဗုန်းထုတာမို့ ကားက ဘာမှတော့ အရာမထင်ပါ။ သို့သော် ထိုသူကတော့ ဒေါသတကြီး ဖြစ်သွားဟန်ဖြင့် ကားတံခါးကို ဒိုင်းခနဲ ဆောင့်ဖွင့်ကာ ခုန်ထွက်လာပါသည်။ စိန့်အနား ဒေါသ တကြီးရောက်လာသော ခြေလှမ်းတွေကို စိန် နည်းနည်းတော့ ကြောက်သွားပါသည်။ စိန့်ခြေလှမ်းတွေ အနည်းငယ်ပြန်ဆုတ် လိုက်မိ၏။

"မင်း တောက် ... ဟာကွာ၊ ငါ တီးမိတော့မယ်၊ မိန်းက လေးမို့ မင်း သက်သာသွားတယ်မှတ် ... တောက်"

လက်သီးကိုပါ ရွယ်လိုက်သော ထိုသူ့အမူအရာကို စိန် များစွာ တုန်လှုပ်ချောက်ချားသွားပါသည်။

"ငါ့ကားကို မထိနဲ့၊ ငါ့ကား တစ်ခုခုဖြစ်သွားလို့ကတော့ မင်း ဒီနေရာမှာတင် ပွဲချင်းပြီးသွားမယ်"

"အောင်မယ် ... နင့်ကားကျတော့ သိတတ်လိုက်တာ၊ ငါ့ကားတစ်ခြမ်းလုံး ပွန်းသွားအောင် နင်လုပ်ထားတာကျ တော့ ငါက မနမြောရဘူးလား"





"မင်း ငွေ ဘယ်လောက်အလျော်လိုချင်လို့ တောင်းနေတာ လဲ"

မေးလိုက်ပုံမှာ စိန်ကပဲ ငွေမက်၍ မဟုတ်တမ်း တရား စွပ်စွဲပြီး တောင်းနေတဲ့ မျက်နှာပေးနဲ့မို့ စိန်ခံပြင်းသွား ပါသည်။ တကယ်တော့ ကားပြန်ဆေးမှုတ်ပြုပြင်လိုက်ရလို့ စိန် မွဲမသွားပါ။ စိန်လိုချင်တာက ချိုချိုသာသာ ပြန်ပြောပြီး ပြေလည် အောင်ဖြေရှင်းပေးတာမျိုးသာဖြစ်သည်။ စိန်မပြောနဲ့။ ဘယ်သူမဆို ပြဿနာတစ်ခုခု ကြုံလာရင် ချိုချိုသာသာ၊ ပြေပြေလည်လည် ပြန်ဖြေရှင်းကြတာကိုသာ လိုချင်ကြမှာဖြစ်သည်။

"နင့်ဆီက အလျော်တောင်းချင့်တာထက် နင့်အမှား နင်ဝန်ခံ တာကို ပိုလိုချင်လို့ပဲ နားလည်လား၊ နင် တအားကို ရိုင်း စိုင်းလွန်းလို့ ငါ မခံမရပ်နိုင် ဖြစ်နေတာ။ နင့်လိုလူမျိုး ငါတစ်ခါမှကို မတွေ့ဖူးဘူး"

"ကဲ ... အခု တွေ့ဖူးပြီ မဟုတ်လား"

မထီမဲ့မြင် ခါးထောက်လျက် ပြန်ရန်ဖြစ်နေသော ထိုသူနှင့် စိန်တို့ကို အနီးတစ်ဝိုက်ကလူတွေရော၊ လမ်းသွားလမ်း လာတွေပါ တစေ့တစောင်း အကဲခတ်ကြသဖြင့် စိန်သည် အတော့်ကို ရှက်နေမိပြီ။ လမ်းမကြီးမှာ အော်ကျယ်ဟစ်ကျယ် ရန်ဖြစ်ရဲသော အတန်းအစားထဲ စိန် ပါသွားလေပြီတည်း။


www.burmeseclassic.com

www.burmeseclassic.com



သို့သော် စိန် နောင်တမရပါ။ ဒီလူလုပ်ပုံ၊ ပြောပုံတွေဟာ မမျှော်လင့်ထားလောက်အောင် ရိုင်းပျပြီး တာဝန်မဲ့လွန်းလေရာ စိန့်ကို သူ တောင်းပန်မှသာလျှင် စိန် ကျေနပ်တော့မည်။

"ရော့ ... ဒီမှာ ငါးသိန်း။ ကျေနပ်ပြီလား၊ ငွေလိုရင်လိုတယ်ပြောပါလား၊ ဘာလို့ ငါ့ကို အမှားဝန်ခံပါ ဘာညာပြောပြီး ဇာတ်အိမ်ကို ချဲ့နေရသလဲ"

ပြားကပ်ပြီး အသစ်ကျပ်ချွတ် ဘဏ်ထုပ်တွေဖြစ်သော ပိုက်ဆံထုပ်ငါးထုပ်ကို သူဝတ်ထားသည့် အိတ်ကပ်တွေအများကြီးပါသော ဘောင်းဘီပွပွကြီးထဲမှ နှိုက်ယူလိုက်ပြီး စိန့်မျက်နှာရှေ့ ထိုးပေးလိုက်သည်။ တမင် အကြမ်းပတမ်းပင် မျက်နှာတည့်တည့်ထိမိအောင် ထိုးပေးလိုက်သဖြင့် ထိမိတော့မလိုဖြစ်သွားရာ စိန် နောက်ဆုတ်ရှောင်လိုက်ရသည်။ မရှောင်လိုက်လျှင် တကယ်ပဲ စိန့်မျက်နှာကို ထိသွားနိုင်သည်။ စိန့်ဒေါသတွေ အထွတ်အထိပ်ကို ပိုရောက်သွားပါသည်။

"နှင် ရိုင်းလှချည်လား"

"ကျော်ကြေးပေးတာ မဟုတ်ဘူးနော်၊ ငွေလိုချင်တဲ့လူကို ငွေပေးပြီး နှစ်သိမ့်လိုက်တာ"

"နင့်ကို ငါ အရမ်းမုန်းတယ်၊ ချဉ်တယ်၊ ရွံတယ် ... သိလား"





စိန်သည် တကယ်တော့ သူ့ကို ပြေးတောင်ရိုက်ချင်တာဖြစ်သည်။ စိန် မလုပ်ရဲ၍ ပါးစပ်မှ ပြောမိပြောရာတွေ အော်မိသလို ရှက်လည်းရှက်လှသဖြင့် မျက်ရည်များပင် ဝိုင်းနေသည်။ စိန့် ကြံရာမရတော့။ စိန် ဘာလုပ်ရမလဲ။ စိန် သူ့ကို အလျှော်ပေးပြီး နောက်မဆုတ်ချင်။ ဒီနေ့ သူ စိန့်ကို တောင်းပန်မှသာ စိန် ကျေနပ်တော့မည်။

"နင် ငါ့ကို တောင်းပန်ရမယ်၊ နင် စော်ကားမော်ကားပြောတဲ့စကားတွေအတွက်ပါ တောင်းပန်ရမယ်"

"စိန် ... စိန် ဘာဖြစ်နေတာလဲ၊ လာ ... လာ"

စိန့် နံ့ဘေးမှာ လာရပ်လိုက်ပြီး စိန့်လက်ဖဝါးတစ်ဖက်ကို ဆုပ်ကိုင်လိုက်သော အသံရှင်သည် စိန့်၏ အားကိုးမှီတွယ်ရာသာဖြစ်တော့သည်။

"မြတ်နိုး ... ဒီလူ အရမ်းရိုင်းနေလို့၊ စိန့်ကို စော်ကားတဲ့စကားတွေပြောနေလို့၊ ပြီးတော့ စိန့်ကားကို သူ လုပ်သွားတာ အဲဒါတွေလည်း ဝန်မခံလို့"

စိန်သည် ဒေါသတွေ၊ အရှက်တရားတွေနဲ့ အစီအစဉ်မကျစွာ ပြောပြမိသည်။ မြတ်နိုးသည် စိန် ဖွဲ့လမ်းနှစ်ခြိုက် ချစ်ခင်ရသော အေးဆေးသိမ်မွေ့တဲ့ဟန်ပန်နဲ့ ပြုံးလျက်နှုးတောင်ကာ ...

"ထားလိုက်ပါ စိန်ရယ်၊ ပြဿနာရှင်းမနေပါနဲ့တော့၊ လာပါ လူတွေ ဝိုင်းကြည့်နေပြီ ရှက်စရာကြီးပါ"



www.burmeseclassic.com

www.burmeseclassic.com

ဟု အေးဆေးသော်လေသံဖြင့် ခပ်တိုးတိုး နားချ လျက် စိန့်ကို ဆွဲခေါ်ပါသည်။ မြတ်နိုးပြောမှ စိန်လည်း သတိ ထားမိတော့၏။ လူတွေက မျက်လှည့်ပွဲတစ်ပွဲ လမ်းမပေါ်မှာ ပြနေသလို ဝိုင်းအုံကြည့်နေတာ ကြည့်စမ်း။ ရှက်စရာကြီး။ စိန် ရှက်ပြီး ခေါင်းမဖော်ရဲတော့။

"ဘယ်လိုလဲ ငွေငါးသိန်း Offer(အော်ဖာ) ပေးထားတယ် နော်၊ ဒီမှာတင် ကျေနပ်ရင် ကျေနပ်လိုက်၊ မကျေနပ်ဘဲ ကားနံပါတ်မှတ်ပြီး ပြဿနာထပ်ရှာတာတော့ မလုပ်မိစေနဲ့"

ထိုသူ့အသံက စိန့်ကျောဘက်မှာ ကပ်ပါလာသေး လေသည်။

စိန် ချာခနဲ ပြန်လှည့်ပြီး တစ်ခုခုလုပ်မိတော့မလို ဖြစ်သွားပေမယ့် မြတ်နိုးက စိန့်လက်ကို တင်းနေအောင် ဆုပ်ကိုင် ထားလိုက်သဖြင့် ဘာမှ လုပ်ခွင့်မရတော့။

စိန်နဲ့ မြတ်နိုးတို့ ဆိုင်ထဲ ပြန်မရောက်ခင်မှာပင် ထိုသူ့ကားက ဝူးဝေါအသံကြီးဖြစ်အောင် တမင်လုပ်ကာ မောင်း ထွက်သွားပြီးနေပြီတည်း။

ထိုနေ့ကစပြီး စိန်သည် ထိုသူနဲ့ပတ်သက်ရင် အမြဲ တမ်း အရှုံးဘက်က ရင်ဆိုင်နေရသူသာ ဖြစ်သွားခဲ့ကြောင်း နောက် များမှ သိခွင့်ရခဲ့တော့လေသည်။





# အပိုင်း(၁)

## (စိန်ပန်းခိုင်)

www.burmeseclassic.com

www.burmeseclassic.com



## ၁

ဆိုင်ထဲရောက်သောအခါ စိန် ပေါက်ကွဲပြီး အော်ငိုမိသည်။ မြတ်နိုးသာ စိန့်ကို နှစ်သိမ့်ဖွေ့ဖက်မထားဘူး ဆိုလျှင် စိန် ရှိသမျှကို ကန်ကျောက်ပစ်ပေါက်ကာ မဲမိမည်ထင်သည်။ စိန်က စိတ်ကြီးပြီး ပေါက်ကွဲလွယ်သော မိန်းကလေးလည်းဖြစ်သည်။ တစ်ဆိုင်လုံးက စိန့်ကို ဝိုင်းကြည့်နေကြသည်။ စိန့်ရဲ့ လုပ်ဖော်ကိုင်ဖက် မိန်းကလေးသုံးယောက်ရော၊ ဆိုင်ထဲမှာ ထိုင်စောင့်နေသည့် ခွေးပိုင်ရှင်မိန်းကလေးရော စိန့်ကို နှစ်သိမ့်စရာစကားတွေ ရှာကြံလိုသော မျက်လုံးတွေဖြင့် ငေးနေကြသည်။

"စိတ်လျှော့လိုက် စိန်၊ စိတ်ကို ဖြည်းဖြည်းချင်းလျှော့လိုက်၊ ဒေါသဖြစ်တာဟာ မကောင်းဘူး၊ အဲဒီဒေါသကြောင့် နှလုံးထိခိုက်ရတယ်၊ ပူပြင်းမှုတွေ ခံစားရတယ်၊ စိတ်ကို လျှော့နော်"





"စိန် ဘယ်လောက် ရှုံးခဲ့တယ်မှတ်လဲ၊ အဲဒါကို လုံးဝ မကျေနပ်တာ"

"ဒီကောင်နဲ့ပတ်သက်ရင် ဘယ်သူမှ သူ့ကို အနိုင်မရပါဘူး စိန်ရယ်၊ စိန်ကျမှ သူ့ကို ရှုံးသွားတာ မဟုတ်ပါဘူး"

"ဘာ ... ဘာရယ်၊ မြတ်နိုး သူ့ကို သိနေတယ် ဟုတ်လား"

စိန် ငိုရတာမောသဖြင့် အငိုတိတ်ကာ မျက်ရည်သုတ်ရင်းမေးမိသည်။ စိန် အံ့သြလည်းအံ့သြနေသည်။ မြတ်နိုးလို ရိုးသားကြိုးစား လူယဉ်ကျေးလေးက ဒီလို လူဆိုးလူရိုင်းကို သိနေရသလား။ ထိုသူနဲ့ မြတ်နိုး လုံးဝ ဆက်စပ်စရာကိုမရှိ။ တခြားစီ။

"လူချင်းရင်းနှီးပြီး သိတာမဟုတ်ပါဘူး၊ သူ့ကို တစ်ခါ မြင်ဖူးပြီး သူ့သတင်းကို ကြားဖူးနေတာ၊ စိန်က သူနဲ့မှ တိုက်ရိုက်သွားပြဿနာဖြစ်တော့ ကိုယ်ဖြင့် မျက်လုံးတွေကို ပြာပြီး မူးသွားတာပဲ"

"သူ ဘယ်သူမို့လဲ"

"သူ့နာမည်က အလင်းနှစ်တဲ့"

"နာမည်နဲ့လူ တခြားစီပဲ၊ လူကတော့ မည်းမှောင်မုပ်နေတဲ့ စိတ်ဓာတ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



စိန်သည် အမုန်းတရားများစွာဖြင့် ပစ်ပစ်နစ်နစ် ဝေဖန်လိုက်မိသည်။

"သူက ငယ်ငယ်တည်းကကို ပြဿနာကောင် ဆိုပြီး ယောကျ်ားလေး အသိုင်းအဝိုင်းမှာ သတင်းကြီးခဲ့တာလေ၊ ကိုယ့်အထင်တော့ သူ့စိတ်က ပုံမှန်မဟုတ်ဘူး၊ Normal မဟုတ်ဘူးလို့ထင်တယ်၊ သူ့ဘဝရဲ့အားနည်းချက်ကို ဖုံးကွယ်ချင်တာနဲ့ လူတကာထက် ကြောရအောင် အနိုင်ကျင့် ဗိုလ်ကျရင်း မဆိုးရရင်၊ မရိုင်းရရင် မနေနိုင်တဲ့ စိတ်ရောဂါ တစ်မျိုး ရှိနေတာလို့ ထင်တယ်"

"အလကားပါ၊ သူ့အပြစ်ကို ဖုံးကွယ်ချင်တာနဲ့ စိတ်ရောဂါ ရှိသယောင်ယောင် ဟန်ဆောင်နေတာမျိုးလည်း ရှိနိုင်တာပဲ၊ အမေရိကန်ရုပ်ရှင်တွေထဲမှာတောင် သူတို့နိုင်ငံက ဥပဒေကို သရော်ပြီး ရိုက်ပြတာ ရှိတယ်လေ၊ လူတစ်ယောက်က အရမ်းဆိုးပြီး လူတွေလျှောက်သတ်နေမယ်၊ သူ့ကို ဖမ်းမိတဲ့အခါ သူ့အပြစ်လျှော့ပေးအောင် အကြောင်းပြမယ်ဆိုရင် စိတ်ရောဂါဝင်ပြီး ရူးနေပါတယ်ဆိုတဲ့ဘက်ကို ဆွဲယူပြီး ရူးချင်ယောင်ဆောင်ပြတာမျိုးတွေနဲ့ ဥပဒေကို လှည့်စားပြကြတယ်လို့ ရုပ်ရှင်ထဲမှာ ထည့်ပြကြတယ်လေ၊ 'Criminally insane' (ခရင်မင်နယ်လီးအင်စိန်း) ဆိုတဲ့ စကားကိုသုံးပြီး အပြစ်လျှော့စေတာမျိုး"





မြတ်နိုးက စိန့်စကားကို ဆုံးအောင်နားထောင်ပြီး ရယ်သည်။ ပြီးတော့ စိန့်ငယ်ထိပ်ကို ဖိအုပ်ကိုင်ပြီး လှုပ်သည်။

"သိပါတယ် ... သိပါတယ်၊ စိန် ရုပ်ရှင်တွေ အရမ်းကြည့်မှန်းသိပါတယ်၊ ရုပ်ရှင်ထဲကအကြောင်းတွေ ထည့်မပြောပါနဲ့၊ ဒါက အပြင်မှာဖြစ်နေတာ၊ ဟောလီးဝုဒ်ကထုတ်တဲ့ ရုပ်ရှင်မှာ ပြနေတာမဟုတ်ဘူး၊ မြန်မာပြည်မှာဖြစ်နေတာ"

"သူက မရူးပါဘူး၊ လူအကောင်းကြီးပါ"

"ဟုတ်ပါတယ်၊ ကိုယ်ကလည်း သူ ရူးနေပါတယ်ပြောတဲ့ သဘောမဟုတ်ပါဘူး၊ မဆိုးရရင် မနေနိုင်တဲ့ စိတ်ရောဂါဝင်နေတာလို့ ပြောတာပါ"

"သူ့မှာ ဘာအားနည်းချက်ရှိလို့လဲ"

"အဖေ မရှိဘူး"

"လောကကြီးမှာ အဖေသေသွားလို့ အဖေမဲ့နေတဲ့ကလေးတွေမှ အများကြီး၊ သူ့ကျမှ ဒါက အားနည်းချက်အဖြစ် ခံစားစရာလား"

မြတ်နိုးမှာ အပြောရခက်ဟန်ဖြင့် ...

"ကျွတ် ... မဟုတ်ဘူး စိန်ရာ၊ မတူဘူး၊ သူ အဖေ မရှိပုံက အဲဒီလိုမဟုတ်ဘူး"

ဟု ရှုပ်ရှုပ်ထွေထွေးဆက်ရှင်းပြနေသည်။

www.burmeseclassic.com

"ဘယ်လိုမျိုးမို့လဲ သူ့အဖေ နောက်မိန်းမယူသွားလို့လား၊ သူ့အမေကို ပစ်သွားလို့လား"

"အဲဒါမျိုးလည်း မဟုတ်ဘူး၊ ဟိုဟာကွာ အဲ ... ဟိုဒင်း အဖေမပေါ်ဘဲ မွေးတဲ့ကလေး ဖြစ်နေတာ"

စိန် အံ့ဩသလို ငေးကြောင်သွားပါသည်။ ရှက်တတ်လှပြီး စကားပြောရင်လည်း ဆဲတဲ့ဆိုတဲ့ စကားတောင် မသုံးဖူးသော မြတ်နိုးမှာ ထိုစကားပြောရတာပင် ရှက်ပြီး နားရွက်တွေနီရဲနေသတဲ့။ မြတ်နိုးမှာ ယောကျ်ားလေးတန်မယ့် မိန်းကလေးအမည်ရှိကာ လှပုံကလည်း ဖြူဖွေးချောမောလျက် မိန်းမချောချောသော ကောင်လေးတစ်ယောက်ဖြစ်သည်။ မြတ်နိုးကို စိန် စတင်ဆုံစည်းခါစကဆိုလျှင် သူ့နာမည်ကိုကြားပြီး ရယ်ချင်မဆုံး ဖြစ်ရသေးသည်။ စကားအပြောအဆိုလည်း နူးညံ့ရိုသာပြီး အင်မတန်မှ ယဉ်ကျေးလှသော မြတ်နိုးက စိန့်ကို ချစ်ပါသည်ဟု ဝန်ခံသောအခါ စိန် ကျေကျေနပ်နပ်ပဲ လက်ခံချင်ခဲ့သည်။ အချိန်သိပ်မဆွဲဘဲ တစ်ပတ်လောက်အကြာမှာပဲ အဖြေပေးခဲ့မိသည်အထိ စိန် မြတ်နိုးကို နှစ်သက်ချစ်ခင်မိပါသည်။

မြတ်နိုးဟာ စိန်မပြောနဲ့ မိန်းကလေးတော်တော်များများက လိုချင်ရသော နှင်းဆီခိုင်တစ်ခိုင်နဲ့လည်း တူလှသည်။ ဆယ်တန်းအောင်တော့ မြန်မာတစ်ပြည်လုံး အမှတ်အများဆုံး





သုံးယောက်မှာ တစ်ယောက်အပါအဝင်။ အခုလောလောဆယ်တော့ နောက်ဆုံးနှစ်အပိုင်း(ခ)တက်နေဆဲ ဆေးကျောင်းသား။ မိဘဆွေမျိုး အသိုင်းအဝိုင်း အားလုံးနီးပါး ဒိတ်ဒိတ်ကြဲနာမည်ကြီး ဆရာဝန်ကြီးများဖြစ်နေသော၊ ဂုဏ်သရေရှိ ရုပ်ချောပညာတတ်ဖြစ်သော မြတ်နိုးသည် မိန်းကလေးတိုင်းရဲ့ အိပ်မက်မင်းသားလည်း ဖြစ်ခဲ့သည်။

"သူ့အကြောင်းတော့ ကိုယ်သိပ်အများကြီးသိတာ မဟုတ်ပါဘူး၊ ပြောပြတဲ့ သူငယ်ချင်းက သူ့ကို ဝေးဝေးရှောင်ဖို့ သတိပေးတဲ့အနေနဲ့ ပြောပြရင်း သိသွားတဲ့သဘောပါပဲ။ နာမည် အလင်းနှစ်၊ အဖေမရှိဘူး၊ သိပ်ဆိုးတယ်၊ လူတိုင်းကို ဗိုလ်ကျအနိုင်ကျင့်တတ်တယ်၊ သူနဲ့ဆုံရတဲ့သူတိုင်း သူ့ကို ရှုံးရတာချည်းပဲ၊ ပြီးတော့ သူက အငြိုးအတေးလည်း ကြီးတယ် ဆိုတာမျိုးလောက်ပေါ့"

"ဟုတ်တယ်၊ အခုလည်း သူ စိန့်ကို တမင်ဗိုလ်ကျသွားတာ၊ သူ့ကားနဲ့ထိတာမှန်း သူ သိရက်နဲ့ တမင်လုပ်တာ၊ ကုလားလေးက ပြောတယ်၊ သူ့ကားပါကင် ဖင်ဆုတ်ပြီး ဝင်တာတည်းက စပြီးငြိနေတာလို့ ဘေးလူတွေက အော်ပေမယ့် လုံးဝမလျှော့ဘဲ တမင်လုပ်ချသွားတာတဲ့၊ တမင် လုပ်တာ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်၊ သူ့စိတ်က အဲဒီလိုပဲတဲ့၊ သူ့ကို မလုပ်နဲ့လို့ တားရင် ပိုလုပ်တတ်တယ်တဲ့၊ ပြဿနာဖြစ်လို့ ရိုက်ကြနှက်ကြရင်လည်း သူက အချုပ်ခန်းရောက်ရလည်း မဖြုံဘူးတဲ့လေ၊ သူ့အမေက အာမခံနဲ့ ငွေထုတ်ပိုက်ပြီး လိုက်ရှင်းပေးတာတဲ့"

စိန်အပါအဝင် ဆိုင်ထဲမှာရှိနေသော မိန်းကလေးတွေမှာ မြတ်နိုးပြောပြသော ဝတ္ထုဇာတ်လမ်းဆန်ဆန်တစ်ပုဒ်ကို စိတ်ဝင်တစား နားထောင်နေမိကြပါသည်။

စိန်၏ ဝါသနာအရ ဖွင့်ထားသော ဆိုင်လေးမှာ တကာယ့်ကို ထူးဆန်းတဲ့ဆိုင်လေးဖြစ်သည်။ ခွေးတွေ ကြောင်တွေလို အိမ်မွေးတိရစ္ဆာန်လေးတွေကို အလှပြုပြင်ရေးလုပ်ပေးသော ဆိုင်လေးဖြစ်ပါသည်။ စိန်သည် ဆယ်တန်းအောင်၍ အဝေးသင်တက်နေဆဲမှာပင် အင်တာနက်မှာတွေ့ပြီး ဒီပညာကို စိတ်ဝင်စားကာ မန်ကောက်မှာ ကျောင်းတစ်နှစ်ခွဲ သွားတက်ဖြစ်ခဲ့သည်။ Pet Grooming (ပက်ထ်ဂယူးမင်း)ဟု ခေါ်ရသော အိမ်မွေးတိရစ္ဆာန်အလှအပပြုပြင်ရေးပညာကို ဒီပလိုမာရကာ မြန်မာပြည်ပြန်ရောက်တော့ အဲဒါနဲ့ပတ်သက်တဲ့ဆိုင်လေး ဖွင့်ဖြစ်ပါသည်။

"Pet Wonderland" (ပက်ထပ်ဝမ်းဒါးလန်း) အမည်ဖြင့် ဆိုင်လေးဖွင့်ကာ နှစ်နှစ်လောက်ကြာတော့ တော်တော်နာမည်





ရလာသည်။ အိမ်မွေးတိရစ္ဆာန် ချစ်တတ်သူတို့က ကိုယ့်အိမ်မွေးခွေး၊ ကြောင်တို့ကို ရေချိုးပေးခြင်း၊ အမွေးသန့်စင်ပေးခြင်း၊ နားထဲမှာရှိတဲ့ ကြေးညှော်တွေရှင်းပေးခြင်၊ လက်သည်းခြေသည်းလေးတွေ သန့်ပြီးလှအောင် ညှိပေးခြင်း၊ တိရစ္ဆာန်အလှပြိုင်ပွဲဝင်ဖို့ အမွေးအရောင်ဆိုးခြင်း စသဖြင့်တွေကို ပိုက်ဆံအကုန်ခံကာ ပြုလုပ်ပေးလာကြသည်။ အထူးသဖြင့် ဒီလိုဆိုင်တွေကို ပိုက်ဆံအကုန်ခံလာလုပ်ပေးကြသူတွေမှာ ပိုက်ဆံတတ်နိုင်သူများသာဖြစ်သည်။

စိန့်အတွက်က ဝင်ငွေမကောင်းမှာလည်း ပူစရာမရှိ၍ ဒီဆိုင်မျိုးကို အမြတ်မရဘဲ ဖွင့်ထားနိုင်တာဖြစ်သည်။ စိန့်မိဘတွေမှာ ငွေကြေးပြည့်စုံကြွယ်ဝသော စီးပွားရေးလုပ်ငန်းရှင်တွေဖြစ်သလို စိန့်အစ်ကိုကြီးကလည်း အင်ဂျင်နီယာဘွဲ့ရ အဆောက်အအုံကန်ထရိုက်တာတစ်ဦးဖြစ်လေရာ စိန့်ဘဝက ငွေကြေးအတွက်မပူပင်ရဘဲ ပြည့်စုံပြီးသားဖြစ်နေသည်။ အခု ဖွင့်ထားသော ဆိုင်ခန်းသည်ပင်လျှင် အစ်ကိုကြီးပိုင်သော အဆောက်အအုံကြီးထဲမှ တစ်ခန်းဖြစ်လေရာ စိန့်အတွက် အခန်းငှားခမလို။ ဆိုင်အတွင်းသုံးသော ပစ္စည်းဖိုးသာလိုသည်။ စိန့်ကို ကူလုပ်ရင်း ပညာသင်နေသော အကူမိန်းကလေးသုံးယောက်အတွက် လခ။ ဆိုင်သန့်ရှင်းရေး ပုံမှန်လာလုပ်ပေးသော သန့်ရှင်းရေးခ၊ မီတာခ၊ ရေခတွေ

www.burmeseclassic.com

ပေါင်းလျှင် အမြဲအိတ်စိုက်နေရသော စိန့်ရဲ့ဆိုင်သည် ဘယ်လိုမှ ပုံမှန်ဝင်ငွေပေးနိုင်တဲ့ဆိုင်မျိုး မဟုတ်ခဲ့။

"စိန် ကော်ဖီ သွားသောက်မလား"

မြတ်နိုးသည် စိန့်မျက်နှာအမူအရာ အေးဆေးတည်ငြိမ်သွားတာကို အကဲခတ်ရင်း စကားစသည်။ ကျောင်းမှာ နေ့လယ်ဘက် အတန်းရှိပေမယ့် စိန့်ကို တွေ့ချင်၍ ခဏလာလည်ရာမှ စိန်တစ်ယောက် ပြဿနာအကြီးအကျယ်တက်နေတာကို တွေ့လိုက်ရတာဖြစ်သည်။ ဒါကြောင့် အတန်းတက်စရာကျန်သေးပေမယ့် ကျောင်းကိုတောင် ပြန်မသွားတော့ဘဲ စိန့်အနားမှာ နေပေးဖို့သာ ဆုံးဖြတ်လိုက်သည်။

"မြတ်နိုး အားလို့လား၊ အတန်းတက်စရာ မရှိဘူးလား"

"အတန်းတက်ဖို့ ရှိပါတယ်၊ ဒါပေမဲ့ စိန် စိတ်အနှောင့်အယှက်တစ်ခု ကြုံထားရတော့ စိတ်ပြေသွားအောင် ကိုယ် စိန့်အနားမှာ နေပေးချင်လို့ပါ"

စိန်သည် မြတ်နိုး အလိုက်သိတတ်တာကို အသည်းယားပြီး သူ့နှာခေါင်းထိပ် နှာသီးဖျားချွန်ချွန်လေးကို ချစ်စနိုးဆွဲညှစ်ချင်တာပေမယ့် ဆိုင်ထဲမှာ တခြားလူတွေရှိနေ၍ စိတ်ချုပ်ထိန်းကာ အံလေးကြိတ်ဖိသည်။ စိန် မြတ်နိုးကို ချစ်နေရတာတွေထဲမှာ အဲဒီလို အလိုက်သိတတ်တာလေးတွေလည်း ပါပါသည်။





"ဒါဆို ကော်ဖီသွားသောက်မယ်၊ စိတ်ထဲမှာ အရမ်းခါးသီးနေလို့ ကော်ဖီကိုလည်း ခါးတာသောက်ပစ်မယ်"

"စိန့်ကား ထားခဲ့လေ၊ ကိုယ့်ကားနဲ့ သွားရအောင်"

"ကားမထားခဲ့ပါဘူး၊ မြတ်နိုးတစ်စီး စိန်တစ်စီး မောင်းသွားမယ်၊ အရင်ဆုံး ဝပ်ရှော့ဝင်ပြီး ခြစ်ရာကြီးကို ဆေးပြန်မှုတ်ဖို့ အပ်မယ်လေ"

"ဟုတ်ပြီ စိန့်သဘောပါပဲ"

"ကော်ဖီသောက်ပြီးရင် စိန်နဲ့ ရှော့ပင်းလုပ်မလား"

"မား တား ... စိတ်ညစ်ရင် ဈေးလျှောက်ဝယ်မယ်ဆိုတဲ့ စိတ်ဖြေနည်း နောက်တစ်ခုလား"

စိန်တို့ စကားတပြောပြောဖြင့် လက်ချင်းဆွဲပြီး ဆိုင်ထဲက ပြန်ထွက်လာပါသည်။ ဆိုင်ထဲမှာ ကျန်သော ဝန်ထမ်းကောင်မလေးတွေနဲ့ ချွေးအမွှေး လာသန့်စင်ပြီး အရောင်ဆိုးနေသော ချွေးပိုင်ရှင်မိန်းကလေးတို့ကတော့ စိန့်ကို အားကျငေးမောပြီး ကျန်ခဲ့မှာဖြစ်ကြောင်း စိန် သိသည်။

"စိန်က သိပ်ကံကောင်းတာပဲ၊ သူ့ကို သိပ်ချစ်ပြီး အလိုလိုက်တဲ့ရည်းစားကို ရထားတာ"

ဆိုတာမျိုး။

"သူတို့စုံတွဲက သိပ်လိုက်တာ၊ ကိုမြတ်နိုးကလည်း ပုံပြင်



www.burmeseclassic.com

www.burmeseclassic.com

ထဲက မင်းသားလေးလိုပဲ၊ ရုပ်ချော ပညာတတ်၊ မမဂိန် ကလည်း ရုပ်လေးချစ်စရာ အရမ်းကောင်းပြီး တော်လည်း တော်နဲ့ သိပ်အားကျစရာ ကောင်းတာပဲ”

လို့လည်း အားကျစိတ်နဲ့ပြောမလား။

စိန်ကတော့ စိန့်ဘဝကို အတော်ကျေနပ်ကာ ဂုဏ်ယူနေမိသူဖြစ်သည်။ အသက်နှစ်ဆယ်ကျော်ခါစအရွယ်မှာ အလုပ်အကိုင်လေးတစ်ခုရယ်၊ ရုပ်ချောပညာတတ်သော ချစ်သူရယ်၊ အစစအရာရာ ပြည့်စုံသော မိဘအသိုင်းအဝိုင်းရယ်ကို ပိုင်ဆိုင်ရသော စိန့်ဘဝသည် အတော်ကို ကျေနပ်စရာကောင်းပြီး စိတ်ချမ်းသာရသည်ဟု ထင်သည်။

စိန်တို့ ကားလေးတွေ ရှေ့ဆင့်နောက်ဆင့် ထွက်သွားတော့လျှင် အဝေးတစ်နေရာမှ စောင့်ကြည့်ချောင်းမြောင်းနေခဲ့သော ကားနီနီရဲရဲ မြင့်မြင့်ကြီးတစ်စီးကိုတော့ သူတို့ သတိမထားမိခဲ့ကြပါ။

❤ ❤





# အခန်း ၂ ဆိုး

နောက်ထပ် ရက်အနည်းငယ်အကြာတွင် စိန်၏ဆိုင်မှာ ဆူဆူညံညံ၊ ဝုန်းဝုန်းဒိုင်းဒိုင်းဖြစ်ဖို့ အကြောင်းအရာတစ်ခုကို ကြုံတွေ့ရသည်။

ထိုနေ့က စိန်သည် ဖောက်သည်ကောင်မလေးတစ်ယောက် လာအပ်ထားသော **Chihuahua**(ချီဟွားဟွား) ခွေးသေးလေးကို ရေချိုးပေးနေဆဲဖြစ်သည်။ ခွေးရေချိုးသော ရေချိုးကန်အသေးလေးထဲမှာ ဆပ်ပြာမြှုပ်တွေထည့်ပြီး ခွေးလေးကို ချော့မော့မြူဆော့ရင်း ရေပန်းသေးသေးလေးနဲ့ ရေချိုးပေးရသည်။ စိန့်လက်မှာတော့ တံတောင်ဆစ်ထိရှည်သည့် ရာဘာလက်အိတ်အဝါကြီးကို စွပ်ထားရသည်။ အဝတ်တွေ ရေမစိုစေဖို့ ရှေ့မှာ


www.burmeseclassic.com

www.burmeseclassic.com



ပလတ်စတစ်အေပချွန် ဝတ်ထားရသည်။ လှိုင်းတွန့်ကြီးကြီးတွေ ကောက်ထားသော ကျောလယ်ရှိဆံပင်ကို ကျားလက်သည်းဖြင့် ခေါက်၍ လိပ်တင်ထားရသေးသည်။

ခွေးလေးက စိန့်ဆီ မကြာခဏလာတတ်ပြီး အလှပြင်ခံရသည်ဖြစ်ရာ စိန်နဲ့ ရင်းနှီးနေသည်။ စိန် လုပ်ပေးသမျှ အငြိမ်းတနန့်နန့်ဖြင့် ကြည်ကြည်ဖြူဖြူခံနေစဉ် အပြင်ဘက်မှတစ်ဆင့်ဆိုင်၏မှန်တံခါးကို ဝှန်းခနဲ တွန်းဖွင့်ကာ ဝင်လာသောအသံကြောင့် အားလုံး အလန့်တကြား လှည့်ကြည့်မိကြလေသည်။

ဝင်လာသောသူကား တပဟိန်းဟိန်း ဟောင်လျက်မြင်မြင်ရာ ကိုက်တော့မယ့်ပုံစံ အရပ်မြင့်မြင့်၊ ရုပ်ဆိုးဆိုး ခွေးကြီးတစ်ကောင်ကို ကြိုးဖြင့်ဆွဲလာသည့်လူတစ်ယောက်။ စိန် ချက်ချင်းမှတ်မိလိုက်သည်။ ဒါ ... ဟိုကောင်ပဲ။ စိန့်ကို အနိုင်ကျင့်ဗိုလ်ကျသွားတဲ့ကောင်။ အလင်းနှစ် ဆိုတဲ့ကောင်။ အီမိုဆံပင်တစ်ခြမ်းစောင်းကြောင့် မျက်လုံးတစ်ဖက်ကိုသာမြင်ရပြီး ကျန်မျက်လုံးတစ်ဖက်ကိုတော့ ပိုးတဝါးသာ မြင်ရသည်။ ဆံပင်လွှတ်နေသောမျက်လုံးကလည်း သိပ်ထင်ထင်ရှားရှားကြီး မြင်ရတာမဟုတ်ဘဲ တစ်ခြမ်းစောင်းဘက်က ဆံပင်အုပ်က ကျိုးတိုးကျဲတဲအုပ်ထားသေးလေသည်။





ခွေးမှာ ကမ္ဘာပေါ်တွင် နာမည်အကြီးဆုံးဖြစ်သော ခွေးအမျိုးအစား။ အင်မတန်မှ အကိုက်သန်ပြီး ရဲရင့်ဖျတ်လတ်သတ္တိရှိသည်ဟု နာမည်ကောင်းတွင်သော၊ ခွန်အားဗလ အရပ်အမောင်းကောင်းသော Great Dane(ဂရိတ်ဒိန်း)ခွေးအမျိုးအစားဖြစ်သည်။

ဒါပေမဲ့ ရုပ်လည်းဆိုးကာ မြင်တာနဲ့ပင် ချစ်ချင်စရာမရှိဘဲ ကြောက်စရာကောင်းသည်ဟု စိန် ထင်ပါသည်။ မည်းနက်ပြောင်လက်နေသော အမွေးတိုတွေနဲ့ စူးစူးရဲရဲ မျက်လုံးတွေက ဆိုင်အနှံ့ဝေ့ကြည့်ကာ တဟိန်းဟိန်း ဟောင်နေသည့်မှာ နားဆူလှသည်။

"ခွေး ရေချိုးချင်လို့"

အလင်းနှစ်က စိန့်ကို လုံးဝ ဂရုမစိုက်သော မျက်နှာပေးဖြင့် တစ်ချက်လှမ်းကြည့်ကာ ရီစက်ရှင်းကောင်တာမှာရှိသော ကောင်မလေးကို ခပ်ကျယ်ကျယ် ပြောလေသည်။ ကောင်မလေးမှာ စိန်နဲ့ လွန်ခဲ့သောရက်အနည်းငယ်ကပင် ပြဿနာတက်ခဲ့သော အလင်းနှစ်ကို မှတ်မိပြီး အံ့သြသလို ငေးကြည့်နေရာမှ စိန့်ကို အကြဲတောင်းသလို လှမ်းကြည့်၏။

"ခွေးကိုထားခဲ့မယ်၊ ဘယ်အချိန် လာခေါ်ရမလဲ"

"ဒီလိုခွေးမျိုး လက်မခံပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



စိန်သည် ရေချိုးပြီးခါစ ချီဟွားဟွားလေးကို ခုံလေးပေါ်တင်၍ ရေခြောက်အောင် မျက်နှာသုတ်ပဝါအနုစားလေးနဲ့ ပွတ်သုတ်နေရာမှ လှမ်းအော်လိုက်သည်။

"Pet Grooming(ပက်ထ်ဂရူးမင်း)လုပ်တယ်လည်း နာမည်ခံထားသေးတယ်။ ခွေးအမျိုးအစားသတ်မှတ်ထားတယ်ဆိုရင်တော့ ဒီလိုအလုပ်မျိုး ဆိုင်းဘုတ်တင်ပြီး လုပ်စားဖို့တောင် မသင့်ဘူး"

"ဒီလိုခွေးမျိုးလို့ နာမည်ဘာကြောင့် တပ်တာထင်လဲ"

စိန်သည် ခပ်ရဲရဲပင် သူ့ကိုကြည့်လိုက်သည်။ စိန်သူ့ကို နစ်နာအောင်ပြောပစ်ချင်နေသည်။

"နင့်ပိုင်တဲ့ခွေးမို့လို့ လက်မခံတာ"

စိန် ပြောလိုက်သော စကားဟာ အလင်းနှစ်ကို ဘယ်လောက် ထိသည် မထိသည် မသိလိုက်ရ။ အလင်းနှစ်ရဲ့ ခွေးကြီးဟာ စိန့်စကားကိုပဲ နားလည်သလိုလို ထင်ယောင်ထင်မှားဖြစ်စရာ ကောင်းလောက်အောင်ပင် စိန့်စကားအဆုံးမှာ ထိန်းမနိုင်သိမ်းမရ တဟိန်းဟိန်းထဟောင်ကာ စိန့်လက်ထဲမှာ ပွေ့ထားဆဲဖြစ်သော ချီဟွားဟွားလေးကို ကိုက်ဖြဲတော့မလိုဟန်ပြင်သည်။

လုံးဝ မသက်ာစရာကောင်းတဲ့ အချက်ကတော့ အလင်းနှစ်ကပဲ ခွေးကြီးကို လည်ပင်းလည်ပတ်ကြိုးရှည်ရှည်နဲ့





ကိုင်ထားရာက တမင်လွှတ်လိုက်သလားမသိ။ ခွေးသည် စိန့်ထံ ကြိုးလွတ်ပြီး တစ်ဟုန်ထိုး ပြေးလာတော့သည်။ ဆိုင်ထဲရှိသမျှ ခုံပုလေးတွေ၊ စားပွဲတွေ၊ ဆက်တီတွေ၊ တိရစ္ဆာန်အလှဆင်ပစ္စည်းတွေကို အကုန်တိုက်ချပြီး ပြေးဝင်လာသော ခွေးကြီးကြောင့် စိန် ကြောင်ငေးပြီး ရပ်မိနေပေမယ့် စိန့်လက်ထဲမှ ချီဟွားဟွားလေးကတော့ ငေးကြောင်မနေခဲ့ပါ။ လက်ထဲမှ ရုန်းထွက်ကာ ခုန်ချပြီး အခန်းထောင့်တစ်နေရာကို တစ်ဟုန်ထိုး ပြေးတော့သည်။

ခွေးကလေးကပြေး၊ ခွေးကြီးကလိုက်၊ ဆိုင်ထဲရှိတဲ့ လူတွေလည်း ဟိုပြေးဒီပြေးဖြစ်ကုန်သောမြင်ကွင်းသည် တစ်ခဏချင်းမှာပင် ဗုန်းဒိုင်းကြဲကုန်သည်။ ဆိုင်တစ်ဆိုင်လုံး ပြောင်းဆန်သွားသည်။ အကျိုးအပဲ့ အကွဲအကြေတွေနဲ့ ပြည့်နှက်သွားခဲ့ပါတော့သည်။

စိန်၏ ဆိုင်တစ်ခုလုံးဟာ ရစရာမရှိအောင် ရှုပ်ပွကျိုးကြေကုန်လျက် ဆိုင်တစ်ခုနဲ့ပင် မတူတော့ဘဲ အကျိုးအပဲ့ ပစ္စည်းပုံတစ်ခုနဲ့ပင် တူသွားပါသည်။ စိန်သည် အစတော့ ငေးကြောင်နေရာမှ ရုတ်တရက် အသိဝင်လာကာ ...

"နင့်ခွေးကို ရအောင်ထိန်းစမ်း"

ဟု လက်သီးနှစ်ဖက် ကျစ်ကျစ်ပါအောင်ဆုပ်ထားလျက် အံကိုကြိတ်ကာ အော်လိုက်တော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မရဘူး ငါ ထိန်းလည်း ရမှာမဟုတ်ဘူး၊ ဒီကောင်က တစ်ခုခုကို စိတ်ကြိုက်မကိုက်ရမချင်း အလျှော့ပေးမှာမဟုတ်ဘူး"

"ဘာလို့ မရရမှာလဲ၊ အဲဒါ နင့်ခွေးလေ၊ နင် ထိန်းမနိုင်ရင် ဘာကြောင့် နေရာတကာ လျှောက်ခေါ်သွားလဲ"

"နေရာတကာ လျှောက်ခေါ်သွားတာ မဟုတ်ဘူး၊ ဒီဆိုင်မှာ ရေချိုးပေးပြီး အမွေးသန့်ဆေး ထည့်ခိုင်းချင်လို့ ခေါ်လာတာ"

"အေး ... နင့်ခွေးကို နင် မထိန်းနိုင်ရင် ငါ့အဆိုးမဆိုနဲ့နော်၊ ဒီမှာ တွေ့လား၊ ဒါ ဘာခေါ်တယ်ထင်လဲ"

စိန်သည် စိန်လက်လှမ်းမှီရာ စားပွဲတစ်လုံး၏ အံဆွဲထဲမှ ထုတ်ယူလိုက်သော လေသေနတ်အသေးစားလေးကို ပြလိုက်ပါသည်။ သေနတ်မှာ လေသေနတ်ကြီးတွေလို ပြောင်းအရှည်နဲ့ အကြီးကြီးမဟုတ်ပေမယ့် အရုပ်မြင့်သော ယောက်ျားတစ်ယောက်ရဲ့လက်ဖဝါးလောက်တော့ ရှည်ပါသည်။ စားပွဲအံဆွဲအရှည်ထဲတွင် ထည့်ထားလို့ရပါသည်။

"ဘာလဲ ပစ်သတ်မလို့လား၊ ရတယ်လေ လုပ်လိုက်"

"ငါက အသိဉာဏ်မရှိတဲ့ ခွေးတစ်ကောင်ပစ်သတ်ရလောက်အောင်တော့ အကြင်နာတရားမကင်းမဲ့ဘူး၊ ဒီသေနတ်က





မေ့ဆေးသေနတ်၊ သိပ်ထိန်းမရတဲ့ကောင်တွေ၊ နေ့ရင်းထိုင်ရင်း စိတ်ဖောက်ပြီး ဆိုးလာတဲ့ကောင်တွေကို ထိန်းဖို့ ငါ ဆောင်ထားတာ၊ နင့်ခွေးဟာ ငါ ဆိုင်ဖွင့်တဲ့ ရာဇဝင်မှာ ပထမဦးဆုံး မေ့ဆေးအရသာကို မြည်းစမ်းဖူးတဲ့ခွေးပဲ ဖြစ်ရမယ်"

ခွေးသည် လူ့စကားနားလည်သည့်အလား စိန်နဲ့ အလင်းနှစ် အပြန်အလှန်ပြောသံတွေကြောင့် ချီဟွားဟွားလေးကို အသဲအမဲ လိုက်နေရာမှ ရပ်သွားပါသည်။ ပြီးတော့ စိန့်ထံ အာရုံပြောင်းလာကာ စိန့်ကို တည့်တည့်ကြည့်သည်။ သွားစွယ်ကြီးများဖြဲပြီး တဂီးဂီးမာန်ဖီကာ စိန့်ကို ပြန်ရင်ဆိုင်တော့မလို ဟန်ပြင်ပါသည်။

"အမယ်လေး ... မမစိန်၊ သတိထား ခွေးက မမစိန်ဘက် လှည့်လာပြီ"

စိန့်ကောင်မလေးတွေက စိုးရိမ်ထိတ်လန့်ပြီး ဝိုင်းအော်ကြသည်။ ချီဟွားဟွားပိုင်ရှင်ကောင်မလေးကတော့ သူမရဲ့ ခွေးလေးကို ကောက်ချီပွေ့ပိုက်လိုက်ကာ ...

"စိတ်မပူနဲ့ စိန်၊ ဒီဆိုင်မှာ လာရှမ်းကားနေတာကိုတွေ့လို့ ခုလေးတင် ရဲကိုဖုန်းဆက်ခေါ်ပြီးပြီ၊ စိန်သာ ငြိမ်ငြိမ်လေး ရပ်နေ၊ ခွေးတွေက သူ့ အာရုံစိုက်နေတုန်း ငြိမ်ငြိမ်ရပ်နေရင် မကိုက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု အားပေးစကား လှမ်းပြောသည်။

စိန်က သေနတ်ကို ခွေးဆီတည့်တည့် ပြန်ချိန်ထားလျက် ...

"လာလေ၊ နင် လာကိုက်ရဲကိုက်ကြည့်၊ ငါ့သေနတ်ကလည်း အဆင်သင့်မောင်းတင်ပြီးသား၊ နင် ပြေးလာတာနဲ့ တစ်ခါတည်းပစ်ပြီးသားပဲမှတ် ... တောက် ... တမင်လာစော်ကားခံရတာ။ တစ်သက်လုံး မကျေဘူး"

စိန်သည် တစ်ဆက်တည်းပင် ကြိမ်းဝါးပြောဆိုလိုက်ပါသည်။

အလင်းနှစ်သည် စိန့်ရဲ့အမူအရာနဲ့ စကားသံကိုကြည့်ရင်း လက်ခုပ်တဖြောင်းဖြောင်း တီးလိုက်ပါသည်။ တဟက်ဟက်အသံဖြင့် မခံချိမခံသာဖြစ်အောင်ရယ်ရင်း ...

"ဒီအကွက်မဆိုးဘူး၊ ရုပ်ရှင်ထဲမှာသာဆို ဒါ အကယ်ဒမီရမယ့်အခန်းပဲ၊ ပီတယ်ကွာ တကယ့်သေနတ်သမားရုပ်နဲ့"

သခင်ကလည်း မထိမဲ့မြင်စော်ကားပြောဆိုရဲသလို ခွေးကလည်း သခင်အားရအောင် သွားကြီးပိုဖြဲကာ စိန့်ကို အလွတ်မပေးစတမ်း စိုက်ကြည့်မာန်ဖီနေပါသည်။ ဆိုင်သည် ခုနကတော့ ဆူညံဝုန်းဒိုင်းကြနေကာ ခုတော့ တစ်မုဟုတ်ချင်း တိတ်ဆိတ်သွားပြီး ခွေးတစ်ကောင်၏ မာန်ဖီသံနဲ့ လူတွေအားလုံး၏အသက်ရှူသံသာ ကြီးစိုးသွားပါသည်။





ထိုအချိန်တွင် ချီဟွားဟွားပိုင်ရှင်ကောင်မလေး ဖုန်းဆက်ထားသောရဲများ ရောက်လာကြသည်။ ဆိုင်အပြင်ဘက်မှာ ရဲဌာနတံဆိပ်ပါ ကားတစ်စီးရပ်လိုက်ပြီး ရဲဝန်ထမ်းတချို့ တံခါးဖွင့်ဆင်းလာတာကို စိန်တို့ လှမ်းတွေ့လိုက်ရလျှင်ပဲ အလင်းနှစ်သည် ရွှီခနဲ လေချွန်သံပြုကာ အချက်ပေးသလိုလုပ်လေသည်။

ထိုအခါမှာ သူကိုယ်တိုင်ထိန်းမရပါဘူးဟု လိမ်ညာထားသောခွေးကြီးမှာ ချက်ချင်းပင် သူ့ဆီပြေးသွားပြီး တအီးအီး အသံပြုသည်။ သခင်ဖြစ်သူ၏ ခြေထောက်အစုံကို တိုးဝှေ့ပြီး အမြီးတနန့်နန့်ဖြင့် ပတတ်ရပ်လိုက် ပျာယာခတ်လိုက် လုပ်တော့သည်။

စိန်သည် အလင်းနှစ်ကို တစ်ခုခုလှမ်းပြောမလို့ပြင်လေမယ့် ဆိုင်အတွင်းကို ရဲဝန်ထမ်းများ ဝင်လာပြီဖြစ်သဖြင့် စိန်ပြောချင်တာ မပြောလိုက်ရတော့။

"ဘာဖြစ်ကြတာလဲ"

"ဆိုင်မှာ ခွေးဆိုးတစ်ကောင်ဝင်သောင်းကျန်းလို့ပါ၊ ပိုင်ရှင်ကလည်း သူ့ခွေးသူ မထိန်းနိုင်ဘူးပြောလို့ ကျွန်မ ဖုန်းဆက်လိုက်တာပါရှင်"

ချီဟွားဟွားပိုင်ရှင် ကောင်မလေးက အရင်ဦးအောင်ပြောသည်။ ဒီဆိုင်ထဲမှာရှိသမျှ မိန်းကလေးတွေအားလုံးဟာ အလင်း



www.burmeseclassic.com

www.burmeseclassic.com



နှစ်ရဲ့ ရှိင်းပျထိမထင်သော အပြုအမူကိုမြင်ရပြီးဖြစ်လေရာ သူ့ကို အားလုံး စက်ဆုပ်မုန်းတီးနေကြပြီ။ စိန်တောင် သိပ်မတိုင်လိုက်ရ။ သူတို့ ဝိုင်းတိုင်နေကြပေပြီ။

အလင်းနှစ်ကတော့ ထိမထင်သောအပြုံးနှင့် ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ သူ့ခွေးနဲ့သူ ဆော့ကစားနေသည်။ ခေါင်းပွတ်လိုက် လည်ပင်းသပ်လိုက် တရှုံ့ရှုံ့လေသံချွန်ပြီး ချော့လိုက်လုပ်ကာ အားလုံးကို ရင်ဆိုင်နေပါသည်။

"ကဲ ... ဒီက မောင်ရင်လေးကရော ဘာပြောစရာရှိလဲ၊ အားလုံးထွက်ဆိုချက်ကို ကြားရပြီးပြီ၊ မင်းဘက်က ဘာပြောချင်လဲ"

"ကျွန်တော့်ခွေးက မဆိုးပါဘူး၊ ရဲမှူးကြီးတို့မြင်တဲ့အတိုင်းပဲ၊ ဒီမှာ ကျွန်တော့်စကား နားထောင်နေတာပဲ"

"ဘာ ... ဘာပြောတယ်၊ နင့်ခွေးမဆိုးဘူးဆိုရင် ဒီတစ်ဆိုင်လုံးကို မွှေသွားတာ ဘယ်ခွေးလဲ၊ နင် အဲဒီလို ပြောင်မလိမ်နဲ့"

"ဟေး ... ဟေး ... မိန်းကလေး၊ ဝင်မပြောနဲ့လေ၊ အန်ကယ်လ်တို့ အခြေအနေကိုမြင်ပါတယ်၊ ဘာမှ စိတ်လိုက်မာန်ပါ ဝင်မပြောနဲ့၊ အန်ကယ်လ်တို့ ရအောင်ရှင်းပေးမယ်"





စိန့် ဒေါသဖြင့် ဝင်အော်မိသောကြောင့် ရဲအရာရှိက လှမ်းတားကာ ဖျောင်းဖျပါသည်။

"အခြေအနေအရရော ဒီမှာရှိနေတဲ့ မိန်းကလေးငါးယောက်လုံးရဲ့ ထွက်ဆိုချက်အရရော မင်းမှာရော မင်းခွေးမှာပါ အပြစ်ရှိနေတယ်၊ ဘာကြောင့် ဝင်နှောင့်ယှက်ရသလဲ၊ ဘာကြောင့် ခွေးကို ထိန်းမရပါဘူးလို့ လိမ်ပြောသလဲ"

"ကျွန်တော် လိမ်မပြောပါဘူး၊ ဒီကောင့်စိတ်က အဲဒီလိုပဲ၊ ဆိုးနေရင် ဘယ်လိုမှ ထိန်းလို့မရဘူး၊ သူ့စိတ်ပြန်ငြိမ်သွားပြီဆိုရင်တော့ အရမ်းကိုလိမ္မာပြီး ပြောစကားအကုန်နားထောင်တတ်တဲ့ ကောင်မို့ပါ"

"ဒီဆိုင်ရဲ့ အပျက်အစီးတွေရော၊ မိန်းကလေးတွေအားလုံး ထိတ်လန့် တုန်လှုပ်ရတာရော မင်းမှာ တာဝန်ရှိတယ်၊ ဒီတော့ ရဲစခန်းကို လိုက်ခဲ့ပါ၊ သူတို့ဘက်က အမှုဖွင့်မယ်ပြောတဲ့အတွက် မင်းကို ငါတို့ ခဏထိန်းသိမ်းရမယ့်ဝတ္တရားရှိတယ်"

"ဒီကိစ္စဟာ အမှုဖွင့်ရလောက်အောင်တော့ မကြီးမားပါဘူး၊ ကျွန်တော် သူတို့ဆိုင်ကို လျော်ပေးမယ်၊ ဆိုင်ပြန်ပြင်ဆင်ရတာရော အသုံးအဆောင်တွေ ပြန်ဝယ်ဖြည့်ရတာရော အားလုံး ကုန်ကျစရိတ်ကို ခုပဲ လျော်မယ်ဆိုရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



ရဲအရာရှိက စိန့်ကို ဘယ်လိုလဲ ဆိုသော မေးဟန်ပါသည့် မျက်လုံးတွေဖြင့် လှည့်ကြည့်လာသည်။

"သူ့ကို မကျေဘူး၊ သူ့ကို တရားစွဲရမှ ကျေနပ်မယ်"

စိန်သည် အေးစက်တင်းမာစွာ ပြန်ပြောလိုက်သော စကားတစ်ခွန်းအတွက် တော်တော်ကျေနပ်သွားခဲ့ပါသည်။





## ၃

"ကိုယ့်စိတ်ထဲမှာ သံသယတော့ဖြစ်တယ် စိန်"

မြတ်နိုးထံမှ ထိုစကားကြားရသောနေ့တွင် စိန်သည် မျက်စီးယိုယွင်း ကျိုးပဲ့သွားသောဆိုင်ကို ပြန်ပြင်ဆင်ဖို့ စာရင်းပြုစုနေဆဲဖြစ်သည်။

စိန်သည် စာကြည့်မျက်မှန်အပါးလေးကို အသာနဖူးပေါ်လှန်တင်ရင်း မြတ်နိုးအား အကဲခတ်သလို ကြည့်လိုက်သည်။ စိန်သည် သာမန်အားဖြင့်ဆိုလျှင် အနီးရော အဝေးရော သေးသေးမွှားမွှားအရာဝတ္ထုတွေအကုန် ရှင်းရှင်းလင်းလင်းကြည့်လို့ရပေမယ့် စာရေးစာဖတ်လျှင် ကွန်ပျူတာကြည့်လျှင်တော့ ဘာကြောင့်ရယ်မသိ အမြင်အာရုံမကောင်းလှ။ သိပ်အဆိုးရွားကြီး မမြင်ရလောက်အောင် ဖတ်မရတာမျိုး မဟုတ်ပေမယ့် စာလုံးတွေကို အတော်ကြီး အာရုံစိုက်ကြည့်ရလေရာ ခေါင်းကိုက်လာတတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အဲဒါကြောင့် ဒီဂရီနည်းနည်းပါသည့် စာကြည့်မျက်မှန်ကို ဆောင်ထားရသည်။

"ဘာကို သံသယဖြစ်တာလဲ ပြောပါဦး မောင်မြတ်နိုးရဲ့"

စိန်က စိန့်အမေ မြတ်နိုးကို ခေါ်နေကျအသံမျိုးလုပ်၍ ပြန်နောက်ပြောင်မေးမိသည်။

"အလင်းနှစ်ကို"

"အင်း ..."

"သူ စိန့်ကို တမင်လာလုပ်တာလို့ ထင်တယ်"

"ဟုတ်တယ်၊ စိန်လည်း အဲဒီလိုပဲ ထင်တယ်"

"စိန် ထင်ပုံထင်နည်းနဲ့ ကိုယ့်ရဲ့ထင်ပုံထင်နည်းမှာ နည်းနည်းကွဲပြားတာတွေ ရှိရင်ရှိနေမယ်"

"ဘာကြောင့်လဲ ပြောပါဦး"

မြတ်နိုးသည် ခေါင်းငုံ့စာရေးနေ၍ ကျောဘက်မှ ဆံပင်တွေ လျှောကနဲ ရှေ့မျက်နှာဘက် ကွယ်နေသော စိန့်ကို အသာကြည့်၊ ဆံပင်တွေကို နောက်ကျောဘက် အသာပြန်ပို့ပေးကာ ...

"ကျွတ် ... ဆံပင်တွေကလည်းကွာ၊ ဘယ်မှာလဲ ကျားလက်သည်းကလစ်၊ အဲဒါနဲ့ ခေါက်တင်ရင်တင်ထားစမ်းပါ၊ ရှုပ်နေပြီ ဒီမှာ"





"မြတ်နိုး လုပ်ပေး"

မြတ်နိုးဟာ အဘိုးကြီးလေးလိုပဲ ပွစိပွစိတွေ ပါးစပ်ကရွတ်ရင်း ဆိုင်အနှံ့ စိန့်ကလစ်ကို လိုက်ရှာနေသည်။ စိန်က မိန်းကလေးဖြစ်ပြီး သိပ်တော့စည်းကမ်းမရှိလှ။ အထူးသဖြင့် ကလစ်တွေ၊ ခေါင်းစည်းကြိုးတွေ၊ ဘီးကုပ်တွေဆို တွေ့တိုင်းဝယ်။ တပ်ရင်လည်း သုံးလေးနာရီထက်မပို။ ပြီးရင် ကြုံရာနေရာချထား။ ရက်တော်တော်ကြာရင် အဲဒီပစ္စည်းကို ပြန်သတိရလာပြီး ပြန်လိုချင်လာရင်တော့ ခေါင်းတောက်အောင်လိုက်ဖွပြီး ရှာရတတ်ပါသည်။

စိန် ဖျောက်သမျှ စည်းကမ်းမရှိသမျှ လိုက်အဖြေရှင်းရဆုံးမှာ အမေပြီးလျှင် မြတ်နိုးကတော့ ဒုတိယတည်း။

"ရပြီ ဒီချောင်ထဲမှာ ကျနေတာ"

မြတ်နိုးက စိတ်ရှည်လက်ရှည်ပဲ စိန့်ဆံပင်တွေကို လိပ်ခေါက်တင်ပြီး ကျားလက်သည်းကလစ်ဖြင့် ညှပ်ပေးနေစဉ် စိန်က တဟီးဟီးရယ်ရင်း ...

"ဆံပင်မိတ်ကပ် မာမီမြတ်နိုးပေါ့"

ဟု စနောက်မိသည်။

စိန်၏ဆိုင်သည် အလင်းနှစ်၏ ခွေးကြီးသောင်းကျန်းသွားမှုကြောင့် ပျက်စီးသွားလေရာ တစ်ပတ်လောက် ပိတ်ထားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လိုအပ်သောပစ္စည်းတွေ ပြန်ထည့်တာ၊ ခုံတွေ ကျိုးပဲ့ကုန်တာ ပြန်ဝယ်တာတွေရှိသဖြင့် ဆိုင်ကို တစ်ပတ်ပိတ်ထားပေမယ့် စိန်ကတော့ ဆိုင်ကို သံယောဇဉ်ရှိသဖြင့် နေ့တိုင်းလာသည်။ ဘယ်နေရာ ဘာလိုတယ်၊ ဘာထပ်ဖြည့်ရမယ်ဆိုတာ တွက်ချက်ပြီးဖြည့်သည်။

"အလင်းနှစ်က စိန့်ကို သူနဲ့ ပြဿနာဖြစ်ဖူးလို့ မှတ်မှတ်ရရဖြစ်သွားပြီး အခုလိုပဲ တစ်မျိုးမဟုတ်တစ်မျိုး နှောင့်ယှက်နေမှာပဲ။ ပိုဆိုးတာက စိန်က အလျှော်မပေးဘဲ သူနဲ့ မာနချင်းပြိုင်သလို ဖြစ်နေတော့ သူ လုံးဝ အခဲကျေမှာ မဟုတ်ဘူး"

"စိန့်ကို သူ လာဗိုလ်ကျခဲ့တာလေ"

"စိန့်ကိုမှမဟုတ်ဘူး၊ သူက လူတိုင်းကို ဗိုလ်ကျခဲ့တဲ့ကောင်"

"မြတ်နိုးနဲ့ အဖေနဲ့ အမေကပါ ဝိုင်းနားချလို့ စိန် အလျှော်ပေးပြီး သူ့လျော်ကြေးငွေကို လက်ခံလိုက်ရတာ၊ တကယ်တော့ စိန် မလိုချင်ဘူး၊ သူ့ကို အပြင်မှာ ထောင်ထောင်ထောင်ထောင်နဲ့ သွားနေတာ မမြင်ချင်ဘူး၊ မှတ်လောက်သားလောက်အောင် ပိုင်နက်ကျူးလွန်မှု၊ သူတစ်ပါးပစ္စည်း ဥစ္စာဖျက်ဆီးမှုနဲ့ တရားစွဲပြီး ထောင်ထဲခြောက်လလောက် သွားနေစေ့ချင်တာ"





"စိန် ဖြစ်စေချင်တာတော့ ဟုတ်တယ်၊ ဒါပေမဲ့ သူ့ဘက်ကလည်း အနိုင်ပြန်ပြောလို့ရတယ် စိန့်၊ အခုဖြစ်တာက သူကိုယ်တိုင် ဆိုင်ကို လာရိုက်ဖျက်တာမဟုတ်ဘူး၊ သူ့ခွေးက စိတ်ဖောက်ပြီးလုပ်တာပါ၊ ချီဟွားဟွားလေးကို လိုက်လို့ဖြစ်တာပါလို့ ပြောပြီး ခုခံထားတာလေ။ စိန်လုပ်နေတဲ့ အလုပ်ကလည်း ခွေးတွေကြောင်တွေ အလှပြင်တဲ့အလုပ်ဆိုတော့ စိန့်ဆိုင်ထဲ သူ့ခွေးရောက်လာတာဟာ ဘာဥပဒေနဲ့မှ မငြိဘူး၊ သူ လျော်ကြေးပေးတာပဲ ကံကောင်း၊ စိန်သွားယှဉ်ရင် ဘယ်လိုမှ မနိုင်နိုင်ဘူး"

စိန်သည် စိန့်ကို ရှုံးနိုင်ချေများသည်ဟု အပြောခံရပြန်တော့ မကြိုက်။ ဒါပေမဲ့ မြတ်နိုးပြောပြတာတွေလည်း မှန်နေလေရာ စိန် အငြင်းမပွားချင်ပါ။ စိန့်စိတ်ထဲမှာ ခံပြင်းမိတာကတော့ စိန်ဟာ အလင်းနှစ်နဲ့ နှစ်ခါပဲတွေ့ရတယ်။ သူ စိန့်ကို နှစ်ခါလုံးနိုင်သွားတယ် ဆိုတာကို အခံရခက်မိတာဖြစ်သည်။

"အလင်းနှစ်က စိန့်ကို စိတ်ဝင်စားနေပြီလို့ ကိုယ်ထင်တယ်"

စိန်သည် ရယ်စရာအကောင်းဆုံး ဟာသပြက်လုံးကို ကြားလိုက်ရသူလိုပဲ ဟန်မဆောင်နိုင်စွာ တဟားဟားရယ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"မရယ်နဲ့ စိန်၊ သူ စိတ်ဝင်စားတယ် ဆိုတဲ့နေရာမှာ နှစ်မျိုးဖြစ်နိုင်တယ်၊ တစ်မျိုးကတော့ စိန်က သူနဲ့ မာနချင်းလိုက်ပြိုင်ပြီး သူ့ကို ပြန်အနိုင်ရအောင် လုပ်ချင်နေတဲ့ မိန်းကလေးမှန်း သူ ရိပ်မိလို့ စိတ်ဝင်စားတာဖြစ်နိုင်သလို နောက်တစ်မျိုးကကျတော့ စိန့်ကို လိုချင်မက်မောလာတဲ့ စိတ်ဝင်စားမှုမျိုးလည်း ဖြစ်နိုင်တယ်"

စိန်သည် မြတ်နိုး ထင်တာကို ဂရုတစိုက်နားထောင်မိသည်။ မြတ်နိုးက လူလည်း ဉာဏ်ကောင်းပြီး ပညာရေးမှာလည်း ထူးချွန်လှသလို ပြဿနာတစ်ခုကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာ Analysis လုပ်ကြည့်တဲ့နေရာမှာလည်း တော်ပါသည်။ မြတ်နိုးပြောတာတွေ၊ ထင်တာတွေ၊ ဖြေရှင်းပြတာတွေမှန်သမျှ ရာနှုန်းပြည့်လောက် မှန်ခဲ့တာချည်းမို့ စိန် မြတ်နိုးစကားကို အတိုက်အခံမပြောလိုပါ။

"ဒုတိယတစ်မျိုးကို မဖြစ်ပါစေနဲ့လို့ ကိုယ် ဆုတောင်းပါတယ်"

"အို ... ဖြစ်တော့ရော စိန်က ကျေနပ်စရာလား၊ ပြီးတော့ စိန်ကပဲ သူ လာကြိုက်ရင် ပြန်ကြိုက်စရာလား၊ စိန့်မှာ ချစ်ရမယ့်ချစ်သူ ရှိတယ်၊ မြတ်နိုးဟာ စိန် ချစ်ရမယ့်သူ၊ စိန်လက်ထပ်ရမယ့်သူ၊ ပြီးတော့ စိန်က အလွယ်တကူ စိတ်ပြောင်းတတ်တဲ့ မိန်းမလည်းမဟုတ်ဘူး၊ ရည်းစားရှိရက်သားနဲ့ တခြားယောကျ်ားတစ်ယောက် လာကြိုက်တာကို သာယာပြီး ပြောင်းကြိုက်မယ့်မိန်းမ မဟုတ်ဘူး"

စိန်သည် မြတ်နိုးစကားကြောင့် ဒေါသဖြစ်ပြီးတော့ ပြန်ရန်လိုမိသည်။

"မဟုတ်ဘူး၊ ကိုယ် စိန့်ကို အထင်သေးလို့ ပြောတာမဟုတ်ဘူး၊ စိန် စိတ်မကစားတတ်တဲ့ မိန်းကလေးမှန်း ကိုယ်သိပါတယ်၊ ကိုယ် ကြောက်တာက အလင်းနှစ်ကိုပါ၊ သူကအနိုင်မရရင် ဘယ်တော့မှ နောက်မဆုတ်ဘူးဆိုတဲ့သူလေ"

"မြတ်နိုးကလည်းလေ၊ ယောကျ်ားမဟုတ်တဲ့ အတိုင်းပဲ၊ အလင်းနှစ်နဲ့ဖြင့် တစ်ခါမှ တိုက်ရိုက်ပြဿနာမဖြစ်ဖူးဘဲနဲ့ သူများအပြောနဲ့တင် ကြဲဖန်ကြောက်နေတယ်၊ သူ့ကိုရော မြတ်နိုး ဘာလို့ မပြိုင်ရဲစရာရှိလဲ၊ သူလည်းလူ၊ မြတ်နိုးလည်းလူ၊ သူလည်းယောကျ်ား မြတ်နိုးလည်းယောကျ်ားပဲ၊ သူနဲ့ပြိုင်ပြီး လက်သီးထိုးဖို့ မြှောက်ပေးတာ မဟုတ်ဘူး၊ မိုက်ရူးရဲသတ္တိအားကိုးနဲ့ မိုက်နေတဲ့သူ့ကို မြတ်နိုးလိုလူကောင်းက ဘာကြောင့် ဦးနှောက်နဲ့ အနိုင်မယူစရာရှိလဲ၊ လူမိုက်တွေဟာ ကောင်းစားပြီး ဘယ်တော့မှ အနိုင်ရတယ် မရှိပါဘူး"

www.burmeseclassic.com



"ဒါပေမဲ့ စိန် သတိဝီရိယနဲ့တော့နေပါ၊ ကိုယ် ဒီကောင့်ကို မယုံဘူး၊ သူ့ရဲ့ကောက်ကျစ်ဉာဏ်ကိုတော့ ကိုယ် မမီဘူး စိန်"

"စိတ်ချပါ စိန် မြတ်နိုးပြောတာကို နားထောင်ပါ့မယ်"

"ကဲ ... ဆိုင်ထဲမှာပဲ တကုပ်ကုပ်နေရတာကွာ ပြီးရင် အပြင်ထွက်ကြရအောင်ပါ၊ ရုပ်ရှင်ရုံမှာ ရုပ်ရှင်သွားကြည့်တာ ဖြစ်ဖြစ်လုပ်ရအောင်၊ ကိုယ် မနေ့ကမှ စာမေးပွဲတစ်ခုပြီး သွားတာ၊ ခေါင်းရှင်းတဲ့အနေနဲ့ စိတ်အပန်းဖြေစရာတစ်ခုခု လုပ်ချင်တယ်"

မြတ်နိုး ထရပ်ပြီး စိန့်ကို လက်ကမ်းပေးလျှင် စိန်သည် ချစ်စနိုးဖြင့် မြတ်နိုး၏လက်ဖဝါးကို ငုံ့မွှေးလိုက်ပြီးမှ မြတ်နိုးလက်ကို ကိုင်ဆွဲကာ ထရပ်လိုက်ပါသည်။

မြတ်နိုးကားလေးနဲ့ စိန် ထွက်လာသောအခါ ဘာလုပ်ကြရင်ကောင်းမလဲ တိုင်ပင်ရင်း ပတ်ဝန်းကျင်ကို မေ့နေခဲ့သည်။ သူတို့နဲ့ မနီးမဝေးမှာ ကပ်မောင်းလိုက်၊ ခွာမောင်းလိုက်ပါလာခဲ့သော ကားနီနီအမြင့်ကြီးကို သူတို့ သတိမထားမိကြ။ စိန်တို့က တိုင်ပင်လို့ကောင်းနေသည်။ စိန်က အိမ်မှာ DVDကို ဇိမ်နဲ့ကြည့်ချင်သည်။ အိမ်မှာလည်း ဟုမ်း(မ်)သီရေတာ စစ်စတန် (Home Theatre System) ပါသော DVD နဲ့ ဆောင်းဘောက်(စ)တစ်စုံ





ဝယ်ပြီး ဆင်ထားလေရာ အိမ်မှာ ရုပ်ရှင်ရုံအသေးစားလေးလို လုပ်ထားတဲ့ပုံစံပင်။ စိန်က ရုပ်ရှင်ကို ကြိုက်လေရာ အခန်းတစ်ခန်းထဲမှာ သီးသန့်ဆင်ပြီးထားတာမို့ အိမ်မှာ အေးအေးလူလူကြည့်လို့ရတာကိုကြိုက်သည်။ မြတ်နိုးကတော့ အဲဒီလိုမဟုတ်။ ရုပ်ရှင်ရုံမှာ ကြည့်ရတဲ့အရသာဟာ ဘာနဲ့မှမတူဘူးဟု ထင်လေသည်။

"အိမ်မှာကြည့်ရင်ကွာ ကိုယ်ကြိုက်တဲ့အခန်းဆို ပြန်ကြည့်လို့ရတယ်၊ နားမလည်လိုက်တဲ့စကားဆို ပြန်နားထောင်လို့ရတယ်၊ စကားပြောတာမြန်လို့ နားမလည်ရင် Subtitle (ဆာ့(ပ)တိုင်တယ်လ်)နှိပ်ပြီး စာလိုက်ဖတ်လို့ရတယ်၊ ပြီးတော့ ကိုယ့်မှာ အလုပ်တစ်ခုခုပေါ်လာရင် ခဏရပ်ထားပြီး သွားလုပ်လို့လည်းရတယ်၊ အိမ်နေရင်းကြည့်တာဆိုတော့ တကယ့် Relax(ရီလက်(စ))ပဲ အိပ်ပြီးကြည့်ကြည့် ခြေထောက်ထောင်ထိုင်ပြီးပဲကြည့်ကြည့်"

စိန်က ထိုသို့အဆိုတင်သွင်းပြီး ရုပ်ရှင်မကြည့်ရေးကို ဆွယ်သည်။ စိန်ပြောထားတာက ရုပ်ရှင်ရုံအစား ဂိမ်းစင်တာတွေမှာ သွားကစားရအောင် ဆိုတာပင်။ ဂိမ်းစင်တာမှာ ပြိုင်ကားနဲ့ မောင်းမောင်း၊ ဆိုင်ကယ်ပဲမောင်းမောင်း၊ သေနတ်ပဲပစ်ပစ် ဒါမှမဟုတ် လှုပ်လှုပ်ရှားရှားလုပ်ချင်ရင် ဂိမ်းထဲကအရုပ်နဲ့ ပြိုင်ပြီးကော့ ပဲကက ပျော်စရာကောင်းတာပဲ့လို့ ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com

"စိန်ပြောတာ လက်ခံပါတယ်၊ ဒါပေမဲ့ ရုပ်ရှင်ရုံဆိုတာ အလကားထားတာမဟုတ်ဘူး၊ ရုပ်ရှင်ရုံမှာကြည့်ရတဲ့ ဖီလင်က မတူဘူး၊ ဒါကြောင့် ရုပ်ရှင်ရုံကိုရှိတာပေါ့၊ အမေရိကားမှာဆို ဒီနေ့ရုံတင်ရင် လူဘယ်လောက်ဝင်သလဲ၊ လက်မှတ်ဘယ်လောက်ရောင်းရလဲကိုတောင် ကြည့်ပြီး ဒီကား ပေါက်တယ်၊ မပေါက်ဘူးဆိုတာ စံချိန်သတ်မှတ်ကြတာပဲလေ၊ ဒါကြောင့် ရုပ်ရှင်ရုံဆိုတာ ဘယ်တော့မှ မပျောက်ကွယ်သွားဘူး၊ ကိုယ်ကတော့ ရုပ်ရှင်ရုံမှာကြည့်ရတာကို ကြိုက်တယ်"

"အခု ဘာကားမို့ ဒီလောက်ကြည့်ချင်နေရတာလဲ"

"This is it လေ၊ မိုက်ကယ်ဂျက်ဆင် မသေခင်မှာ သူ့ရဲ့ အင်္ဂလန်မှာလုပ်မယ့် ရှိုးပွဲအတွက် ရီဟာဇယ်လုပ်ထားတာတွေကို မှတ်တမ်းတင် ရိုက်ထားခဲ့တာပေါ့၊ သူ သေသွားတော့ Documentary(ဒေါ့ကူမန်တရီ)အနေနဲ့ တည်းဖြတ်ပြီး ရုပ်ရှင်ပြန်ထုတ်တာ၊ ကိုယ်က သူ့ကို ခရေစီဖြစ်လို့တော့ မဟုတ်ပါဘူး၊ ရုပ်ရှင်ကြည့်ချင်နေချိန်မှာ သူ့ကားကလည်း ရုံတင်နေတော့ ကြည့်မယ် စဉ်းစားတာ"

"အဲ့ဒီ DVD ကို စိန်က ကြည့်ပြီးနေပြီ"

"နိုးကူးခွေတွေ အားပေးတယ် ကြည့်စမ်း"





"စိန်က သိပ်ကြည့်ချင်နေရင် နိုးကူးရယ် ဘာရယ် စစ်မနေတော့ဘူး၊ ကြည့်တာပဲ၊ အဲဒီအခွေကို ကိုကြီး မလေးရှားခဏသွားတုန်းက ဝယ်လာပေးတာ၊ ကော်ပီလည်းကောင်းတယ်၊ မြတ်နိုးကြည့်ချင့်ရင် စိန် ငှားမယ်"

မြတ်နိုးသည် စိန့်ကို နိုင်အောင်မပြောနိုင်တော့ပြီဖြစ်ရာ ခေါင်းခါရင်း ရယ်လိုက်ပြီး ...

"ကဲပါ ... ကဲပါ၊ အရှုံးပေးပါတယ်၊ စိန့်သဘောပါ၊ စိန်သွားချင်တဲ့ဂိမ်းစင်တာက ဘယ်မှာလဲ၊ သွားကစားကြတာပေါ့"

ဟု အလိုလိုက် အလျှော့ပေးလိုက်ရတော့သည်။

စိန်ကတော့ စိုန် မြတ်နိုးကို ချစ်လျှင် ပြုမူနေကျအတိုင်း မြတ်နိုး၏ နားရွက်ဖျားလေးတစ်ဖက်ကို အသာညှစ်လိုက်ပါသည်။

ကြီးမားမြီး စည်ကားသော၊ ကစားစရာစုံလင်သော ဂိမ်းစင်တာကြီးတစ်ခုရှေ့တွင် မြတ်နိုး၏ ဆူဇူကီးအာရ်ပလပ်(စ)ကားလေး အသာရပ်ထားလိုက်ပြီး စိန်တို့ လက်ချင်းတွဲကာ ဂိမ်းစင်တာထဲ ဝင်လာခဲ့သည်။ အကြွေစေ့လဲသောနေရာမှာ အကြွေစေ့တွေလဲပြီး ဘာကစားရမလဲလို့ ရှာဖွေလိုက်ကြသည်။


www.burmeseclassic.com

www.burmeseclassic.com



# ၄

စိန်သည် အရှေ့က တီဗီဖန်သားပြင်မှာ ရှိနေသော
အရုပ်ကို ပြိုင်ကနေသဖြင့် မြတ်နိုးကိုပင် လှည့်မကြည့်အား။ စိန်
နိုင်ချင်စောမျှားနေသလို စိန့်ဆီမှာ အကြွေစေ့ကတော့ ကုန်တော့
မှာမို့ ...

"မြတ်နိုး ... မြတ်နိုး ... စိန့်ကို အကြွေထပ်သွားလဲပေး
ပါဦး။ စိန် ဒီပွဲပြီးရင် မနိုင်ရင် ထပ်ကစားဦးမလို့
ဒီနေရာကထွက်သွားရင် တခြားလူဦးသွားလိမ့်မယ်။ အဲဒီကျ
စိန် ပြန်စောင့်ရလိမ့်မယ်။ စိန် မစောင့်ချင်ဘူး၊ နေရာဦး
ထားချင်တယ်"

စိန်သည် ကရသဖြင့် မောပြီး ဟောဟဲလိုက်နေရာမှ
စကားတွေ ဆက်တိုက်ပြောပြီး မြတ်နိုးကို ခိုင်းနေသေးသည်။





"စိန် မမောဘူးလားကွာ၊ တခြားဟာကစားပါလား"

"စိန် ဒါပဲ ကြိုက်တယ်"

"ကိုယ်က အကြွေစက်ထဲထည့်ပြီး အကြွေစေ့တွေထွန်း
ထုတ်တဲ့စက်ကို ကစားချင်လို့"

"စိန့်ကို အရင်အကြွေလဲပေး၊ ပြီးရင် မြတ်နိုး အဲဒါ သွား
ကစား၊ စိန် အဲဒါကြီး မကြိုက်ပါဘူး၊ ဒီမှာပဲ ဆက်ကစား
တော့မယ်၊ ပြီးရင် သေနတ်သွားပစ်မလို့"

မိန်းကလေးဖြစ်ပြီး ငြိမ်ငြိမ်လေးမဆော့ချင်သော
စိန်သည် ယောကျ်ားလေးဖြစ်ပြီး ငြိမ်ငြိမ်ဆော့ရသောနည်းကို
ကြိုက်တဲ့ မြတ်နိုးနဲ့တော့ တခြားစီဖြစ်နေလေသည်။ စိန်တို့
စရိုက်မတူကြပေမယ့် တစ်ယောက်အကြိုက် တစ်ယောက်နားလည်
ပေးနိုင်ကြသည်မို့ အဆင်ပြေနေသည်။

စိန့်ရဲ့ဂိမ်းမပြီးခင် မြတ်နိုးရောက်လာပြီး ရေသောက်
သော တစ်ခါသုံးဖော့ခွက်ဖြင့် ထည့်လာသည့် ဂိမ်းကစားတဲ့အကြွေ
တစ်ခွက်ကို လာပေးပါသည်။

"စိန် ကိုယ် ဟိုဘက်နားမှာနော်၊ ပြီးရင် လိုက်လာခဲ့၊
အင်း ... လိုက်လာမယ် မထင်ပါဘူး၊ ကိုယ်ပဲ စိန့်ကို
လိုက်ရှာရမယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... စိတ်မကောက်ကြေးလေ"

"မကောက်ပါဘူး၊ ဒါပေမဲ့ ကိုယ် ပျင်းပြီး ဗိုက်ဆာလာရင်တော့ စိန် ကစားတာ ရပ်ရမယ်နော် ကတိ"

"ကတိ ... ကတိ၊ တကယ်ပါ ကတိပေးတယ်၊ မြတ်နိုး ဗိုက်ဆာရင်လည်း စိန်လည်းဆာတာပေါ့"

မြတ်နိုး ထွက်သွားတာတောင် စိန် မသိလိုက်။ ရှုံးသွားသောဂိမ်းပွဲအတွက် မကျေမချမ်းတွေဖြစ်ရင်း အကြွေစေ့တွေ ထပ်ထည့်နေမိသည်။ အဲဒီထဲက ကွန်ပျူတာရုပ်ကို နိုင်အောင် စိန်က ဘာကြောင့် လိုက်မကနိုင်ရမှာလဲ။

သီချင်းသံမြူးကြွကြွနဲ့အတူ စိန် စပြီးကစဉ် အနားမှာ လူရိပ်တစ်ရိပ် လာရပ်ပါသည်။

"လူကြည့်တော့ ရိုးပုံရိုးလက်နဲ့ အခုလို လူမြင်ကွင်းကြီးမှာ ဣန္ဒြေမရှိကပြဖို့ကျတော့ အရှက်မရှိပါလား"

စိန်သည် သီချင်းသံတွေ၊ ဂိမ်းစက်တွေရဲ့ အသံတွေ၊ စကားပြောသံတွေ ဒီလောက်ဆူနေတာတောင် ဒီအသံကြားကြားချင်းမှာ ဒါ ဘယ်သူ့အသံပဲရယ်လို့ ချက်ချင်းမှတ်မိသွားသတဲ့။ ကဖို့ခြေနင်းကွက်တွေကို သဲသဲမဲမဲလိုက်နင်းနေရာမှ စိန် ဆတ်ခနဲ ရပ်လိုက်မိတော့သည်။





အလင်းနှစ်သည် စိန့်ကို လက်နှစ်ဖက်ပိုက်ရပ်ကြည့်လျက် စိန်ခေါ်သောမျက်လုံးတွေနဲ့ ကြည့်နေကြောင်း သူ့ဆံပင်တွေကွယ်နေသော မျက်လုံးတွေကို အသေအချာ မတွေ့ရပေမယ့် စိန် သိရှိခံစားရနေလေသည်။

"နင် ဒီနားက ထွက်သွားစမ်း"

"ဒီဆိုင်ကို မင်း ဖွင့်ထားလို့လား"

စိန်သည် သူ တမင်လာရန်စနေမှန်း သိသည်ဖြစ်ရာ ဒေါသမထွက်မိအောင် မျိုသိပ်ထားရသည်။ စိန် ဒေါသထွက်လာလျှင် သူ ဘာကောင်ကြီးပဲဖြစ်နေနေ စိန် ပြန်ပြောပစ်မည်။ သူ့ကိုတွေ့တာနဲ့ ကောက်ရိုက်ချင်မိမည်။ အမှန်တော့ စိန်က ဒေါသကြီးတတ်သူလည်းမဟုတ်။ ရန်လိုတတ်သောသူလည်း မဟုတ်ပါ။ အလင်းနှစ်ကိုကျမှ စိန်သည် အမုန်းကြီးကာ ဒေါသကြီးမိတာဖြစ်သည်။ သူ့အပေါ်ကို အငြိုးအတေးတွေဖြစ်ပြီး မုန်းလည်းမုန်းတီးလှပါသည်။

"နင် ဘာကြောင့် ငါနောက်ကို နောက်ယောင်ခံလိုက်ပြီး ရန်စနေရသလဲ"

"အဟားဟား ... ကိုယ့်ကိုယ်ကိုယ် သိပ်အထင်မကြီးနဲ့လေ၊ ငါကပဲ မင်းကို နောက်ယောင်ခံလိုက်ရဦးမတဲ့လား စိန်ပန်းခိုင်၊ မင်းနဲ့ငါ ရေစက်ပါပြီး မကြာခဏ ဆုံနေတာမျိုးရော မဖြစ်နိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

စိန်သည် ပထမဦးဆုံးအကြိမ် သူ့နှုတ်ဖျားမှ စိန့်အမည်အပြည့်အစုံကို အခေါ်ခံလိုက်ရသဖြင့် အခေါ်မခံချင်သလို ချက်ချင်းဖြစ်ကာ နာသွားပါသည်။

"နင် ငါ့နာမည်ကို ခေါ်စရာမလိုဘူး"

"နာမည်ဆိုတာ လူတစ်ယောက်မွေးလာရင် အမှတ်တံဆိပ်တစ်ခုအနေနဲ့ပေးတဲ့ သင်္ကေတတစ်ခုပဲ၊ မင်းနာမည်ကို ငါက ဘာကြောင့် မခေါ်ရမှာလဲ"

"နင် မခေါ်နဲ့၊ ငါ့နားထဲမှာ ကြားရတာ သနတယ်"

"သနရအောင် ငါက ဘာဖြစ်နေလို့လဲ၊ မင်းကရော ဘာကောင်မမို့လဲ၊ အဲဒီလောက် မင်း ငါ့ကို မိုက်ရိုင်းပြစရာမလိုဘူး၊ မှတ်ထားစမ်းပါ စိန်ပန်းခိုင်၊ ငါဆိုတဲ့ကောင်က မင်း မိုက်ရိုင်းတာထက် အဆတစ်ရာလောက် ပိုပြီး မိုက်ရိုင်းပြရဲတယ်၊ အဲဒီကျမှ ဒူးနဲ့မျက်ရည် သုတ်နေရမယ်"

သူဟာ ယောကျ်ားတစ်ယောက် ဖြစ်ရက်နဲ့ အလျှော့မပေးဘဲ မိန်းကလေးတစ်ယောက်ကို ခြိမ်းခြောက်ကြိမ်းမောင်းရဲလေသည်။ စိန်သည် တမင်လည်း ရန်စခံရသေးတယ်။ ခြိမ်းခြောက်စကားလည်း အပြောခံရသေးတယ် ဆိုသော ဒေါသစိတ်တွေကြောင့် ဘာမှမစဉ်းစားနေတော့ဘဲ ရုတ်တရက် တုံ့ပြန်လိုက်မိသည်။ စိန့်ပခုံးမှာ လွယ်ထားသော BASQUE တံဆိပ် အိတ်ကြီးဖြင့် သူ့မျက်နှာကို လွှဲရိုက်ချလေရာ သူသည် သတိကောင်းစွာပင် ချက်ချင်း ခုန်ရှောင်ပစ်လိုက်နိုင်လေသည်။



စိန့်အရပ်က ငါးပေခြောက်လက်မရှိကာ မိန်းမထဲမှာတော့ တော်တော်အရပ်မြင့်လှသောကြောင့် အလင်းနှစ်၏မျက်နှာကို အိတ်နဲ့ဖြတ်ရိုက်ဖို့ဆိုတာ ဖြစ်နိုင်သည်။

စိန်ရိုက်တာ သူ့ ထိခဲ့လျှင် သူ့မျက်နှာ တော်တော်ထိသွားမှာ သေချာသည်။

စိန့်အိတ်ကြီးထဲမှာ ဘီးကပဲ နှစ်ချောင်း၊ i pod (အိုင်ပေါ့ထ်)၊ Nintendo DS (နင်တန်းဒိုး ဒီအက်စ်)ဂိမ်းကစားစရာ၊ ပိုက်ဆံသီးသန့်ထည့်သောဝေါလ်လက်ထ်၊ ကားသော့၊ ခေါင်းပူလျှင် မခံနိုင်သောကြောင့် ဘယ်သွားသွား ထည့်ထားတတ်သည့် ခေါက်ထီးသေးသေးလေးက တစ်ချောင်း၊ ကျန်တာတိုလီမိုလီရှုဆေး၊ တစ်ရှူးထုပ်၊ လက်ကိုင်ပါသောကြည့်မှန်တစ်ချပ်၊ နှုတ်ခမ်းဆိုးဆေးဘူး သုံး,လေးဘူးနဲ့ L'oreal ကရင်(မ)ပုတ်(ဖ) တစ်ဘူး ပါလေသည်။ ပစ္စည်းတွေက ဘာရယ်မဟုတ်ပေမယ့် အဲဒါတွေ တစ်စုတစ်စည်းတည်း ထည့်ထားသောအိတ်နဲ့ ရိုက်ခံရရင်တော့ အနည်းအကျဉ်း နာမှာပင်။ စိန်သည် သူ့အသားနာသွားတာကို မြင်ချင်လှလေရော သူ့ ရှောင်မှန်းလည်းသိရော ထပ်ကာ ထပ်ကာ ဆက်ရိုက်နေမိတော့သည်။

www.burmeseclassic.com



"ဟိတ် ... ရပ်စမ်း၊ မင်း ရပ်ရင်ရပ် မရပ်ရင် ငါ တစ်ခုခု ပြန်လုပ်မိတော့မယ်"

ဂိမ်းစင်တာတစ်ခုလုံးမှာ ရုတ်ရုတ်သဲသဲ ဖြစ်နေသော ရန်ပွဲကို တအံ့တသြ ရပ်ကြည့်နေကြတော့လေသည်။ စိန်ကရိုက်လေ၊ သူကရှောင်လေ ဖြစ်နေသဖြင့် စိန်သည် ဒေါသဖြင့် မျက်လုံးတွေတောင် ပြာလာသည်။

"နင် ငါရိုက်တာကို ခံလိုက်ရမှ ကျေနပ်မယ်၊ နင့်ကို ငါ အသေရိုက်သတ်ပစ်ချင်တယ်"

ဘေးမှာရပ်ကြည့်နေကြသော ကောင်လေးတွေဆီမှာ "ဟား"ခနဲ အာမေဋိတ်သံနဲ့အတူ ...

"သတ္တိက မခေပါလား"

ဟု လေဖန်သံသဲ့သဲ့တချို့ ထွက်လာသည်။

ထိုအချိန်တွင် လူအုပ်ကိုတိုးခွဲပြီး အပြေးရောက်လာသော မြတ်နိုး အသံကို ကြားရသည်။

"စိန် ... စိန် ... ရပ်တော့လေ။ ရပ်လိုက်။ ဟာ ... ဘာတွေဖြစ်နေတာလဲကွာ"

မြတ်နိုး စိန့်လက်ကို လှမ်းဆွဲမလို့ ပြင်ပေမယ့် မမီလိုက်။ စိန် ရိုက်ချပြီး ဖြစ်နေရာ ဒီတစ်ခါမှာတော့ အလင်းနှစ်ဟာ မရှောင်တော့ဘဲ စိန့်အိတ်ကို ရအောင်ပြန်ဖမ်းဆွဲကာ၊





ဆောင့်ဆွဲလိုက်တော့လေသည်။ အရပ်ခြောက်ပေနီးပါးရှိပြီး သန်သန်မာမာ၊ တောင့်တောင့်ခိုင်ခိုင် ဇလမျိုးကို ပိုင်ဆိုင်သော ယောကျ်ားတစ်ယောက်၏ ဆောင့်ဆွဲခံလိုက်သော အရှိန်ကြောင့် စိန်သည် ဟပ်ထိုးလဲကျသွားပါသည်။

စိန့်မျက်နှာမှာ ဂိမ်းစင်တာ၏ကြမ်းခင်းကြွေပြားတွေနဲ့ အပ်မိသောအချိန်တွင် ပါးစပ်ထဲတွင်တော့ ငန်ကျိကျိအရသာကို ခံစားလိုက်ရသည်။ ပြီးတော့ စိန့်ရဲ့နဖူးနဲ့ပါးရိုး၊ မေးရိုးတို့ဆီမှာ အသည်းခိုက်အောင် နာကျင်ခြင်းကိုလည်း တစ်ပြိုင်တည်း ခံစားလိုက်ရပါသည်။ သွားပြီ၊ စိန် ဒဏ်ရာအနာတရ ဖြစ်ရပြီ။ နှုတ်ခမ်းပေါက်သွားပြီ။ စိန့်မျက်နှာတစ်ခုလုံးလည်း နာကျင်သွားပြီ။ အဆိုးဆုံးက လူတွေအများကြီးရှေ့မှာ စိန် အရှက်ကွဲရခြင်းတည်း။

"စိန်"

မြတ်နိုးသည် စိုးရိမ်တကြီး အော်ခေါ်လိုက်ကာ စိန့်ကို ပွေ့ချီထူမပါသည်။

"သွေးတွေ"

စိန်သည် လက်ထဲမှာပါလာသော အနီရဲရဲအရာကို မြင်ကာ လန့်ပြီးအော်မိသည်။

"နှုတ်ခမ်းပေါက်သွားတာ စိန်။ ထ,ထ ကိုယ်တွဲပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com

"နာလိုက်တာ"

"မျက်နှာဆောင့်မိသွားပြီ၊ ကြည့်စမ်း"

မြတ်နိုးသည် စိန့်ကိုဆွဲထူပြီးလျှင် ချက်ချင်း အလင်းနှစ်ကို ရင်ဆိုင်ကြည့်လိုက်သည်။ ဘုရားရေ ... ပျော့ပျော့အေးအေးနဲ့ အရာရာကို အေးအေးဆေးဆေး ဖြေရှင်းတတ်ပုံရတဲ့ မြတ်နိုးဟာ ခုတော့ ရဲရင့်သတ္တိရှိစွာပင် အလင်းနှစ်ကို ရင်ဆိုင်တော့မလိုဟန်တွေနဲ့။

မြတ်နိုး မျက်နှာကြီး တင်းမာခက်ထန်နေတာ၊ ဒေါသနဲ့ မေးရိုးကြီးတွေ ထောင်နေတာ၊ လက်သီးကို တင်းနေအောင် ဆုပ်တာတွေ စိန် မြင်ဖူးခြင်းမှာ ဒါ ပထမဦးဆုံးအကြိမ်ပင်ဖြစ်သည်။

"မင်း မိန်းကလေးတစ်ယောက်ကို အဲဒီလောက်ထိ ကြမ်းကြမ်းတမ်းတမ်း တုံ့ပြန်ဖို့ မသင့်ဘူး"

"ငါ့ကို အိတ်နဲ့ရိုက်လို့ ငါက ဆောင့်ဆွဲရုံလေး တုံ့ပြန်တာပါ။ သူရိုက်တဲ့အားနဲ့ သူ့ဘာသာ မှောက်ရက်လဲတာလေ။ ဒီနားမှာ ရပ်ကြည့်နေတဲ့ ဘယ်သူ့ကိုမဆို မေးလို့ရတယ်။ ငါလုပ်တာ မဟုတ်ဘူး"

"သူ ဒေါသဖြစ်ပြီး ရိုက်ရလောက်အောင် မင်း ဘယ်လောက်ထိ သူ့ကို စိတ်အနှောင့်အယှက် လာပေးခဲ့သလဲမှ မသိတာ"





"မင်း မကျေနပ်ရင် စိန်ခေါ်လိုက်လေ။ ဘာကြောင့် ယောကျ်ားပီပီ စိန်မခေါ်ရဲရလဲ။ စိန်မခေါ်ဘဲ ငါ့မှာရှိတဲ့ အပြစ်ကို ရှာကြံပြီး အပြစ်တင် စကားနိုင်လုဖို့ပဲ စိတ်ဝင်စားတယ်ဆိုရင် မင်းဟာ မိန်းမဆန်ဆန် နာမည်မျိုးကို ပိုင်ဆိုင်ရုံမကဘူး လူကပါ မိန်းမဆန်နေတာပဲဖြစ်မယ်"

"တောက်"

မြတ်နိုး တောက်ခေါက်လိုက်ပြီးလျှင် စိန် ထင်မှတ်မထားခဲ့သော စကားကို ပြောချလိုက်ပါသည်။

"မင်းနဲ့ငါ ကားပါကင်မှာ ချမယ်။ မင်း လိုက်လာခဲ့"

စိန် မြတ်နိုးအတွက် စိုးရိမ်သွားပါသည်။ မြတ်နိုးဟာ ငယ်ငယ်တည်းက အင်မတန်မှ လိမ္မာကာ စာကြိုးစားရိုးသားသော ကောင်လေးတစ်ယောက်။ လက်သီးထိုး ရန်ဖြစ်ရသော ရန်ပွဲကိုပင် မနွှဲခဲ့ဖူးမှန်း စိန် သိထားပါသည်။ စိန့်အတွက်ကြောင့် မြတ်နိုး သတ္တိတွေရှိလာကာ အလင်းနှစ်ကို ထိုးမယ်ကြိတ်မယ်တောင် စိန်ခေါ်ရဲသွားသည့်အတွက် စိန့် အံ့ဩမှင်တက်သွားရပါသည်။ စိန့်မျက်နှာတစ်ပြင်လုံး ခံစားနေရသော ပွန်းပဲ့ဒဏ်ရာများ၏ နာကျင်မှု၊ စပ်ဖျဉ်းဖျဉ်း ခံစားရမှုတို့ကိုတောင် မေ့သွားပါသည်။

"မြတ်နိုး ... မသွားနဲ့၊ မသွားပါနဲ့"


www.burmeseclassic.com

www.burmeseclassic.com



"စိန် နေခဲ့၊ လိုက်မလာနဲ့တော့"

"မဟုတ်ဘူး၊ မြတ်နိုး မသွားရဘူး။ သူနဲ့မချရဘူး"

"ငါကတော့ မင်း စိန်ခေါ်တဲ့အတိုင်း ကားပါကင်ကိုသွား နှင့်ပြီယော့"

အလင်းနှစ်သည် လှောင်ပြောင်လိုသော အသံဖြင့် အကျယ်ကြီးအော်ကာ ဂိမ်းစင်တာထဲမှ ထွက်သွားနေပါသည်။ ရန်ပွဲကြည့်လိုသော ပရိသတ်ကတော့ အလင်းနှစ်နောက်ကို လိုက်သွားကြလေပြီ။ ဂိမ်းစင်တာတစ်ခုလုံးဟာ ရုတ်ရုတ်သဲသဲနဲ့ ဂိမ်းကစားသူပင် မရှိသလောက် ဖြစ်သွားပြီး ရန်ပွဲတစ်ပွဲကို ကြည့်ကြရဖို့ တာစူနေကြပြီ။

"စိန့်အတွက်နဲ့ ဒီလောက်ထိ လုပ်ပေးဖို့ မလိုပါဘူး မြတ်နိုးရယ်"

"ကိုယ် သူ့ကို စိန်ခေါ်ပြီးပြီ၊ အလျှော့ပေးပြီး နောက်ဆုတ်လို့ မဖြစ်တော့ဘူး။ ကိုယ် ဒီနေ့ ဒီကောင်နဲ့ထိုးရလို့ ဘာဖြစ်ခဲ့ ဖြစ်ခဲ့ ကိုယ် နောင်တမရပါဘူး စိန်"

မြတ်နိုးသည် စိန့်ဆွဲထားတာကို လက်မခံဘဲ စိန့်ကိုပင် ပြန်တွန်းထားခဲ့ကာ အလင်းနှစ်ထွက်သွားရာဘက်ကို လိုက်သွားတော့လေသည်။ စိန်သည် သွေးရူးသွေးတန်းဖြစ်ကာ ကြံရာမရတော့။ နောက်ဆုံးတွင် စိန်သည် မြတ်နိုး ဒဏ်ရာအနာ





တရ ဖြစ်ရမည်ကို မမြင်ရက်လေရာ ဒီပြဿနာကို သိဟန်မတူသေးသော ဂိမ်းစင်တာ၏ လုံခြုံရေးဝန်ထမ်းတွေကိုသာ ပြေးခေါ် အကူအညီတောင်းရန် ဆုံးဖြတ်လိုက်တော့သည်။

"ကားပါကင်မှာ လူနှစ်ယောက် ရန်ဖြစ်နေကြတယ်၊ လိုက်တားပေးပါဦးရှင်။ တစ်ယောက်က ကျွန်မရဲ့မိတ်ဆွေပါ။ ကူညီပါရှင်"

စိန့်မျက်နှာမှာ ပွန်းပဲ့ဖူးရောင် ဒဏ်ရာတချို့ကို တအံ့တဩ ကြည့်နေကြသော လုံခြုံရေးဝန်ထမ်းနှစ်ယောက်သည် စိန့်စကားကြောင့် ချက်ချင်းပင် ထထွက်သွားပါသည်။ စိန့်ကို တောင် မစောင့်ပါ။ စိန် သူတို့ခြေလှမ်းတွေကိုမီအောင် ပြေးလိုက်သွားမိသည်။ ဘုရားရေ … ရန်ပွဲမစလောက်သေးဘူး ထင်ပါရဲ့။ မြတ်နိုးမျက်နှာမှာ လက်သီးတစ်ချက်စာလောက်ဖြစ်ဖြစ်တောင် မထိပါစေနဲ့။

သို့သော် စိန့်ဆုတောင်း မပြည့်ခဲ့ပါ။ လူအုပ်ကိုဖြိုပြီး စိန် ဝင်သွားလိုက်သောအခါ မြတ်နိုးကို အလင်းနှစ်ကဖိပြီး ထိုးနေသော မြင်ကွင်းကို မြင်လိုက်ရသည်။ စိန့်မျက်လုံးတွေမှာ ပြာဝေပြီး မူးမေ့လဲတော့မလိုပင် ဖြစ်သွားပါသည်။ မြတ်နိုး နာကျင်ရတာဟာ စိန် နာကျင်ရတာထက် အဆတစ်ရာပိုအောင် စိန့်ရင်ထဲမှာ ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ ... ရပ်လိုက်ကြစမ်း"

အလင်းနှစ်ကတော့ ဒီအသံလောက်ကို မဖြုံပါ။ မရပ်ပါ။ မြတ်နိုးကိုသာ ဘယ်ကဘယ်လို အငြိုးကြီးနေသည် မသိ။ လွတ်သွားသော လက်သီးချက်ကို မမိ,မိအောင် လိုက်ထိုးနေတော့သည်။ လုံခြုံရေးဝန်ထမ်းတွေကတော့ သူတို့ရဲ့အတွေ့အကြုံအရ ရန်ပွဲကို ဘယ်လိုရှင်းပြီး ဘယ်လိုဖျန်ဖြေရမလဲဆိုတာ သိပါသည်။

ချက်ချင်းပဲ အလင်းနှစ်ကို ပြိုင်တူဝိုင်းချုပ်လိုက်သောအခါ တစ်ဖက်သတ်ဖြစ်နေသော ရန်ပွဲမှာ ပြီးသွားပါသည်။ မြတ်နိုး မျက်နှာတစ်ခုလုံးမှာတော့ မှတ်မိစရာ မရှိလောက်အောင် ဖူးရောင်ပေါက်ပြဲနေတော့သည်။ မိနစ်ပိုင်းလေးအတွင်းမှာ မြတ်နိုး ဒီလောက်ခံလိုက်ရအောင် အလင်းနှစ် ဘယ်လိုများထိုးပစ်လိုက်သလဲ။

စိန် မြတ်နိုးထံ မျက်ရည်တွေနဲ့ ပြေးသွားမိတော့သည်။

"စိန့်ကြောင့် ... စိန့်ကြောင့် ဒီလိုဖြစ်ရတာ"

"မငိုနဲ့လေ၊ ကိုယ် ဘာမှမဖြစ်ဘူး"

"ဒါလား မဖြစ်တာ။ မျက်နှာတစ်ခုလုံး ရစရာကိုမရှိဘူး"



လုံခြုံရေးဝန်ထမ်းတွေက ဝိုင်းချုပ်ထားတဲ့ကြားမှ အလင်းနှစ်ရအောင် ရုန်းထွက်လိုက်ပြီး ...

"ရပြီ ... ငါ့ကို ဒီလောက်ကြီး တရားခံလို ချုပ်ထားစရာ မလိုဘူး။ ရှုံးနေတဲ့လူကို ငါက ဘာလို့ဆက်ထိုးရမှာလဲ"

ဟု တွန်းထုတ်ကာ အော်လိုက်လေသည်။

"ကျေနပ်တယ် မြတ်နိုး။ မင်း ခုလို ရဲရဲရင့်ရင့်ရန်ဖြစ်ရဲတာကို ကျေနပ်တယ်။ မနိုင်နိုင်မှန်း သိရက်နဲ့ ငါနဲ့လာပြိုင်ထိုးရဲတာကို ဂုဏ်ပြုပါတယ်"

ခနဲ့သလို၊ နောက်ပြောင်သလို အသံဖြင့် မြတ်နိုးကို ကြည့်လိုက်ကာ တရုတ်သိုင်းကားတွေထဲမှာ သိုင်းသမားတွေတစ်ယောက်နဲ့တစ်ယောက် အရိုအသေပေးတဲ့ပုံစံနဲ့ ခါးကိုညွတ်ပါသည်။ လက်နှစ်ဖက်ကို ရှေ့ဆန့်ပြီး တစ်ဖက်က လက်သီးဆုပ်ကို တစ်ဖက်က လက်ဖဝါးနဲ့အုပ်ထားသောဟန်ဖြင့် ဦးညွှတ်ပြပါသည်။ ဆေးတွင်ရပ်ကြည့်နေကြသော ဗရိသတ်ကတော့ ဘာမှန်းညာမှန်းမသိ လက်ခုပ်တီး အားပေးလိုက်သံတော်င် ကြားရသည်။

"မိုက်တယ်ကွာ"

ဟူသော အားကျသလို အသံနဲ့မြှောက်ပင့်သူတွေလည်းမနည်း။ တချို့ အလင်းနှစ်ကို သိထားသူတွေကတော့ ...

www.burmeseclassic.com

www.burmeseclassic.com

"အဲ့ဒါ အလင်းနှစ်ပေါ့။ သူ့ရာဇဝင်မှာ သူ ဘယ်တော့မှ ရှုံးတာမရှိဘူး"

ဆိုသော တီးတိုးသံတွေလည်း ကြားရပါသည်။

"ကဲ ... ဘယ်လိုလဲ၊ ဒီက သမီးကရော ကျေအေးမလား။ ပြဿနာကို ဒီမှာပဲ ရပ်လိုက်မလား။ ဒါမှမဟုတ် ရဲစခန်းမှာသွားပြီး ဖြေရှင်းချင်လား"

စိန် သူ့ကို ရဲစခန်းပို့မယ်လို့ ပြောရန် အားယူတုန်းရှိသေးသည်။ မြတ်နိုးက စိန့်လက်ကို ဖျစ်ညှစ်လိုက်ကာ ...

"စိန် ကိုယ်ရဲစခန်းသွားပြီး မဖြေရှင်းချင်ဘူး၊ ရန်ဖြစ်တယ်ဆိုတာဟာ သူရော ကိုယ်ရော စိန်ခေါ်ပြီး ထိုးကြိတ်တာမှန်း ဒီမှာရပ်ကြည့်နေတဲ့လူတိုင်း သိတယ်။ ရန်ဖြစ်လို့ ရဲစခန်းရောက်ရတယ်ဆိုတဲ့ သတင်းကို ဖေဖေနဲ့မေမေ မသိစေချင်ဘူး။ စိန် ဒီတစ်ခါတော့ လျှော့လိုက်ပါနော်"

ဟု စိန့်ကို တောင်းပန်သလိုပြောလျှင် စိန်ပြောလိုသော စကားတွေကို ပြန်မြိုချလိုက်ရတော့သည်။

ထိုနေ့ကတော့ စိန်တို့နှစ်ယောက်စလုံးဟာ အလင်းနှစ် ပေးလိုက်သော ဒဏ်ရာကိုယ်စီနဲ့ ပြန်ခဲ့ရသည်။

လုပ်သော်ညနေခင်းမှာ အလင်းနှစ်ကြောင့် တကယ်ပဲ အကျည်းတန် အရုပ်ဆိုးသွားခဲ့ပါသည်။ ဒီညနေကို စိန် တစ်





သက်မမေ့တော့။ မြတ်နိုးကို သဲကြီးမဲကြီး ထိုးကြိတ်နေခဲ့သော အလင်းနှစ်၏ အမူအရာတွေကို စိန် ဘယ်လိုမှ မေ့ဖျောက်လို့ မရတော့။ သူ ဘာကြောင့် မြတ်နိုးကို အငြိုးကြီးပြီး မုန်းနေရသလဲ။ တကယ် ပြဿနာတက်ခဲ့တာ စိန်နဲ့သူမဲ့။ ဘာကြောင့် မြတ်နိုးကိုပါ လိုက်မုန်းနေရလဲ။

❤ ❦ ❤



www.burmeseclassic.com

www.burmeseclassic.com



# ( ၅ )

အခုနောက်ပိုင်းတော့ စိန်သည် အပြင်ထွက်တိုင်း
စိတ္တဇဝေဒနာတစ်မျိုး စွဲကပ်သလို ဖြစ်လာသည်။ စိန့်ကားနောက်
မှာ အနီရောင်ကားမြင့်မြင့်ကြီး ပါလာမလားလို့ စိုးရိမ်တကြီး ရှာ
ဖွေတတ်သည်။ အဲဒီကား ပါလာရင် စိန်ဟာ သတိအနေထား
နဲ့ဖြစ်ကာ သွားရလာရတာပင် စိတ်မချမ်းသာတော့။ စိန် တစ်နေ
ရာရာမှာရပ်ပြီး တစ်ခုခုလုပ်ရင် အလင်းနှစ် ရောက်လာတော့မည်။
စိန့်ကို ဒေါသဖြစ်ပြီး စိတ်မချမ်းမြေ့မှုတွေဖြစ်အောင် သူ လုပ်
တော့မည်။ သူ့ကို စိန် မနိုင်ဘဲရှုံးကာ ဒါကိုပဲ တမြည့်မြည့်နဲ့
ရက်ပေါင်းတော်တော်ကြာ ခံစားရဦးမည်။

စိန်သည် ဘဝတစ်လျှောက်လုံး အေးချမ်းတိတ်ဆိတ်
စွာ အပူအပင်ကင်းကင်း၊ ဒေါသမောဟကင်းကင်းနဲ့ နေလာခဲ့ရ
သူဖြစ်ရာ အခုရက်ပိုင်းအတွင်းမှာကြုံရတဲ့ စိတ်လှုပ်ရှား တုန်လှုပ်မှု





ဒေါသဖြစ်ရမှု၊ နာကြည်းရမှု၊ ထိတ်လန့်ရမှုတွေကို ထပ်ခံစားရမှာ ကြောက်နေသည်။ စိန် အဲဒါတွေကို ခံနိုင်ရည် မရှိပါ။

အေးချမ်းသောစိတ်တွင် ပူလောင်ပြင်းပြရခြင်းကို စတင်ခံစားရသည်ဖြစ်ရာ စိန်မှာ ထိုခံစားချက်ကို အကြီးအကျယ် ကြောက်လန့်မိသည်။

စိန့် ခံစားချက်တွေကို မြတ်နိုးကို ပြောပြမိလေသည်။

"စိန် သူ့ကို ဘယ်လောက်ကြောက်သွားလဲဆိုရင် ညဘက် အိပ်မက်ထဲမှာ သူ ပါလာရင် လန့်နိုးပြီး ချွေးတွေ တောင်ပြန်တယ်။ အိပ်မက်ထဲမှာလည်း သူက စိန့်ကို နှိပ်စက်အနိုင်ကျင့်နေတာလို့ မက်တယ်"

မြတ်နိုးက စိန့်ကိုပွေ့၍ နှစ်သိမ့်ကာ ...

"လူလူချင်း ဘာမှကြောက်စရာ မရှိပါဘူး စိန်ရယ်။ သူ့ အကြောင်း မတွေးမိစေနဲ့ပေါ့။ ခေါင်းထဲမှာ သူ့အကြောင်းကို ထည့်ထားရင် စိတ်စွဲပြီး အိပ်မက်,မက်တာပေါ့"

သူ့အကျင့်အတိုင်းပဲ အထိုးခံခဲ့ရတာ အလွယ်တကူ မေ့ပျောက်လျက် စိန့်ကိုပင် တရားချသေးသည်။

"အမိက,ကတော့ စိန် ကိုယ့်စိတ်ကိုယ် ထိန်းချုပ်နိုင်ဖို့ပဲ။ မတော်တဆ သူ ရောက်လာခဲ့ပြီး အရင်တစ်ခါလို



www.burmeseclassic.com

www.burmeseclassic.com



ရန်စမယ်ဆိုရင် စိန် ဒေါသအလွယ်တကူ မထွက်နဲ့။ သူ ပြောတာကို ပြန်လည်းမပြောနဲ့။ ပြန်မပြော နားမထောင် လုပ်ပြီး နိုင်တာ ရှုံးတာမတွက်ပဲ သူ့ကို ရှောင်ထွက်လာ လိုက်ပါ။ စစ်ပွဲတစ်ပွဲလို့ပေါ့၊ တစ်ဖက်က တိုက်ခိုက်ဖို့ လက်နက်အပြည့်နဲ့ တက်လာချိန်မှာ ကျန်တစ်ဖက်က အလံဖြူပြပြီး အရှုံးပေးရင် ဘယ်လိုမှ တိုက်ခိုက်လို့ မရ တော့ဘူး။ စစ်ပွဲတစ်ပွဲ ဖြစ်မလာတော့ဘူး။ စိန်လည်း အဲဒီလိုပဲ ခေါင်းထဲမှာ ထည့်ထားပါ။ သူ ငါ့ကို တမင် လိုက်ရန်စနေတယ်။ အနိုင်ကျင့်နေတယ် ဆိုတာကို ဖျောက် ပြီး သူ့ကို အရှုံးပေးပြီး ရှောင်ထွက်မယ်လို့ ခေါင်းထဲထည့် ထားလိုက်ရင် စိန်နဲ့သူ ထိပ်တိုက်တွေ့စရာ အကြောင်းမရှိ တော့ဘူး။ အဲဒီနည်းနဲ့ရှောင်ရင် သူဟာ စိန့်ဘဝထဲကို ဆက်ဝင်လာစရာ အကြောင်းမရှိတော့ပါဘူး”

စိန် ဒါကို သိပ်တော့လက်မခံချင်။ စိန်က ကိုယ့် ဘာသာနေတာ။ သူက တမင်လာရန်ပတာ။ စိန် ဘာကြောင့် အလျှော့ပေးရမှာလဲ။ ဒါပေမဲ့ စိန် သူ့ကိုဘယ်တော့မှ မနိုင်,နိုင် တာလဲ ခက်သည်။ စိန် အလင်းနှစ်ကို တစ်ခါလောက်နိုင်ချင်သည်။ အဲဒါဆိုရင်တော့ စိန် တော်တော့်ကို နေသာထိုင်သာရှိမည် ထင် သည်။





“အံ့ဩစရာ ကောင်းတာက သူကတော့ စိန်တို့အကြောင်း အကုန်သိနေပြီး စိန်တို့ကတော့ သူ့အကြောင်း ဘာမှမသိ ရဘဲ ဘယ်ကပေါ်လာမှန်းမသိတဲ့ လူတစ်ယောက်ရဲ့ အနိုင် ကျင့်မှုကို ခံနေရသလိုပဲ”

“သူနဲ့ပတ်သက်တာကို ဒီမှာတင် ရပ်လိုက်ပါ စိန်ရယ်။ သူ့အကြောင်း ကိုယ်လည်း ဒီထက်ပိုမသိချင်ဘူး။ စိန် လည်း ပိုမသိချင်ပါနဲ့”

ဒီရက်ပိုင်းအတွင်းတော့ အလင်းနှစ်ကို ထပ်မတွေ့ ရဘဲ ငြိမ်သက်နေလေရာ စိန်က သိပ်တော့မသက်သာလှ။ ခြေ တစ်လှမ်းတိုးဖို့ နောက်ကို နှစ်လှမ်းပြန်ဆုတ်နေသည်ဟု ထင် သည်။ သူဟာ ဘယ်လိုမှ စိန်နဲ့မြတ်နိုးကို အလွတ်ပေးမှာ မဟုတ်ဘဲ ထပ်ပြီး ဒုက္ခပေးဦးမှာလို့ စိန် ထင်မိသည်။

မြတ်နိုးကတော့ ဒီလ စာမေးပွဲဖြေစရာရှိသည်ဆို တာ ကျောင်းစာတွေနဲ့ နပန်းလုံးနေရသဖြင့် စိန့်ကိုတောင် မှန် မှန်လာမတွေ့နိုင်တော့ပြန်။

“Surgery (ဆာဂျရီ)က ခက်တယ်။ ပြီးတော့ ကိုယ်က ဆာဂျရီလည်း ဝါသနာပါတယ်။ ဆရာဝန်ဖြစ်ခဲ့ရင် ဆာ ဂျင်တစ်ယောက်အဖြစ်ပါ ရချင်တာ။ ဒီတော့ တခြားဘာသာ



www.burmeseclassic.com

www.burmeseclassic.com



တွေလို တော်ရုံတန်ရုံအမှတ်နဲ့ မအောင်ဘဲ ဒစ်(စ)တေးရှင်း ရတဲ့အထိဖြေမယ် မှန်းထားတော့ ကိုယ် ဒီ test ကို အသည်းအသန်လုပ်မှ ဖြစ်မယ်"

စိန်သည် ကိုယ့်ချစ်သူက ဘာကိုအရူးအမူးဖြစ်သလဲ ဆိုတာ သိလေရာ မြတ်နိုး လာမတွေ့နိုင်။ မှန်းတောင်ကြာကြာ မပြောနိုင်တာတွေကို ခွင့်လွှတ်နိုင်သည်။

စိန်လည်း ဆိုင်ပြန်ဖွင့်နိုင်ပြီဖြစ်ရာ ကိုယ့်အလုပ်နဲ့ ကိုယ် ရှုပ်နေချိန် တစ်ရက်တွင် စိန့်ဆီ ကွဲကွာနေသော သူငယ်ချင်းတစ်ယောက် ရောက်လာလေသည်။ သူကတော့ အမေရိကားမှာနေသော ငယ်သူငယ်ချင်း ကောင်လေးတစ်ယောက်ဖြစ်သည်။ သူ့နာမည်မှာ နေဒွန်း ဖြစ်သည်။

"ဟိုကောင်တွေဆီက နင့်သတင်းကိုကြားပြီး ဆိုင်ထိလိုက်လာရတာဟာ။ နင့်အကြံက မဆိုးဘူးပဲ။ ဒီမှာ သိပ်ခေတ်မစားပေမယ့် ငါတို့ဆီမှာရှိတဲ့ Pet Grooming ဆိုင်မျိုး နင်ဖွင့်ရဲတာ ချီးကျူးပါတယ်"

နေဒွန်းဟာ နာမည်ကသာ အပျံစား။ လူကတော့ ဝတုတ်တုတ်နဲ့ စိန့်အရပ် ငါးပေခြောက်လက်မနဲ့ မတိမ်းမယိမ်း ဖြစ်တာမို့ ယောကျ်ားထဲမှာတော့ အရပ်မမြင့်လှသောသူဖြစ်သည်။





ဟောလီးဝုဒ်က ဟာသသရုပ်ဆောင် Jack Black (ဂျယက်(စ) ဘလက်(စ))လို ရုပ်မျိုးနဲ့ နေဒွန်းသည် ငယ်ငယ်တည်းက ဝဝလေးဖြစ်ကာ ခုတော့ ပိုပြီးဝတုတ်တုတ်နဲ့ ဖြစ်နေသည်။

သူငယ်တန်းကနေ ဆယ်တန်းလောက်ထိ စိန်နဲ့ အခင်ခဲ့ဆုံး ယောကျ်ားလေးသူငယ်ချင်းဆိုလို့ နေဒွန်းပဲ ရှိလေရာ စိန်ကတော့ နေဒွန်းကို ပြန်ဆုံရသဖြင့် ဝမ်းသာနေသည်။

"နင် လာလည်မယ်ဆိုတာ ငါ့ဆီတောင် e-mail ကြိုမပို့ဘူး"

"ငါလာမယ်ဆိုတာသိရင် နင်တို့လာကြိုဖို့တွေ ဘာတွေ လုပ်နေမှာစိုးလို့ ဒုက္ခမပေးချင်လို့ပါဟာ။ အခုလို သူငယ်ချင်းတွေ တစ်ယောက်ပြီးတစ်ယောက် လိုက်တွေ့ပြီး surprise (ဆပ်ပရိုက်(စ်))လုပ်ရတာ ပိုတောင်ပျော်တယ်"

"နင် အခု အလည်ပဲလား"

"အလည်ပါပဲ။ နင် ခဏအချိန်ပေးနိုင်ရင် အပြင်ထွက်ကြရအောင်လေ။ ငါ ဒီမှာ နောက်ထပ်ရလိုက်ရတဲ့ မိတ်ဆွေတစ်ယောက်နဲ့ တွေ့ဖို့ချိန်းထားတာ သွားတွေ့မလို့။ နင် လိုက်လာခဲ့ရင်လည်း ရတယ်"

"အံမယ် ... နောက်ထပ်ရတဲ့ မိတ်ဆွေတဲ့"



www.burmeseclassic.com

www.burmeseclassic.com



စိန်က မယုံသလို နောက်တော့ ...

"အင်တာနက်မှာ စကားပြောကြရင်း ခင်နေတဲ့သူပါ။ မိန်းကလေး မဟုတ်ပါဘူး။ ဒီလူနဲ့စကားပြောရင်း အလိုလို ခင်သွားတော့ ဒီရောက်တုန်း လူချင်းတွေ့စကားပြောရအောင်ဆိုပြီး ငါက ချိန်းလိုက်လို့ပါ"

"ငါလိုက်ရင် ဖြစ်ရဲ့လား"

"ဟာ ... ဖြစ်တယ်၊ ဘာမှပြဿနာမရှိဘူး။ ဒီတိုင်းပဲ မိတ်ဖြစ်ဆွေဖြစ် အပြင်မှာ ခဏဆုံတဲ့သဘောပဲ။ ဘာကြောင့်မှန်းမသိဘူးဟာ၊ ငါ အဲဒီလူနဲ့ ချက်(ထ်)လုပ်ရတာကြိုက်ပြီး သူ့ကို အလိုလိုခင်နေလို့"

"serial killer (ဆီရီယာဟယ်ကေးလား) ဖြစ်နေဦးမယ်နော်"

စိန်က ရုပ်ရှင်ဝါသနာအိုးမို့ စိတ်ကူးယဉ်ပြီး ပြောလိုက်ပါသည်။ ရုပ်ရှင်တွေထဲမှာ တွေ့ဖူးတယ်လေ။ အင်တာနက်ကနေတစ်ဆင့်ခင်ပြီး စကားတွေပြောရင်းက အပြင်မှာတွေ့ဖို့ ချိန်းကြတဲ့အခါ အဲဒီလူထဲက တစ်ယောက်ဟာ လူသတ်သမား ဖြစ်နေပြီး ဖမ်းခေါ်သတ်ဖြတ်သွားတဲ့ ဇာတ်လမ်းမျိုးရှိတတ်တယ်လေ။

"အဲဒါကြောင့် နင့်ကိုပါ အဖော်လိုက်ဖို့ခေါ်တာပေါ့။ လူသတ်သမားဖြစ်နေရင် ငါ့ကိုဖမ်းခေါ်သွားရင် နင်ပါ ဝင်ချေးပေးလို့ရအောင်"





သူငယ်ချင်းနှစ်ယောက်သား ရယ်စရာတွေ လျှောက်ပြောပြီး နေဒွန်း ချိန်းထားသောဆိုင်ကို စိန့် ကားဖြင့်လာခဲ့ကြသည်။ နေဒွန်းက ကားတော့မောင်းတတ်ပေမယ့် မြန်မာပြည်ကို အလည်လာသူမို့ မောင်းရန်မသင့်သဖြင့် စိန်ကပဲ မောင်းပေးပြီး လိုက်ပို့ပေးလိုက်ပါသည်။

"ရောက်ပြီ၊ ဒီဆိုင်ပဲ နေဒွန်း။ နင့်လူနဲ့ ချိန်းထားတာ ဒီဆိုင်ပဲ"

"အမျိုးစားပွဲဟ"

"နင့်လူကို တွေ့ဖူးလို့လား"

"ငါတို့ ချက်တင်ဝင်ရင်း နောက်တော့ facebook ကတစ်ဆင့် ဓာတ်ပုံတွေမြင်ပြီး သိထားပါတယ်"

"အံမယ်လေးဟဲ့ ... အဖြစ်သည်းနေလိုက်တာ။ သူငယ်ချင်းတော်တော်ရှားတယ်ထင်တယ် နင့်မှာ"

"ဒီလိုပါပဲဟာ၊ သူ့အကြောင်း ကိုယ့်အကြောင်း ပြောပြရင်းနဲ့ အကြိုက်တူတာ။ စိတ်သဘောချင်း တိုက်ဆိုင်တာတွေ များသွားတော့ ခင်လို့ရသွားတဲ့ သဘောပါပဲ"

ဆိုင်ထဲဝင်လာကြပြီးလျှင် နေဒွန်းက သူ့လူကို ရှာဖွေသော မျက်လုံးတွေဖြင့် လျှောက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မရောက်သေးဘူးဟ"

"မြန်မာပြည်က လူတွေက နင့်တို့ဆီကလူတွေလို မဟုတ်ဘူးလေ။ အချိန်အတိအကျချိန်းရင် ဘယ်တော့မှ အတိအကျ မရောက်တတ်ဘူး"

"နင် စောင့်ပေးချင်ရဲ့လား။ မစောင့်ချင်ရင်လည်း ရတယ်။ ငါ့ကိုထားခဲ့။ ငါ ဒီဆိုင်မှာ ထိုင်စောင့်နေလို့ရတယ်"

"ဟိုက မလာခဲ့ရင်ရော"

"စိတ်မပူပါနဲ့ဟာ။ မလာခဲ့ရင် ငါ့ဘာသာတက္ကစီစီးပြီး နင့်ဆိုင် ပြန်လာမယ်။ နင့်ကိုပဲ ချောဆွဲပြီး လျှောက်သွားမယ်။ နင့်ချစ်သူက ကျေနပ်ရဲ့လားတော့ မသိဘူး"

"သူက ရပါတယ်၊ ငါ့မှာ ယောကျ်ားလေးသူငယ်ချင်း အများကြီးရှိမှန်း သူ သိတယ်။ သူ့မှာလည်း မိန်းကလေးသူငယ်ချင်းတွေ ရှိတာပဲလေ။ သူတို့ဆေးကျောင်းမှာက ပိုတောင်ရင်းနှီးကြသေးတယ်"

"နင် တစ်ခုခုသောက်ပြီးမှ ပြန်လေ"

"မပြန်ပါဘူး၊ နင့်ကို စောင့်ပေးမယ်။ တော်ကြာ လူသတ်သမား ဖမ်းခေါ်သွားရင် ဝိုင်းချပေးမယ့်သူ မရှိဘဲအားကိုးရာမဲ့သွားမှာစိုးလို့"





စိန်သည် cafe latte (ကဖေးလာတေး)အအေးကော်ဖီတစ်ခွက် မှာသောက်ကာ နေဒွန်း တွေ့ချင်လှပါသည်ဆိုသော မိတ်ဆွေကို စောင့်လည်းစောင့်၊ နေဒွန်းနဲ့လည်း ရေပက်မဝင်အောင် စကားတွေ ပြောနေမိသည်။

နှစ်ယောက်သား ပတ်ဝန်းကျင်ကို မေ့ထားပြီး စကားပြောနေမိကြရာ အနားကို လူရိပ်တစ်ရိပ် ရောက်လာတော့မှ မော့ကြည့်မိကြသည်။

"ဟင်"

စိန့်အသံမှာ အံ့ဩပြီး ထွက်ပေါ်မိသောအသံ ဖြစ်ပေမယ့် သူ့အသံကတော့ ...

"ဪ ... ဘယ်သူများလဲလို့"

ဟူသော အရင်မြင်ထားပြီးသားကို အခုမှတမင်သိဟန်ဖြင့် တမင်ပဲ ခနဲ့တဲ့တဲ့ ပြောလိုက်သောအသံ ဖြစ်လေသည်။

"စိန် ... အဲဒါ ငါစောင့်နေတဲ့ ..."

"တော် ... တော် နေဒွန်း။ နင် ဘယ်သူ့ကိုစောင့်သလဲဆိုတာ သိရရင် ငါဒီမှာ ဆက်တောင်ထိုင်မနေခဲ့ဘူး"

စိန်သည် နေဒွန်းစကားကို အဆုံးမခံဘဲ စကားစဖြတ်ကာ ထရပ်လိုက်သည်။ နေဒွန်းမှာ ဘာမှနားမလည်နိုင်သောမျက်လုံးတွေဖြင့် ထိုင်ရာမှ လိုက်ထပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါကလည်း နေဒွန်းဆီမှာ မင်းလိုမိန်းကလေးသူငယ်ချင်း ရှိရင် အဲ ... ရှိတာကို ကြိုသိခဲ့ရင် မခေါ်လာပါနဲ့၊ ကြိုမှာ ထားပါတယ်"

"ဘာ ... ဘာတွေဖြစ်ကြတာလဲ၊ ကိုအလင်းနှစ်နဲ့ စိန်က ဘာလဲ"

"ရန်သူတွေ"

စိန် ကြိုအော်ပြောလိုက်သောအသံကို အလင်းနှစ်က လှောင်သလိုလိုဖြင့် ရယ်မောပြသည်မှာ အတော့်ကို မခံချိမခံသာ ဖြစ်စရာ ကောင်းလှသည်။ တစ်ဆိုင်လုံးကြားအောင် တမင်အကျယ် ကြီး ရယ်သည့်ဖြစ်ရာ အားလုံးကြားပါသည်။ အားလုံးကလည်း သူ့ကိုဝိုင်းကြည့်ပါသည်။ သို့သော် သူက နည်းနည်းလေးမှ မဖြုံ ပါ။ သူ့ကို လူကြည့်လေ သဘောကျလေပုံစံ ဖြစ်နေသည်။

"ငါကလည်း မင်းကို ဘယ်တော့မှ မိတ်ဆွေတွေပါလို့ သူများကို လိုက်ကြွားမှာ မဟုတ်ဘူး"

"စိန် ... စိန်ရာ၊ ဆောရီးပါဟာ၊ ငါ မသိလို့ပါ"

နေဒွန်းသည် စိန်နဲ့အလင်းနှစ်တို့၏ တင်းမာသော မျက်နှာထားတွေနဲ့ တစ်ယောက်ကိုတစ်ယောက် ရန်စောင်ကြသည် ကိုကြည့်ရင်း ဝင်တောင်းပန်လေသည်။

"ဘာလဲ ... နေဒွန်း၊ မင်းက ငါနဲ့သူဟာ ရန်သူမှန်းသိခဲ့ ရင် ငါ့ကိုလာတွေ့မှာမဟုတ်ဘူးလို့ ပြောချင်တာလား"





အလင်းနှစ်က အခုမှ လူချင်းတွေ့ဖူးသည့် နေဒွန်း ကိုပင် ဟောက်ဟန့်သလိုလို မေးလိုက်ပါသည်။ နေဒွန်းမှာ အလင်းနှစ်၏ ဆက်ဆံပုံ မပြေပြစ်တာကို အံ့ဩနေပုံရသည်။ သူ သိတာက အင်တာနက်မှာ စကားပြောကြရင်း အကြိုက်တူ တာ၊ ဝါသနာတူတာ၊ ဗဟုသုတစုံတာတွေကြောင့် ဒီကောင်ဟာ သက်တူရွယ်တူ ခင်မင်စရာ သူငယ်ချင်းအသစ်ရယ်လို့ သိထား ခဲ့တာဖြစ်သည်။ စကားတောင် မပြောဖူးခဲ့၍ အခုချိန်မှာ ပထမဆုံး ဆုံတွေ့မှု၌ မပြေပြစ် မချောမွေ့မှုတွေကို အံ့ဩမဆုံး ဖြစ်နေသည်။

လူငယ်ဆန်သော၊ စကားပြောကောင်းသော အင်တာ နက်ထဲက အလင်းနှစ် ဘယ်ရောက်သွားပြီလဲ။ ဒီအပြင်မှာတွေ့ တဲ့ အလင်းနှစ်က တစ်မျိုးပါလား။

"ဒီမှာ နင် နေဒွန်းကိုလာတွေ့တာ၊ နင့်ဘာသာတွေ့ရင် တွေ့။ ငါပါလာလို့ သူ့ကိုဘာမှမဲစရာမလိုဘူး။ ငါကလည်း နင့်ကို ထိုင်စကားပြောနေမယ် တမင်နဲ့။ သနတယ်။ ခုပဲ သွားမလို့ပါ"

"ဘာ ... ဘာ သနတာလဲ"

အလင်းနှစ်သည် ထိုစကားလေးတစ်ခွန်းကိုပင် ရှုံး ရှုံးရှားရှား ဒေါသဖြစ်သွားသလိုဖြင့် ရှေ့ခြေတစ်လှမ်း တိုးလာ ကာ အော်မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်လိုလူမျိုးနဲ့ စကားရပ်ပြောနေရတာတောင် စိတ်ထဲမှာ သနတယ်လို့ ခံစားရတယ်လေ"

စိန်လည်း သူ့ ဒါကို ဘာကြောင့် မကြိုက်မှန်းမသိပေမယ့် သူ့ကို အတော်ထိသော စကားမှန်း သိလိုက်လေရာ ထပ်ပြီးတော့တောင် ပြောလိုက်ကာ လှည့်ထွက်မလိုပြင်လျှင် ...

"ယော့ ... အံမာ၊ မင်း ဒီလိုပြောချင်တိုင်းပြောပြီး ထွက်သွားလို့ ရမလား"

ဟူသော အသံဖြင့် စိန် လွယ်ထားသော သားရေအိတ်ကြီး၏ကြိုးကို ဆောင့်ဆွဲခံလိုက်ရပါသည်။

"စိန် ... စိန် ... လာ သွားကြမယ်။ နင်တို့အခြေအနေက မကောင်းဘူး။ ကိုအလင်းနှစ်လည်း ကျွန်တော်ခင်ပါတယ်ဗျာ၊ နောက်မှ ထပ်ချိန်းပြီး တွေ့ကြမယ်ဗျာ"

နေဒွန်းသည် တင်းမာသော အခြေအနေကို ရိပ်မိပြီး စိန့်ဘေး ပြေးကပ်ကာ ပြန်ကြဖို့ပြောသည်။ အလင်းနှစ်ကိုလည်း သိပ်မကြည်လှပေမယ့် ထိုသူ၏ ခက်ထန်ကာ အငြိုးကြီးပုံရသော မျက်နှာကို ကြောက်သဖြင့် ပြေပြေပြစ်ပြစ် ဝင်တောင်းပန်မိသည်။

"ကျွန်တော်တို့ ပြန်လိုက်ကြဦးမယ် ကိုအလင်းနှစ်"

"မင်း ပြန်ရင်ပြန်ပေါ့၊ ငါကတော့ ဒီစိန်ပန်းခိုင်ကို ပြန်မလွှတ်ဘူး။ သူ ပြောတဲ့စကားရဲ့အဓိပ္ပာယ် ဘယ်လောက်နက်တယ်ဆိုတာသိရင် ငါ့ကို ပြန်တောင်းပန်မှ ကျေနပ်မယ်။ သူ မတောင်းပန်ရင် ငါ ပြန်မလွှတ်နိုင်ဘူး"

စိန်သည် သားရေအိတ်ကြိုးကို ပြန်ဆွဲလုကာ သွေးရူးသွေးတန်း ပြန်အော်မိသည်။

"မတောင်းပန်ဘူး၊ လုံးဝမတောင်းပန်ဘူး၊ နင်လိုကောင်မျိုးနဲ့ တစ်နေရာတည်းမှာ အတူတူရှိနေတာကို သနတယ်ပြောတော့ ဘာဖြစ်သလဲ။ ငါ့စိတ်ထဲမှာ အဲဒီလိုကို ခံစားရလို့ပြောတာ"

"တောက် ... မင်းကို ငါကွာ ... ထိုးမိတော့မယ်"

စိန်သည် ယောင်ပြီးတော့တောင် မျက်စိပိတ်လိုက်မိသည်။ အလင်းနှစ်က စိန့်သားရေအိတ်ကြိုးကို ပိုပြီးအားထည့်၍ ဆောင့်ဆွဲပစ်လိုက်ရာ စိန် သူ့ဘက်ယိုင်ကျအလာတွင် လက်သီးဖြင့်မျက်နှာကိုထိုးထည့်လိုက်တော့မလို့ရွယ်ကာ ကြိမ်းမောင်းလိုက်သောကြောင့် ဖြစ်ပါသည်။

သို့သော် သူ မထိုးပါ။ တစ်ဆိုင်လုံးကလူတွေ ဝိုင်းကြည့်နေလို့ပဲလား။ မိန်းကလေးတစ်ယောက်ကို ကိုယ်ထိလက်ရောက် ဒဏ်ရာအနာတရ လုပ်လိုက်လျှင် ပြစ်မှုပိုကြီးသွားမှာကို





www.burmeseclassic.com

www.burmeseclassic.com



သိလို့ ဆင်ခြင်လိုက်တာပဲလားမသိ။ သူ့လက်သီးဆုပ်ကို ပြန်ချပြီး စိန့်ကို မီးဝင်းဝင်းတောက်သော မျက်လုံးတွေဖြင့် ကြည့်ချိန်တွင် ...

"ကဲ ... ဒီလောက် ဧော်ကားဦး"

"ဟာ ... ဟာ ... စိန် ... မလုပ်နဲ့လေ"

စိန့်သည် စားပွဲပေါ်မှာ လုံးဝမသောက်ရသေးဘဲ ရှိနေဆဲဖြစ်သော ကဖေးလာတေးကော်ဖီအေးခွက်ကို ဆွဲ... ကောက်ကိုင်လျက် အလင်းနှစ်၏ မျက်နှာဆီသို့ ပက်ထည့်လိုက်ပါသည်။

နေဒွန်းက စိန့်လက်ကို လိုက်ဆွဲပြီး တားပေမယ့် မမီလိုက်တော့။ စိန် လျှပ်တစ်ပြက် တုံ့ပြန်လိုက်တာကို ခံလိုက်ရသော အလင်းနှစ်၏ ဒေါသတွေ တစ်ရှိန်ထိုး ပေါက်ကွဲသွား... ကာ စိန့်ကို တကယ်ပဲ လည်ပင်းညှစ်တော့မလိုပုံစံဖြင့် ရှေ့တိုး လာသော်လည်း သူ့ဦးတည်ရာ မရောက်ခင် ...

"ဒီမှာ ... ဒီမှာခင်ဗျ၊ ဆိုင်ထဲမှာ အခုလို ရုတ်ရုတ်သဲသဲ ပြဿနာ မဖြစ်ကြပါနဲ့ဗျာ၊ ရှင်းစရာရှိရင် တခြားတစ်နေ... ရာမှာ သွားရှင်းကြပါ။ ဆိုင်ထဲမှာ တခြားလူတွေလည်း ရှိတော့ အနှောင့်အယှက် ဖြစ်လို့ပါ"

ဆိုင်မန်နေဂျာဖြစ်ဟန်တူသူနှင့် ဆိုင်ဝန်ထမ်းများ... အပြေးရောက်လာကာ တားဆီးလိုက်မှုကြောင့် အလင်းနှစ်၏...





ပြူးထွက်တော့မလို ဝင်းခင်းတောက်နေသော မျက်လုံးတွေကိုသာ စိန် ရင်ဆိုင်ရလေသည်။ သူတို့သာ အချိန်မီရောက်မလာရင် စိန် နလောက်ဆို သူ လည်ပင်းညှစ်သတ်လို့ သေတောင်သေနေပြီ လားမသိ။ စိန် လုပ်ချင်ရာလုပ်ပြီးမှ ကြောက်နေသည်။ သေချာ တယ်၊ သူဟာ စိန့်ကို အငြိုးကြီး ငြိုးတော့မယ်။

သူ အမြဲနိုင်နေခဲ့ရပြီးမှ ဒီတစ်ခါ သူ ရှုံးသွားတယ် ဆိုတာ စိန့်စိတ်ထဲမှာ သိသလို အလင်းနှစ်၏ စိတ်ထဲမှာလည်း ခံစားရမှာပင်။

"ဒီနေ့ကို ငါ ဘယ်တော့မှ မမေ့တော့ဘူး စိန်ပန်းခိုင်။ မင်းကို ငါ ဘယ်တော့မှ မကျေဘူး။ မင်း မြဲမြဲမှတ်ထား လိုက်ပါ။ ငါဆိုတဲ့ကောင်က တစ်ခါရှုံးခဲ့ရရင် ဆယ်ခါ ပြန်နိုင်ရအောင် လုပ်တတ်တယ်၊ မင်း ငါ့ကို အမြဲတမ်း ရှုံးကို ရှုံးနေစေရမယ်"

အလင်းနှစ်ဟာ မျက်ထောင့်နီကြီးဖြင့် လက်ညှိုး ငေါက်ငေါက်ထိုးကာ ကြိမ်းဝါးပြောဆိုပြီးလျှင် သူ့ကိုဝိုင်းရံထား ကြသူတွေအားလုံးကို တိုးတိုက်ပြီး ခြေလှမ်းကျဲများဖြင့် ထွက် သွားပါသည်။

သူ ထွက်သွားပြီးသောအခါမှ ဆိုင်မန်နေဂျာဆိုသူ က ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလူလဲ မသိပါဘူးကွာ။ မိန်းကလေးတစ်ယောက်ကို အလျှော့မပေးဘဲ ရန်လိုနေတာ တော်တော်ကြောက်ဖို့ကောင်းတယ်"

ဟု စိန်တို့ကို တိုင်ပင်သလိုကြည့်ပြီး ပြောသည်။

စိန်သည် ဘယ်သူ့ကိုမှလဲ ပြန်မပြောချင်။ ဆိုင်ထဲမှာ လူတွေအကုန်လုံး ကြည့်ခံရလောက်အောင် ပြဿနာတစ်ခုဖြစ်ခဲ့ရသည့်အတွက် ရှက်လည်းရှက်နှင့်မို့ နေဒွန်းကိုတောင်မစောင့်တော့ဘဲ လှည့်ထွက်လာသည်။ နေဒွန်း နောက်မှပြေးလိုက်လာသော ခြေသံတွေကိုတော့ ကြားရ၏။

အပြင်ရောက်တော့ စိန်က အလင်းနှစ်များစောင့်နေဦးမလားလို့ လန့်နေပေမယ့် သူ့ ရှိမနေခဲ့ပါ။

"ဘယ်လိုဖြစ်ကြတာလဲဟာ၊ နင်တို့ချင်း တကယ့်ကိုအသေအကြေ မုန်းနေကြတဲ့ ပုံစံပါလား"

"ဒီနေ့ဖြစ်တာတွေ နင် မြတ်နိုးကိုတွေ့ရင် သွားမပြောနော်"

နေဒွန်း စူးစမ်းသလိုကြည့်သော အကြည့်ကို စိန်နားလည်လိုက်သည်ဖြစ်ရာ ...

"တခြားတွေ လျှောက်တွေးမနေနဲ့။ သူ စိတ်ပူသွားမှာလို့ပြောတာ။ အဲဒီကောင်နဲ့ ငါ လုံးဝမတည့်ကြတဲ့ ရန်





တွေဆိုတာ မြတ်နိုး သိတယ်။ မြတ်နိုးကိုတောင် သူ တစ်ခါက ထိုးကြိတ်ခဲ့သေးတယ်လေ။ သူဟာ ငါ့ကို ဘယ်တော့မှ အလျှော့မပေးသလို ငါကလည်း သူ့ကိုဆို အသေမုန်းတာ။ ဘယ်လိုရေစက်မှန်းကို မသိဘူး။ သူက ငါ့ရဲ့ရန်သူ။ ငါနဲ့ ပတ်သက်ပြီးတော့ မြတ်နိုးရဲ့ရန်သူပါ ဖြစ်နေတယ်"

ဟူ၍ ရှင်းပြလိုက်ပါသည်။

"အင်တာနက်ထဲမှာ စကားပြောကြတော့လည်း ဒီကောင်က အဟုတ်ပါလား။ အရမ်းကို smart (စမာ့ထ်)ဖြစ်တယ်။ ဉာဏ်ကောင်းတယ်။ ဘာမေးမေး သူ သိတယ်။ ဗဟုသုတလည်း အရမ်းကြွယ်ဝတယ်။ သူက လူငယ်ပေမယ့် သူ့ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခုတောင် ရှိတယ်ဆိုတော့ ငါက သောက်ရမ်းအထင်တွေကြီးတာပေါ့။ စကားတွေပြောကြရင်း Pen Friend (ပန်ဖရင့်ထ်)ပုံစံမျိုး ဖြစ်နေပြီးခင်တာဆိုတော့ ရောက်တုန်းရောက်ခိုက် တွေ့ကြတာပါပဲ။ အံ့ဩစရာကောင်းလောက်အောင်သူနဲ့နင်က ရန်သူတော်တွေ ဖြစ်နေကြတယ်"

"အမယ်လေး ... နင်ကလည်း အမွှမ်းတင်ပြီး အလွမ်းသယ်နေသေးတယ်။ နင့်ကို ဟိုက ငါ့ဆော်ဒါမှန်းသိပြီး အသေကြိမ်းသွားတာ၊ မည်းသွားတာတော့ မမှတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မှတ်ပါတယ်၊ မှတ်ပါတယ်။ သူ ဘယ်လောက်တော်နေနေ အခု မျက်မြင်မှာ သူ့စိတ်ဓာတ်ဟာ မရင့်ကျက်ဘူး။ ယောကျ်ားကောင်းစိတ်မျိုး မရှိဘူးဆိုတာ သိလိုက်ရတော့ လက်လန်သွားပါပြီ"

စိန်သည် ကားမှောင်းရင်း နေဒွန်းကို စိန်တို့ဖြစ်ခဲ့သော ပြဿနာများအား တစ်ခုချင်း ပြောပြလာခဲ့မိပါသည်။

ထိုအဖြစ်အပျက်ကို နေဒွန်းအား ပိတ်ထားခဲ့၍ သူ မြတ်နိုးကို ပြန်မပြောသော်လည်း စိန်သည် ကိုယ့်မှာတိုင်ပင်စရာလူ မရှိတော့သလို ခံစားရကာ တစ်ယောက်တည်းကျိတ်ပြီး ကြောက်ရွံ့နေရခြင်းကို ပြင်းထန်စွာ ခံစားရတော့သည်။

စိန့်မှာ မိန်းကလေးသူငယ်ချင်းတွေ ရှိပေမယ့်လည်း မြတ်နိုးသည်သာ စိန့်အတွက် အနီးစပ်ဆုံး တိုင်ပင်ဖော်၊ ရင်ဖွင့်ဖော်၊ နားလည်ပေးဖော်ရသော သူငယ်ချင်းကောင်းပုံစံ။ ကြင်နာတတ်သော ချစ်သူပုံစံဖြစ်လေရာ စိန်သည် မြတ်နိုးကို မပြောပြရသောအခါ ရင်ထဲမှာ အကြိတ်အခဲကြီးလိုဖြစ်လျက် တော်တော်တော့ ခံရခက်သည်။

ပြောလည်းမပြောရဲ။ မပြောချင်။ စိန့်ကို စိတ်လျှော့ပါ။ အလင်းနှစ်ကို ရှောင်ပါ။ အရှုံးပေးလိုက်ပါ မှာထားရက်နဲ့ စိန် ထိပ်တိုက်သွားရန်ဖြစ်လိုက်သေးတာမို့ စိန့်ဘက်က အမှား





လို ဖြစ်နေသည်။ စာမေးပွဲတွေနဲ့ နောက်ဆုံးနှစ်အပိုင်း(ခ)ဆေးကျောင်းသားတစ်ယောက်ရဲ့ စိတ်ဖိစီးမှု stress ဝင်တာမျိုး မြတ်နိုးမှာလည်း ရှိနေလေရာ စိန်ဟာ ဒီကိစ္စတွေကြောင့် ထပ်ပြီး ဝန်ထုပ်ဝန်ပိုး မဖြစ်စေလိုပါ။

မြတ်နိုးကိုချစ်ပြီး အလိုက်သိရတာကြောင့် စိန်သည် တစ်ကိုယ်တည်း မျိုသိပ်လျက် အလင်းနှစ် ဘယ်ချောင်ကပေါ်လာပြီး ပြဿနာရှာဦးမလဲ ဆိုတာကိုသာ စိုးရိမ်ထိတ်လန့်စွာ စောင့်ဆိုင်းနေမိတော့လေသည်။

❤ ❤



www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း(၂)

## (အလင်းနှစ်)

### ၆

အလင်းနှစ် ကိုယ့်ကိုယ်ကိုယ် လူမှန်းစသိလာခါစ အရွယ်တည်းက ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာရော၊ ဆွေမျိုးတွေကြားမှာပါ တီးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ပြောကြတဲ့ စကားတစ်ခွန်းကို ဘယ်တော့မှ မမေ့ခဲ့။

"အဲဒါပေါ့၊ အဖေမပေါ်ဘဲ မွေးတဲ့သားလေ"

ကလေးဘဝကတော့ ဘာမှန်းမသိခဲ့ပေမယ့် သူများတွေမှာ အဖေရှိပြီး ကိုယ့်မှာ အဖေမရှိတဲ့အခါ အမေ့ကို မေးမိတယ်။

"သား အဖေရော"

အဲဒီလိုမေးတိုင်း အမေက စိတ်နာနေတဲ့မျက်လုံးမီးတွေနဲ့ ဖြေတတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"သေပြီ"တဲ့။ အဲဒီနှစ်လုံးတည်းသောစကားကို အလင်းနှစ် ဘယ်အချိန်မေ့မေ့ အလွတ်ကျက်ထားသလို အသံနဲ့သာ ဖြေတတ်ခဲ့တယ်။

အရွယ်လေး ရလာပြီး ကျောင်းဝင်လာတော့ "အဖေမပေါ်ဘဲ မွေးတဲ့သား"ဆိုတဲ့ စကားရဲ့အဓိပ္ပာယ်ဟာ ဘယ်လောက်ထိ ထားသွားတယ်။ နက်နဲတယ်။ ထိရိုက်တယ်ဆိုတာ ခွဲခြားတတ်လာတဲ့ အခါမှာတော့ အလင်းနှစ် ဆိုတဲ့ ကောင်လေးဟာ "လူဆိုး"စာရင်း ဝင်သွားခဲ့ပါသည်။

အလင်းနှစ်ကို အဲဒီလိုခေါ်တဲ့သူတိုင်း ပေါက်ပြဲကျိုးပဲ့သွားအောင် ရန်ဖြစ်ထိုးကြိတ်ပစ်ခဲ့တာချည်းပင်။ အလင်းနှစ်ဟာ သူ့ထက်ကြီးတဲ့ကောင်ကိုလည်း မကြောက်။ သူ ခံရမယ်မှန်းသိရက်နဲ့ ပြန်ထိုးကြိတ်ရဲတဲ့ သူလည်းဖြစ်လေသည်။

ပတ်ဝန်းကျင် အသိုင်းအဝိုင်းအလယ်မှာတင် အဖေမပေါ်ဘဲ မွေးတဲ့သားလို့ နာမည်တပ်ခံရပြီး အနှိမ်ခံရတာမဟုတ်။ ဆွေမျိုးအသိုင်းအဝိုင်းကြားမှာရော၊ မောင်နှမဝမ်းကွဲတွေကြားမှာရော ထိုသို့နာမည်တပ်ကာ အနှိမ်ခံရတာမျိုးလည်း ဖြစ်လေသည်။

အမေ့မှာ မောင်နှမချည်း ငါးယောက်ရှိပြီး အမေကတော့ နံပါတ်သုံးအလယ်အလတ်သမီး ဖြစ်လေသည်။ အလတ်တို့ထုံးစံအတိုင်း နည်းနည်းဂျစ်ကန်ကန်နိုင်ကာ အားလုံးကိုအရွဲ့





တိုက်တတ်ပြီး လောကကြီးကို အကောင်းမမြင်သော အစွန်းရောက်အတွေးအခေါ်တွေရှိသည့် အမေသည် ...

"မှတ်ထား သားရဲ့၊ လောကကြီးမှာ ဘယ်လောက်ပဲ အနှိမ်ခံရပါစေ အားမငယ်နဲ့။ ပိုက်ဆံအရမ်းချမ်းသာတဲ့ သူဌေးကြီးတစ်ယောက်သာ ဖြစ်လာမယ်ဆိုရင် အလင်းနှစ်ဟာ အဖေမပေါ်ဘဲ မွေးတဲ့သားလို့ ဘယ်သူက နှိမ်ရဲတော့မလဲ။ ငွေမျက်နှာကြောင့် သားခြေရင်းမှာ ဒူးထောက်ရှိခိုးကြမယ့်သူတွေချည်းပဲ။ ဒီတော့ ပိုက်ဆံချမ်းသာအောင်သာလုပ်၊ အမေလည်း သားအတွက်ရှာမယ်။ သားလည်း ကိုယ့်ဘာသာ ရှာတတ်တဲ့အရွယ်ကျရင် ငွေရအောင် ဘယ်လိုနည်းနဲ့ပဲ ရှာရ ရှာရ။ ရှာတတ်ရမယ်နော်"

ဟူ၍ သူမ၏အတွေးအခေါ်တွေကို သင်ပေးတတ်သေးလေသည်။

အလင်းနှစ် သိသလောက်ကတော့ အမေတို့မိသားစု အသိုင်းအဝိုင်းဟာ သိပ်အချမ်းသာ အကြွယ်ဝကြီးမဟုတ်။ အမေကျမှ သိသိသာသာကြီး ပိုက်ဆံချမ်းသာနေကာ အလင်းနှစ် သိတတ်ခါစအရွယ်တည်းက အမေဟာ တိုက်တစ်လုံး၊ ကားတစ်စီးတော့ ရှိခဲ့လေသည်။ အဲဒီအချိန်မှာ အမေ့ညီအစ်ကိုမောင်နှမတွေက သာမန်ဝန်ထမ်းတွေ၊ ကုန်သည်တွေဘဝနဲ့ အိမ်ငှားနေကာ



www.burmeseclassic.com

www.burmeseclassic.com



ဘဝကို ရုန်းကန်နေကြရသည်။ အဘိုးအဘွားဆိုတာကလည်း အဘိုး ရုံးစာရေးကြီးလခနဲ့ အဘွားမမျာ လောက်အောင်မြိုးမြဲသုံးပြီး အိမ်အစုတ်လေးမှာ ငှားနေနေရတာ မျက်မြင်ဖြစ်သည်။ အဲဒီအချိန်မှာ အမေက ရွှေတွေ ငွေတွေနဲ့ ချမ်းသာနေကာ ကိုယ်ပိုင်ရတနာဆိုင် အသေးလေးကို ရပ်ကွက်ရဲ့ဈေးကြီးအတွင်းမှာ ဖွင့်ထားနိုင်သူ ဖြစ်နေလေသည်။

"ဟိုကောင်က မယူတော့ သူ့ကို နစ်နာကြေးဆိုပြီး တောင်းထားလိုက်တာလေ။ ဟိုကောင်ကလည်း ပြဿနာတက်ကြရင် မယားကြီး ပြန်သိပြီး သူ့အသိုင်းအဝိုင်းမှာ အရှက်ကွဲရမှာစိုးလို့ သူတောင်းသမျှ ပေးရတာ နေမှာပေါ့"

ဆိုသော စကားမျိုးကို တချို့တွေ ပြောကြတော့ အလင်းနှစ်ဟာ စဉ်းစားတတ်သောအရွယ်မို့ ထိုသူတွေပြောသော "ဟိုကောင်" "ဟိုလူ" ဆိုတာဟာ သူ့အဖေပဲဖြစ်မှာလို့ ထင်မြင်ယူဆတတ်လာပါသည်။

အဖေရှိရက်သားနဲ့ အဖေဆိုသူဟာ အမေ့ကို မယူနိုင်လို့ ပစ်ထားခဲ့မှန်း နားလည်လာတာမို့ သူ့ကို "အဖေမပေါ်ဘဲ မွေးတဲ့သား" ပြောခံရလျှင် ဆတ်ဆတ်ခါ နာမိသည်။

"အဖေရှိတယ်၊ ငါ့မှာ အဖေရှိတယ်"





လို့ အာခံသလို ပြန်အော်ပြီး မြင်မြင်ကရာလျှောက် ထိုးကြိတ်ပစ်မိတတ်ပေမယ့် ...

"ဘယ်မှာလဲ မင်းအဖေ၊ ဟား ဟား ... မင်းအမေဟာ မင်းကို မွေးတုန်းက မွေးစာရင်းလုပ်တော့ အဖေနေရာ မဖြည့်ဘဲ ထားခဲ့လို့ လူကြီးတွေ မနည်းပျော့မော့ပြောပြီး ရေးနိုင်းရတယ်တဲ့။ ရေးပြစရာ အဖေမှမရှိတာ။ မင်း မွေးစာရင်းထဲမှာ ခုထိ အဖေအမေနာမည် နေရာကို မင်းအမေကိုယ်တိုင် သဘောတူပြီး အဘိုးအဘွားနာမည် ရေးထားတာတဲ့"

မောင်နှမဝမ်းကွဲတွေက အနိုင်မခံ ထိုသို့ပြန်ပြောလျှင် အလင်းနှစ်နဲ့ ထိုဝမ်းကွဲတွေဟာ ကမ္ဘာ့ရန်တွေလိုပဲ အသေအကြေ ထိုးကြိတ်ရန်ဖြစ်ကြတော့တာဖြစ်သည်။

ကြာတော့ မောင်နှမဝမ်းကွဲချင်းပင် သွေးကွဲလာကာ အလင်းနှစ်ဟာ သိုးမည်းတစ်ကောင်လိုပဲ အပယ်ခံကြီး ဖြစ်လာသည်။ ဦးလေးအရင်း အဒေါ်အရင်းတွေကလည်း သူတို့သားသမီးကို ဒဏ်ရာအနာတရတွေဖြစ်အောင်လုပ်တဲ့ အလင်းနှစ်ကို ချဉ်ကြသည်။ သူတို့သားသမီးတွေနဲ့ ပေးမပေါင်းတော့။

မောင်နှမချင်းပေမယ့်လည်း သူတို့က ငွေရဖို့ အပန်းတကြီး ရုန်းကန်နေရချိန်တွင် အမေ့မှာ တိုက်နဲ့ ကားနဲ့ ရွှေဆိုင်အသေးလေးနဲ့ ငွေတိုးချေးစားကာ ဘာမှပင်ပင်ပန်းပန်း မလုပ်



www.burmeseclassic.com

www.burmeseclassic.com



ရဘဲ သုံးနိုင်သဖြင့် မနာလိုတွေလည်းဖြစ်တာတစ်ပိုင်း။ အလင်းနှစ် ဆိုးလွန်းတာ တစ်ပိုင်းတွေကြောင့် အမျိုးတွေနဲ့လည်း အခေါ်အပြော သိပ်မရှိသလောက်နီးပါး ဝေးကွာလာခဲ့သည်။

အမေကတော့ ဘာတွေ ဘယ်လို စီးပွားဖြစ်အောင် ရှာသည်မသိ။ အလင်းနှစ် အသက်တစ်နှစ်ကြီးလာလေလေ ရတနာဆိုင်ကလည်း ပိုကြီးလာလေလေဖြစ်ကာ အလင်းနှစ်ဆယ်တန်းရောက်သောအချိန်တွင် အမေ့ရဲ့ရတနာဆိုင်ဟာ ရွှေပင်းဈေးကြီးမှာ တစ်ဆိုင်ငှားပြီး ဖွင့်နိုင်တဲ့အထိ ဖြစ်လာသည်။

"သား ဆယ်တန်းအောင်ရင် သူများတွေလို နိုင်ငံခြားမှာ ကျောင်းသွားတက်မလား"

အမေ မေးလာတော့ အလင်းနှစ် ရယ်မောပြီး ငြင်းပစ်လိုက်သည်။

"စီးပွားရေးလုပ်ငန်းရှင်ပဲ လုပ်မယ် အမေ။ ပညာတွေ လျှောက်သင်ပြီး ပညာနဲ့လုပ်စားရတဲ့ အလုပ်လည်း မလုပ်ချင်ဘူး။ နိုင်ငံခြားမှာ ကျောင်းသွားတက်တယ်ဆိုတာ လူအထင်ကြီးတာပဲ ရှိတယ်။ တကယ်တော့ သူတို့နဲ့မီအောင် စာကို အရမ်းလုပ်ရမှာ။ ပိုက်ဆံကုန်ထားရတာနဲ့ ကာမိအောင် စာကြိုးစားရမယ်။ သား စာကို ဝါသနာမပါဘူး အမေ။ လူတန်းစေ့အောင်သာ ဆယ်တန်းမနည်းအောင်အောင် လုပ်လိုက်ရတာ"





"ဒါဖြင့် ဒီမှာပဲနေ၊ စီးပွားရေးလုပ်ငန်းရှင် လုပ်ပေါ့"

ဆယ်တန်းအောင်တော့ အဝေးသင်ယူပြီး အမေ ထုတ်ပေးတဲ့ ငွေကြေးပမာဏနဲ့ စီးပွားရေး စ,လုပ်ပါသည်။ ငွေကို ဘယ်လိုနည်းနဲ့ပဲရရ ရှာမယ်ဆိုတဲ့စိတ်ဓာတ်။ အမေပြောပြော နေတဲ့ ပိုက်ဆံ သိပ်ချမ်းသာရင် ဘယ်သူကမှ အဖေမပေါ်ဘဲ မွေးတဲ့သား ဆိုပြီး လာစော်ကားရဲမှာ မဟုတ်တော့ဘူးဆိုတဲ့ စကားတွေရဲ့စိမ့်ဝင်မှုကြောင့် အလင်းနှစ်သည် ငွေကိုတရားသောနည်းဖြင့်ရော၊ မတရားသောနည်းဖြင့်သာ ရှာဖွေခဲ့ပါသည်။

ခုတော့ သူဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ပင် စီးပွားရေးလုပ်ငန်းရှင်ကြီးဖြစ်ကာ၊ ငွေရဲ့တန်ခိုးကြောင့်ပင် သူ့မှာ ပြားပြားဝပ် ခစားမယ့် တပည့်တပန်းတွေလည်း အများကြီးဖြစ်နေသည်။ သူက ဟင်... ဆိုရင် တုတ်တုတ်တောင် မလှုပ်ရဲအောင် ကြောက်ရွံ့ရိုသေကြမယ့်သူတွေလည်း တစ်ပုံတစ်ပင်။

အလင်းနှစ် ဆိုသော နာမည်ကြားလိုက်လျှင် စီးပွားရေးလုပ်ငန်းရှင် ဂိုဏ်းစတားကြီးအဖြစ် လူတွေက သိကြပြီး အရွယ်ခပ်ကြီးကြီးလို့သာ ထင်ကြသည်။ ဒါပေမဲ့ လူချင်းတွေ့လိုက်ရရင်တော့ အသက်နှစ်ဆယ် ကျော်ခါစ လူငယ်လေးတစ်ယောက်၊ အီမိုဆံပင် မျက်နှာတစ်ခြမ်းအုပ်ကို ထားတတ်ပြီး ကျွဲရိုင်းကြီးတစ်ကောင်ရဲ့ခေါင်းနဲ့တူတဲ့ ကားနီနီမြင့်မြင့်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com

မောင်းသော၊ လူတကာကို ဗိုလ်ကျအနိုင်ကျင့်သော၊ သူကြိုက်သော မိန်းကလေးဆိုလျှင် ရည်းစားရှိရှိ၊ မရှိရှိ သူ့ကိုပြန်ကြိုက်ကြိုက်၊ မကြိုက်ကြိုက် လုံးဝဂရုမစိုက်ဘဲ ငွေအင်အားသုံးပြီးရအောင်တွဲတတ်သော သူ စိတ်ကြိုက်တွဲပြီးရင် ထားပစ်ခဲ့တတ်သော လူငယ်လူဆိုးလေးတစ်ယောက်အဖြစ် ကွဲပြားခြားနားစွာမြင်ကြရသည်။

ခုလောလောဆယ်တွင် အလင်းနှစ်သည် အခဲမကျေနိုင်စွာ တပည့်အားလုံးကို ကြိမ်းမောင်းအော်ငေါက်နေခဲ့သည်။ တကယ်တော့ သူ မိန်းမတစ်ယောက်ကို ဒီနေ့ အရှုံးကြီးရှုံးလာရ၍ပင်။

ဟိုဘက်ကို မနိုင်ခဲ့ရ၍ ဒီဘက်မှာမဲပြီး အော်ဟစ်ကြိမ်းမောင်းကန်ကျောက်နေမိသည်မှာ နာရီနဲ့ချီနေတော့သည်။

တပည့်တွေလည်း အလင်းနှစ် ဘာဖြစ်လို့ ဖြစ်လာမှန်းမသိဖြစ်ကာ ငြိမ်လုပ်နေကြသည်။ အခု အလင်းနှစ်က အမေနဲ့မနေ။ သူ့ဘာသာ သီးသန့်တိုက်ဆောက်ကာ တပည့်တွေနဲ့နေသည်။ ခြံဝင်းကြီးထဲမှာ တပည့်တွေကို တိုက်တန်းလျားကြီးသီးသန့်ဆောက်ပေးပြီး နေခိုင်းကာ အိမ်ကြီးပေါ်မှာတော့ ထမင်းချက်၊ အိမ်သန့်ရှင်းဖို့ တပည့်သုံးယောက်၊ အဝတ်လျှော်မီးပူတိုက်ဖို့ တပည့်နှစ်ယောက် ထားလေသည်။





သူ့တပည့်တွေ အကုန်လုံး ဘယ်သူမှ အိမ်ထောင်ရှိကြသူတွေဖြစ်ရမည် ဆိုသော သတ်မှတ်ချက်မျိုးထားသဖြင့် အားလုံး လူလွတ်တွေချည်းဖြစ်သည်။

"မိန်းမယူချင်ရင် ယူလို့ရတယ်၊ ဒါပေမဲ့ မိန်းမကိုတစ်နေရာမှာထား။ ငါ့ဆီမှာတော့ ခေါ်လာဖို့ လာမနေနဲ့ ခြံထဲမှာ ကလေးတွေ မိန်းမတွေနဲ့ ရှုပ်နေတာ ငါမကြိုက်ဘူး။ မိန်းမယူလိုက်လို့ ငါ့ဂိုဏ်းထဲမဝင်ချင်ဘူးဆိုလည်း ရတယ်။ စက်ရုံမှာ အလုပ်သမားအဖြစ် ဆက်လုပ်နိုင်တယ်။ အေး ... ဒါပေမဲ့ လူမိုက်အလုပ် ဆက်လုပ်မယ် ဆိုရင်တော့အတွယ်အတာတွေမရှိတာ ကောင်းတယ်။ အတွယ်အတာ ရှိလာရင်တော့ လူမိုက်မလုပ်နဲ့။ စက်ရုံအလုပ်သမားပဲလုပ်၊ ငါခွင့်ပြုတယ်"

အလင်းနှစ်ရဲ့အမေကလည်း ပတ်ဝန်းကျင်ကို အရွဲ့တိုက်စိတ်တွေနဲ့ သားကို လူဆိုးလေးဖြစ်အောင် ကျင့်ပေးထားလေရာ အလင်းနှစ်ဆီမှာ လူကြီးကို ရိုသေရမယ်ဆိုသော စိတ်လည်းမရှိ။

သူ လက်အောက်ငယ်သားဆိုလျှင် မင်းနဲ့ငါသာပြောတတ်သောအကျင့် ရှိလေသည်။

အလင်းနှစ်သည် သူ့ဘာသာ အိမ်ခွဲနေပေမယ့်အမေ့ကိုတော့ ဂရုစိုက်ပါသည်။ နေ့တိုင်း အမေ့အိမ်ပြန်ပြီး



www.burmeseclassic.com

www.burmeseclassic.com

အမေနဲ့အတူ ညစာစားသည်။ အမေကြည့်ချင်သော DVD ခွေ လိုက်ရှာပြီး ဝယ်ပေးတတ်သည်။ အမေကြိုက်သော ဒရာမာတွေ ကို ယောက်ျားလေးပီပီ မကြိုက်ပေမယ့် ပါဝင်ခံစားပြီး အတူကြည့် ပေးတတ်သည်။

Devil Wears Prada တို့လို၊ It's complicated တို့လို၊ My sister's keeper တို့လို သူမ သိပ်ကြိုက်သည့် ရုပ်ရှင် ကားတွေဆို အခါခါ ပြန်ကြည့်တဲ့ အမေ့နားမှာ မညည်းမညူ ကြည့်ပေးတတ်သူလည်းဖြစ်သည်။

Devil Wears Prada ထဲက အမေ ခံစားတတ်သော ဖက်ရှင်ဒီဇိုင်းတွေကို အလင်းနှစ် မခံစားတတ်ပေမယ့် ...

"ဟုတ်တယ်နော်၊ လူဆိုတာ အဝတ်အစား ဆင်လိုက်ရင် ရုပ်မလှတဲ့သူတောင် လှသွားတယ်"

ဆိုတာမျိုး။

It's complicated ထဲမှာ တွေ့ရသော ကွဲထားပြီးသား ခင်ပွန်းဟောင်းနဲ့ ပြန်ခိုးတိတ်လမ်းရှုပ်ကြတဲ့အဖြစ်ဟာ အလင်းနှစ်အတွက်တော့ ရယ်စရာမကောင်းပေမယ့် အမေ သဘောတကျ ရယ်လျှင် အလင်းနှစ် ရယ်ပေးရသည်။ My sister's Keeper ထဲမှာတော့ သရုပ်ဆောင်တွေနဲ့အပြိုင် အမေပါ မျက်ရည်ဖြိုင်ဖြိုင်ကျလျှင် အလင်းနှစ်လည်း ဟန်ဆောင်ပြီး စိတ်မကောင်းဖြစ်ချင်ဟန် ဆောင်ရသည်။





အလင်းနှစ်ဘဝတွင် အမေသည် သူ့ရဲ့ Hero သူ့ရဲ့တစ်ဦးတည်းသော သွေးသားရင်းချာသာ ဖြစ်သဖြင့် အမေ့ကိုတော့ သူ့သောမလောက်ချစ်ပြီး ဦးစားပေးပါသည်။

အခုတော့ သူ့မှာ ဖြစ်လာတဲ့ပြဿနာကို အမေ့ကို သွားမပြောချင်။ အမေသိလျှင် ...

"အံမာ ... ဒီကောင်မက ဘာမို့လို့ ငါ့သားကို စော်ကားရတာလဲ။ ဘာမတူမတန် ဖြစ်ရတာလဲ။ ဘာလို့သနရတာလဲ။ သူက ရွှေလင်ပန်းနဲ့ အချင်းဆေးပြီး မွေးခဲ့လို့လား"

ဟု ဆတ်ဆတ်ခါနာကာ အမေပါဝင်ပြီး ခံစားရမှာ ကြောက်သည်။ အမေပြောခဲ့သလို ပိုက်ဆံချမ်းသာရင် ဘယ်သူကမှ ကိုယ့်ရဲ့အားနည်းချက်ကိုပြောပြီး နိမ့်မှာမဟုတ်ဘူးဆိုတဲ့ စကားဟာ စိန်ပန်းခိုင် ဆိုတဲ့ မိန်းမနဲ့တွေ့မှ မှားသွားခဲ့ပြီတည်း။ ထိုမိန်းမရဲ့မျက်လုံးတွေထဲမှာ ...

"နင့်အကြောင်း ငါသိပါတယ်၊ နင်ဟာ အဖေမပေါ်ဘဲ မွေးတဲ့သား။ နင်နဲ့ ငါ မတူမတန်ဘူး၊ နင့်ကိုစကားပြောရတာ သနတယ်"

ဆိုတဲ့ အရိပ်တွေကို အလင်းနှစ် တွေ့လိုက်ရသော အခါ လည်ပင်းညှစ်သတ်မိတော့မလိုတောင် ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



စိန်ပန်းခိုင် ပက်လိုက်သော ကော်ဖီအေးတွေကို မျက်နှာပေါ်မှ လုံးဝမသုတ်ဘဲ ခြောက်ပြီးစေးကပ်သွားသည်အထိ ထားကာ သူ့ရဲ့အမှန်းတရားကို ပိုကြီး အောင် မွေးယူပစ်လိုက်လေသည်။

"ကိုလင်းနှစ် ဒီမှာ အသင့်ပြင်ပြီးပါပြီ"

အလင်းနှစ် ပြန်ရောက်လာလာချင်း ဒေါ်သတကြီး ပေါက်ကွဲပစ်လိုက်ဟာ မျက်စိထဲ မြင်လိုက်သည့် အရာတစ်ခုကို အမိန့်ပေးလိုက်သောကြောင့် တပည့်တစ်ယောက် အခုမှရောက်လာပြီး အနားလာချပါသည်။ သူ စိတ်ရှုပေါက်ပြီး "Jack Daniel (ဂျက်ခ်ဒယ်နီယာယ်)ဖွင့်လိုက်စမ်းလို့ အော်ပြောခဲ့မှန်းခုမှ သတိရသည်။

"ဟာ ... ညနေပိုင်း အမေ့ဆီ ထမင်းသွားစားမှာ၊ ဒါကြီး သောက်လို့ ဖြစ်မလား။ အခု မသောက်သေးဘူး။ အမေ့ဆီက ပြန်လာမှသောက်မယ်။ ပြန်ယူသွား။ ငါ အခုအမေ့ဆီသွားမယ်၊ ငါပြန်လာတဲ့အထိ အားလုံးမအိပ်ဘဲ စောင့်နေကြ။ မင်းတို့ကို ငါ ကြေညာစရာတစ်ခုရှိတယ်"

အလင်းနှစ်သည် ဒေါ်သတကြီး ပေါက်ကွဲနေစဉ်အတွင်းမှာပင် သူ ခေါင်းထဲတွင် ရလိုက်သော အကြံဉာဏ်တစ်ခုကို တပည့်တွေအားလုံးအား အသိပေး ကြေညာမည်ဟု ဆုံးဖြတ်





လိုက်သည်။ အမေ့ဆီ ထွက်လာသောအချိန်တွင် အရာရာသည် ပုံမှန်အတိုင်းလိုပဲ အလင်းနှစ်ရဲ့မျက်နှာမှာ တည်ငြိမ်အေးဆေးသွားခဲ့ပါပြီ။ ဒါပေမဲ့ သူ့ရင်ထဲမှာတော့ မကြာခင်မှာ မုန်တိုင်းကြီးကြီး တိုက်ခတ်သလိုဖြစ်မယ့် အကြံအစည်တစ်ခုကိုတော့ အစပျိုးထားခဲ့ပြီးလေပြီတည်း။

❤ ❦ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၇

သိပ်မကြာခင် ရက်ပိုင်းအတွင်း၌ အလင်းနှစ်၏ စိတ်ချယုံကြည်ရသော တပည့်များကြားတွင် ဓာတ်ပုံတစ်ပုံ ပျံ့နှံ့သွားပါသည်။ ထိုဓာတ်ပုံရှင်ကတော့ အလင်းနှစ်ကိုယ်တိုင် အဝေးမှ Zoom (ဇွန်း(မ)ဆွဲကာ ရိုက်ယူထားသည်။ ပြတ်သားထင်ရှားစွာ မြင်ရသော စိန်ပန်းခိုင်ဆိုသည့် မိန်းမတစ်ယောက်၏ ကိုယ်တစ်ပိုင်းပြတ်ဓာတ်ပုံသာ ဖြစ်သည်။

"သူ ဘယ်အချိန် ဘယ်ကိုသွားလဲ၊ ဘယ်ကိုလာလဲကအစ မှတ်ထားပါ။ အိမ်ကထွက်တာ အိမ်ကိုပြန်တာကအစ ဆံပင်ညှပ်ဆိုင်သွားတာ၊ ဈေးပင်းသွားတာပါ အကုန်မှတ်ထား။ ဒီမိန်းမဟာ ငါ့အတွက် သိပ်အရေးကြီးတဲ့မိန်းမပဲ"





တပည့်တွေကတော့ ဘာမှန်းမသိပေမယ့် ဒီမိန်းမ, ဟာ အလင်းနှစ်အတွက် အရေးကြီးသည်ပြောလျှင် သူတို့အတွက်လည်း အရေးကြီးသည်သာ။

"နောက်ဆုံးသတင်းတစ်ခုကို အတိအကျ ပေးနိုင်တဲ့သူကို ဆုငွေကောင်းကောင်းပေးမယ်။ နောက်ဆုံးသတင်းဆိုတာက သူ နေ့စဉ်သွားလာလှုပ်ရှားနေတဲ့ သတင်းနဲ့မတူတဲ့ ထူးထူးခြားခြား သူ သွားလာမယ့်သတင်းကို ပြောတာ"

အလင်းနှစ်ထံမှ အမိန့်ပေးစကားကို တစ်သဝေမတိမ်း နားထောင်ကာ သူ့ထက်ငါဦးအောင် မျက်နှာလို မျက်နှာရ သတင်းမေးချင်သော တပည့်တွေဟာ စိန်ပန်းခိုင်သွားတတ်ရာ နေရာတိုင်းမှာ ခြေရာချင်းထပ်သွားပါသည်။

"နောက်ဆုံးသတင်းကတော့ စိန်ပန်းခိုင်နဲ့ မြတ်နိုး စေ့စပ်တော့မယ်တဲ့ ကိုလင်းနှစ်"

"ဘယ်တော့တဲ့လဲ"

"သင်္ကြန်အပြီး မေလဆန်းမှာ စေ့စပ်မယ်တဲ့။ မြတ်နိုးဆိုတဲ့ကောင်က အောက်တိုဘာမှာ ကျောင်းပြီးရင် ဆရာဝန်ဖြစ်ပြီတဲ့။ အဲဒီကျမှ လက်ထပ်မယ်။ စေ့စပ်ပြီး ကြားထဲမှာ ငါးလ၊ ခြောက်လလောက် ခြားလိမ့်မယ်"

အလင်းနှစ်သည် ထိုသတင်းကြောင့် သူ့ဘက်ကနေလို့ မရတော့ဘူးဆိုတာ ခေါင်းထဲထည့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရက်ပိုင်းအတွင်းမှာ နောက်ထပ်တမည့်တစ်ယောက်ထံမှ သတင်းတစ်ခု ကြားရသည်။

"မြတ်နိုးသူငယ်ချင်းတစ်ယောက်ရဲ့ခြံမှာ ဒီနှစ် ရေပက်မဏ္ဍပ်အကြီးကြီး လုပ်မယ်။ အဲဒီမှာ မြတ်နိုးရော စိန်ပန်းခိုင်ရော နေ့တိုင်း ရေပက်ကြမယ်လို့ သတင်းရတယ်"

"ဟုတ်ပြီ၊ ဒါဟာ ငါသိရသမျှသတင်းတွေထဲမှာ အကောင်းဆုံးသတင်းပဲ"

"ကိုလင်းနှစ် ... ဘာလုပ်မှာလဲ"

အလင်းနှစ်သည် စိတ်ချရသော တပည့်တွေအားလုံးကိုခေါ်ကာ သူ့အကြံအစည်ကို အသိပေးလိုက်ပါသည်။

"တစ်ရက်မဟုတ် တစ်ရက်မှာ အခွင့်အရေးက ကြုံမှာပဲ။ အဲဒီနေ့မှာ ဘာမှလက်နှေးမနေနဲ့။ ငါ့ဆီက အမိန့်ကိုစောင့်မနေနဲ့။ မြတ်နိုး ဆိုတဲ့ကောင်ကို ငါ ယုဉ်ဖူးတယ်။ ပညာတတ် သူဌေးသား လူပျော့လူညံ့တစ်ယောက်ပဲ၊ မင်းတို့တစ်ချက်တွန်းလိုက်ရင် သူ လဲနေပြီ။ အဓိက,ကတော့ စိန်ပန်းခိုင်ဆိုတဲ့ မိန်းမပဲ။ အဲဒီမိန်းမက အားနွဲ့တဲ့မိန်းမမျိုးတော့ မဟုတ်ဘူး။ သူ့မှာဝှက်ထားတဲ့ လက်သည်းတွေကို လိုအပ်ရင် ထုတ်သုံးတတ်တယ်။ သူ့ကို သတိထားရမယ်"





တပည့်လူငယ်တွေအားလုံး ထိုကိစ္စကို စိတ်လှုပ်ရှား,တက်ကြွနေကြသည်။ သူတို့ချင်းလည်း တီးတိုးတိုင်ပင်နေကြသေးသည်။

"အဲဒီမိန်းမကို ဖမ်းခေါ်လာရမယ်တဲ့။ ကိုလင်းနှစ်က ဘာလို့ဖမ်းခိုင်းတာလဲ။ ပြန်ပေးဆွဲဖို့တော့ မဖြစ်နိုင်ဘူး။ ကိုလင်းနှစ်က ပိုက်ဆံရဖို့ဆို တခြားစီးပွားရေးတွေသာ လုပ်ရင်လုပ်မယ်။ လူတစ်ယောက်ကို ပြန်ပေးဆွဲပြီး ပိုက်ဆံရှာဖို့တော့ လုပ်မှာမဟုတ်ဘူး"

"ကိုလင်းနှစ်က အဲဒီမိန်းမကို သိပ်မုန်းတာတဲ့ကွ။ ဒီတော့ ဖမ်းခေါ်လာပြီးရင် အဲဒီမိန်းမနာမည်ပျက်အောင် လုပ်ပြလိုက်ပြီး ပြန်လွှတ်မယ်ထင်တယ်"

"ဒါမှမဟုတ် သူ ကြိုက်နေတာကို ပြန်မကြိုက်ဘဲ ဟိုဆေးကျောင်းသားကောင်ကို ကြိုက်သွားလို့လား"

တပည့်တွေ တီးတိုး တီးတိုး ပြောသံတွေကို အလင်းနှစ် ကြားပေမယ့် ဖြေရှင်းမနေ။ သူတို့ရဲ့ ထင်မြင်ယူဆချက်တွေကို ပိတ်ပင်မနေပါ။ အချိန်တစ်ခုတည်းကိုသာ ရောက်ဖို့လိုသည်။ စိန်ပန်းခိုင် ဆိုတဲ့မိန်းမ သူ့လက်ထဲ ရောက်လာဖို့သာလိုသည်။ သူ့လက်ထဲမှာ နေ့တိုင်း မျက်ရည်ကျပြီး စိတ်ဆင်းရဲကာ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားမယ့် စိန်ပန်းခိုင်ကို သူမြင်



www.burmeseclassic.com

www.burmeseclassic.com



ချင်သည်။ အလင်းနှစ်၏ အမုန်းတရားက အဲဒီလောက်တောင် ကြီးနေပါသည်။

အလင်းနှစ် စောင့်နေခဲ့သော သကြီန်ရက်များကား ရောက်လာခဲ့သည်။ အလင်းနှစ်ကတော့ ဘယ်မှထွက်စရာမလို။ ဘယ်မှလဲ သွားစရာမလို။ ထွက်လည်းမထွက်ချင်။ တကယ်တော့ အလင်းနှစ်သည် သကြီန်ဆိုတာကို ဘယ်လိုမှ ခံစားမရသူ လူငယ်တစ်ဦးသာဖြစ်သည်။ အပြင်ထွက်လျှင် ရေစိုရတာကိုမ ကြိုက်။ သူ့ကိုရေလာပက်တာကို မကြိုက်။ ဒီလောက် ပူလောင် အိုက်စပ်နေတာကို ရေလာလောင်းလို့ရော အပူကပြေမှာမို့လား ဟု ထော်လော်ကန့်လန့်တွေးပြီး သကြီန်မှာ လူတွေအရူးထမြီး ရေပက်ကြတာကို ကဲ့ရဲ့မိလေသည်။ ပျော်စရာရှာတာများ ကြံကြံ ဖန်ဖန် ရှာရသလားလို့ တွေးတတ်လေသည်။ ထို့ကြောင့် အလင်း နှစ်ဟာ တခြားရက်တွေမှာသာ တစ်နေ့ကုန် တစ်နေ့ခန်း အပြင် ထွက်ပေမယ့် ဒီရက်တွေမှာတော့ အိမ်ထဲအောင်းနေတတ်သည်။

အိမ်ထဲအောင်းရင်း တပည့်တွေဆီက ပို့လာမယ့် သတင်းကို စောင့်နေခဲ့ပါသည်။

အကြိုနေ့ ဘာမှမထူးခြား။

"ဒီနေ့ အခွင့်အရေး မရလိုက်ဘူး ကိုလင်းနှစ်"

ဟူသော သတင်းပို့သံကိုသာ ကြားရသည်။





"သူတို့ကားနဲ့အတူတူ မြတ်နိုးသူငယ်ချင်းဆိုတဲ့ ကောင် တချို့ ပါလာတယ်"

ဟူသည့် သတင်းကို အကျနေ့မှာ ကြားရသည်။

"ဟော့ကောင်တွေ အကြတ်နေ့နဲ့ အတက်နေ့ နှစ်ရက်ပဲ ကျန်တော့တာနော်"

"စိတ်ချပါ ကိုလင်းနှစ်။ အဓိက,က စိန့်ပန်းခိုင် ပါလာဖို့ ပဲ မဟုတ်လား။ ကျွန်တော်တို့ အဲဒီအခွင့်အရေးကိုပဲ ချောင်းနေပါတယ်"

အကြတ်နေ့မှာ ကြားရတဲ့သတင်းကလည်း အား တက်ဖွယ်ရာမရှိ။

"ဒီနေ့ သူတို့ မနက်ပိုင်းပဲ ရေပက်မဏ္ဍပ်ကိုလာပြီး ပြန် သွားကြတယ် ကိုလင်းနှစ်ရာ"

"သကြီန်မပြီးခင် သူ့ကို ငါ့လက်ထဲရောက်စေချင်တယ်။ သကြီန်ပြီးရင် သူတို့စေ့စပ်ကြတော့မှာဆို။ အဲဒါဆို ငါ့ အတွက် အခွင့်အရေးက နည်းသွားမယ်။ စေ့စပ်တော့မယ့် မိန်းကလေးတစ်ယောက်ဟာ သူ့ကိုယ်သူ ဂရုတစိုက်နဲ့ အပြင်မထွက်ဘဲ နေတော့မယ်၊ အပြင်ထွက်ရင်လည်း စေ့ စပ်ပွဲအတွက် ဝိုင်းအကြံပေးဖို့ သူငယ်ချင်း အပေါင်းအသင်း ဆိုတာတွေ သူနဲ့အတူတူ ပါတော့မယ်။ ဒီတော့ ငါတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com

အကြံအစည်ကို အကောင်အထည်ဖော်ဖို့ဆိုတာ သိပ်မလွယ်တော့ဘူး”

နောက်ဆုံးနေ့ အတက်နေ့မှာတော့ အလင်းနှစ်အိမ်ထဲကနေ စောင့်မနေနိုင်တော့ဘဲ တပည့်တွေနဲ့ အတူတူပါလာခဲ့ပါသည်။

တပည့်တွေကတော့ သူ စီစဉ်ပေးထားသည့်အတိုင်း ဂျစ်ပုတစ်စီးဖြင့် ရေပက်ခံသည့်လူတွေပုံစံတစ်စီး။ မှန်လုံပိတ် 4WD တစ်စီးထဲမှာတော့ ဒီနေ့ အလင်းနှစ် ပါလာပါသည်။ ဂျစ်ပုထဲမှာတော့ တပည့်လေးယောက် ရေတွေစိုပြီး ရေပက်ခံရသည်။ မှန်လုံပိတ်ကားထဲမှာတော့ တပည့်သုံးယောက်နဲ့အတူ အလင်းနှစ်တို့တစ်တွေ ရေမစိုဘဲ ခြောက်ခြောက်သွေ့သွေ့ဖြင့် မဏ္ဍပ်အခြေအနေကို လှည့်လည်ကြည့်ရှုကြသည်။

ဒီနေ့ အတက်နေ့လည်းဖြစ်ရာ မဏ္ဍပ်တွေအားလုံး ရေပိတ်ပြီးတာတောင် လူစုမကွဲသေးဘဲ စည်ကားနေဆဲဖြစ်သည်။ တချို့မဏ္ဍပ်တွေကတော့ မြန်မာနှစ်သစ်ကူးကို ကြိုဆိုဖို့ဆိုကာ ညဆယ့်နှစ်နာရီထိုးတဲ့အထိ စောင့်နေကြောင်း တွေ့ရလေသည်။

“ဒီပုံအတိုင်းဆိုရင် စိန်ပန်းခိုင်တို့လည်း နှစ်သစ်ကူး Coun down (ကောင့်ဒေါင်း)လုပ်ပြီးမှ ပြန်မယ်ထင်တယ် ကိုလင်းနှစ်”





“ဘယ်အချိန်မှပြန်ပြန်။ ငါ့အစီအစဉ်ပြီးမြောက်ဖို့ အရေးကြီးတယ်။ ဒီနေ့ဟာ ငါ့အတွက် ကံတရားက အသာစီးပေးတဲ့နေ့လို့ပဲ ငါ ယူဆတယ်၊ ဒီတော့ ငါ ဒီနေ့ မဖြစ်, ဖြစ်အောင်လုပ်မယ်”

သို့သော် သူတို့ထင်သလို စိန်ပန်းခိုင်တို့က ညဆယ့်နှစ်နာရီထိုးပြီးမှ ပြန်တာမဟုတ်ဘဲ ညဆယ့်တစ်နာရီကျော်လောက်မှာ ခြံထဲက ထွက်လာတာ တွေ့လိုက်ရသည်။

အလင်းနှစ်က မိုဘိုင်းလ်ဖုန်းဖြင့်ပင် အားလုံးကို အကြောင်းကြားထားလိုက်သည်။

“သူတို့ထွက်လာပြီ။ မင်းတို့ အခုရှိနေတဲ့နေရာမှာ လူရိပ်လူခြေစောင့်ကြည့်ပြီး အသင့်ပြင်ထား”

“စိတ်ချ ကိုလင်းနှစ်။ ဒီနေ့ လူရှင်းတယ်။ ကျွန်တော့်စိတ်ထင် အားလုံးဟာ နှစ်သစ်ကူးကိုကြိုဖို့ မဏ္ဍပ်ထဲမှာပဲ လူစုပြီး သောက်စားနေကြပုံရတယ်။ အရင်နေ့တွေက လောက် လူသိပ်မရှုပ်ဘူး။ လူရှင်းတယ်”

နေ့စဉ်နေ့တိုင်း စိန်ပန်းခိုင်တို့ အပြန်လမ်းမှာ လူအရှင်းဆုံး ဖြစ်မည်ထင်သည့် လမ်းဘေးတစ်ဖက်တွင် ဒုက္ခခံစောင့်နေခဲ့ကြရသော တပည့်တွေ ဒီနေ့မှ သူတို့ဒုက္ခခံရကျိုးနပ်တော့မည်။ သူတို့အားလုံး စိတ်လှုပ်ရှား တက်ကြွနေကြတော့ပေသည်။


www.burmeseclassic.com

www.burmeseclassic.com

ကားမီးရောင်တချို့ ဖြတ်သွား ဖြတ်လာရှိပေမယ့် သူတို့ဘာမှမပူပါ။ ဒီလောက်ကတော့ သူတို့အတွက် ဆမင်းစား ရသောက် ဖြေရှင်းရသော ပြဿနာလေးတစ်ခုသာဖြစ်သည်။

"စိန်ပန်းခိုင်တို့ကား လာနေပြီကွ"

တစ်ယောက်က သတင်းပေးလိုက်သည်။ ထိုကားနှ မနီးမဝေးမှာ အလင်းနှစ်တို့စီးလာသော 4WD ကားနက်ကြီးက လည်း ပါလာမည့်မှာ သေချာသည်။

စိန်ပန်းခိုင်တို့ကား နီးလာသောအခါ တစ်ယောက် က ပြေးထွက်သွားပြီး ကားကို ရှေ့တည့်တည့်က ဖြတ်တားလိုက်၏။

"ကျွီ" မြည်သော ဘရိတ်အုပ်သံနှင့်အတူ ကားရပ် သွားပါသည်။ ကားထဲမှ လူမထွက်လာဘဲ မှန်ချကာ မြတ်နိုး၏ ခေါင်း ထွက်လာသည်။

"ဘာဖြစ်လို့လဲ ခင်ဗျာ"

ထိုတစ်ယောက်က မြတ်နိုးရှိရာဘက် ပြေးသွားပါ သည်။ အခြေအနေကို မနီးမဝေးမှာ ကားမီးရောင်ပိတ် တိတ် ဆိတ်ပြီး အလင်းနှစ်တို့လေးယောက် စောင့်ကြည့်နေကြပါသည်။

"ကားရပ်ပေးတာ ကျေးဇူးပါပဲ အစ်ကို။ ကျွန်တော့်သူငယ် ချင်းတစ်ယောက်ကို ဖုန်းဆက်ခေါ်ထားတာ ခုထိရောက် မလာသေးလို့၊ အခု အရင်ဆုံးတွေ့တဲ့ အစ်ကိုတို့ကားကို





တားပြီး အကူအညီတောင်းတာပါ။ အစ်ကိုတို့ကားမှာ ဓာတ်ဆီအပိုများပါလား မသိဘူး။ ပါရင် နည်းနည်းရောင်း ခဲ့ပါ။ ကျွန်တော်တို့ကား ဆီကုန်ပြီး ထိုးရပ်သွားလို့ပါ။ ဆီလာပို့ဖို့ သူငယ်ချင်းကို ဖုန်းဆက်ထားတာလည်း ခုထိ ရောက်မလာသေးဘူး။ အဟဲ… ကျွန်တော်တို့လည်း ချမ်းလှ ပြီဆိုတော့ အိမ်ပြန်ချင်နေပြီမို့ပါ"

ကြိုတင် ဓာတ်တိုက်ထားသည့်အတိုင်း ထိုတစ် ယောက်က ရိုးသေယဉ်ကျေးစွာ ကားထဲငုံ့ပြောပါသည်။ ရုပ်ရည် အသန့်ပြန့် အသားနားဆုံးသော၊ လူမြင်တာနဲ့ ချစ်ခင်ပါစေပုံစံ မျိုးရှိသော တပည့်ကို ရွေးထားပြီး အရင်ဆုံး ချဉ်းကပ်စေလေရာ ထိုအကြံအစည်က အောင်မြင်ပါသည်။

လူဆိုတာ ဘယ်တုန်းကမှ မမြင်ဘူးတဲ့ သူစိမ်းတစ် ယောက်နဲ့ ပထမဦးဆုံး ဆုံရသည်ဆိုပါစို့။ သူတို့ အရင်ဆုံးအသိ အမှတ်ပြု ဆုံးဖြတ်ကြသည်မှာ ရုပ်ရည်ကိုကြည့်ပြီး ဆုံးဖြတ်ကြ တာပင်။ ရုပ်ရည်ပြေပြစ်ခြင်း၊ ချောမောခြင်း၊ နှစ်လိုဖွယ်ရှိခြင်း၊ စကားအပြောအဆို ယဉ်ကျေးခြင်းတို့ကို အပေါ်ယံကြည့်ပြီး လူ ကောင်းပါပဲဟု သုံးသပ်ကြသူတွေထဲမှာ မြတ်နိုးရော စိန်ပန်းခိုင် ပါ ပါဝင်ကြသည်မို့ ကောင်းကောင်းမွန်မွန် လာအကူအညီတောင်း သော ကောင်လေးကို သူတို့ လုံးဝသံသယမဖြစ်ကြပါ။



www.burmeseclassic.com

www.burmeseclassic.com



"မြတ်နိုး ကားနောက်ဖုံးထဲမှာ ဆီပါလား"

"အင်း ... ပါတယ်ထင်တယ်။ ဆီပုံးအလွတ်ကတော့ အမြဲထည့်ထားပေမယ့် တစ်ခါကလေကျ ဆီဖြည့်ချင်မှ ဖြည့်ထားတာလေ"

"ယေးလို့ရရင် နည်းနည်းမျှပေးလိုက်ပါ"

မြတ်နိုးလည်း ကားတံခါးဖွင့်ကာ ဆင်းလိုက်ပါသည်။ စိန်ပန်းခိုင်ကတော့ မဆင်းပါ။ ဂျစ်ပုလေး လမ်းဘေးထိုးရပ်ပြီး စုရုံး စုရုံး လုပ်နေကြသော ကောင်လေးအုပ်စုကိုသာ အသာအကဲခတ်ကြည့်မိ၏။ ရေပက်ခံထွက်ပြီး ပြန်လာတဲ့အုပ်စု တွေဆိုတော့ သောက်ထားတဲ့ သူတွေလည်း ပါမှာပါ။ အကူအညီ တောင်းတဲ့ ကောင်လေးကတော့ သောက်ထားပုံ မရဘူး။ အနံ့ တောင် မရဘူးဟုလည်း တွေးနေပုံပင်။

အလင်းနှစ်သည် အဝေးမှ အကဲခတ်ရင်း တပည့် တွေဆီ မိုဘိုင်းလ်ဖုန်းဖြင့် လှမ်းအမိန့်ပေးလိုက်ပါသည်။

"မြတ်နိုး အောက်ဆင်းလာပြီ ယော့ကောင်တွေ၊ မြန်မြန် လှုပ်ရှားတော့"

သူ့အမိန့်ရတာနဲ့ တပည့်တွေအားလုံး မြတ်နိုးတို့ ကားဆီ ပြေးသွားတာ တွေ့လိုက်သည်။ နှစ်ယောက်က မြတ်နိုး ကို ဝိုင်းချုပ်ပြီးထိုးသည်။ ရုတ်တရက် အငိုက်ခံလိုက်ရ





မြတ်နိုး အံ့သြစွာ အလူးအလဲ ခံနေရချိန်တွင် 4WD ပေါ်မှ တပည့်နှစ်ယောက်ကပါ ပြေးသွားသည်။ ဂျစ်ပုဆီမှ တပည့်နှစ် ယောက်နဲ့ စိန်ပန်းခိုင် ရန်းရင်းဆန်ခတ် ဖြစ်နေတာကို ထိုတပည့် နှစ်ယောက်ကပါ ဝင်ကူလိုက်တော့ စိန်ပန်းခိုင် အားလုံးလက်ထဲ အလွယ်တကူ ပါလာတော့သည်။

စိန်ပန်းခိုင် ထိုင်နေရာဘက်အခြမ်းကို ကားကိုပြေး ဖွင့်ခြင်း၊ စိန်ပန်းခိုင်ကို ဆွဲထုတ်ခြင်း၊ ခေါင်းမှတစ်ဆင့် အဝတ် အိတ်အမည်းကြီးကို ဆွတ်ချခြင်း၊ ဖမ်းချုပ်ခေါ်ခြင်းတို့ကို ဇာတ် တိုက်ထားသည့်အတိုင်း စနစ်တကျ လုပ်ကိုင်နိုင်လေရာ မိနစ် ပိုင်းအတွင်းမှာ စိန်ပန်းခိုင်ဟာ အလင်းနှစ်ထိုင်နေသော 4WD ၏ ကားနောက်ခန်းကို တွန်းထိုးပစ်သွင်းခြင်း ခံလိုက်ရတော့သည်။

မြတ်နိုးမှာ သူ့ကို ခေါင်းတောင်မဖော်နိုင်အောင် ဝိုင်းထိုးကြသော ကောင်လေးနှစ်ယောက်တို့ကြောင့် စိန်ပန်းခိုင် ဘာဖြစ်သွားမှန်းပင် မသိလိုက်။ စိန်ပန်းခိုင်၏ အော်သံသဲ့သဲ့ဖြစ် သော ...

"ဟင် ... ရှင် ... ရှင်တို့ ဘာလုပ်တာလဲ၊ ဘာလုပ်တာ လဲ ... အား"

ဟူသည့် အသံတချို့နှင့် မသဲမကွဲဖြစ်သောအသံ "ရှူး ဝါး"နှင့် ဗလုံးဗထွေးအသံတွေကိုသာ ကြားခွင့်ရလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"စိန်"

ဟု သူအော်ခေါ်ပြီး လှမ်းကြည့်မယ် ကြံပေမယ့် ကြည့်ခွင့်မသာလိုက်ချေ။ သူ ခေါင်းမဖော်နိုင်အောင် ဖိပြီးထိုးနေသော လက်သီးဒဏ်ကြောင့် သူဟာ မြေပြင်မှာ လိမ့်နေခဲ့ပါသည်။ စိန်ပန်းခိုင် ဘယ်ရောက်သွားမှန်း မသိလိုက်ရ။ ဘယ်ကားနဲ့ပါ သွားမှန်းပင် မသိလိုက်ရ။ နာကျင်လွန်းသော ဒဏ်ရာများကြောင့် မျက်စိတွေ ပြာဝေပြီး မူးမေ့တော့မလို ဖြစ်သွားချိန်တွင် သူ့နားမှာ လူရှင်းသွားခဲ့သည်။

တဘုတ်ဘုတ် ပြေးထွက်သွားခဲ့သော ခြေသံတွေ၊ ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် မောင်းထွက်သွားသော အသံတွေကိုသာ ကြားခွင့်ရလိုက်သည်။ သူ ဘာမှမမြင်လိုက်ရ။ သူ့ခေါင်းတွေ မူးနောက်နေပြီး သူ့မျက်လုံးတွေဟာ ဝေဝါးမှုန်မှိုင်းသွားခဲ့၍ပင်။

4WD ကား အနက်ရောင် လင့်ခရူဆာကြီးပေါ်မှာတော့ အလင်းနှစ်သည် ခေါင်းပေါ်မှတစ်ဆင့် မွပ်ချကာ အဝတ်အုပ်ထားတာတောင် ရအောင်ရုန်းကန်နေဆဲဖြစ်သော စိန်ပန်းခိုင်ကို သတိမေ့သွားအောင် ခပ်ဆတ်ဆတ်လေး ဖြတ်ရိုက်ချပစ်လိုက်တော့သည်။





ယောက်ျားတစ်ယောက်၏ ရိုက်သောအရှိန် အလင်းနှစ်လို တိုက်ခိုက်စွမ်းရည်ပြည့်ပြီး ဘယ်နေရာကိုရိုက်ရင် ဘယ်လောက်နာမယ်။ ဘယ်နေရာမှာ သတိမေ့သွားစေအောင် ရိုက်လို့ရတယ်ဟု သိထားလေရာ သောင်းကျန်းအော်ဟစ်နေသော စိန်ပန်းခိုင် သတိလစ်သွားဖို့ သူ တစ်ချက်သာ ရိုက်လိုက်ရသည်။ စိန်ပန်းခိုင် တစ်ယောက် ပျော့ခွေသွားပါတော့သည်။

"ကိုလင်းနှစ် ကောင်မလေးတော့ ပါလာပြီ၊ ဟား ဟား"

တပည့်တစ်ယောက်က ဝမ်းသာအားရ အော်သည်။ အလင်းနှစ်က စကားကို အတင်မခံဘဲ ချေပလိုက်၏။

"ငါ့ကောင်မလေး မဟုတ်ဘူး၊ ငါသိပ်မုန်းတဲ့ မိန်းမကွ"


www.burmeseclassic.com

www.burmeseclassic.com



နှစ်သစ်၏မနက်တွင် အလင်းနှစ်သည် ဖျတ်
အိပ်ရာမှ နိုးသွားခဲ့ပါသည်။ နိုးသွားလျှင် နိုးသွားခြင်း သူ့ခေါင်
ထဲမှာ အရင်ဆုံး သတိရလိုက်သည်ကား စိန်ပန်းခိုင် ဆိုသေ
မိန်းမတည်း။ ဟား ဟား ... ခုချိန်လောက်ဆို ဒီမိန်းမသတ်
နေရောပေါ့။

အလင်းနှစ်၏အိမ်မှာ နှစ်ထပ်တိုက် အကြီးကြီး
ကာ အပေါ်ထပ်မှာ အိပ်ခန်းကျယ်ကြီးသုံးခန်းရှိသည်။ အိပ်ခ
တွေအားလုံး ရေချိုးခန်း အိမ်သာ တွဲရက်ဖြစ်သည်။ အောက်ထ
မှာ အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်း၊ ရုပ်ရှင်ကြည့်သောအခန်းနှင့် မီး
ခန်းတို့ရှိသည်။ အလင်းနှစ်၏အိပ်ခန်းက အပေါ်ထပ်မှာရှိပေမယ
ဒီနေ့တော့ သူ့အခန်းမှာ စိန်ပန်းခိုင်ကို ချုပ်လှောင်ထားရတာ



သူက သီးသန့်အောက်ဆင်းပြီး လာအိပ်နေလိုက်သည်။ အပေါ်ထပ်မှာ စိန်ပန်းခိုင် တစ်ယောက်တည်း ပစ်ထားပေမယ့် ဘာမှ စိတ်ပူစရာမရှိ။

အချိန်တန်လို့ သတိရလာရင် အော်သံဟစ်သံက တော့ ကြားရမှာပဲပေါ့။

ထင်တဲ့အတိုင်းပဲ အော်သံသဲ့သဲ့ စပြီးကြားလိုက်ရ တော့မှ အလင်းနှစ်သည် စစ်ပွဲဝင်ရန် ချီတက်တော့မည့် စစ်သူကြီး တစ်ယောက်ရဲ့ ခြေလှမ်းတွေနဲ့ အပေါ်ထပ်လှေကားကို တက်လာ ခဲ့သည်။

အပြင်မှာ သော့ပိတ်ထားသဖြင့် အခန်းတံခါးကို ဒုန်းဒုန်းထုကာ အော်နေသော စိန်ပန်းခိုင်သည် တံခါးအပြင် ဘက်မှ သော့ဖွင့်သံ ကြားရတော့ ခေတ္တတိတ်ဆိတ်သွားပါသည်။ တံခါးဖွင့်လိုက်လျှင် အလင်းနှစ်နဲ့ စိန်ပန်းခိုင်တို့ မျက်နှာချင်း ဆိုင်မိရက်သား ဖြစ်သွားပါသည်။

"ဟင် ... နင် ... နင် ..."

"မေ့နေပြီလား စိန်ပန်းခိုင်။ ငါလေ အလင်းနှစ်လေ"

"နင် ... နင် ... ဘာလုပ်တာလဲ"

"ငါ့အခန်းထဲ ငါဝင်လာတာပေါ့"

"ဘာ ... ဘာပြောတာယ်"

www.burmeseclassic.com



"ညက အဖြစ်အပျက်ကို နည်းနည်းမှတ်မိရင် ဉာဏ်မီ သလောက် စဉ်းစားလိုက်ကြည့်စမ်း"

အလင်းနှစ်သည် စိန်ခေါ်သလို အသံမျိုးဖြင့်ပြော ကာ တံခါးကိုတော့ သေသေချာချာ တွန်းပိတ်ပြီး တံခါးရှေ့က ရပ်နေသည်။

စိန်ပန်းခိုင်ဟာ ခဏတော့ ကြောင်သွားပြီးမှ ချက် ချင်း အဖြစ်မှန်ကို စဉ်းစားလို့ရကာ ...

"နင် ... ငါ့ကို မတရားဖမ်းခေါ်လာတာ"

ဟု ဒေါသတကြီး၊ ယူကျုံးမရ ဝမ်းနည်းကြေကွဲ စသော ခံစားချက်တွေ ရောပြွမ်းနေသည့် အသံဖြင့် အော်လိုက် သည်။

"ဖမ်းခေါ်လာတာ မဟုတ်ဘူး၊ မင်းကို Kidnapped (ကစ် နက်(ပ))လုပ်လာတာလည်း မဟုတ်ဘူး။ ပြန်ပေးဆွဲပြီး လူကြီးမင်းတို့ရဲ့သမီးကို သိန်းငါးရာနဲ့ လာရွေးပါဆိုတာ မျိုး လုပ်စားဖို့လည်း စိတ်မကူးဘူး။ မင်းကို ငါ ဖမ်းခေါ် လာတာ မဟုတ်ဘူး စိန်ပန်းခိုင်"

"နင် ဘာလိမ်တာလဲ၊ ငါ့ခေါင်းကို အဝတ်ထူနဲ့ စွပ်ချုပ်ပြီး အတင်းဖမ်းချုပ်ခေါ်လာတာလေ။ မြတ်နိုးကို ဝိုင်းဖိုးထား ကြပြီး ငါ့ကို ဖမ်းခေါ်လာတာလေ"





"ဖမ်းခေါ်လာတာ မဟုတ်ဘူး။ မင်းကို ခိုးပြေးလာတာ။ မင်းကို ကားတင်ပြေးလာတာ"

"ဘာ ... အမယ်လေး ... အလင်းနှစ်ရယ်။ နင် တန်ရာ တန်ရာ ပြောစမ်းပါ။ နင်က ငါ့ကို ခိုးပြေးရအောင် နင် နဲ့ငါ ပေါင်းဖို့ တန်ရော တန်ရဲ့လား"

"မင်း ... အဲဒီစကား မပြောနဲ့"

အလင်းနှစ်ဟာ ထိုစကားကို ဆတ်ဆတ်ထိမခံ နာ သွားကာ စိန်ပန်းခိုင်ကို အားဖြင့်ဆောင့်တွန်းပစ်လိုက်တော့သည်။ ထင်မှတ်မထားသည်မို့ စိန်ပန်းခိုင်လည်း နောက်ကိုလွင့်ထွက်သွား ကာ ခုတင်စောင်းနဲ့ခေါင်းထိပြီး နာကျင်စွာ ခွေလဲသွားပါသည်။ နာလွန်းသဖြင့် မျက်ရည်တွေမှာ အလိုလို ပိုးပိုးပေါက်ပေါက်ကျ လာတော့သည်။ အလင်းနှစ်သည် စိန်ပန်းခိုင်၏မျက်ရည်တွေကို အရသာခံကြည့်ရင်း တမင်ပဲ တဟားဟား ရယ်ပစ်နေလေသည်။ အဲဒီမိန်းမ နေ့တိုင်း မျက်ရည်ကျရမယ်ဆိုရင် သူ့အသက်လည်း တစ်ရက် တစ်ရက် ပိုရှည်မယ်ထင်ရဲ့။

"မတန်ဘူးဆိုတာ မရှိဘူး၊ မင်းနဲ့ငါ တန်လို့ အခု မင်းကို ငါ ခိုးလာနိုင်ခဲ့တယ်။ မင်းဟာ ငါ့မိန်းမအဖြစ် အခုချိန် ကစပြီး သေတဲ့အထိ နေသွားပေတော့။ မှတ်ထားလိုက် စိန်ပန်းခိုင်၊ လောကကြီးမှာ ကိုယ် သိပ်မုန်းနေတဲ့လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ကိုယ့်အနား ခေါ်ထားပြီး နေ့တိုင်း စိတ်ဆင်းရဲရအောင် ကလဲ့စားချေတဲ့နည်းနဲ့ မင်းကို ငါ အနိုင်ယူတော့မယ်၊ မင်းဟာ ငါ့ကို တစ်ခါနိုင်ခဲ့ဖူးတဲ့အတွက် ငါ့ကို

း ပြန်ရှုံးနေစေရမယ်”

ယူဘူး။ နင့်ကို ငါ မယူဘူး။ နင့်ကိုအလို

မှုနဲ့ တရားစွဲမယ်၊ နင့်ကို ထောင်ချမယ်”

ပ လုပ်လေ။ မင်း ဦးနှောက်မရှိရင် လုပ်ပေါ့။

းတစ်ယောက်နဲ့ ပါသွားပြီးတဲ့ မိန်းမကို ဘယ်

ဂ အပျိုလို့ ထင်တော့မလဲ။ မင်း ငါ့ကို ထောင်ချ

ဆိုဦး။ မင်းရဲ့အကောင် မိန်းမနာမည်ပိုင်ရှင် မြတ်နိုး

ရာ မင်းကို စိတ်သန့်သန့်နဲ့ ယူပါ့မလား။ သူကယူ

ယ်ဆိုဦး သူ့မိဘအသိုင်းအဝိုင်း ဒိတ်ဒိတ်ကြဲတွေက

ပက်ခံပါ့မလား။ သူနဲ့မင်း နဖူးစာမင်ရည်ကျဲလို့ ဝေးခဲ့ရတယ်ဆိုရင်ရော မင်းဘဝမှာ နောက်ထပ်ဆုံရမယ့်ယောက်ျားတွေဟာ မင်းကို အပျိုလို့ သတ်မှတ်ပြီး တန်ဖိုးထား တောင်းရမ်းပါတော့ပါ့မလား။ မင်းနဲ့ငါ ကိစ္စက ဟိုးလေးတကျော် ဖြစ်သွားမယ့်ကိစ္စလေ။ သတင်းစာထဲမှာ ဂျာနယ်ထဲမှာ ပါသွားရင် ပါသွားမယ့်ကိစ္စလေ၊ ဘယ်သူမှ မသိအောင် ဖုံးထားလို့ရမယ် မထင်ဘူး။ ဖုံးထားလို့





မရအောင်လည်း ငါ့လူတွေက သတင်းကိုဖွမှာပဲ။ မင်းမိဘအသိုင်းအဝိုင်းကြားမှာ တစ်သက်လုံး အရှက်ရနေစေရမယ်”

စိန်ပန်းခိုင်သည် နာကျင်နေသည့်ကြားမှ အားခဲထရပ်ကာ မီးဝင်းဝင်းတောက်သော မျက်လုံးတွေဖြင့် အလင်းနှစ်ကို စိုက်ကြည့်သည်။ အလင်းနှစ်ရဲ့စိတ်ထဲမှာ ဒီမိန်းမဟာ အာဂမိန်းမပဲ။ သတ္တိကတော့ မခေဘူး၊ ရှုံးနေတာတောင် မာနကို တစ်ပြားမှမလျှော့ဘူးလို့ တွေးလိုက်သေးသည်။

“အသက်သာ အသေခံသွားမယ်။ နင် ငါ့ကို ဘယ်တော့မှ မပိုင်ဆိုင်စေရဘူး”

“ကိုယ့်ကိုယ်ကိုယ် သိပ်လည်းအထင်ကြီးမနေနဲ့။ ငါကလည်း မင်းကိုလိုချင်လွန်းလို့နိုးတာ မဟုတ်ဘူး။ မုန်းလွန်းလို့ ကလဲ့စားချေချင်လို့ နိုးလာတာ။ မင်းကို ထိတောင်မထိဘူးမှတ်။ တခြားနေရာမှာသာ အောက်တန်းကျရင်ကျမယ်။ အလိုမတူတဲ့ မိန်းမတစ်ယောက်ကို ပေါင်းသင်းဖို့ထိတော့ ငါ အောက်တန်းမကျဘူး။ ငါ ပြောထားပြီးသားလေ။ မင်းဟာ ငါ့မိန်းမအဖြစ်နဲ့ တစ်သက်လုံး အကျဉ်းကျခံရမယ်။ မိန်းမဆိုတဲ့ နေရာမှာ နာမည်ခံမိန်းမပဲ။ မင်းစိတ်ကူးယဉ်သလို မင်းကို မရမက အရယူဖို့ ငါ လုံးဝစိတ်မကူးထားဘူး ... ဟား ဟား ဟား”



www.burmeseclassic.com

www.burmeseclassic.com



"နှင် ... နှင် ... လူယုတ်မာ။ ခွေးထက်တောင် အောက်တန်းကျတဲ့ကောင်။ အဆင့်မရှိတဲ့ကောင်။ ဒါကြောင့် နှင်ဟာ အဖေမိမပေါ်ဘဲ မွေးတဲ့သားဘဝနဲ့ ဒီလူ့ဘဝကို ဝင်လာရတာ၊ အဲဒီလိုဖြစ်ဖို့ နှင်နဲ့ တန်ကိုတန်တယ်"

အလင်းနှစ်သည် သူ့ကို ခံပြောနေသော စိန်ပန်းခိုင်ကို လက်ပြန်တစ်ချက် ရိုက်လိုက်တော့မလို့ ရွယ်လိုက်စဉ် ကြောက်လန့်ပြီး မျက်စိစုံမှိတ်ကာ ရှောင်လည်းမရှောင်ဘဲ အရိုက်ခံတော့မယ့် စိန်ပန်းခိုင်ကြောင့် မရိုက်ဖြစ်တော့ပေ။ ခုခံအားမရှိသည့် မိန်းမတစ်ယောက်ကို ထပ်မံ၍ ရိုက်နှက်မနှိပ်စက်ချင်ပါ။ စိန်ပန်းခိုင်ကို ဒဏ်ရာအနာတရဖြစ်စေဖို့ ဖန်တီးရာမှာ စိတ်ဒဏ်ရာရဖို့သာ ပိုပြီးရည်ရွယ်ပါသည်။ မိန်းမတစ်ယောက်ကို ရိုက်နှက်နှိပ်စက်တာဟာ ယောကျာ်းမပီသဘူး။

"နင့်ဘာသာ ဒီအခန်းထဲမှာ စိတ်ကြိုက်နေ။ ကြိုက်တာထိုင်ခွဲ ရတယ်။ ရေချိုးခန်း အိမ်သာ ဟိုဘက်ထောင့်မှာတွဲရက်ထားတယ်။ တံခါးဖွင့် ဝင်ရုံပဲ။ အဝတ်အစား လဲချင်ရင်တော့ ခုလောလောဆယ် မရှိဘူး။ ငါ့တီရှပ်ပဲယူဝတ်။ ထမင်းစားချိန်ကျရင် လာခေါ်မယ်"

"နင့်အင်္ကျီလည်း မဝတ်ဘူး၊ ငါ ဘာမှလဲ မစားဘူး။ သေရင်သေသွားပစေ။ အစာငတ်ခံပြီးတော့ကို နေပြမယ်"





"အိုခေ ... ရတယ်။ ကြိုက်သလိုသာလုပ်။ ရေမချိုး၊ အဝတ်မလဲဘဲ နေနိုင်ရင်နေပေါ့။ မစားဘဲ အငတ်ခံနိုင်ရင်လည်း နေပေါ့၊ အသေခံမယ်ဆိုလည်း ရတယ်။ သေနိုင်တယ်။ ဟား ဟား ဟား ... လောကကြီးမှာ အားလုံးကို အရှုံးပေးပြီး အသက်အသေခံသွားတာဟာ အကြီးမားဆုံးအရှုံးပဲ စိန်ပန်းခိုင်။ ရှုံးတဲ့သူဟာလည်း တစ်ချိန်ကျရင် ပြန်အနိုင်ရဖို့ ကံကြမ္မာက ဖန်တီးပေးတတ်တယ်။ ငါ သူ့ကို နိုင်အောင်ပြန်ချမယ်ဆိုတဲ့ စိတ်ကူးမျိုး ဘာကြောင့် ခေါင်းထဲမထည့်ဘဲ တစ်ဘဝစာ အရှုံးပေးဖို့ ရွေးနေရတာလဲ"

ဒါပဲလေ။ ဒါလောက်ပါပဲ။ စိန်ပန်းခိုင်ကို စိတ်ဓာတ်ရေးရာအရ စစ်ဆင်ရေးလုပ်ပေးခဲ့ပြီးလျှင် အခန်းတံခါးကိုပြန်ပိတ်ခဲ့ကာ အပြင်မှ သော့ခတ်ထားခဲ့ပါသည်။

ကြိုတင်ပြင်ဆင်ထားတာမို့ အလင်းနှစ် နေနေကျအခန်းမှာ လူ့ကိုယ်ကို အန္တရာယ်ပြုစေနိုင်သော ဓားလို၊ ကတ်ကြေးလို၊ ပန်းအိုးလိုတွေလည်းမထား။ အိပ်ဆေးတွေ အကိုက်အခဲပျောက်ဆေးတွေလည်း မထားသဖြင့် စိန်ပန်းခိုင် သူ့ကိုယ်သူသေကြောင်းကြံချင်လို့ အလွယ်တကူ မရပါ။ တစ်ထပ်ရဲ့ သေတ္တာလေးထဲမှာ ရေသန့်ဘူးသုံးဘူး၊ coke ဘူးတစ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ပန်းသီးသုံးလုံးနှင့် ချော့ကလက်တစ်ပြားကတော့ အရင်တည်းက ရှိသဖြင့် သူမ ဆန္ဒပြုပြီး ထမင်းမစားလျှင်တောင်မှ ဗိုက်သိပ်ဆာလာလျှင် ယူစားလို့ ရပါသည်။

အဆာငတ်ခံသည် ဆိုရာ၌ လူဆိုတာ အတိုင်းအတာတစ်ခုထိသာ အငတ်ခံနိုင်တာမျိုးပါ။ ကိုယ့်မျက်စိရှေ့မှာ အလွယ်တကူ ယူစားစရာ မရှိမှသာ အကြာကြီး အဆာငတ်ခံနိုင်တာဖြစ်သည်။ ကိုယ့်နားမှာ စားစရာတစ်ခု အလွယ်တကူ ရှိနေလို့ကတော့ ဗိုက်သိပ်ဆာလာရင် ယူစားမိကြမှာပင်။

အလင်းနှစ်သည် စိန်ပန်းခိုင်အား ခိုးလာသည့်ကိစ္စကို တပည့်တွေအား နှုတ်ပိတ်ခ ကောင်းကောင်းပေးထားလိုက်သည်။

"ငါ့အမေကိုတောင် မပြောမိစေနဲ့။ အချိန်ကျမှ ငါ အမေ့ကို အသိပေးမယ်၊ သူနဲ့ငါ ညှိလို့ အဆင်ပြေသွားမှ ငါ အားလုံးကို အသိပေးမယ်"

အလင်းနှစ်က ကောင်းကောင်းပေးကျွေး ကြည့်ရှုထားသဖြင့် တပည့်တွေဟာ ဘယ်သူမှ သစ္စာဖောက်ပြီး ဒီအကြောင်း လျှောက်သတင်းမပေးကြပါ။ သူတို့ဆရာ မိန်းမတစ်ယောက် ခိုးလာသည်ဆိုခြင်းမှာ ဘာမှ ထူးထူးခြားခြား အထိတ်တလန့်ဖြစ်လောက်စရာ သတင်းမျိုးလည်း မဟုတ်ဟု ထင်ကြသည်။





အလင်းနှစ် ကွယ်ရာတွင် ...

"အလကားပါကွာ၊ ကိုလင်းနှစ်က သူ သိပ်ချစ်နေတဲ့မိန်းမကို မရမှာစိုးလို့ ဟိုကောင့်လက်ထဲက လုပြီးခိုးတာပါ၊ သူ့ဘာသာ ဝန်ခံရမှာ ရှက်နေလို့"

ဟု အတင်းအုပ်ကြသေးသည်။ အလင်းနှစ်က သူ့ကို "ဆရာ"ခေါ်လျှင် မကြိုက်တာမို့ ကြီးကြီးငယ်ငယ် အားလုံးက "ကိုလင်းနှစ်"ဟုသာ ခေါ်ကြသည်။ ဆရာဟု ခေါ်မိလျှင်...

"မင်းတို့ကို ငါက ဘယ်နေရာမှာ ဘာသင်ပေးထားလို့ ဆရာခေါ်တာလဲ။ အပိုတွေလုပ်ပြီး မခေါ်နဲ့။ ငါမကြိုက်ဘူး။ ငါက မင်းတို့စားဝတ်နေရေး ပြေလည်အောင် ဦးဆောင်တဲ့သူပဲ။ ဆရာလုပ်တဲ့သူတော့ မဟုတ်ဘူး"

ဟူ၍ အကြိမ်းခံရသဖြင့် ဘယ်သူမှ "ဆရာ"မခေါ်ရဲကြပေ။

အခုတော့ အလင်းနှစ် မှာထားသဖြင့် သူတို့ဟာ ခြံကိုလုံခြုံအောင် စောင့်ကြပြီးလျှင် ညနေစောင်းတာနဲ့ အလင်းနှစ်ရဲ့အသည်းစွဲ ဂရိတ်ဒိန်းခွေးကြီးစုံတွဲတို့က ခြံထဲမှာ တဟိန်းဟိန်းနဲ့ လမ်းသလားကြပြီ။ မည်းမည်းပြောင်ပြောင် ကတ္တီပါအမွေးလိုအသားနဲ့ အရပ်မြင့်မြင့်၊ မျက်လုံးစူးစူးရဲရဲ၊ နားရွက်ထောင်ထောင်ခွေးကြီးတွေသည် အသံကြားရုံနဲ့တင် အသည်းလန့်စရာကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com

အလင်းနှစ်သည် စိန်ပန်းနိုင်ကို ထပ်အနှောင့်အယှက် မပေးတော့ဘဲ ပစ်ထားလိုက်ပါသည်။ ထမင်းစားချိန်ကျ သူ့ကတိအတိုင်း သွားခေါ်ပေမယ့် ...

"ငါ မစားဘူး၊ အသေခံသွားမယ်၊ မယုံရင် စောင့်ကြည့်နေ"

ဟု အိပ်ရာထဲ စောင်ခြုံ၍လှဲရင်း မျက်ရည်တွေနဲ့ ပြန်အော်နေတဲ့ စိန်ပန်းနိုင်ကို မျှော်လင့်ထားတဲ့အတိုင်း တွေ့ရသည်။

"အိုခေ ... စောင့်ကြည့်နေမယ်။ ဒါပေမဲ့ ငါကတော့ မင်းကို ဖမ်းခေါ်ပြီး အစာငတ်ခံထားတယ်၊ သေစေတယ်ဆိုတဲ့ ပြစ်ချက်မျိုးတော့ အပြောမခံနိုင်လို့ မနက်စာတစ်ခါ၊ နေ့လယ်စာတစ်ခါ၊ ညစာတစ်ခါ ဝတ္တရားအတိုင်း လာခေါ်မယ်၊ စားတာ မစားတာ မင်းအလုပ်ပဲ။ ဘယ်လောက်ထိ ခံနိုင်မလဲ။ စောင့်ကြည့်ရသေးတာပေါ့"

ထိုသို့ဖြင့် သုံးရက်တိတိ ဆန္ဒပြသော စိန်ပန်းနိုင်၏ခွဲကိုတော့ အလင်းနှစ် အံ့သြလက်ဖျားခါနေရပါသည်။

❤ ❤





## ၉

"ဘာမှ စိုးရိမ်စရာ မရှိပါဘူး။ အားပြတ်ပြီး သတိလစ်သွားတာပါ။ ခန္ဓာကိုယ်ထဲမှာ ရေဓာတ်လည်း ဆုံးရှုံးနေတယ်။ အစာအိမ်ထဲမှာလည်း အစာလုံးဝမရှိဘူးဆိုတော့ ဘော်ဒီထဲက သကြားဓာတ်လည်း ဆုံးရှုံးပြီး သတိလစ်သွားတာပေါ့။ ဘယ်လိုဖြစ်ကြတာလဲ အလင်းနှစ်ရာ"

အမေ့မိတ်ဆွေ ဆရာဝန်က ဒရစ်(ပ)ချိတ်ပေးပြီးသောအခါ နားကြပ်နှင့် သွေးဖိအားတိုင်းကိရိယာတွေသိမ်းရင်း မေးသည်။ အလင်းနှစ်က မျက်နှာသေဖြင့် ...

"သူနဲ့ကျွန်တော် ခိုးပြေးလာတာ၊ အမေတောင်မသိသေးဘူး ဒေါက်တာ။ အမေ့ကို သွားမပြောပါနဲ့ဦး။ ကျွန်တော်ကိုယ်တိုင်ပဲ ပြောချင်လို့။ သူ့မိဘကလည်း သဘောမတူ


www.burmeseclassic.com

www.burmeseclassic.com

ဘူး၊ သူကလည်း မလိုက်ရဲဘူး ဖြစ်နေလို့ အတင်းခိုးလာ
တာပါ။ အဲဒါ သူက စိတ်ကောက်ပြီး အဆာမစားဘဲနေ
ပြတော့ အားပြတ်ပြီး သတိလစ်သွားတာပေါ့”

ဆေးအရှိန်၊ သတိလစ်ရာမှ ပြန်နိုးခါစအရှိန်တွေ
ဖြင့် မိန်းမောနေသော စိန်ပန်းခိုင်ကတော့ ဆရာဝန်ကို အဖြစ်မှန်
အတိုင်း ပြောချင်ဟန်ဖြင့် အားယူကာ ပါးစပ်ဖွင့်လေသည်။
ဒါပေမဲ့ သုံးရက်လောက် အစာမစား၊ ရေမသောက်ဘဲ နေခဲ့ရ
သော ဒဏ်ကြောင့် လေသံတောင် မနည်းအားယူပြောရသည်
ဖြစ်ရာ အင်း ... အင်း ... အဲ ... အဲ ... အသံဖြင့် တိုးလျှလွန်း
နေသည်။ ခြင်အော်သံကပင် သူမအသံထက် ကျယ်လောင်မှာမို့
အလင်းနှစ်က တမင်ဘဲ အသံအောင်အောင်၊ ခပ်ကျယ်ကျယ်ဖြင့်
သူ ပြောလိုရာပြောပြီး အခန်းထဲမှာ 'အသံကို လွှမ်းထားလေရာ
စိန်ပန်းခိုင်၏ အသံကား မြုပ်နေသည်။

“ဒေါက်တာလည်း အလုပ်များတဲ့ကြားက လိုက်လာရတာမို့
သူ့အနေအထားက စိတ်ချရရင် ဆင်းခဲ့ပါ ဒေါက်တာ
လိုအပ်တာတွေပဲ ကျွန်တော့်ကို မှာခဲ့ပါ”

အလင်းနှစ်သည် ဆရာဝန်ကို အခန်းထဲမှာ မြန်မြန်
ပ,ထုတ်လိုက်ပြီး တံခါးကို အသာစေ့ပိတ်ထားခဲ့သည်။ ဒီနေ့မနက်
မှာ သူ့ဝတ္တရားအတိုင်း မနက်စာစားဖို့ လာခေါ်တော့ အိပ်ရာ





မှာ လှုပ်တောင်မလှုပ်ဘဲ ငြိမ်သက်နေသည့် စိန်ပန်းခိုင်ကို သူ
တွေ့ရသည်။ ရက်တရက်တော့ ဒီမိန်းမ ကိုယ့်ကိုယ်ကိုယ် သေ
ကြောင်းကြံသွားပြီလားဟုတွေးကာ လန့်သွားခဲ့ပါသည်။ ဖြူထား
သောစောင်တွေကိုဖယ်ပြီး လည်ပင်းသွေးကြော၊ လက်ကောက်
ဝတ်သွေးကြောတို့ကို စမ်းကြည့်သော် အင်မတန်မှ အားအင်ပျော့
တော့စွာ ခုန်နေဆဲဖြစ်ကြောင်း စမ်းမိသည်။ ခြောက်သွေ့အက်ကွဲ
နေသော နှုတ်ခမ်းနှင့် ပျော့တော့သွားလွန်းသော မျက်နှာအနေ
အထားကိုကြည့်ပြီး အလင်းနှစ် ချက်ချင်းသိလိုက်သည်။ ဒီမိန်းမ
လုံးဝအစာမစားဘူး၊ ရေတောင်မသောက်ဘူး ကြည့်စမ်း။ တော်
တော် ဖွဲကြီးတဲ့မိန်းမပဲ။ ရေခဲသေတ္တာထဲမှာရှိသမျှ တစ်လက်မ
တောင် နေရာလည်းမရွေ့ဘူး။ ရေသန့်ဘူးတွေလည်း မဖောက်ရ
သေးဘဲ ဒီတိုင်းပဲ။ အလင်းနှစ် ချက်ချင်းပဲ အမေ ပြနေကျ
သားစုဆရာဝန်ကိုသာ ဖုန်းဆက်ပြီး သွားပင့်လိုက်ပါသည်။

တပည့်တစ်ယောက် သွားပင့်နေစဉ် အလင်းနှစ်က
တော့ စိန်ပန်းခိုင်ကို ခမဏ္ဍာမရှိပေမယ့်၊ သိပ်ပြုစုချင်လှတာ
ဟုတ်ပေမယ့် ခြောက်သွေ့အက်ကွဲနေသော နှုတ်ခမ်းသားပေါ်
မှ ဇွန်းစဖြင့် ရေအသာခွတ်ပေးခြင်း၊ စေ့ပိတ်ထားသော နှုတ်ခမ်း
ကို လက်ဖြင့်အသာဖွင့်ပြီး ရသလောက် ပါးစပ်ထဲကို ဇွန်းစဖြင့်
ခတ်ချပေးခြင်းတွေဖြင့် စိတ်ကူးထဲရှိသမျှ လုပ်ပေးနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ရောက်လာတော့ ...

"ကျွန်တော့်ကောင်မလေး ဒီမနက် အိပ်ရာထဲမှာ သတိလစ်နေလို့ပါ ဒေါက်တာ"

ဟု အမြန်ရှင်းပြပြီး ဆေးကုခိုင်းရသည်။ ဆရာဝန်ကလည်း လူနာကို အရေးတကြီး စမ်းသပ်စစ်ဆေးကုသဖို့သာ အရေးကြီးလေရာ ဘာမှမမေးသေးဘဲ အရင်ဆုံး သတိရအောင် ပြုစု၊ ဆေးထိုးဒရစ်(ပ)ချိတ်လုပ်ပေးခြင်းတွေဖြင့် အလုပ်ရှုပ်နေခဲ့သည်။ အခု ဆေးကုသပေးပြီးတော့လည်း ဆရာဝန်ကို လိမ်လည်ပြောဆိုကာ အခန်းထဲက မြန်မြန်ခေါ်ထုတ်လာခဲ့ပါသည်။

တကယ်တော့ အလင်းနှစ် ကိုယ်တိုင်လည်းသိသည်။ သူ ကျူးလွန်ခဲ့သောအမှုမှာ နာမည်ကောင်းဖြင့် ထောင်ကျရမည့် အမှုမျိုးမဟုတ်မှန်း သိသည်။ အလိုမတူဘဲ အတင်းဖမ်းခေါ်နိုးပြေးလာခြင်းကြောင့် ကံကြမ္မာက သူ့ဘက်မသာဘူးဆိုလျှင် ထောင်ထဲဝင်ရဖို့သာရှိသည်။ အခိက,ကတော့ စိန်ပန်းခိုင်ကို စိတ်ဓာတ်ရေးရာအရ နားချပြီး ဖြစ်ခဲ့ပြီးသော အခြေအနေကို လက်ခံလိုက်ဖို့သာ။

"ကိုလင်းနှစ် မှာထားတဲ့ အဖော်မရှိ တစ်ကောင်ကြွက် မိန်းမကြီးတစ်ယောက် ဒီနေ့ပဲ ရောက်လာမယ်တဲ့။ အဲဒါ သွားခေါ်ရတော့မလား"





ဆရာဝန်ကို ပြန်ပို့နေစဉ် တခြားတပည့်တစ်ယောက် ရောက်လာပြီး အသိပေးသည်။

"သွားခေါ်ခဲ့တော့လေ။ ဟိုမိန်းမအတွက် လိုအပ်မယ့်ကိစ္စတွေ စီစဉ်ဖို့ မိန်းမအသက်ခပ်ကြီးကြီးတစ်ယောက်ရှိမှ ဖြစ်တော့မယ်"

"ဟုတ်ကဲ့ ကိုလင်းနှစ်"

"မင်း ခေါ်လာမယ့် အဒေါ်ကြီးက စိတ်ချရပါစေနော်။ စကားမရှုပ်နဲ့။ ဘယ်ကိစ္စမှ ဝင်မပါနဲ့တွေ မှာထားရဲ့လား"

"မှာထားပါတယ်၊ စိတ်ချပါ၊ သူ့မှာ နေစရာလည်းမရှိ။ ဆွေမျိုးအိမ်တွေ ကပ်နေနေရတော့ မကြည်ဖြူကြတာမို့ နေစရာအိမ်တစ်အိမ်ပေးမယ့် အလုပ်မျိုးရရင် ပိုက်ဆံမပေးရင်နေပါ လုပ်ချင်ပါတယ် ပြောထားတဲ့ လူစားမျိုးပါ"

ဒရစ်(ပ)သွင်းနေသော စိန်ပန်းခိုင်ကို ထပ်ပြီးတက်ကြည့်တော့ ပြန်အိပ်ပျော်သွားတာ တွေ့ရသည်။ ဒရစ်(ပ)ကုန်တဲ့ထိ ဝင်သွားလျှင် တော်တော်တော့ ထူထူထောင်ထောင် ပြန်သွားမှာပါ။ အဲဒီကျမှ ဘယ်လိုပုံစံ ပြောင်းလာမလဲ စောင့်ကြည့်ရသေးတာပေါ့။ လူဆိုတာ သေလုမြောပါး ဝေဒနာတစ်ခုခု ခံစားဖူးသွားရင် နောက်တစ်ခါ ဒါမျိုးဖြစ်မှာကြောက်ပြီး မဖြစ်အောင် နေတတ်ကြတယ်တဲ့။ မင်းရော အဲဒီလိုလူမျိုးလား စိန်ပန်းခိုင်။



www.burmeseclassic.com

www.burmeseclassic.com



စိန်ပန်းခိုင်ကို အခန်းထဲမှာ ထားရစ်ခဲ့ပြီး အလုပ်ကိစ္စလုပ်စရာရှိသည်များကို ဖုန်းတစ်လုံးနဲ့ ညွှန်ကြားလိုက်ပါသည်။

"ဘယ်သူလူပျောက်တိုင်ထားသေးလဲ နည်းနည်းပါးပါး စုံစမ်းကြည့်ဦး။ စိန်ပန်းခိုင်တို့မိသားစုကိုရော၊ မြတ်နိုးတို့မိသားစုကိုရော မျက်ခြည်မပြတ် စောင့်ကြည့်သတင်းပို့"

ဟုလည်း ဒီဘက်မှာ စိန်ပန်းခိုင်ကို ခိုးထားသည့်ကိစ္စတွင် ဝင်ပါထားသည့် စိတ်ချရတဲ့ တပည့်တွေကိုလည်း မှာရပါသည်။

ဒရစ်(ပ)ကုန်ချိန်လောက်ရောက်မှ မှန်းပြီး အပေါ်ပြန်တက်လာကြည့်သောအခါ စိန်ပန်းခိုင် နိုးနေပြီ။ ဒရစ်(ပ)ပိုက်ကို သူမဘာသာ ဆွဲဖြုတ်ထားပြီးဖြစ်သည်။ အလင်းနှစ်ဝင်လာသောအခါ စိမ်းစိမ်းရဲရဲ စိုက်ကြည့်နေလေသည်။

"မင်းလိုမိန်းကလေးမျိုးတော့ အံ့ဩတယ်၊ တစ်ကိုယ်ရည်သန့်ရှင်းမှုလည်း မရှိဘူး။ အံ့ဩပါရဲ့ သုံးရက်လုံးလုံး ရေမချိုး အဝတ်မလဲဘဲ နေနိုင်တယ်။ ဒီတစ်ခန်းလုံးဟာ မင်း ချွေးနံ့တွေနဲ့ နံပြီးလှောင်ပိတ်နေတာပဲ"

အလင်းနှစ် ထိုသို့ကဲ့ရဲ့လိုက်သောအခါ စိန်ပန်းခိုင်မှာ မိန်းကလေးပီပီ အနည်းငယ်တော့ ရှက်သွားပုံရသည်။





တကယ်ပင် သုံးရက်လုံးလုံး အဆာမစား၊ ရေတောင်မသောက်ဘဲ နေခဲ့လေရာ ရေချိုးခန်း အိမ်သာဆီတောင် ထ,သွားနိုင်ဖို့ အင်အားမရှိတော့။ ခြေလှမ်းတွေပင် မလှမ်းချင်တော့ဘဲ ခွေနေခဲ့တာမို့ အခန်းထဲမှာ လူတစ်ယောက်၏ခန္ဓာကိုယ်မှ ထွက်သော ချွေးနံ့နှင့်ရောသည့် အဝတ်ဟောင်းနံ့မှာ လှိုင်နေသည်။ သကြၤန်အတက်နေ့မှာ ရေစိုပြီး ပြန်မခြောက်သေးခင် အဝတ်အစားနဲ့ ပါလာခဲ့သော စိန်ပန်းခိုင်ဟာ ခုထိလည်း ထိုအဝတ်အစားတွေ ဝတ်ထားဆဲမို့ အနံ့အသက်က မကောင်းလှတော့။

"မင်း ငါ့အဝတ်အစား မဝတ်ချင်ဘူးဆိုရင် ငါ ခုပဲထွက်သွားဝယ်ပြီး လာပေးမယ်၊ မင်းရဲ့ဆိုက်(စ်)တွေ ရေးပေးလိုက်"

"နင် သိစရာ မလိုဘူး"

"အေး ... ဒါဆိုလည်း ပြီးတာပဲ။ နေနိုင်ရင်နေပေါ့"

"နင့်ကို တစ်သက်မကျေဘူး မှတ်ပါ"

"ဘာလဲ၊ နောက်တစ်ခါ အစာငတ်ခံပြဦးမလို့လား"

"နင် စောင့်ကြည့်နေပါ။ နင့်ကို ငါ ပြန်ကလဲ့စားချေကိုချေမယ်။ နင်လည်း တစ်သက်လုံး ခံစားသွားစေရမယ်"

"အိုကေ ... စိန်လိုက်လေ။ ငါကလည်း ဒါမျိုးမှကြိုက်တာ။ အလကားနေရင်း အိညှောင့် အိညှောင့်နဲ့ မျက်ရည်ခံထိုးပြီး အသနားခံမယ့် မိန်းမထက် ငါနဲ့အပြိုင် ရင်ဆိုင်မဲ့တဲ့မိန်းမမျိုးကိုပဲ ကြိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟား မား ဟား ... နောက်ဆုံးတော့ နင့်ပါးစပ်က အဲဒီလို ဝန်ခံရတာပဲ မဟုတ်လား"

အလင်းနှစ် ရုတ်တရက်တော့ ဘာပြောရမှန်းမသိဘဲ ကြောင်သွားပါသည်။ နောက်မှ လှောင်သလို ပြုံးကြည့်နေသော စိန်ပန်းခိုင်ကြောင့် ချက်ချင်းသဘောပေါက်သွားပါသည်။ သူကလည်း အားကျမခံ အကျယ်ကြီး အော်ရယ်ပြလိုက်ပါသည်။

"ဟား ဟား ဟား ဟား ... တော်တော် ရယ်ရတယ် စိန်ပန်းခိုင်။ မင်းစိတ်ထဲမှာ ငါက မင်းကို ချစ်လာစေချင်တယ်၊ ကြိုက်လာစေချင်တယ်ဆိုတာ တော်တော်ထင်ရှားပါလား။ အဲဒီလောက် စိတ်ကူးမယဉ်နဲ့လေ။ ငါက ငါနဲ့ ပြိုင်နေတဲ့မိန်းမကို ကြိုက်တယ်ဆိုတာဟာ အားကစားပြိုင်ပွဲ တစ်ခုမှာ ကိုယ်နဲ့လက်ရည်တူ ပြိုင်နေတဲ့ ပြိုင်ဘက်မျိုးကို တာကို ကြိုက်တဲ့သဘောပဲ။ မင်းကို ကြိုက်လွန်းလို့ မင် ငမ်းတက် လိုချင်နေတယ်လို့တော့ မထင်နဲ့။ မင်းကိုမုန်း တယ်"

"အိုကေ ... စောင့်ကြည့်လေ၊ ငါကလည်း နင့်ကို ဘယ်တော့မှ ကျေမယ်မထင်နဲ့။ နင် တစ်နေ့ ငါ့ရှေ့မှာ ဒူးထောက်တောင်းပန်ပြီး ငါ့ကို ချစ်ပါတယ်လို့ ဝန်ခံပြတဲ့နေ့ကို စောင့်မယ်။ နင့်ကို အဲဒီလိုအဖြစ်မျိုး အရောက်





ပြီးမှ ငါ အနိုင်ယူပြမယ်။ နင့်စကား နင်မှတ်ထားလိုက်ပါ။ ငါ့ကိုမုန်းတယ်လို့ အော်နေတဲ့ နင့်ပါးစပ်က ချစ်တယ်လို့ မပြောမိအောင် သတိသာထားပေတော့"

အလင်းနှစ်သည် သတိလစ်ရာမှ ပြန်သတိရလာသော စိန်ပန်းခိုင်၏ စိတ်ခံစားပြောင်းလဲမှုကို သတိထားမိသည်။ ထင်တဲ့အတိုင်းပဲ လူဆိုတာ သေလုမြောပါး အခြေအနေတစ်ခုကို ကြုံရပြီးရင် စိတ်ခံစားပြောင်းလဲသွားတတ်တယ်။ အတွေးအခေါ်တွေ ပြောင်းလဲသွားတတ်တယ်ဆိုတာ အမှန်ပါလား။ စိန်ပန်းခိုင်ဆီက နင့်ကို တရားစွဲမယ်၊ ထောင်ချမယ်ဆိုတဲ့ ခြိမ်းခြောက်စကားမျိုး လုံးဝပြောသံ မကြားရတော့ခြင်းကို ကျိတ်၍စိတ်အေးသွားပါသည်။

အမှန်အတိုင်း ပြောရရင် (ဝန်ခံရရင်)သူဟာ လူဆိုးလူတေ လူရိုင်းစိုင်းကောင်ပေမယ့် ထောင်ထဲဝင်ရတဲ့အထိတော့ မမျှော်မှန်းရပါ။ ထောင်ကျတစ်ယောက်၊ ထောင်ထွက်တစ်ယောက်ဆိုတဲ့ ပညတ်ချက်မျိုး နာမည်တပ်ခံရမှာတော့ ကြောက်ပါသည်။ ပြီးတော့ အမေတော သူ ဆိုးထားသမျှတွေအတွက် အာမခံနဲ့ ထောင်မကျခဲ့အောင် ထုတ်ထားရလေရာ အခုချိန်မှာ ထောင်ထဲ မတော်တဆ ပြန်ရောက်ဖို့ ဖြစ်လာရင် ဘယ်လိုမှထပ်ပြီး အာမခံလို့လည်း ရမည်မထင်။ အခုတော့ သူ့ကို စိန်ပန်းခိုင်၏ စိတ်

www.burmeseclassic.com

ပြောင်းလဲမှုကြောင့် ထောင်ထဲမသွင်းတော့ဘူးဆိုတာ ရိပ်မိလျှင် အလင်းနှစ်သည် အလိမ္မာသုံးပြီး ထိုအခြေအနေကိုသာ မျှောလိုက်လိုက်ဖို့ စိတ်ကူးပါသည်။

"မကြာခင်မှာ မင်းအတွက် မိန်းမအဖော်တစ်ယောက် ရောက်လာတော့မယ်။ မင်းလိုအပ်သမျှ သူ့ကိုပြောနိုင်တယ်။ မင်း စိတ်တည်ငြိမ်လာပြီဆိုရင် ငါနဲ့ မင်း ဆွေးနွေးစရာရှိတယ်"

"ဘာမှ ဆွေးနွေးစရာ မလိုတော့ဘူး။ နင် မြွေပွေးကို ခါးပိုက်,ပိုက်ထားချင်တယ်ဆိုရင် ပိုက်ထားလိုက်လေ။ ငါကလည်း အဆင်သင့်ပဲ၊ နင် ရှုံးသွားတဲ့အထိ နင့်ကိုပြန်ကလဲ့စားချေကို ချေမယ်"

စိန်ပန်းခိုင်၏ အသံမှာ မာကျောကြွပ်ဆတ်နေသည်။ ဘာကိုမှ မကြောက်တော့၊ မမှုတော့သလို အသံဖြစ်နေသည်။ ဖြစ်လာခဲ့ပြီးသော အခြေအနေပေါ်မှာ အနိုင်ရဖို့ကိုသာ လိုချင်သော လူတစ်ယောက်၏ အမူအရာမျိုး ဖြစ်နေသည်။ အလင်းနှစ်သည် ထိုမိန်းမ၏အာဂသတ္တိ၊ ဖွဲ့နှင့် မာန်မာနတို့ကို ကောင်းကောင်းသုံးသပ်ရင်း ပြိုင်ပွဲတစ်ပြိုင်ကို စတင်ပြိုင်ဆိုင်ဖို့ အဆင်သင့် ပြင်လိုက်တော့လေသည်။





## ၁၀

စိန်ပန်းခိုင်၏ မိခင်ကတော့ ယုံကြုံးမရသလို မျက်လုံးတွေဖြင့် သမီးဖြစ်သူကိုကြည့်ကာ မျက်ရည်သုတ်လို့ မဆုံးတော့။ ဖခင်ဖြစ်သူကတော့ လုံးဝမယုံကြည်သော မျက်လုံးတွေဖြင့် အလင်းနှစ်ကို အကဲခတ်နေသည်မှာ တရားခံတစ်ယောက်အားကြည့်သော ပုံစံမျိုးဖြစ်သည်။ အစ်ကိုဖြစ်သူကတော့ ...

"သေသေချာချာ ပြန်ပြောမယ်။ နင့်ကို ဒီကောင် အတင်းကားတင်ခိုးပြေးလာတာ မဟုတ်လား။ ဒီတော့ ဘာကြောင့် နင်က ဒီကောင်နဲ့ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးပြီး လက်ထပ်ထားရတာလဲ။ နင် အလိုမတူဘူးဆိုရင် ဒီကောင့်ကိုဖမ်းပြီး ထောင်ချလို့ရတယ် စိန်။ ရှက်ပြီးတော့ ကြိတ်မှိတ်ယူလိုက်ရတာမျိုး ငါ မကြိုက်ဘူး။ အထူးသဖြင့် ဒီလိုကောင်နဲ့ နင့်ဘဝကို မဆုံးစေချင်ဘူး"

www.burmeseclassic.com



အလင်းနှစ်ဆီ လက်ညှိုးတည့်တည့် တမင်ထိုးလိုက်ပြီး ညီမဖြစ်သူ၏ မထုံတက်တေး အမူအရာတို့ကို အားမရဟန်ဖြင့် ပခုံးကိုဆွဲလှုပ်ကာ မေးနေသည်မှာ ခဏ ခဏ။

အလင်းနှစ်ရဲ့အမေကတော့ "ထောင်" ဆိုတဲ့ စကားလုံးပါလာတာမို့ စိုးရိမ်မှုကြီးသွားဟန်ဖြင့် အသာငြိမ်ကြည့်နေရာမှ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

"ဖြစ်ပြီးသွားပြီပဲ၊ ပြန်ပြင်လို့မှ မရတော့တာ။ မိန်းကလေးတစ်ယောက်အတွက်ကလည်း ဒီလိုပြဿနာမျိုး လူသိရှင်ကြားဖြစ်ရရင် ဂုဏ်သိက္ခာ ထိခိုက်ပါတယ်လေ၊ ကျွန်မသားကလည်း ပေါက်လွှတ်ပဲစား မဟုတ်ပါဘူး။ အလုပ်အကိုင်နဲ့ အိမ်တစ်ဆောင် မီးတစ်ပြောင် ရှိတဲ့လူပါ။ စိန်ပန်းခိုင်ကို တင့်တင့်တယ်တယ် ထားနိုင်ပါတယ်"

"သမီးမှာက ရည်ရွယ်ထားတဲ့ ရည်းစားကောင်လေးလည်း ရှိပြီးသားပါ။ မိဘချင်းလည်း သဘောတူလို့ စေ့စပ်ကြတော့မှာ။ သမီးက တခြားလူတစ်ယောက်ကို ကြည်ကြည်ဖြူဖြူ လက်ထပ်လိုက်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ သမီး မှန်မှန်ပြောစမ်း၊ သမီးကို ခြိမ်းခြောက်အနိုင်ယူပြီး အတင်းလက်မှတ်ထိုး လက်ထပ်ခိုင်းတာလား။ အဲဒါ ဖေဖေ သိချင်တယ်။ အဲဒီစကားသာ သိရရင် သမီးကိုဘာမှ ထပ်မမေးတော့ဘူး။ ဖေဖေ လုပ်စရာရှိတာ ဆက်လုပ်ရလိမ့်မယ်"



အလင်းနှစ်အမေ ဝင်ပြောတာကို လုံးဝအရေးမထားဟန်ဖြင့် စိန်ပန်းခိုင်၏ဖခင်က သမီးဖြစ်သူဆီမှ အမှန်တရားကို ကြားရဖို့သာ တွင်တွင်ဆက်မေးလေသည်။ စိန်ပန်းခိုင်သည် အသက်မပါသော အရုပ်တစ်ရုပ်ကဲ့သို့ ငူငူငေါင်ငေါင်ကြီး ငြိမ်သက်စွာ ထိုင်နေခဲ့သည်မှာ တော်တော့်ကို ကြာပြီ။ အလင်းနှစ်ပင် အံ့သြယူရသည်။ ဒီမိန်းမ ဒီလောက်ငြိမ်ပြီး ထိုင်နေနိုင်လိုက်တာ။ မျက်တောင်လည်း သိပ်မခတ်။ အသက်ရှူနှုန်းတောင် ဖျော့ဖျော့လေးပဲ ရှူသလားမသိ။ ရင်ဘတ်အနိမ့်အမြင့်တောင် မတွေ့ရပါ။ ဒီတော့ အရုပ်တစ်ရုပ်နဲ့ပင် တူနေသည်။

ဒီရက်ပိုင်းအတွင်း စိတ်ဆင်းရဲရသဖြင့် အင်မတန်မှ ချုံးကျပိန်သွယ်သွားသော မျက်နှာမှာ မေးစေ့ကလည်း နဂိုချွန်တာမို့ ပိုပြီးသွယ်လျနေသည်။ မဖြူမညို အသားအရေပိုင်ရှင် မိန်းကလေးသည် အခုတော့ ဖျော့တော့နေသလိုတောင် ထင်ရသည်။ အေးလေ မင်းကလည်း ငါ့ကိုမှ နိုင်အောင်ပြိုင်ချင်ခဲ့တာကိုး။ အလင်းနှစ်သည် လူကြီးတွေအကုန် ဖုန်းဆက်မခေါ်ခင်မှာတောင် စိန်ပန်းခိုင်ကို စကားဖြင့်ရအောင် အနိုင်ယူခဲ့သေးတာကို တွေးမိ၏။





www.burmeseclassic.com

www.burmeseclassic.com



"မိဘတွေမြင်မှ မင်း စိတ်ကူးပြောင်းပြီး ငါ့ကို ထောင်ထဲပို့မယ့်စကားမျိုး ပြောဖို့တော့ မစဉ်းစားနဲ့နော်။ မင်းနဲ့ငါ ဒီမှာ လက်မှတ်ထိုး လက်ထပ်ပြီးပြီ။ မင်း ဘာမှလုပ်လို့ မရတော့ဘူး"

ထိုအခါ စိန်ပန်းခိုင်ကလည်း နာနာကြည်းကြည်း ရယ်သည်။

"အိုး ... စိတ်ချ။ ငါကလည်း ငါ စိတ်ဆုံးဖြတ်ပြီးလုပ်တဲ့ အရာတစ်ခုအတွက် ဘယ်တော့မှ နောက်မဆုတ်ဘူး မှတ်ပါ။ နင်သာ မြဲမြဲမှတ်ထား။ နင် တစ်ခုခုကိုယူချင်ရင် တစ်ခုခုကို ပြန်ပေးရတယ် ဆိုတာ"

အလင်းနှစ်သည် ထိုစကား၏အဓိပ္ပာယ်ကို သိပေမယ့် ငါက သူ့ဆီက ဘာယူလို့ ဘာပြန်ပေးရမှာလဲ။ အဓိပ္ပာယ်မရှိတာတွေဟုသာ ဖွတ်တွေးမိလေသည်။

"ဒီလိုရှိပါတယ် အစ်မကြီးရယ်။ သားကလည်း သူ့ သိပ်မေတ္တာရှိလွန်းလို့ မရမက ခိုးယူတဲ့သဘောပါ။ စိန်ပန်းခိုင်မှာလည်း ရည်းစားက ရှိပြီးသားဖြစ်နေတော့ သူ့ကို ပြန်လက်မခံတာကြောင့် လူငယ်ပီပီ ဖွတ်တရွတ် လုပ်မိတဲ့သဘောပါ။ ကျွန်မမှာလည်း ဒီသားလေးတစ်ယောက်ပဲ ရှိတာမို့ ခွင့်လွှတ်လို့ရရင် ခွင့်လွှတ်ပေးပါရှင်၊ အစ်မကြီး





တို့ရဲ့သမီးကို အကောင်းဆုံးဆိုတဲ့ဟိုတယ်ကြီးမှာ အကောင်းတကာ့ အကောင်းဆုံးဖြစ်မယ့် မင်္ဂလာပွဲမျိုး ကျင်းပပြီး လက်ထပ်ပေးပါ့မယ်။ မင်္ဂလာလက်ဖွဲ့အဖြစ် ပုလဲစိန်အတွဲ လက်ဝတ်ရတနာတစ်ဆင်စာနဲ့ ပတ္တမြားတစ်ဆင်စာလက်ဖွဲ့ပါ့မယ်။ သားကိုတော့ ထောင်ထဲမသွင်းပါနဲ့ရှင်"

အလင်းနှစ်သည် အမေက ဒူးထောက်မတတ် တောင်းပန်နေတာ မြင်တော့လည်း မခံချင်။ ရှင်းရှင်းပြောရရင် သူတို့က ဘာတွေမို့လဲ။ သာမန်စီးပွားရေးလုပ်ငန်းလေးတစ်ခုနဲ့ လူတန်းစေ့နေနိုင်၊ သုံးနိုင်၊ ငွေဖြုန်းနိုင်ရုံလေး အဆင့်မှာ ဟုတ်လှပြီထင်နေကြတာ။ အမေ့လို ရတနာတိုက်ကြီးတစ်တိုက်ပိုင်တဲ့သူဟာ သူတို့ရှိတာလောက်တော့ အိပ်နေသလောက်ပဲ ဆိုတာ အသိသာကြီး။ အမေ ဘာမှခ,ယနေစရာ မလိုဘူး။

"အမေ တော်ပါတော့၊ ဘာမှ တောင်းပန်နေစရာ မလိုဘူး။ သားနဲ့သူ လက်မှတ်ထိုး လက်ထပ်ပြီးနေပြီ။ သူတို့ပြန်ခွဲပြီး သားကို ထောင်ချလိုက်လည်း သမီးဖြစ်တဲ့သူကို ရေဆေးပြီး အပျိုပြန်လုပ်ခိုင်းလို့မှ မရတာ"

"ဘာ ... မင်း ဘာပြောတယ်၊ ရိုင်းလှချည်လား"

ရုတ်တရက်ပင် စိန်ပန်းခိုင်၏အစ်ကိုမှာ ဖျတ်ခနဲ ပြေးဝင်လာပြီး လက်သီးဖြင့် အလင်းနှစ်မျက်နှာဆီ ထိုးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ သို့သော် အလင်းနှစ်က အထိုးမခံရအောင် ရှောင်လိုက်သလို အဖေးနေရာတွေမှာရော၊ မလှမ်းမကမ်းတွေမှာရော ရပ်စောင့်နေကြသော အလင်းနှစ်၏ တပည့်တွေက လျင်မြန်စွာပြေးလာပြီး ဖမ်းချုပ်လိုက်တာရောကြောင့် စိန်ပန်းခိုင်၏အစ်ကိုမှာ အလင်းနှစ်ကို မထိုးလိုက်ရပါ။

"ဟောကောင်တွေ ဖယ်စမ်း။ ဒါက ဘာသဘောလဲ၊ ဘာသဘောနဲ့ ဝိုင်းချုပ်ထားတာလဲ"

"သား ... သားကြီး တော်ပါတော့ကွယ်၊ စိတ်လျှော့လိုက်ပါ။ မေမေ ရင်တွေတုန်လို့"

"သမီး ... စိန်။ အဲဒီလိုထိုင်ပြီး မထုံတက်တေး လုပ်မနေနဲ့လေ။ ဖေဖေ မေးတာကို ဖြေစမ်း၊ အမှန်အတိုင်းဖြေစမ်း"

စိန်ပန်းခိုင်မှာ မလှုပ်မယှက် ထိုင်လျက်နဲ့ပင် ...

"စိန့် အစတည်းက ပြောပြီးပြီလေ ဖေဖေ။ စိန် သူ့ကို လက်ထပ်ချင်လို့ကို လက်ထပ်လိုက်တာပါ။ တခြားဘာမှ မသိချင်ပါနဲ့တော့နော်"

ဟု အသက်မပါသော အသံဖြင့် ပြောလိုက်သောအခါ တစ်ခန်းလုံး ပြန်ရှုံတိတ်ဆိတ်သွားပါသည်။ အတန်ကြာမှ ဖခင်ဖြစ်သူက အရင်ဆုံး ထရပ်လိုက်ပါသည်။





"ကောင်းပြီ စိန်။ အဲဒီစကားအတွက် ဖေဖေ ဘာမှစောဒကမတက်တော့ပါဘူး။ ဒါပေမဲ့ သမီးမြဲမြဲမှတ်ထားလိုက်ပါ။ ကိုယ်ဖြစ်ရင်ကိုယ်ပဲခံရမယ်။ မိဘကဝင်ကူပြီး ခံစားပေးလို့မရဘူး။ သမီးရဲ့ဆုံးဖြတ်ချက်အတွက် နောင်တရခဲ့ရင်တောင် ဖေဖေမေမေတို့ရှေ့မှာ လာမငိုပါနဲ့"

"သမီးရယ် ... စိန်ရယ်၊ ဘယ်လိုဖြစ်ရတာလဲ"

"စိန့်ကို ခွင့်မလွှတ်ပါနဲ့ ဖေဖေနဲ့ မေမေ၊ စိန် တစ်နေ့ကျရင် စိတ်ချမ်းသာရဖို့ သူ့ကို လက်ထပ်တာပါ"

စိန်ပန်းခိုင်သည် ထိုစကားကို ပြောစဉ်မှာတော့ အလင်းနှစ်ကို စူးစူးစိမ်းစိမ်း စိုက်ကြည့်လျက် တစ်စုံတစ်ခုကို ...မ်းခြောက်သလိုအသံဖြင့် ပြောတာဖြစ်ကြောင်း အလင်းနှစ်သိ...ိုက်လေသည်။

မိဘနဲ့အစ်ကိုတို့ ပြန်သွားပြီးသောအခါ စိန်သည် ...ျန်ရစ်ခဲ့သေးသော အလင်းနှစ်၏မိခင်ကို စတင်စကားပြော...ါသည်။

"အန်တီ ခုနက ပြောလိုက်ပါတယ်နော်။ အခမ်းနားအကြီးကျယ်ဆုံးသော မင်္ဂလာပွဲကို စီစဉ်ပေးမယ်ဆိုတာ"

အလင်းနှစ်သည် စိတ်ထဲမှ ကျိတ်ကဲ့ရဲ့လိုက်မိသည်။ ...းမတွေရဲ့စိတ်က ဒါပဲ။ အပျိုဖော်ဝင်စ အရွယ်တည်းက တစ်...ကျရင် ခမ်းခမ်းနားနား လက်ထပ်ရဖို့ကို အားလုံးစိတ်ကူးယဉ်



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်တဲ့။ အဲဒီလို ကြားဖူးထားတဲ့အတိုင်း တကယ်ပါပဲလား။ စိန်ပန်းခိုင်လည်းပဲ … …။

"အဲဒီမင်္ဂလာပွဲကို သိန်းတစ်ထောင် အကုန်ခံနိုင်မလား"

အလင်းနှစ်၏ အတွေးတောင် မဆုံးလိုက်သေး။ စိန်ပန်းခိုင်ထံမှ ဆက်မေးလိုက်သောစကားကြောင့် အလင်းနှစ်၏ အတွေးတွေပင် တစ်ဝက်တစ်ပျက် ရပ်တန့်အံ့သြသွားပါသည်။ ဘာကြောင့် သိန်းတစ်ထောင်တန်မင်္ဂလာပွဲကို လိုချင်ရသလဲ။ မတန်လိုက်တာကွာ။ သူက ဘာမို့လို့လဲ။ ဘယ်လောက်တောင် များ အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိနေတဲ့ တော်ဝင်ပန်းမို့လား။ အလင်းနှစ်သည် စိန်ပန်းခိုင်ကို တော်တော်မုန်းပြီး အမြင်လည်း ကတ်နေလေရာ ထိုသို့သော ပျစ်ပျစ်နှစ်နှစ် မဲ့ရွဲ့တွေးလိုက်ပါသည်။ ထို့အတူ ပါးစပ်ကလည်း ဒီတိုင်းပိတ်မထားနိုင်ဘဲ ဝင်ပြောမိ သည်။

"အမိပွာယ်မရှိတာကွာ၊ ဘယ်လိုမင်္ဂလာပွဲမျိုးမို့ သိန်းတစ် ထောင် အကုန်ခံရမှာလဲ၊ မတန်မရာတွေ"

ထိုအခါ စိန်ပန်းခိုင်သည် ကျားနာတစ်ကောင်၏ မာန်ဖီသော အသံမျိုးဖြင့် …

"နင်ပဲပြောတယ်လေ၊ လူလူချင်း မတန်မရာဆိုတာ ဘာမှ မရှိဘူးဆို။ မတူဘူး မတန်ဘူးဆိုတဲ့ စကားကို သိပ်မုန်း တယ်ဆို။ ဒီတော့ ငါ့ကိုလည်း အဲဒီစကားမသုံးပါနဲ့။





မတန်မရာမင်္ဂလာပွဲမျိုး တောင်းဆိုရအောင် ငါက နှ၊ ဝဲစား၊ ကျိုးပဲ့ အကာန်း ဖြစ်နေတာ မဟုတ်ဘူး"

ဟု ချက်ချင်းပြန်ပြောလျှင် အမေသည် သူတို့၏ရန်ပွဲ ကို တားဆီးချင်ဟန်နဲ့ အလျှင်အမြန်ဝင်၍ ဖြတ်ပြောလိုက်ပါသည်။

"ကဲပါ … ကဲပါ … တော်ကြပါ။ သားကလည်းလျှော့ပါ ကွယ်။ ဘာကြောင့်ပဲ ယူယူ။ အခု ယူပြီးကြပြီပဲ။ လက် ထပ်ပြီးကြပြီပဲ။ တစ်ယောက်နဲ့တစ်ယောက် မုန်းမနေပါ နဲ့တော့"

"အန်တီ့ရှေ့မှာ အမုန်အတိုင်း ဝန်ခံမယ်၊ စိန် သူ့ကိုသိပ် မုန်းတယ် အန်တီ။ သူ့ကို တစ်သက်မကျေဘူး။ သူ စိန့် ကို အရယူခဲ့တဲ့အတွက် အဲဒါနဲ့တန်အောင် တစ်သက်လုံး ခံစားသွားစေရမယ်။ အန်တီ့သားကို ဒီလိုပြောလို့ အန်တီ ကြိုက်ကြိုက် မကြိုက်ကြိုက် စိန်ကတော့ မလျှို့ဝှက်ထား ဘူး။ အသိပေးထားပါတယ်"

အမေသည် ရုတ်တရက် စိန်ပန်းခိုင်၏ တုံ့ပြန်လိုက် မှုကြောင့် ခဏတော့ အံ့သြငေးကြောင်သွားသေး၏။ သို့သော် သားတစ်ယောက်လုံးကို အဖေမပေါ်ဘဲနဲ့တောင် မွေးလာရဲသော အလင်းနှစ်၏အမေ အတွေ့ခို ဒေါ်မဥ္ဇူရီ ပီပီ ချက်ချင်းရဲရဲတောက် သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ကောင်းပြီ စိန်ပန်းခိုင်။ ငါကလည်း အဲဒီလို ပွင့်ပွင့်လင်းလင်းပြောတာကို ကြိုက်တယ်။ ငါ့သား အလင်းနှစ်ဆိုတာ ဆိုးတဲ့ မိုက်တဲ့နေရာမှာ နာမည်တစ်လုံးနဲ့နေလာခဲ့တဲ့ကောင်ပါ။ သူ ဘယ်မိန်းကလေးကိုမှလဲ အတည်ယူခဲ့တာ မရှိဖူးဘူး။ ညည်းကိုကျမှ ဘာကြောင့်ယူသလဲတော့ မသိဘူးပေါ့။ ဘာကြောင့်ပဲယူယူ ဆိုးတဲ့ဗီဇရှိတဲ့သူက ဆိုးမှာပဲ။ ညည်းကြောင့် ပြောင်းလဲလာမယ်တော့ မထင်နဲ့။ လင်ဆိုးမယား မဖြစ်ပါစေနဲ့ပဲ ဆုတောင်းနေပေါ့။ ငါကတော့ အမေဆိုတော့ သားဘယ်လောက်ဆိုးဆိုးချစ်မှာပဲ။ သားလုပ်တာ အမှန်ပဲလို့ တစ်သက်လုံး ရပ်တည်ပေးနေမှာပဲ။ ငါ့သားကို မုန်းတဲ့သူကို ငါကလည်းချစ်မယ်မထင်နဲ့"

အမေ ထိုသို့ပြောဆိုလိုက်ပေမယ့် စိန်ပန်းခိုင်ကလည်း မဖြုံပါ။ ခပ်တည်တည် ပြန်စိုက်ကြည့်ကာ ...

"အန်တီ ကတိတော့တည်ပါ။ သိန်းတစ်ထောင်တန် မင်္ဂလာပွဲကို လုပ်ပေးနိုင်မလား၊ လုပ်မပေးနိုင်ဘူးလား။ အဲဒီလောက်ပိုက်ဆံရော သုံးနိုင်ရဲ့လား။ စိန် သိချင်တာ အဲဒါပဲ အန်တီ"





"အိုး ... ဘာလို့ ငါက မသုံးနိုင်ရမှာလဲ။ ညည်း ငါ့ကို အထင်သေးသလို စိန်မခေါ်ပါနဲ့။ ညည်းပြောတဲ့ သိန်းတစ်ထောင်ဟာ ငါ့ရဲ့စိန်နားကပ်တစ်ရံစာပါ"

အမေကလည်း ငွေကြေးနဲ့ ပတ်သက်ရင် အရင်တည်းက ကြွားဝါတတ်ကာ သူမကို ဘယ်သူကမှ အထင်သေးမခံသည်ဖြစ်ရာ ပြန်ကြွားဝါရင်း စိန်ပန်းခိုင်အား အနိုင်ရအောင်လုပ်နေသည့်မြင်ကွင်းကို အလင်းနှစ် စိတ်မကျေနပ်စွာ လက်ပိုက်ကြည့်နေခဲ့သည်။ တကယ်တော့ ဒီမိန်းမကို မုန်းလွန်းလို့ ပညာပေးဖို့ ရည်ရွယ်ပြီး ယူသာယူရတာ။ မင်္ဂလာဆောင်ကြီးလုပ်ပြီး လူရှေ့တွဲပြရမှာ သူ လုံးဝမလုပ်ချင်။ အဲဒီမိန်းမရဲ့အသားကို ဇ-တောင်မထိချင်။ ကိုယ်ချစ်တဲ့သူနဲ့ ယူရရင်တော့ တစ်မျိုးပေါ့။ မင်္ဂလာဆောင်ကြီးလုပ်ပြီး ပျော်ရွှင်စွာ လက်တွဲပြမှာပေါ့။ အခုတော့ ဒီမိန်းမကို သူ ချစ်လည်းမချစ်လေရာ လက်တွဲလမ်းလျှောက်ပြီး လူသိခံပြရမှာကို လုံးဝမလိုလားပါ။

"ကောင်းပါပြီ၊ ဒါဆို အန်တီ သိန်းတစ်ထောင် အကုန်ခံနိုင်တယ်ပေါ့"

"အကုန်ခံနိုင်တယ်၊ ညည်း စိတ်ကြိုက်သာလုပ်ပေါ့"

"ဒါဆို စိန့်ကို အခုချက်ချင်း သိန်းတစ်ထောင် ပေးနိုင်မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်"

"ဘာကွ"

အမေ့အသံနှင့် အလင်းနှစ်အသံ ပြိုင်တူထွက်လာလျှင် စိန်ပန်းခိုင်သည် အသံခပ်တိုးတိုးထွက်အောင် မရယ်ချင့် ရယ်ချင်ပုံစံနဲ့ ရယ်လေသည်။

"ဘာလို့ ချက်ချင်း သိန်းတစ်ထောင် လိုချင်ရတာလဲ"

"မင်း စီမံခန့်ခွဲစရာ မလိုဘူးလေ။ ဘာကြောင့် ငွေကိုင်ပြီး သုံးချင်ရတာလဲ။ အမေပဲ ဝယ်ခြမ်းစီစဉ်ပေးမှာပေါ့"

သားအမိနှစ်ယောက်၏ ပြိုင်တူလိုလိုတွေ ပြောသောစကားကို စိန်ပန်းခိုင်က ဆုံးအောင်ပြောစေပြီးမှ ...

"လက်ထဲကိုင်ပြီး ကိုယ့်ဘာသာ စီမံခန့်ခွဲသုံးစွဲတော့ရော ဘာဖြစ်လဲ။ သိန်းတစ်ထောင်ပေးမယ် အကုန်ခံမယ် ကတိပေးပြီးပြီလေ။ ငါ့လက်ထဲထည့်ပြီး ငါ့ဘာသာ သုံးတာနဲ့ နင့်အမေဆီက စာရင်းပြပြီး သုံးရမှာ အတူတူပဲ မဟုတ်လား။ ဘာလို့ တွန့်တိုနေရတာလဲ"

"ငါ့အမေပိုက်ဆံကွ။ သူ လွယ်လွယ်နဲ့ ရှာထားရတယ် မထင်နဲ့"

"တယ်ဟုတ်ပါလား၊ နင်က တကယ်တော့ အမေ့အတွက်တော့ သားလိမ္မာတစ်ယောက်ပါလား၊ အမေ့ပိုက်ဆံသိတတ်လှချည်လား။ ကဲ ... ဒီတော့ ရွေးစမ်းပါဦး။ ငါ့လက်





ထဲကို သိန်းတစ်ထောင်ထည့်မလား။ နင် ထောင်ထဲကို အလိုမတူဘဲ ခိုးယူပေါင်းသင်းမှုဖြစ်တဲ့ "မုဒိမ်းမှု" ဆိုတဲ့ နာမည်ဆိုးကြီးနဲ့ ဝင်မလား။ ရွေးလိုက်ပေါ့"

"ဟာကွာ ... တောက်"

အလင်းနှစ်သည် စိန်ပန်းခိုင်၏ ထိမထင်မျက်နှာကြောင့် စိတ်မထိန်းနိုင်တော့ဘဲ လက်ဖြင့်ဖြတ်ရိုက်မိတော့မလို ရွယ်စဉ် အမေ့ဆံမှ ...

"သား ... အလင်း မလုပ်နဲ့"

ဟူသော တားသံကြောင့် လက်က လမ်းခုလတ်တွင် ရပ်တန့်သွားပါသည်။ အမေမှာ အင်မတန်မှ လျင်မြန်စွာပင် စိန်ပန်းခိုင်ရှေ့ ကွယ်ရပ်လိုက်ပြီး ...

"မိန်းမတစ်ယောက်ကို ခွန်အားသုံးပြီး ရိုက်နှက်နှိပ်စက်တာမျိုး အမေမ မကြိုက်ဘူး သား။ အမေ အဲဒါတော့ အားမပေးဘူး။ အဲဒါဟာ သူ့ရဲ့ဘောကြောင်တဲ့ ယောကျ်ားတွေရဲ့အလုပ်ပဲ။ သား လူဆိုးလူမိုက်သာ ဖြစ်ရင်ဖြစ်မယ်။ မိန်းကလေးတွေအပေါ်မှာတော့ ကိုယ့်ထိလက်ရောက်ရိုက်နှက် နှိပ်စက်တဲ့အထဲမှာ မပါရဘူးလို့ အမေ ပြောဖူးတယ်လေ။ နောက် ဒါမျိုးမလုပ်နဲ့နော်။ အမေ့ရှေ့မှာ ဖြစ်တာလည်း နောက်ဆုံးဖြစ်ပါစေ။ အမေ့ကွယ်ရာမှာလည်း မဖြစ်စေနဲ့၊ အမေ မကြိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အလင်းနှစ်သည် အမေ့စကားကို နားထောင်ပြီး အမေ့ဘက်က ရပ်သူပီပီ ...

"အမေမကြိုက်ရင် မဖြစ်စေရပါဘူး"

ဟု ချက်ချင်း မဆိုင်းမတွ အဖြေပေးလိုက်သည်။

"ကဲ ... စိန်ပန်းခိုင်။ ညည်းလိုချင်တဲ့ သိန်းတစ်ထောင် မနက်ဖြန်မနက် ရရစေ့မယ် ဟုတ်ပြီလား။ ငါ့သားကို တော့ မြှိမ်းခြောက်တာတွေ ဘာတွေ လုပ်မနေနဲ့။ သူ စိတ်မထိန်းနိုင်လို့ ရိုက်မိရင် ငါလည်း ဘာမှမတတ်နိုင် ဘူး"



# အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com



## ၁၁

စိန်သည် လက်ထဲသို့ သိန်းတစ်ထောင်ရောက်သောအခါ အလင်းနှစ်ကို ခပ်တည်တည်ကြည့်ရင်း ...

"ငါ အပြင်ထွက်ဖို့ရှိတယ်၊ ကားသော့ပေးပါ"

ဟု အမိန့်ပေးသလို ပြောလိုက်၏။

"ငါ့ကားက ငါကိုယ်တိုင်မောင်းတဲ့ကား၊ အဲဒီကားတော့ ပေးမမောင်းနိုင်ဘူး"

"နင့်မှာ 4WD ရှိတာ ငါသိတယ်။ အဲဒီကားသော့ ငါ့ကို ပေး။ တစ်ခါတည်း ပြောလိုက်မယ်၊ အဲဒီကား ငါ့ကိုအပိုင်ပေးရမယ်၊ ငါသွားဖို့ လာဖို့တော့ ကားတစ်စီးလိုတယ်"

"အံမာ ... ဟား ဟား ... 4WD မှ တက်ကိုင်တယ်၊ တော်တော်မက်မောပါလား"





"နင် ဘာမှခန့်ဓရာ မလိုဘူး။ နင် ငါ့ကို ယူထားတဲ့အတွက် ငါလိုအပ်တာ မှန်သမျှ ဖြည့်ဆည်းပေးရမယ်။ ငါ ကားလိုရင် ကားပေးရမယ်။ ငါ အသုံးစရိတ်လိုရင် ပေးရမယ်"

"မင်းမှာ ခု သိန်းတစ်ထောင် ရှိနေပြီပဲ"

"အဲဒါကို လာမထိနဲ့လေ။ အဲဒါ နင့်အမေမင်္ဂလာစရိတ်ပေးတာ"

"နေစမ်းပါဦး၊ ငါ သိချင်လွန်းလို့ မေးပါရစေ၊ မင်းက ဘာကြောင့် ငါနဲ့ရွှေလက်တွဲပြီး ပွဲထုတ်မင်္ဂလာဆောင်ချင်ရတာလဲ"

အလင်းနှစ်က လှောင်ပြောင်ဟန်ဖြင့် မေးလိုက်လျှင် စိန်တစ်ယောက် ရှူးရှူးရှားရှား ဖြစ်သွားပါသည်။

"နင်လည်း နင့်ကိုယ်နင် သိပ်အထင်မကြီးနဲ့လေ။ ဘာဖြစ်လာမလဲ ဆိုတာပဲ ပါးစပ်မိတ်ပြီး စောင့်ကြည့်နေ။ ကဲ ... ခုလောလောဆယ် ငါ့ကို 4WD ကားသော့ပေးပါ။ အပြင်ထွက်ရင်သုံးဖို့ ငါးသိန်းပေးပါ"

"စိန်ပန်းခိုင် ... စိန်ပန်းခိုင်။ မင်းကို ငါ ဘယ်လိုသဘောနဲ့ ယူလာခဲ့သလဲ ပြန်စဉ်းစားဦးလေ။ မင်းကိုမုန်းလို့ နှိပ်စက်ဖို့ ယူလာခဲ့တာ။ မင်း တောင်းဆိုတာတွေ ဖြည့်ဆည်း



www.burmeseclassic.com

www.burmeseclassic.com



ဖို့ယူတာ မဟုတ်ဘူး။ ဒီတော့ ကားလည်း မပေးနိုင်ဘူး၊ သုံးဖို့လည်း မပေးနိုင်ဘူး၊ ရှင်းပြီလား"

စိန်သည် ဒေါသထွက်ရလွန်းလို့ မျက်လုံးတွေပြာ လာသည်။ ကြည့်စမ်း ... ဒါ တမင် လူကိုအကျဉ်းချထားတာ သူ ဖမ်းဆီးပိတ်နှောင်ထားတုန်းက တစ်ပတ်တိတိ အခန်းထဲမှာ နေရပြီးပြီ။ စိန့် မဝတ်ချင်ပေမယ့် သူ့ရဲ့တီရှပ်တွေ ဂျင်းနဲ့တွေ ယူဝတ်ပြီး နေခဲ့ရပြီးပြီ။ အခုတော့ စိန် ဒီလိုမနေနိုင်တော့။ စိန် အပြင်ထွက်ခွင့် ရပြီမို့ ထွက်မှဖြစ်မည်။ စိန့်မှာ ကားလိုသည် အပြင်ထွက်ပြီး ဝတ်ဖို့စားဖို့ အဝတ်တွေ အိမ်ပြန်ယူရမည်။ ဖြစ် နိုင်ရင် စိန်သည် အလင်းနှစ်မျက်နှာကို နေ့တိုင်းကြည့်ရတဲ့ဘ မျိုးမှာ နေတောင်မနေချင်။ သို့သော် စိန်ကလည်း စိန့်အကြံ သူ့ကို တစ်နည်းမဟုတ်တစ်နည်း ဒုက္ခပေးချင်သေးသည်ဖြစ်ရ ဒီကသွားလို့ မဖြစ်။ စိန့်ဘဝက ပျက်ပြီးနေပြီ။ အလင်းနှစ်ကို စိန် လက်မှတ်ထိုး လက်ထပ်လိုက်ရပြီးပြီ။ တကယ့်လင်မယား အစစ်တွေလို ချစ်ခင်ကြင်နာယုယပြီး အတူမနေကြပေမယ့် ဒါကို အေးပတ်ဝန်းကျင်က သိမှာမဟုတ်။ သူတို့အမြင်မှာ စိန်ဟာ အလင်းနှစ်ရဲ့မိန်းမ ဖြစ်ပြီးနေပြီ။ အဲဒီအမည်သည် စိန့်ဘဝကို ဖျက်ဆီးလိုက်သလိုပင် ဖြစ်လေသည်။

"နင် ငါ့ကို ကားပေးမလား မပေးဘူးလား"





"မပေးဘူးလို့ ပြောပြီးပြီ"

"အေး ... ကောင်းပြီနော်၊ နင် စောင့်ကြည့်နေပါ။ ငါက လည်း ဒီတိုင်းငြိမ်ခံမှာတော့ မဟုတ်ဘူး"

စိန်သည် ခြံထဲကို အေးအေးဆေးဆေးပဲ ထွက်သွား ခဲ့သည်။ စိတ်ငြိမ်ငြိမ်ထားပြီး ခြံထဲမှာ အလှဆင်ထားသော ရေ တံခွန်အသေးလေးဆီ သွားလိုက်သည်။ အဲဒီနားမှာရှိသော ရေတံခွန် ကို ဝန်းရံထားသည့် ကျောက်ခဲတွေထဲမှ စိန် နိုင်သလောက် ကျောက်ခဲကြီးကြီးကို မ,ယူလာလိုက်သည်။

ကားနှစ်စီးလုံးကို ဂိုထောင်ထဲ မထည့်ထားဘဲ ဒီနေ့ မှ အပြင်ထုတ်ကာ အလင်းနှစ် ကိုယ်တိုင် ရေဆေးပေါလစ်ရှ် တင်ထားတာမို့ ကားတွေက နေရောင်အောင်မှာ လက်လက်ထနေ သည်။

စိန်သည် အရင်ဆုံး အလင်းနှစ်၏ ကားအမြင့်ကြီး ကို ကျောက်ခဲနဲ့ထုဖို့ စိတ်ကူးသည်။ ဒါမှ သူ့အသည်းနှလုံးတွေ ကြွေကျမှာ။ သူက ဒီကားနဲ့ပတ်သက်ရင် တော်တော်အရူးထနေ မှန်း အကဲခတ်မိ၍ပင်။

စိန် အားကုန်ပင် ကား၏လေကာမှန်ဆီသို့ ကျောက် ခဲကို ပစ်ပေါက်လိုက်ပါသည်။

"ခွမ် ... ဂလွမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟာ ... ဘာလုပ်တာလဲ၊ ဘာလုပ်လိုက်တာလဲ မစိန်ပန်းခိုင်။ ကိုလင်းနှစ် ... ကိုလင်းနှစ် လာပါဦး ဒီမှာ"

အလင်းနှစ်၏ တပည့်တစ်ယောက်ဟာ ကွဲရှသော အသံကို စူးစမ်းလိုဟန်ဖြင့် သူတို့ကို ပေးနေသော တိုက်တန်းလျားအတွဲကြီးထဲမှ ထွက်ကြည့်လျှင် အံ့အားတသင့် အော်တော့သည်။ ကျန့်တဲ့လူတွေပါ တိုက်ခန်းတွဲတွေထဲက ထွက်လာချိန်တွင် စိန်သည် ကျောက်ခဲကို ပြန်ကောက်ကာ 4WD ၏ ရှေ့ကာမှန်ဆီသို့ လျင်မြန်စွာ ပစ်ပေါက်ပြီးလေပြီ။

"အား ... ဟာ ... 4WD မှန်ပါ ကွဲပြီ"

အားလုံး တဝုန်းဝုန်း ပြေးထွက်လာချိန်တွင် စိန်သည် ကားမှန်အကွဲတွေကို အားရပါးရကြည့်ပြီး ကျေနပ်နေသည်။

"ခင်ဗျား ဘာလုပ်တာလဲ"

တပည့်တွေထဲမှ နှစ်ယောက်က စိန့်ကိုလက်မောင်း တစ်ဖက်ဆီ ဆောဆောင့်ဆွဲ တွန်းထိုးလိုက်လေလျှင် စိန်သည် နာကျင်သွားသဖြင့် "အား"ဟု အော်လိုက်မိသည်။

"ဟေ့ကောင်တွေ ... ဘာဖြစ်နေတာလဲ၊ ဟာ ... ဟာကွာ၊ ဟာကွာ ... ကားမှန်တွေ၊ ကားမှန်အကောင်းကြီးတွေ"

"သူလုပ်တာ ကိုလင်းနှစ်။ သူ နှစ်စီးစလုံး မှန်တွေကိုခွဲပစ်တာ"



"တမင် ကျောက်ခဲနဲ့ ပစ်ပေါက်လိုက်ပြီး ခွဲပစ်တာဗျ"

တပည့်နှစ်ယောက်က မျက်နှာလိုအားရပင် ဦးအောင်ပြောကာ စိန့်ကို လက်မောင်းမှ ဆောင့်ဆွဲ၍ ခေါ်လေရာ စိန်မှာ ဒယဉ်တိုက်မတတ် ပါသွားခဲ့သည်။

"မင်းတို့ ဘာမှ သူ့ကို ဒီလို ဆက်ဆံစရာ မလိုဘူး၊ အခု လွှတ်လိုက်စမ်း။ ဒါ ဘာသဘောလဲကွ၊ ငါ့အမိန့်မရဘဲ ဘာကြောင့် သူ့ကို အကြမ်းပတမ်း ဆွဲခေါ်ရလဲ"

စိန်သည် နာကျင်လွန်းသဖြင့် မျက်ရည်တွေကျကာ ညည်းညူနေမိသည်။ သူတို့လက်ကြီးတွေနဲ့ ဆုပ်ညှစ်ထား၍ စိန့် လက်မောင်းမှာ နာလှပါသည်။ အကျႌကို လှန်ကြည့်ရင် လက်ရာ အနီကြီးတွေတောင် ထင်နေမှာ သေချာသည်။

အလင်းနှစ်သည် ရုတ်တရက် မြင်လိုက်ရသော ကားမှန်ကွဲနေသည့် မြင်ကွင်းကြောင့် စိန်ပန်းခိုင်ကို ရိုက်ပစ်လိုက်ချင်စိတ်တွေ ချက်ချင်းဖြစ်သွားသည်။ သို့သော် တပည့်နှစ်ယောက်က စိန်ပန်းခိုင်ကို သူ့ထက်ဦးအောင် ဆောင့်ဆွဲဒယဉ်တိုက်ခေါ်တာ မြင်သောအခါ သူ လုံးဝမခံမရပ်နိုင်အောင် ဒေါသဖြစ်သွားသည်။

မိန်းကလေးတစ်ယောက်ကို အုံနဲ့ကျင်းနဲ့ ဝိုင်းရုပ် ဆက်စရာလား။ ပြီးတော့ သူဟာ အကျဉ်းသားလည်း မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်မှာ ကျွန်လို အစေခံလို နေရတဲ့သူလည်း မဟုတ်ဘူး။ ငါနဲ့ သူ့ရဲ့ဆက်ဆံရေးကြောင့် ဆေးလူတွေ သူ့ကို ဘာမှ ဝင်နှိပ်စက် အနိုင်ယူစရာ မလိုဘူး။

"ဟို ... ဟို ... ကိုလင်းနှစ် သူက"

"တိတ်စမ်း ... မင်းတို့ ဘာမှ ပြောစရာမလိုဘူး၊ 'သူ'ဆို တဲ့စကားလုံး သုံးစရာမလိုဘူး၊ သူဟာ ငါ့မိန်းမ။ ငါယူ ထားတဲ့မိန်းမကို မင်းတို့အားလုံး လေးလေးစားစားရှိရမယ်၊ တရိုတသေ ဆက်ဆံရမယ်၊ 'မမလေး'လို့ခေါ်ကို ခေါ်ရမယ်၊ စိန့်ပန်းခိုင်ထက် ငယ်တဲ့သူပဲဖြစ်ဖြစ် ကြီးတဲ့သူပဲဖြစ်ဖြစ် 'မမလေး'လို့ခေါ်ရမယ် မှတ်ထား၊ မင်းတို့နှစ်ယောက် ငါ့ရှေ့လာစမ်း"

တပည့်နှစ်ယောက် အထိတ်ထိတ် အလန့်လန့်ဖြင့် အလင်းနှစ်ရှေ့ရောက်လာသောအခါ အလင်းနှစ်သည် သူတို့၏ ဖက်ပိုးတွေကို အားပြင်းပြင်းဖြင့် ဖြတ်ရိုက်ပစ်လိုက်ပါသည်။ တစ်ချက်စီလည်ထွက်သွားပြီး မျက်နှာပြန်လှည့်လာလျှင် မကျေနပ် နိုင်သေးဘဲ ပါးကို တစ်ချက်စီထပ်ရိုက်ပစ်လိုက်ပါသည်။ နှုတ်ခမ် ထောင့်မှာ သွေးစအနည်းငယ်စီထွက်သွားသော တပည့်တွေလည် ငြိမ်ကုပ်သွားကာ အလင်းနှစ်ကို ရင်ဆိုင်ပြီးတော့တောင် မကြည့် တော့။ ခေါင်းတွေငုံ့ကာ လှုပ်တောင်မလှုပ်ရဲအောင် ရပ်နေတော





သည်။ အလင်းနှစ်ကသာ အမိန့်ပေးလျှင် သူတို့ကို ဝိုင်းသမပေး မယ့် တပည့်တွေ ပတ်လည်ဝိုင်းနေတာမို့ ဝိုင်းထိုးကြိတ်ရိုက်နက် ခံရမှာကို ပိုကြောက်နေမိသည်။ အလင်းနှစ် ပေးကျွေးကြည့်ရှုထား သဖြင့် အားလုံးက အလင်းနှစ်ခိုင်းရင် လူသတ်ဖို့တောင် ဝန်မလေး ကြသူတွေဖြစ်သည်။

"သူ ငါ့မိန်းမ၊ ဒီခြံ၊ ဒီအိမ်၊ ဒီကား ကြိုက်တာ လုပ်ခွင့် ရှိတယ်၊ မင်းတို့ ဘာမှ ဝင်ရှင်းစရာ.မလိုဘူး၊ ငါတို့လင်မ ယားကိစ္စ ငါတို့ဘာသာရှင်းမယ်၊ ငါ မကျေနပ်ရင် ငါပဲ သူ့ကိုရိုက်ပိုင်ခွင့်ရှိတယ်၊ မင်းတို့ လက်ဖျားနဲ့တောင် တို့ စရာမလိုဘူး နားလည်လား"

"ဟုတ် ... ဟုတ်ကဲ့ ကိုလင်းနှစ်"

"တောက် ... သွားစမ်းကွာ၊ သွားစမ်း၊ ငါ့မျက်စိရှေ့မှာ မကြည့်ချင်ဘူး၊ အလကားကောင်တွေ၊ အသုံးမကျတဲ့ကောင် တွေ၊ တစ်ယောက်မှ ငါ့ရှေ့မှာမနေနဲ့၊ ကိုယ့်နေရာကိုယ် အားလုံးပြန်ကြ"

အလင်းနှစ် ကြိမ်းမောင်းအော်ထုတ်လိုက်သောအခါ တပည့်တွေအားလုံး ငြိမ်ကုပ်လျက် အလျှိုလျှို ပျောက်ကုန်ကြတော့ သည်။ ကားမှန်ကွဲလို့ဖြစ်သော ဒေါသတွေဟာ သူတို့အပေါ် ပြီဆိုတာလည်း အားလုံး သိလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အလင်းနှစ်သည် အားလုံးအနားမှာ မရှိတော့မှ စိန်ပန်းခိုင်ကို ခါးထောက် ရပ်ကြည့်ပစ်လိုက်သည်။

"မင်း ခွဲပစ်လိုက်တဲ့တန်ဖိုးကို မင်း သိလား"

စိန်သည် ခပ်မဲ့မဲ့လုပ်ကာ သူ့ကိုပြန်ရင်ဆိုင်ကြည့်ပစ်လိုက်သည်။ ခုန သူ့တပည့်တွေနဲ့ဖြစ်သော ပြဿနာမှာတင် စိန်ကောင်းကောင်းရိပ်မိလိုက်ပြီ။ စိန့်အပေါ် ထင်သလောက်မရက်စက်ရဲသော သူ့အားနည်းချက်ကို စိန် ကောင်းကောင်းအသုံးချရမည်။ တကယ် ရက်စက်ပြီး ဥပေက္ခာပြုသောသူဆိုလျှင် စိန့်ကို သူ့တပည့်တွေ အမြစ်ပေးလျှင် ဒီတိုင်းလက်ပိုက်ရပ်ကြည့်နေမှာဖြစ်သည်။ စိန် သိလိုက်ပြီ။ အမေကို ဦးစားပေးပြီး ချစ်လည်းချစ်တတ်သော သားတစ်ယောက်ဖြစ်သူသည် မိန်းမတွေအပေါ်မှာတော့ ရက်စက်တတ်လွန်းမှာ မဟုတ်ချေ။

"မင်းကို ဒဏ်ပေးတဲ့အနေနဲ့ တစ်ပတ်တိတိ အိမ်ထဲမှာ နေခိုင်းမယ်၊ ဘယ်မှ မသွားရဘူး"

"နင် အဲဒီလို အနိုင်မကျင့်နဲ့လေ၊ ငါလည်း လူတစ်ယောက်ပဲ၊ ဒီလိုချုပ်နှောင်ထားလို့ရမလား၊ ပြီးတော့ ငါက နင့်ရဲ့ အကျဉ်းသားမဟုတ်ဘူး၊ နင့်ယူထားတဲ့မိန်းမ၊ အခုခေတ်မှာ ဘယ်ယောက်ျားမှ ကိုယ့်မိန်းမကို ချုပ်နှောင်ထားမှာမဟုတ်ဘူး"





"ငါကတော့ ချုပ်နှောင်ထားရလိမ့်မယ်၊ မင်းဖျက်ဆီးလိုက်တဲ့ တန်ဖိုးနဲ့ညီမျှအောင် ချုပ်နှောင်ထားရမယ်"

"နင်ဟာ လူယုတ်မာ"

"ဟုတ်တယ်၊ ငါ လူကောင်းမဟုတ်ဘူး၊ လူကောင်းတစ်ယောက်လို့ ဘယ်တော့မှ ကိုယ့်ကိုယ်ကိုယ် မကြေညာဘူးလေ"

"ငါ ဒီတိုင်းကြီး မနေနိုင်ဘူး၊ ငါ့မှာ ဝတ်ဖို့အဝတ်အစားလည်းမရှိဘူး၊ ငါ့မိဘအိမ် ပြန်ယူရမယ်၊ ငါ သုံးချင်တဲ့ အသုံးအဆောင်တွေအတွက် ထွက်ဝယ်ရမယ်၊ နင် ငါ့ကို အဲဒီလိုမလုပ်နဲ့"

စိန် ဘယ်လောက်အော်အော် အလင်းနှစ်ကတော့ အနိုင်ရသူတစ်ဦး၏ ရယ်သံဖြင့်ရယ်ကာ လှည့်ထွက်သွားပါသည်။ စိန်သည် ဒေါသတွေဖြင့် တုန်ယင်နေကာ ဘာလုပ်ရမှန်းမသိဖြစ်နေသည်။ တကယ်တော့ စိန် အကျႌအဝတ်အစားလိုတာလည်း တစ်ပိုင်း။ နေ့ခင်းဘက် အဖေနဲ့အစ်ကိုကြီး မရှိတုန်း အမေ့ကို တွေ့ချင်တာ စကားပြောချင်တာ တစ်ပိုင်းဖြစ်သည်။ စိန် အမေကို လွမ်းလှပြီ။ အမေ ဆူတာ၊ ပူတာ၊ ယူကျုံးမရပြောဆိုတာကိုလည်း ခံချင်လှသည်။

"အလင်းနှစ် နင် ငါ့ကို အမေ့အိမ် လိုက်ပို့ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com

"မပို့ပေးဘူး၊ ငါ့စကားအတိုင်းပဲလေ၊ တစ်ပတ်တိတိဒဏ်ပေးမယ်၊ တစ်ပတ်ပြည့်မှ ထွက်ရမယ်"

စိန်သည် သူ့ကို ဆက်ပြောမနေတော့ဘဲ တော်တော်လှမ်းလှသော ခြံတံခါးဆီသို့ ခြံဝင်းတစ်လျှောက်ပြေးထွက်လာမိသည်။ ခြံတံခါးမှာ ဘယ်တော့မှ တံခါးဖွင့်ပိတ်လုပ်တဲ့ ခြံစောင့်မရှိချေ။ တံခါး ဘယ်လို အဖွင့်အပိတ်လုပ်သလဲတော့ စိန် မသိ။ ဒါပေမဲ့ စိန် ခြံတံခါးကိုတော့ ကြိုးစားပြီးသွားဖွင့်ကြည့်ပါမည်။

"ကြိုးစားမနေနဲ့ စိန်ပန်းခိုင်၊ ခြံတံခါးက ရီမုဒ်နဲ့ ငါကိုယ်တိုင်ပဲ ဖွင့်ပိတ်လုပ်တာ၊ ငါ ဖွင့်မပေးရင် ဘယ်သူမှ ထွက်ချင်လို့မရဘူး ဝင်ချင်လို့လည်း မရဘူး"

အလင်းနှစ် လှမ်းအော်လိုက်ကာ အိမ်ထဲပြန်ဝင်လာခဲ့ပါသည်။ အာဂမိန်းမကတော့ ခြံတံခါးမှာရပ်ကာ တွန်းလိုက်တိုးလိုက် ကန်ကျောက်လိုက် လုပ်နေသေးလေသည်။ လုပ်လေလုပ်ပေါ့။ ဘယ်လောက်ကြာကြာ လုပ်နိုင်မှာလဲ။ မောရင် ရပ်သွားလိမ့်မယ်။ ပြီးတော့ ဒီလောက်နေပူကြီးထဲမှာ ခြံထဲကြာကြာနေနိုင်ရင်နေပေါ့။ ခြံထဲမှာ ဘယ်လောက်ပဲ သစ်ပင်ရိပ်ရှိရှိ၊ အဲယားကွန်းအပြည့်လွှတ်ထားတဲ့ အိမ်ထဲနဲ့တော့ ဘယ်လိုမှ ယှဉ်နိုင်မှာမဟုတ်ဘူး။ ဘယ်လိုမှ အေးနိုင်မှာမဟုတ်ဘူး။ မေလဆန်းရဲ့နေဆိုတာက ဘယ်လောက်ပူတယ်ဆိုတာ ပြောပြနေစရာတောင် မလိုပါ။





အလင်းနှစ်သည် စိန်ပန်းခိုင်ကို ပစ်ထားလိုက်ပြီး သူ့ အလုပ်ကိစ္စတွေဆီ အာရုံရောက်သွားလေရာ မေ့သွားပါသည်။ ဒီနေ့ သူ့ရဲ့ကုမ္ပဏီရုံးခန်းကို သွားရမှာပေမယ့် ကားနှစ်စီးလုံးမှန်ကွဲနေရာ ဘယ်လိုမှ သွားလို့မရတော့။ ဒါနဲ့ပဲ အိမ်ကနေ ညွှန်ကြားနေရသည်။ အိမ်မှာလည်း ကွန်ပျူတာတစ်လုံးထားပြီး အင်တာနက်လည်း သွယ်ထားသဖြင့် နိုင်ငံခြားနဲ့ အီးမေးလ် အပြန်အလှန်ပို့စရာရှိတာတွေပါ ဆက်လုပ်နေလိုက်သည်။

နေ့ခင်းပိုင်းရောက်တော့မှ ကားမှန်အကွဲတွေ ပြန်ဝယ်တပ်ဖို့ကိစ္စအတွက် အပြင်ထွက်ရမှာမို့ အရင်ဆုံး တက္ကစီဖြင့် မေမေ့ဆီသွား၊ မေမေ့ဆီက ကားတစ်စီးယူမည်ဟု တွေးပြီး ရေမိုးချိုးဖို့ ထလိုက်ပါသည်။ စိန်ပန်းခိုင်ကတော့ သူမ ရောက်လာကတည်းကထားသော အခန်းမှာနေလိုက်သည်။ စိန်ပန်းခိုင်ဘာသာ အလင်းနှစ်၏ လှူပျိုအခန်းမှာ ဘယ်လိုနေသည်တော့မသိ။ အလင်းနှစ်က ဘာမှလဲ အသုံးစ်မဝယ်ပေးဘဲ အရင်ကရှိထားသော ခုတင်မွေ့ရာတွေသာထားပေးလိုက်တာ။ အဲဒီအခန်းထဲက သူ့အဝတ်ရှိတွေတော့ အခုနေသည့်အခန်းမှာ ရွှေ့ထားလိုက်ပြီး သူ့အတွက် ခုတင်မွေ့ရာ အသစ်ဝယ်ပြီး နေလိုက်ပါသည်။

အလင်းနှစ် ရေမိုးချိုးပြီး မေမေ့ကို ဖုန်းဆက်ထားလိုက်သည်။ မေမေ အိမ်မှာတော့ မဟုတ်။ ရတနာဆိုင်မှာ...



www.burmeseclassic.com

www.burmeseclassic.com



"မေမေလား ... သား အသုံးလိုလို့ အိမ်မှာကျန်ခဲ့တဲ့ ကား တစ်စီး ခဏလာယူချင်တယ်"

အလင်းနှစ် မေမေက မာစီဒီး(စ်)ကိုတော့ ပင်တိုင်စီးကာ လိုရမည်ရ သုံးစရာပေါ်လာရင် သုံးဖို့ဆိုပြီး ဖင်ကောက်ဗင်န်တစ်စီး အပိုဝယ်ထားသေးသည်။ မေမေ အပြင်ထွက်လျှင် အိမ်မှာတော့ အဲဒီဗင်န်က ကျန်ခဲ့တတ်သည်။

"အေး သွားယူလိုက်၊ ဒါနဲ့ စိန်ပန်းခိုင် မင်္ဂလာကိစ္စ ဘာတွေစ,စီစဉ်နေပြီလဲ"

မေမေက မိန်းမပီပီ တစ်ဦးတည်းသားတစ်ယောက်တည်းကို ပိုင်ဆိုင်ထားသည့်အမေပီပီ မင်္ဂလာပွဲကိုတော့ စိတ်ဝင်စားလေသည်။

"မသိဘူး မေမေ၊ ဒီနေ့ သားနဲ့ ပြဿနာတက်ထားလို့ သူအပြင်မသွားဘူး"

"ကောင်မလေးကို ချစ်ရင်လည်း ချစ်တယ် ပြောလိုက်ပါ သားရယ်၊ မေမေ ရိပ်မိပါတယ်"

"ဟာ ... မဟုတ်ဘူး၊ မေမေ ဘာတွေ လျှောက်ပြောနေတာလဲ၊ သား သူ့ကို လုံးဝ မချစ်ဘူး"

"မင်း စဉ်းစဉ်းစားစားလည်းပြောဦး၊ ကိုယ်မချစ်တဲ့ မိန်းမနဲ့ တစ်သက်လုံးနေရမှာ"





"သူ့ကို မုန်းလို့ တစ်သက်လုံးနှိပ်စက်ဖို့ ယူထားတာပါ မေမေ"

"အေးလေ မင်းတို့ချင်းဖြစ်ထားတဲ့ပြဿနာတွေ မေမေတော့ မသိပါဘူး၊ ဒါပေမဲ့ သတိတော့ပေးမယ်၊ ကိုယ်က တစ်ခုခု ကိုလိုချင်ရင် တစ်ခုခုတော့ ပြန်ပေးရတတ်တယ်၊ မေမေက သားကို အရှုံးတွေနဲ့ မမြင်ချင်ဘူး"

"မေမေသားပါ၊ ဘယ်တော့မှ မရှုံးစေရဘူး"

အလင်းနှစ်သည် မေမေနဲ့ ဖုန်းပြောပြီးသောအခါ မေမေ ပြောခဲ့သောစကားအတွက် အံ့သြပြီး တွေးနေမိသည်။ စိန်ပန်းခိုင်ပြောတာလည်း အဲဒီအတိုင်းပဲ။ မေမေ့လိုပဲ ကိုယ် တစ်ခုခု ယူချင်ရင် တစ်ခုခု ပြန်ပေးရတယ်တဲ့။ ဘယ်လိုအရာကိုများ သူ့ဘက်က ပြန်ပေးရမှာလဲ။

စိတ်ရှုပ်တယ်ကွာ မစဉ်းစားတော့ဘူးဟု ဆုံးဖြတ်ပြီး တက္ကစီခေါ်လိုက်သည်။ တက္ကစီရောက်လာသောအခါ ခြံတံခါးကို ဖွင့်ဖြင့်ဖွင့်လျှင် စိန်ပန်းခိုင်တော့ ခြံဝမှာမရှိတော့ကြောင်း သတိထားမိသည်။ ဘယ်အချိန်ကများ အိမ်ထဲပြန်ဝင်သွားသည်မသိ။

တက္ကစီနဲ့ မေမေ့အိမ်သွား၊ ကားယူကာ ကားမှန်ကို သစ်လဲဖို့ကိစ္စ လိုက်စုံစမ်းရသည်။ မှန်လဲဖို့ကိစ္စ ဝပ်ရှော့မှာ အချိန်အချက်လုပ်နေချိန်တွင် သူ့မိုဘိုင်းလ်ဖုန်း မြည်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ သူ့တပည့်တစ်ယောက်၏ဖုန်းမှ ခေါ်တာဖြစ်သည်။

"ဘာကိစ္စလဲ ရဲမာန်"

"ကိုလင်းနှစ် ... ကိုလင်းနှစ်မိန်းမ နေမကောင်းဘူးတဲ့။ ခုလေးတင် ဒေါ်ထွား ပြောပြလို့"

"ဘယ်သူလဲ"

အလင်းနှစ် အစတော့ ကြောင်တောင်တောင် ဖြစ်သွားပြီး ပြန်မေးမိသည်။

"မမလေး စိန်မန်းခိုင်လေ။ ကိုယ်အပူကြီးပြီး အိပ်ရာထဲက မထ,နိုင်လို့တဲ့"

"ဘာဖြစ်ရပြန်တာလဲကွာ"

"ဒေါ်ထွားပြောတော့ မနက်က နေပူကြီးထဲမှာ သုံးနာရီလောက် ရပ်နေတယ်တဲ့၊ နောက်မှ သူ့,မခံနိုင်တော့လို့ ထင်တယ်တဲ့။ တစ်ကိုယ်လုံး နေလောင်ပြီး အိမ်ထဲပြန်ဝင်လာတယ်၊ ချက်ချင်း ရေချိုးတယ် ထင်တယ်တဲ့၊ အပူရှပ်ပြီး ဖျားတာတဲ့။ အခုညနေ ဒေါ်ထွားက ထမင်းစားဖို့ သွားခေါ်တော့ အိပ်ရာထဲမှာ အိပ်ပျော်နေရင်း ညည်းနေလို့ စမ်းကြည့်တော့မှ သိတယ်တဲ့။ ကိုယ်တွေခြစ်ခြစ်တောက်ပြီး မျက်လုံးတောင် မဖွင့်နိုင်တော့ဘူးတဲ့"





"ငါ့အမေပြနေကျ ဒေါက်တာဒေးဗစ်ကိုပဲ ဖုန်းဆက်ပင့်လိုက်"

"ကား ... ကားမရှိဘူး ကိုလင်းနှစ်။ ဒေါက်တာသွားပင့်ဖို့ ကားလိုတယ်"

"ဟော့ကောင် ... လျှာမရှည်နဲ့ မင်းတို့ ဆရာဝန်ကို ဆက်သွယ်ထားလိုက်။ ကားက ငါယူလာမယ်၊ အမေ့ဆီကကား ယူခဲ့မယ်"

အလင်းနှစ်လည်း ဝပ်ရှော့ကိစ္စတွေ အမြန်စီစဉ်ပြီးလျှင် အိမ်ပြန်လာလိုက်ရသည်။ တကယ်တော့ သူ ဒီနေ့ အိမ်စောစောပြန်ဖို့ ရည်ရွယ်ချက်မရှိ။ စောစောမပြန်ချင်။ အခုတလော ပျော်စရာမရှိတာ ကြာပြီတဲ့ သူ့ဘာသာ စိတ်တိုင်းမကျဖြစ်ကာ ဒီနေ့ညတော့ ကလပ်သွားလိုက်ဦးမည်။ အချောအလှလေးတွေနဲ့ အီစီကလီလေးတွေ ခတ်လမ်းလုပ်လိုက်ဦးမည်။ နောက်ဆုံးတွဲသော ရည်းစားနဲ့ ပြတ်သွားတာ ကြာပြီ။ နောက်တစ်ယောက်တောင် ထပ်မရှာရသေး။ ဒါကြောင့် ခုလောလောဆယ် ရည်းစားမရှိသလို ဖြစ်နေတာကိုလည်း ပျင်းလှပြီ။ ရည်းစား ရှိရင်တော့ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ပျော်ရသည်။ ဒါကြောင့် ကလပ်သွားရင်း ရည်းစားလေး ဘာလေး ရှာမည် စိတ်ကူးထားကာမှ အိမ်မှာ ပြဿနာက ပေါ်နေရာ မပြန်ရင် မဖြစ်တော့။



www.burmeseclassic.com

www.burmeseclassic.com

အင်း … ဒါကြောင့်များ ကိုယ်က တစ်ခုခုလိုချင်ရင် တစ်ခုခု ပြန်ပေးရတယ်လို့ ပြောတာပဲလား မသိ။ ခုတောင် သူ့အပျော်တွေကို ဟိုမိန်းမအတွက် ပြန်ပေးဆပ်နေရပြီလို့လည်း ကားမောင်းရင်း တွေးမိလာလေသည်။





# အခန်း ၁၂

အဖျားကျပြီး ခေါင်းထူနိုင်သောအခါ စိန် ခုမှပဲ မျက်လုံးကိုပါ သေသေချာချာ ဖွင့်ကြည့်နိုင်တော့သည်။ စိန့်ဘဝမှာ တစ်ခါမှ ဒီလောက် အဖျားမကြီးခဲ့ဖူးသည်ဖြစ်ရာ အသားတွေ မီးခဲလိုပူသည့်ဒဏ်။ ခေါင်းတွေ အုံခဲကိုက်ခဲသည့်ဒဏ်နှင့် မျက်လုံးတွေ ပူလောင်ကာ မျက်ခွံတွေတောင် ပင့်တင့်လို့မရအောင် ခံစားရသည့်ဒဏ်ကို တော်တော်လန့်သွားပါသည်။ ဆရာဝန်ကပြောတာ စိန် တစ်စွန်းတစ်စတော့ ကြားသဖြင့် …

"အဖျားတစ်ရှာလေးတောင် ရှိတယ်။ ဖျားတဲ့သူကို အထူကြီးတွေ ပေးမဝတ်ထားနဲ့။ စောင်တွေလည်း သိပ်မခြုံနဲ့။ ပါးပါးအဝတ်လေးတွေ လဲဝတ်ပေးလိုက်ပါ။ ချွေးတစ်ခါထွက်တိုင်း ချွေးကို ဂရုတစိုက်သုတ်ပြီး အဝတ်လဲပေးပါ"


www.burmeseclassic.com

www.burmeseclassic.com



ဟု ညွှန်ကြားထားသဖြင့် စိန့်ကို အဖော်လုပ်ဖို့ ရောက်နေသော ဒေါ်ထွားဆိုတဲ့ အဒေါ်ကြီး ဂရုတစိုက် ပြုစုပေးတာ တော့ မှတ်မိနေလေသည်။

"အင်္ကျီလေး လဲလိုက်ရအောင် မမလေး။ ဆရာဝန်က မှာ သွားလို့ ကိုလင်းနှစ် ချက်ချင်းပဲ စပန့်သားဂါဝန်ရှည်လေး တွေ သွားဝယ်လာတယ်။ ဝတ်ရပြုရတာ လွယ်အောင်တဲ့"

ဒေါ်ထွား ပြောလည်းပြော အင်္ကျီတွေလည်း တစ် ထည်ပြီးတစ်ထည် ခဏ ခဏ လဲပေးတာ၊ ရေပတ်တိုက် ပြုစုပေး တာကို မှတ်မိသည်။ စိန် ဖျားနေခဲ့တာ နှစ်ရက်လား။ သုံးရက် လားတောင် မသိ။ စိန့်လက်ကောက်ဝတ်လေးတွေကို ဖျစ်ကြည့် တော့ လက်က သေးသေးလေးတွေ ဖြစ်သွားတာမို့ စိန် တော်တော် ကို ပိန်ကျသွားခဲ့ကြောင်း သတိပြုမိသည်။

စိန် အားနည်းသဖြင့် ခေါင်းမူးနေပေမယ့် ကိုယ် ဘာသာပဲ အားယူထကာ ရေချိုးခန်းဝင် ရေချိုးလိုက်သည်။ ပြည်းပြည်းချင်း ရေချိုးပြီးလျှင် အဝတ်လဲဖို့ ကြည့်လိုက်သော အခါ ဘယ်တုန်းက ဝယ်ထည့်ပေးထားသည် မသိသော အဝတ် ဗီရိုအသစ်ကို တွေ့ရသည်။ ဗီရိုဖွင့်ကြည့်လိုက်တော့ အဝတ်များ များစားစား မရှိသေးပေမယ့် ဂါဝန်ရှည် အထပ်လိုက်ကိုတော့ တစ်ထပ်အပြည့် ထည့်ပေးထားတာ တွေ့ရသည်။





စိန် နေမကောင်းဖြစ်တာကို မေမေမေမေတို့ကို သူ အကြောင်းမကြားပေးဘူးလား။ စိန် နည်းနည်းတော့ ဒေါသဖြစ် မိသည်။ စိန့်ကို သူပိုင်ပြီဆိုတာနဲ့ စိန့်မိဘတွေကို ဂရုမစိုက်တာ မျိုးတော့ စိန် မကြိုက်ပါ။ စိန့်မိဘတွေဟာ စိန့်ကို စိတ်ဆိုးတုန်း ခဏ ပစ်ထားတာပါ။ တကယ်တော့ သူတို့ စိန့်ကို သိပ်ချစ်ကြ တာ။

စိန်သည် ဂါဝန်ရှည်တစ်ထည်ကို ဆွဲယူဝတ်လိုက် ပြီးလျှင် စေ့ထားသော အခန်းတံခါးကို တစ်စုံတစ်ယောက် တွန်း ဖွင့်သံ ကြားလိုက်ရသည်။ အသားလတ်လတ်၊ ဝဝဖိုင့်ဖိုင့်နှင့် အရပ်တော်တော်ပုသော ဒေါ်ထွားသည် စိန့်ကိုမြင်တော့ အံ့သြ သွားပြီး ...

"အမယ်လေး ... မမလေး နိုးနေတယ်။ ရေတွေ ဘာတွေ တောင် ချိုးပြီးနေပြီ၊ နိုးရင် အသံပြုလိုက်တာ မဟုတ် ဘူးရှင်။ မတော် မူးလဲပြီး ခြေချော်လက်ချော်လဲမှ ဒုက္ခ ဖြစ်ပါ့မယ်"

"ကိစ္စမရှိပါဘူး၊ စိန် ပြီးနေပါပြီ"

"နေ့လယ် ဆေးတစ်ခွက် သောက်ရမှာမို့ ကျွန်မ ဝင်လာ မိတာ"

"ဪ ... နေ့လယ်တောင် ရောက်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"တစ်နာရီ ထိုးပြီးနေပြီ"

"စိန် ... ဗိုက်နည်းနည်းဆာတယ်။ ဘာရှိလဲဟင်"

"ရှိတယ် ... ရှိတယ် မမလေး အဖျားကြီးနေတုန်း ဘာမှ မစားနိုင်တော့ ကြက်ဖွပ်ပြုတ်ကတော့ နေ့တိုင်းပြုတ်တိုက်ရတာမို့ ဒီနေ့လည်း ပြုတ်ထားတယ်။ အထဲကကြက်သားတွေကျ မမလေးက အဖတ်မစားနိုင်တော့ ကျွန်မတို့တွေပဲ ကြက်သားသုပ် လုပ်စားဖို့ ပြင်ဆင်ထားတယ်။ အသီးအရွက်ကြော်လည်း ရှိတယ်။ ငါးဖယ်ငါးဆုပ်ကြော်ရယ်။ ချဉ်ပေါင်မှုစ်ချဉ်ရည်ရယ်၊ ဝက်သားရိုးစ်ရယ် အစုံပါပဲ။ ဒီအိမ်ကလေ စားအိုးကြီးတော့ ဟင်းတွေချက်ရင် တကယ့်အလှူချက်ရသလိုပဲ"

ဒေါ်ထွားက စကားတော့ အတော်များသည့် မိန်းမကြီးပင်။ တစ်ခုခု မေးလိုက်ရင် အများကြီး ဆက်တိုက်ပြောတတ်တာ အကျင့်လိုဖြစ်နေသည်။ သူ ရောက်တာဖြင့် မကြာသေး။ စပ်စုထားလို့ သိရသမျှတွေ စိန့်ကို ပြန်ပြောတတ်လေရာ စိန်တောင် ဒီအိမ်အကြောင်း တော်တော်သိနေပြီ။ ဒီခြံထဲမှာနေသော တပည့်တွေချည်း ဆယ်ယောက်ရှိတာ။ အားလုံးရဲ့စားဝတ်နေရေးကို အလင်းနှစ်က တာဝန်ယူထားတာ။ ထမင်းချက်သော ဦးလေးကြီးက အခြောက်စီတ်ဝင်နေတာ။ ဒါကြောင့် ဟင်းချက်ကောင်းနေတာ။ စသဖြင့် အစုံပြောပြနေတတ်သည်။ ထမင်းဟင်းတွေချက်ရရင်လည်း တစ်အိမ်လုံးစာရော တပည့်တပန်းတွေအတွက်ပါ တပြေးညီစားဖို့ ချက်ရကြောင်း၊ စားအိုးကြီးလှကြောင်းလည်း မကြာခဏ ပြောတတ်သည်။





သို့သော် ဒေါ်ထွားသည် အလင်းနှစ်က ခေါ်ယူကျွေးမွေး စောင့်ရှောက်ထားခံရသောသူတစ်ဦးမိုပီ အလင်းနှစ် ဘာလုပ်လုပ် အကောင်းသာပြောသူတစ်ဦး ဖြစ်နေသည်။ တကယ့်ကို Brain wash (ဘရိန်းဝပ်ရှ်)လုပ်ထားခံရသလိုပဲ အလင်းနှစ်သည် တကယ့်လူကောင်း၊ လူလိမ္မာ၊ ဒုက္ခရောက်နေသူတွေ၏ ကယ်တင်ရှင် ဘုရင်တစ်ဆူလို့ ထင်နေသည်။

"ကျွန်မ တွဲခေါ်ရမလား"

"ရတယ် ... ရတယ်၊ စိန် ဖြည်းဖြည်းပဲ လှေကားလက်ရန်းကိုကိုင်ပြီး ဆင်းပါမယ်။ စိန့်ကိုသာ ဆေးကစောင့်ခေါ်ရင်ခေါ်ပါ"

"မမလေး နေကောင်းသွားတာသိရင် ကိုလင်းနှစ် တော်တော် ဝမ်းသာမှာ"

"ဘာကြောင့်လဲ"

"ဘာကြောင့်လဲတော့မပြောတတ်ဘူးလေ။ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်မိန်းမ ရောဂါခံစားပြီး တော်တော်နေမကောင်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေတာမြင်ရင် စိတ်မကောင်းဖြစ်ပြီး စိတ်ပူပင်သောက ရောက်ရတာပေါ့။ အခုလို ကျန်းကျန်းမာမာ ထွားထွားထောင် ထောင် ဖြစ်လာရင် ဝမ်းသာမှာပေါ့"

"ဒေါ်ထွား မသိဘူးလား။ သူနဲ့စိန်က ချစ်လို့ ကြိုက်လို့ ယူကြတာ မဟုတ်ဘူး။ သူလည်း စိန့်ကိုမုန်းလို့ ဒုက္ခပေး ဖို့ ယူတာ။ စိန်ကတော့ သူ့ အတင်းခိုးလာလို့ လိုက်လာ ရတဲ့သူ။ စိန့်ကို စိန့်ချစ်သူလက်ထဲက လုလာတာ စိန် လည်း သူ့ကို မုန်းတယ်"

စိန်သည် အားမရှိသည့်ကြားက နာကြည်းမုန်းတီး စွာ ပြောလိုက်တာကြောင့် ဒေါ်ထွားလည်း နည်းနည်းတော့ဖြ သွားကာ ပါးစပ်ပိတ်သွားပါသည်။ ထမင်းဝိုင်းမှာတော့ ဘယ်သူ မှမရှိကြ။ ဟင်းချက်သော ဦးလေးကြီးကတော့ တကယ့်ကို စည်းစနစ်ကျနစွာ အေပရွန်သန့်သန့်ကို ဝတ်ဆင်ထားပါသည်။ ပုဆိုးဝတ်တာလည်း မတွေ့ရဘဲ အမြဲတမ်း ဘောင်းဘီရှည်နဲ့ သရီးကွာတားနဲ့ လူငယ်လေးတစ်ယောက်လိုပဲ သွက်လက်တက် ကြွနေတာ တွေ့ရပါသည်။ သူက စိန့်ကို လန့်နေဟန်ဖြင့် စကားစ,မပြောရဲဘဲ အသာအယာပြုံးပြကာ ထမင်းဟင်းတွေကို မိုက်ခရိုဝေ့မီးဖိုဖြင့် နွေးတန်တာနွေး၊ တချို့ကို ဂက်(စ)မီးဖိုဖြင့် နွေးတန်တာ နွေးပါသည်။





စိန်က အားလုံးကိုမစားဘဲ စိန့်အကြိုက်ဖြစ်သော ကဘ...ါးဖယ်ငါးဆုပ်ကြော်နှင့် ကိုက်လန်ရွက်တွေကို ခရုဆီ Oyster Sauce နှင့် ကြော်ထားတဲ့ ဟင်းလျာနှစ်မျိုးတည်းကိုသာ နည်းနည်း စားလိုက်သည်။

"ထပ်ယူပါဦး မမလေး"

"နေ ... နေ ... တော်ပြီ။ အခုမှ အစာပြန်စားရတော့ ခပ် နည်းနည်းပဲ စားနိုင်တယ်၊ အစာအိမ်က အကျင့်မရှိသေး ဘူး ထင်တယ်"

"ဟုတ်တာပေါ့၊ သုံးရက်နီးပါးတောင် မှားနေခဲ့တာ"

"ဟုတ်လား၊ စိန် သုံးရက်မှားတာလား"

"သုံးရက်နီးပါးပေါ့"

"စိန့်မိဘတွေကို ဖုန်းဆက်ကြသေးလား"

"အဲဒါတော့ ကျွန်မ မသိဘူး မမလေး။ ကိုလင်းနှစ် ဆက် မယ်ထင်တယ်"

"မဆက်ပါဘူး၊ သူ, မဆက်လို့ မေမေတို့ ချက်ချင်းရောက် မလာတာပေါ့။ စိန် မေမေ့ကို သွားတွေ့ချင်တယ်၊ ခုပဲ သွားမယ်။ ကားငှားပေးပါ"

"ဟို ... မမလေး၊ ကိုလင်းနှစ်မှ ပြန်မလာသေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး၊ စိန့်ဘာသာ သွားချင်တဲ့ဆီသွားလို့ရတယ်။ သူ့ကို စောင့်စရာမလိုဘူး သူ ဘာမှတားဆီးပိတ်ပင်စရာ မလိုဘူး ဒေါ်ထွား။ စိန့်ကို ကားငှားပေးဖို့ တစ်ယောက် ယောက်ကို ပြောလိုက်ပါ"

ဒေါ်ထွားရော စားဖိုမှူးဦးလေးကြီးပါ ပျာယာခတ် သွားပါသည်။ သူတို့ဘာသာ တီးတိုးတိုင်ပင်ပြီးလျှင် ကားသွား ငှားဖို့ တိုက်တန်းလျားအတွဲထဲမှာနေသည့် တစ်ယောက်ကို သွား ပြောပေးသည်။ ဆယ့်ငါးမိနစ်လောက်ကြာတော့ စိန် တက္ကစီပေါ် ရောက်နေပြီ။ အိမ်နေရင်း စပန့်သားဂါဝန်ရှည်လေးဖြင့်သာ ထွက် လာသော စိန့်ကို ဒေါ်ထွား ငေးကြည့်ပြီး လက်ပြကျန်ခဲ့သည်။

ဖေဖေ မေမေတို့ အိမ်ရောက်တော့ စိန် နည်းနည်း တော့ ခေါင်းပြန်မူးနေပါသည်။ တကယ်တော့ ဆေးသောက် အစာစားပြီးရင် စိန် ပြန်အိပ်ရမယ်မှန်းသိရက်နဲ့ မအိပ်ဘဲ တင်း ခံပြီး ထွက်လာလေရာ စိန့်ရင်ထဲ လှပ်လှပ် လှပ်လှပ်နဲ့ မောပြီး ခေါင်းမူးလာသည်။

အိမ်မှာ ဖေဖေနဲ့ အစ်ကိုကြီးတော့မရှိ။ မေမေသာ ရှိသည်။ မေမေက စိန် နေမကောင်းကြောင်း ခုမှသိရသဖြင့် ဝမ်း နည်းပြီး မျက်ရည်ကျသည်။





"တကယ်တော့ မိဘဆီ အကြောင်းကြားသင့်ပါတယ်၊ မတော်တဆ ကိုယ့်သမီးလေး သေသွားခဲ့ရင်တောင် မေမေ တို့က သေမှတွေ့ရမလို ဖြစ်နေပြီ။ အဲဒီကောင်လေးဟာ တော်တော့်ကို ရိုင်းပါတယ်။ သူ့သတင်းတွေ မေမေတို့ အကုန်ကြားပြီးပြီ"

"စိန်လည်း မေမေတို့ကို အပူလာမပေးချင်ပါဘူး။ အခု စိန်လာတာ စိန့်အဝတ်အစားလေးတွေ ယူချင်လို့ပါ။ စိန် တစ်လအတွင်း ဖြစ်သလိုပဲဝတ်ပြီး နေနေရတာလေ"

"အေး ... ယူယူ၊ သမီးအခန်းရော၊ သမီးအင်္ကျီလေးတွေ ရော ဒီအတိုင်းပဲ။ ကောင်မလေးတွေကို မေမေနေ့တိုင်း အခန်းရှင်းခိုင်းထားတော့ ဒီတိုင်းပါပဲ။ သမီး ဒီမှာပြန်လာ နေချင် နေလို့ရအောင်လေ"

"စိန့်ကို ခွင့်လွှတ်ပါ မေမေ။ စိန့်မှာ လုပ်စရာရှိလို့ မေမေ တို့နဲ့ ပြန်လာမနေနိုင်တာပါ"

ထိုအချိန်တွင် အိမ်ရှေ့မှ ဘဲလ်သံကြားရသည်။ မေမေနဲ့စိန်က နောက်ဖေးထမင်းစားခန်းမှာ စကားပြောနေတာ ဖြစ်သည်။ သံပန်းတံခါးဖွင့်သံ၊ စကားပြောနှုတ်ဆက်မေးမြန်းသံ တွေကြားလျှင် စိန့်ရင်ခုန်သံ မြန်သွားပါသည်။ ဒါ ... ဒါ ... မြတ်နိုး အသံပဲ။ မြတ်နိုး ရောက်လာခဲ့တယ်။ မြတ်နိုး မေမေတို့ ဆီ အဝင်အထွက်မပျက် လာနေဆဲပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာ အုန်းနဲ့ခေါက်ဆွဲချက်တော့ မေမေက အန်တီတို့ အိမ်ကို သတိရတာနဲ့ သွားပို့ပေးပါဦးဆိုလို့ လာခဲ့တာ အန်တီ"

မြတ်နိုးမှာ မေမေနဲ့စကားပြောရင်း မီးဖိုထဲပါဝင်လာလေရာ ထမင်းစား စားပွဲပေါ် လက်ထောက်လျက် မေးလေးတင်ပြီး ငေးငိုင်ထိုင်နေသော စိန့်ကို ရင်ဆိုင်တွေ့လိုက်ရလျှင် အံ့ဩပြီး ဆက်လျှောက်မလာတော့ဘဲ ရပ်သွားပါသည်။

"မြတ်နိုး"

"အင်း ... အဲ ... စိန် ... စိန်ရောက်နေပါလား"

"လာလေ သား မြတ်နိုး၊ ထိုင်လေ"

"ဟုတ်ကဲ့ အန္တီ"

စိန်တို့တစ်ယောက်နဲ့တစ်ယောက် လွှင် ဟေသလို စိုက်ကြည့်မိကြသည်။ ဘယ်အချိန် တွေ့လိုက် တွေ့ ကြ မွန်ရည်သန့်ပြန့်ကာ ကြည့်ကောင်းနေသော မြတ်နိုးဟာ ခုလည်းပဲ အိမ်နေရင်း ဝတ်ထားတာ ဖြစ်ပုံရသော တီရှပ်လည်ပင်းပိတ် ပြောင်အဖြူနှင့် ကော်တွန်ဂျင်းသား သရီးကွာတာဘောင်းဘီနက် နှင့် ဖြစ်နေတာတောင် ချောမောသန့်ပြန့်နေသည်။ စိန့်ကို သူ တခဏမျှမော ငေးကြည့်ပြီးမှ သတိဝင်လာဟန်ဖြင့် မျက်နှာလွှဲကာ ...





"စိန် တော်တော်ပိန်သွားတယ်နော်၊ အသားအရေတွေလည်း ဖျော့တော့နေတယ်။ စိန် နေကောင်းရဲ့လား"

ဟု စတင်၍ ညင်သာယုယသော အသံဖြင့် မေးလိုက်ပါသည်။

စိန်သည် မျက်ရည်မဝဲမိအောင် ကြိုးစားဟန်ဆောင်ရင်း ကြိုးစား၍ ပြုံးပြလျက် ...

"စိန် သုံးရက်လောက် ဖျားနေတာ။ ဒီနေ့မှ နေကောင်းလို့"

ဟူ၍ တိုးတိုးဖြေလိုက်ပါသည်။

"စိန့်ကို ဟိုကောင်နိုပ်စက်လို့ စိတ်မချမ်းသာဘူး ဆိုရင်လည်း မိဘအိမ်မှာပဲ ပြန်နေပါလား စိန်ရယ်။ ဘာဖြစ်လို့ သူနဲ့ဆက်နေနေရတာလဲ၊ စိန့်ကို ကိုယ် နားမလည်နိုင်တော့ဘူး။ စိန် သဘောကျလို့ သူနဲ့လိုက်သွားတာလည်း မဟုတ်ဘူးလေ။ ကိုယ့်ကိုဝိုင်းရိုက်ပြီး စိန့်ကိုဆွဲခေါ်သွားတာ"

"ဒါတွေ ပြန်ပြောမနေပါနဲ့ မြတ်နိုးရယ်။ မေမေ ထပ်ကြားနေတော့ ထပ်စိတ်မကောင်း ဖြစ်နေဦးမှာပေါ့။ စိန် တစ်ခုခု ရစရာရှိသေးလို့ စောင့်နေတာပါ၊ မြတ်နိုး အဲဒီလိုပဲ ခေါင်းထဲထည့်ထားလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင့်ကို နိုင်အောင်ပြန်လုပ်မနေပါနဲ့တော့ စိန်။ ကိုယ် ရိပ်မိတယ်။ စိန်က သူ့ကို မနိုင်,နိုင်အောင် ပြန်ပြိုင်မလို့ မဟုတ်လား"

"စိန့်စိတ်ကို မြတ်နိုး နားလည်တယ်ဆိုရင် ပြီးတာပဲ"

"ဘာပဲဖြစ်ဖြစ် စိန် ကိုယ့်ကို သူငယ်ချင်းမိတ်ဆွေတ ယောက်လို သဘောထားပြီး ဖုန်းဆက်ချင်ရင် ဆက်လို့ ရတယ်နော်။ စိန့်စိတ်ထဲမှာ ကျဉ်းကျပ်နေရင်၊ မပျော်ရင်၊ စိတ်ဓာတ်ကျနေရင် ကိုယ့်ဆီသာ ဖုန်းဆက်လိုက်ပါ။ ကိုယ် စိန့်ကို စကားပြောပေးလို့ ရတယ်။ အချိန်မရွေး ဆက်ပါ စိန်။ ကိုယ် စိန့်ကို စေတနာသန့်သန့်နဲ့ ကူညီ ချင်တာပါ"

"စိန် သိပါတယ်။ စိန် မြတ်နိုးကို သတိရတိုင်း ဖုန်းဆက် ချင်ပေမယ့် မြတ်နိုး စာမေးပွဲရှိနေမှာ စိုးလို့ပါ"

"စာမေးပွဲတွေကတော့ ရှိတာပေါ့ စိန်ရယ်။ ဒါပေမဲ့ စိ အတွက်ပဲလေ။ အချိန်ပေးရမှာပေါ့"

မေမေကတော့ စိန်တို့ကိုကြည့်ကာ ဘာစကားတ ခွန်းမှ မပြောနိုင်ဘဲ ကြေကွဲနမြောတသ,သလို ဖြစ်နေသည်။ ထ အချိန်တွင် အိမ်ရှေ့မှာ ဆူဆူညံညံနှင့် ကားဘရိတ် ကျွိခနဲ ထိ ရပ်လိုက်သည့်အသံ၊ ကားတံခါးကို ဆောင့်ပိတ်လိုက်သော အ





သံ၊ ဘဲလ်ကို အကြာကြီး နှိပ်ထားသည့်အသံတွေ ဆက်တိုက်ကြားလိုက်ရလေရာ အေးချမ်းတိတ်ဆိတ်နေခဲ့သော ပတ်ဝန်းကျင်မှာ ဆူညံဝုန်းဒိုင်းကြသွားပါသည်။

"ဟယ် ... ဘယ်သူများလဲ၊ ဒီလောက် ဘဲလ်တီးစရာမလို ပါဘူး"

မေမေ့စကား မဆုံးခင် ကောင်မလေးတစ်ယောက် ပြေးဝင်လာသည်။

"ကြီးမေ လူတစ်ယောက် ရောက်နေတယ်၊ မမစိန် ယောက်ျားလို့ ပြောတယ်၊ အဲဒါ ..."

စိန် ရုတ်တရက် ဆတ်ခနဲ တုန်သွားပြီး ထ,ရပ်မိ သွားသည်။ သို့သော် စိန် ခေါင်းမူးနေသေးသည်ဖြစ်ရာ ခုံပေါ် ပြန်ထိုင်ကျသွားသည်။ ခေါင်းတွေမူးကာ စိန် ကောင်းကောင်း ကောင် မရပ်နိုင်။

"ဖွင့်ပေးလိုက်၊ တံခါးဖွင့်ပေးလိုက်၊ သမီးသွားနှင့် ကြီးမေ နောက်က ဖြည်းဖြည်းလိုက်ခဲ့မယ်"

မေမေ ကောင်မလေးနောက်က ဖြည်းဖြည်းပါသွား သောအခါ စိန်သည် ခေါင်းမူးလှသဖြင့် ခပ်တိုးတိုး ညည်းညူနေ သည်။

"စိန် ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းထဲက မူးနေလို့။ စိန် ခုနတည်းက ခေါင်းမူးနေ
တာ၊ သူ လိုက်လာတော့ စိတ်အနှောင့်အယှက်ဖြစ်ပြီး
ပိုမူးလာတာထင်တယ်"

"စိန် ဘာဆေးသောက်ပြီးပြီလဲ"

"ဆရာဝန်ပေးတားတဲ့ ဆေးတစ်ခွက်တော့ သောက်လာ
တယ်။ စိန် မေမေ့ဆီ လာချင်လို့ တက္ကစီနဲ့လာတာ"

အလင်းနှစ်သည် စိန်ပန်းခိုင်၏မိခင် ဦးဆောင်ခေါ်
လာသော ထမင်းစားခန်းထဲ ဝင်လိုက်လျှင် ဝင်လိုက်ခြင်း မြတ်နိုး
ဆိုတဲ့ကောင်ကိုပါ တွေ့လိုက်ရတော့ ဒေါသဖြစ်သွားသည်။ ကြည့်
စမ်း ... မိဘအိမ် ရောက်သွားတယ်ဆိုပြီး ဒီရည်းစားဟောင်းကောင်
နဲ့ ချိန်းတွေ့နေကြပေါ့။ တောက် ... ခံပြင်းလိုက်တာကွာ။ ဒါ
တမင် ငါ့ကို မယုန့်လေးစားလုပ်တဲ့ သဘောပဲ။ အလင်းနှစ်သည်
ရောက်ခါစကတော့ စိန်ပန်းခိုင်၏မိခင်ထံမှ ...

"သြော် ... ဘယ်သူများလဲလို့ မောင်အလင်းနှစ်ပဲ။ လာ
လာ ... ဝင်ခဲ့ပါ။ သမီး အိမ်ရောက်ပြန်လာပြီး အကျိုအဝတ်
အစားတွေ လာယူနေတာလေ"

ဟူသော ဖော်ရွေသောစကားနဲ့ နှုတ်ဆက်မှုကြောင့်
စိတ်ထဲမှာ ဘဝင်ကျသွားလျက် အေးအေးဆေးဆေး အိမ်ထဲဝင်
လာခဲ့တာဖြစ်သည်။ တော်ရုံတန်ရုံဆို လူကြီးမိဘတွေနဲ့ စကား
ပြော အဆင်မပြေတတ်သောသူက စိန်ပန်းခိုင်၏မိခင်ကိုတော်





"အပြန်တက္ကစီနဲ့ ပြန်နေမှာစိုးလို့ လိုက်လာခေါ်တာပါ
အန်တီ"

လို့ပင် ပြေပြေပြစ်ပြစ် ပြန်ပြောမိသေးသည်။

သူ့ဘဝမှာ ဒီတစ်ကြိမ်ဟာ ပထမဦးဆုံးအကြိမ်
ကိုယ့်မိခင်အရွယ် အမျိုးသမီးကြီးတစ်ယောက်ကို တလေးစားစား
ကောင်းမွန်စွာ ပြန်စကားပြောဖြစ်ခြင်းလည်း ဖြစ်ပါသည်။ အရင်
တုန်းကဆို သူဟာ ဘယ်သူ့ကိုမှ ဂရုစိုက်မနေဘဲ သူ ပြောချင်
သလိုပြော၊ ဆက်ဆံချင်သလို ဆက်ဆံတတ်ခဲ့သူပင်။

အခုတော့ စိန်ပန်းခိုင်နှင့် မြတ်နိုးတို့ အတူရှိနေပြီး
တစ်ယောက်နဲ့တစ်ယောက် ကြေကွဲတမ်းတနေသလို မျက်လုံး
တွေနဲ့ ကြည့်နေကြတာ မြင်လိုက်ရသောအခါ သူ တော်တော်
ဒေါသထွက်သွားသည်။ နှစ်ယောက်စလုံးကို ခပ်ဇာင်းဇာင်းစိုက်
ကြည့်ပစ်လိုက်ပြီး ...

"ပြန်ကြမယ်"

ဟု သံပြတ်ဖြင့် ပြောလိုက်ပါသည်။

"ခဏထိုင်ပါဦး မောင်အလင်းနှစ်ရဲ့။ ကော်ဖီလေး ဘာ
လေး သောက်သွားပါဦး"

"ရတယ်၊ ကျွန်တော် ကော်ဖီသောက်ဖို့လာတာ မဟုတ်
ဘူး၊ သူ့ကို ပြန်ခေါ်ဖို့လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် စကားပြောတာ ကောင်းကောင်းမွန်မွန်ပြောပါ။ မေမေ့ကို ဘာမှမချေမင် ပြောစရာမလိုဘူး"

"အဲဒါ မင်းကြောင့်ပဲလေ။ ငါ အစက စိတ်ကြည်ကြည် လင်လင်နဲ့ ဒီအိမ်ထဲ ဝင်လာတာပါ။ မင်းနဲ့ ဒီကောင့်ကို ထိုင်ပြီး အကြည်ဆိုက်နေတာ တွေ့လိုက်ရတော့ ငါစိတ်ကြည်နေပါတော့မလား"

"ဘာပြောတယ် ... ဘာပြောတယ်။ နင် ငါတို့ကို ဘာမှ စွပ်စွဲစရာ မလိုဘူး။ ငါတို့ ရိုးရိုးသားသား ထိုင်စကား ပြောနေတာ"

"ချိန်းတွေ့နေကြတာရော မဖြစ်နိုင်ဘူးလား"

"မောင်အလင်းနှစ် ... မင်း ဒီလိုရိုင်းရိုင်းစိုင်းစိုင်း မပြောပါနဲ့ကွယ့်။ အမေဘာစ်ယောက်လုံး ရှိနေတာကို ခေါင်းထဲ ထည့်ပါဦး"

"အန်တီ့ကို ကျွန်တော် မရိုင်းချင်ပါဘူး။ ဒါပေမဲ့ စိန်ပန်းခိုင်ကတော့ ကျွန်တော့်စိတ်ကို အနှောင့်အယှက်ဖြစ်အောင် တမင်လုပ်နေတာလေ။ ကျွန်တော် မရိုင်းချင်ဘဲ နေလို့မရတော့ဘူး"

"ယောကောင် ... အလင်းနှစ်။ မင်း ဘာမှ စိန့်ကို အပြစ်တင်စရာ မလိုဘူး။ ငါနဲ့ သူ မိတ်ဆွေတွေလို ရိုးရိုးသား





သား ထိုင်စကားပြောပါတယ်ဆိုတာ မင်းကို ငါ ရှင်းပြမနေချင်ဘူး။ ငါ့ကိုယ်ကျင့်တရား ငါယုံတယ်။ စိန့်ရဲ့ကိုယ်ကျင့်တရားကိုလည်း မစော်ကားပါနဲ့"

မြတ်နိုးကပါ မခံမရပ်နိုင်စွာ ဝင်ပြောလျှင် စိန်သည် စိတ်ဆင်းရဲရလွန်းလို့ ခေါင်းတွေပင် အုံခဲမှုးနောက်လာပါသည်။ တကယ်တော့ စိန်လုပ်ခဲ့တဲ့ ပြဿနာကို စိန်နဲ့သာ ရင်ဆိုင်ရှင်းစေလိုသည်။ ကျန်တဲ့အေးလူတွေပါ ဝင်ပြီးမခံစားရစေလိုပါ။ သူတို့ စိန့်အတွက်ကြောင့် စိတ်သောက မရောက်ရစေလိုပါ။

စိန်ချစ်သော ဖေဖေ၊ မေမေ၊ အစ်ကိုကြီးနဲ့ မြတ်နိုးတို့ဟာ စိန့်အတွက်နဲ့ စိတ်မချမ်းမြေ့ရတော့ဘူးဆိုလျှင် စိန် လုပ်နေတာဟာ အားလုံးကို ထိခိုက်မှု ရှိသွားမည်။ စိန် အဲဒီလိုမဖြစ်လို။ မဖြစ်ချင်။ စိန် နိုင်ရဖို့အတွက် သူတို့ကပါ ဝိုင်းခံစားပူပင်ရတယ်ဆိုလျှင် စိန့်ဘက်က မတရားတော့ဘူး။

"အလင်းနှစ် ... နင် ဘာမှဆက်ရန်လိုမနေနဲ့တော့။ ငါ ခုပဲ ပြန်မှာ။ ငါနဲ့ပတ်သက်ပြီး မဆိုင်တဲ့သူတွေကို ဆွဲမထည့်နဲ့လေ။ နင် သတ္တိရှိရမှာပေါ့။ ဟိုလူ့မဲ ဒီလူ့မဲ မလုပ်ဘဲ ငါ့ကိုပဲ တိုက်ရိုက်ပြောနိုင်တယ်။ ဒါပေမဲ့ အခုတော့ မဟုတ်ဘူး။ ဒါ ငါ့မိဘအိမ်။ ငါ့အမေရှိတယ်။ ငါ့အမေ စိတ်ဆင်းရဲအောင် ငါ ဘယ်တော့မှ မလုပ်ချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ထပ်မလုပ်ချင်တော့ဘူး။ ဒီတော့ နင့်ကို မေတ္တာရပ်ခံပါတယ်၊ မေမေ့ကို ပြန်တောင်းပန်လိုက်ပါ။ အမေချင်းကိုယ်ချင်းစာတတ်တယ်ဆိုရင် ငါ့အမေ ဒီည ကောင်းကောင်း အိပ်ပျော်အောင်တော့ စကားတစ်ခွန်းနဲ့ နှစ်သိမ့်ခဲ့ပေးပါ"

အလင်းနှစ်သည် ဒယီမ်းဒယိုင်ဖြင့် အဝတ်အစားထည့်ထားသော ခရီးဆောင်လက်ဆွဲသေတ္တာ Luggage ကြီးဆွဲကာ ပြောလိုက်သည့် စိန်ပန်းခိုင် စကားကြောင့် ခြေတော့တိတ်ဆိတ်သွားမိသည်။

မျက်ရည်တွေသုတ်လျက် ယူကျုံးမရ စိတ်မကောင်းခြင်းကြီးစွာ သမီးဖြစ်သူကို ငေးစိုက်ကြည့်နေသော စိန်ပန်းခိုင်၏မိခင်ကိုမြင်တော့ အမေ့ကို ဖျတ်ခနဲ သတိရမိပါသည်။

အမေ့မျက်လုံးတွေနဲ့ သိပ်တူတာပဲ။ အမေလည်းအဲဒီလိုပဲ ဟန်ဆောင်ပြီး မာန်မာနတွေနဲ့သာ တင်းနေခဲ့တာတကယ်တော့ အမေဟာ အလင်းနှစ် တစ်စုံတစ်ခု ပြဿနာပြတိုင်း အဲဒီလိုပဲ ငေးစိုက်ကြည့်တတ်တယ်။ လူတွေလစ်ရင် မျက်ရည်ခိုးကျပြီး ဝမ်းနည်းတတ်တယ်။

"ဆောရီး ... အန်တီ။ ကျွန်တော်က စိန်ပန်းခိုင် မေ့ကောင်းသေးဘဲနဲ့ အပြင်ထွက်သွားနေလို့ နည်းနည်း





ခေါ်သဖြစ်နေတာပါ။ အန်တီ့ကို ရိုင်းတာမဟုတ်ပါဘူး။ ကျွန်တော် သူ့ကို ပြန်ခေါ်သွားတော့မယ်နော်"

"အန်တီ့သမီးလေးကို ဘာကြောင့်ပဲယူယူ။ ကြင်ကြင်နာနာဆက်ဆံပါကွယ်၊ သူက အပြင်ပန်း မာနကြီးပြီး စကားပြောအချိုးမပြေတတ်ပေမယ့် တကယ်တော့ သူ့စိတ်ရင်းက သနားတတ်ပြီး အလွယ်တကူ စိတ်ကောက်ပြေတတ်တဲ့သူပါ"

အလင်းနှစ် အသာအယာသာ ခေါင်းညိတ်ပြလိုက်ပြီး စိန်ပန်းခိုင် လက်ထဲမှ လက်ဆွဲသေတ္တာကို လှမ်းယူလိုက်ကာ ကျန်လက်တစ်ဖက်ကတော့ စိန်ပန်းခိုင်၏ပခုံးကို ဖျတ်ခနဲသိုင်းဖွဲ့လိုက်ပါသည်။

စိန်ပန်းခိုင် တွန့်သွားပြီး ရုန်းပေမယ့် အလင်းနှစ်က အလျှော့မပေးဘဲ ဖျစ်ညှစ်ဖက်ထားပြလိုက်သည်။ မြတ်နိုးဆိုတဲ့ကောင်၏ ပြုံးဖျက်နေသော မျက်လုံးတွေကို အသေအချာခံစားသုံးစွဲပစ်လိုက်ပါသည်။ သူ့ရှေ့မှာ သူ့ရည်းစားဟောင်းရဲ့ပခုံးကို ပိုင်စိုးပိုင်နင်း ဖက်ပြပြီး တွဲခေါ်လာပြနိုင်တာဟာ သူ့အသည်းနှလုံးတွေကို ဓားနဲ့ခွဲလိုက်သလိုပဲပေါ့။

ခံစားပေတော့ မြတ်နိုး။ ကောင်းကောင်းခံစားပေတော့။ ဒီမြင်ကွင်းကို မျက်လုံးထဲ စွဲနေအောင် ကြည့်ထားပေတော့။



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းမူးနေတော့ ကောင်းကောင်းမလျှောက်နိုင်မှာစိုးလို့ တွဲခေါ်သွားတော့မယ် အန်တီ"

"အေး ... ဟုတ်တယ် ... ဟုတ်တယ်၊ သမီးပြောတယ်။ သူ့ခေါင်းထဲ မူးနေတယ်တဲ့။ နေမကောင်းပြီးခါစ အား မရှိသေးလို့ ထင်တယ်"

စိန်သည် သူ့အားဖြင့် ဖျစ်ညှစ်ဖက်သိုင်းလျက် ဒရွတ်ဆွဲခေါ်သလို ပါလာရသောကြောင့် ဒေါသတွေ တအားဖြစ်ကာ သူ့ကို ချက်ချင်းပင် ဖြတ်ရိုက်ပစ်ချင်နေမိသည်။ သူ တွဲခေါ်ပုံက ညင်ညင်သာသာ မဟုတ်ဘဲ လူကိုအပြစ်ပေးသလိုလို၊ တမင်နှိပ်စက်သလိုလိုပုံစံ ဖြစ်နေကာ တမင်လည်း ပခုံးကိုအားဖြင့် ညှစ်ထားသဖြင့် တော်တော်နာနေပြီ။ မေမေ့ရှေ့မှာမို့ မေမေ သိသွားရင် စိတ်ထိခိုက်မှာစိုးပြီး နာတာကိုတောင် စိန် ကျိတ်ခံနေရသည်။ စိန့်မှာ အားလည်းမရှိတာမို့ သူ တွဲခေါ်သည့်ခြေလှမ်းတွေကို မမီလေရာ ဒရွတ်တိုက် ဆွဲခေါ်သလို ဖြစ်နေသည်။

ကားတံခါးကို လက်ထဲပါလာသော သော့နဲ့တွဲရက် ရီမုဒ်ဖြင့် ဖွင့်ထားပြီး ဖြစ်လေရာ ကားနားရောက်တာနဲ့ တံခါးကို အသင့်ဖွင့်ပြီး စိန့်ကို အရင်ကားထဲ တွန်းထည့်လိုက်ပါသည်။ စိန်သည် ကားအမြင့်ကြီး၏ ခေါင်းခန်းထဲ အလဲလဲ အပြိုပြို ရောက်သွားခဲ့သည်။ သေတ္တာကို နောက်ခန်းထဲ ဝုန်းခနဲ ပစ်တင်လိုက်ပြီးလျှင် အလင်းနှစ်က စိန့်ကို တမင်ခံနဲ့တဲ့တဲ့ စိုက်ကြည့်ကာ





ပြုံးထေ့ထေ့ လုပ်လေသည်။ စိန်ဟာ သူ့ပိုင်နက်ထဲ ပြန်ပါလာပြီဆိုတဲ့ သဘောနဲ့ပြုံးတာဖြစ်ကြောင်း စိန် သိလိုက်သည်။ သူ့ပိုင်နက်ထဲမှာဆိုလျှင် တကယ်တော့ စိန်ဟာ ခုထိပင် ရှုံးပြီးရင်း ရှုံးလျက် ဘာမှကို အနိုင်မရသေးကြောင်း စိန် တွေးမိလိုက်လျှင် စိန့်မှာ ကြံရာမရတော့။

စိန် သူ့ကို ဘာကြောင့် မနိုင်ရမှာလဲ။

"သမီး နေကောင်းရင် အေးအေးဆေးဆေး လာခဲ့ကြပါဦး။ အန်တီ ထမင်းကျွေးချင်လို့"

"စိတ်ချ အန်တီ၊ လာခဲ့ပါမယ်"

အလင်းနှစ်သည် လက်တပြပြဖြင့် မျက်စိတဆုံး ကျန်ခဲ့သော စိန်ပန်းခိုင်၏မိခင်ကိုတော့ အပြေပြစ်ဆုံးစကားဖြင့် နှုတ်ဆက်ကာ ကားမောင်းထွက်လာခဲ့ပါသည်။

"လက်ထပ်ပြီးသား လင်ယောကျ်ား ရှိပြီးသား မိန်းမတစ်ယောက်ဟာ ကွယ်ရာမှာ ဘယ်တော့မှ ယောကျ်ားတစ်ယောက်နဲ့ ချိန်းမတွေ့သင့်ဘူး စိန်ပန်းခိုင်"

ကားမောင်းလာရင်း တော်တော်လေးကြာမှ အလင်းနှစ် စပြောလိုက်ပါသည်။

"ချိန်းတွေ့တော့ရော ဘာဖြစ်လဲ။ မြတ်နိုးဟာ ငါ့ချစ်သူ။ ခုထိ ငါ့ချစ်သူပဲ။ ဒီတော့ သူ့ကိုသိပ်လွမ်းပြီး တွေ့ချင်လာရင် ငါ တွေ့ကိုတွေ့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... တွေ့ရရင် တွေ့လေ၊ နှစ်လောင်းပြိုင်သွားမယ် ဘာမှတ်လဲ။ ငါ လူမသတ်ရဲဘူး မထင်နဲ့၊ မင်းတို့ကို အပိုင်းပိုင်းခုတ်သတ်ပြီးမှ ထောင်ထဲဝင်မယ်"

"ဟား ဟား ဟား"

စိန်သည် တမင်ပဲ လှောင်ရယ် ရယ်ပြလိုက်ပါသည်။ ထိုအခါ စိန့်ရယ်သံသည် အလင်းနှစ်ကို တိုက်ရိုက်ထိမှန်ရသည်။ သူ စိန့်ပခုံးကို ဆောင့်တွန်းလိုက်ပြီးလျှင် ...

"ဘာရယ်တာလဲ"

ဟု ဒေါသတကြီး အော်မေးသည်။

"နှင် ဘာဖြစ်လို့ ငါ မြတ်နိုးကို ချစ်နေမှာ၊ လွမ်းနေမှာ၊ မြတ်နိုးနဲ့ တွေ့မှာကို သိပ်စိုးရိမ်နေရလဲ။ ဘာကြောင့် ဒါကို သိပ်ခံစားနေရလဲလို့ တွေးမိပြီး ငါ့မှာ နိုင်ကွက်တစ်ကွက် ရလိုက်ပြီဆိုတာ သိလိုက်တော့ ဝမ်းသာအားရ ရယ်တာပေါ့။ နှင့်ကို ငါ မုန်းတယ်လေ အလင်းနှစ်၊ မြတ်နိုးကိုပဲ ငါ ချစ်တယ်။ ငါချစ်တဲ့သူကိုပဲ ငါတွေ့ချင်တယ်၊ ဘာဖြစ်လဲ"

"မင်းဟာ မိန်းမပျက်မပဲ။ ယောကျ်ားရှိရက်နဲ့ ဖောက်ပြန်ရဲတဲ့မိန်းမပဲ၊ မင်းတို့ကို မတ်ဝန်းကျင်က ကဲ့ရဲ့မှာမကြောက်ရင် လုပ်ပေါ့"



"လုံးဝမကြောက်တော့ဘူး။ ငါ့ဘဝဟာ ပြီးနေပြီ။ သေဆုံးပြီးနေပြီ။ ဒီတော့ ငါ ဘာကိုမှ ဂရုမစိုက်တော့ဘူး။ လုပ်ချင်ရာ လုပ်တော့မယ်"

"မင်း ပါးစပ်ပိတ်ထားစမ်း"

"မပိတ်ဘူး ... မပိတ်ဘူး။ ငါ့ရင်ထဲမှာရှိတာ ငါပြောမှာပဲ။ ငါလုပ်ချင်ရာ လုပ်မယ်။ ငါ ချစ်တဲ့ မြတ်နိုးကိုပဲ တစ်သက်လုံးချစ်မယ်။ သူ့ကို ခဏ ခဏ တွေ့မယ်"

အလင်းနှစ်သည် ဗားမောင်းနေရာမှ ရုတ်တရက် ဘရိတ်ဆောင့်နင်းပစ်လိုက်မိပါသည်။ ကားမှာ ဘရိတ်သံအကျယ်ကြီး ကျွီခနဲ မြည်သွားပါသည်။ စိန်ပန်းခိုင်လည်း ရှေ့တိုင်ခိုက်ကျသွားကာ ဒက်(ရှ်)ဘုတ်နဲ့ နဖူးကို ဆောင့်မိသွားတော့လေသည်။

"အား"

ဟု နာကျင်စွာ ညည်းညူလိုက်သော အသံကိုကြားမှ အလင်းနှစ် အနည်းငယ် ကျေနပ်သွားသလိုဖြင့် အော်ရယ်လိုက်ပါသည်။ ဒီမိန်းမကို စိတ်ဒဏ်ရာမပေးရရင် အသားနာအောင်တော့ တစ်ခုခုလုပ်ရမှ စိတ်ချမ်းသာသလိုပဲ။ ဒါမှ သူ နိုင်တယ်လို့ ခံစားရတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၃

ကောင်းကောင်းအားဖြည့်ပြီး ကျန်းမာလာသောအခါ စိန်သည် အိမ်ထဲမှာ ဒီတိုင်းမနေချင်တာနဲ့ ဆိုင်ပြန်သွားဖို့စဉ်းစား ပါသည်။ စိန် မရှိသဖြင့် ဆိုင်ကို ခဏပိတ်ထားလိုက်ကြောင်း မေမေ ပြောပြထားရာ အစကတော့ စိန် ပြန်ဖွင့်ဖို့ စိတ်မဝင်စား သေး။ သို့သော် စိန့်ဘဝသည် နေ့တိုင်း အိမ်ထဲငြိမ်ကုပ်နေကာ အပြင်ထွက်ဖို့ လမ်းစရှာရတာထက်စာရင် နေ့တိုင်း ဆိုင်လေးသွား ဖွင့်၊ စိန်ချစ်ရသော တိရစ္ဆာန်လေးတွေနဲ့ ထိတွေ့နေရလျှင်တော့ စိန်ရဲ့ သေဆုံးနေသလိုဖြစ်နေသော ဘဝဟာ ပြန်ပြီး နည်းနည်း အသက်ဝင်လာမည်ထင်သည်။

စိန် ဆိုင်ကိုပြန်သွားဖို့ ကားလိုလာသည်။ ဒီတစ်ခါ လည်း စိန် အလင်းနှစ်ကို ကားကိစ္စ ထပ်ပြောရဦးမည်။ စိန့် သူဟာ တစ်အိမ်တည်း အတူတူနေပေမယ့်လည်း မျက်နှာချင်း





ဆိုင် တွေ့ခဲလှသည်။ ခုတလော သူ ဘာတွေအရေးကြီးနေသည် မသိ။ အိမ်မှာ ခဏတဖြုတ်သာနေကာ တပည့်တစ်အုပ်ကြီးနဲ့ ပြန်ထွက်သွားလိုက်၊ ညဥ့်သန်းခေါင်လောက်မှ ပြန်လာရင် လာ သလို တချို့နေ့တွေလည်း ညလုံးပေါက် ပြန်မလာတာတွေရှိတတ် ကြောင်း စိန် သတိထားမိသည်။

ဒီနေ့တော့ စိန် သူ့ကို သေသေချာချာ စောင့်ကြည့် နေကာ ကားကိစ္စပြောဖို့ စိတ်ကူးပါသည်။ ဒီနေ့တော့ သူလည်း အပြင်စောစော မထွက်သေးဘဲ အိမ်ထဲမှာသာ ဖုန်းတစ်လုံးနဲ့ အလုပ်ရှုပ်နေတာ တွေ့ရတာမို့ စိန် အေးအေးဆေးဆေးပဲ စောင့် နေလိုက်သည်။ သူ ဖုန်းပြောပြီး၍ ဆိုဖာပေါ်တွင် လက်ပိုက် ထိုင်လျက် စောင့်နေသည့် စိန့်ကို တွေ့ရသဖြင့် အံ့ဩသလိုဖြင့် မျက်ခုံးပင့်ပါသည်။

“ပြောစရာရှိတယ်”

“သိပါတယ်၊ ပြောစရာရှိလို့ ငါ့ကိုစောင့်နေမှန်း သိပါ တယ်။ ကဲ ... ဘာကိစ္စလဲ”

“ငါ့ဆိုင်ကို ပြန်ဖွင့်တော့မယ်”

“စီးပွားလည်း မဖြစ်ဘဲနဲ့”

“စီးပွားဖြစ်ဖြစ်၊ မဖြစ်ဖြစ် နင်နဲ့မဆိုင်ပါဘူး။ ဒါ ငါ့ကိုယ် ပိုင်ဆိုင်။ ငါ ဖွင့်ခွင့်ရှိတယ်၊ ဒီတော့ နင် ဘာမှဝင်မပါနဲ့”

“အိုကေ”



www.burmeseclassic.com

www.burmeseclassic.com



အလင်းနှစ် ပုံစံက သဘောကပဲဟုဆိုသော ပုံစံမျိုးနဲ့ လက်ဖဝါးနှစ်ဖက် ဖြန့်ပြပြီး ပခုံးပါတွန့်သည်။

"ဒီတော့ ငါ ကားလိုတယ်။ ငါ့ကို ကားတစ်စီးပေးကို ပေးရမယ်"

"မင်းမိဘလည်း ပိုက်ဆံတတ်နိုင်ပါတယ်။ မင်း အမိုတုန်းက စီးတဲ့ကားကို ဘာကြောင့် မပေးလိုက်နိုင်ရတာလဲ"

"မပေးတာ မဟုတ်ဘူး။ ငါက မယူတာ"

"မင်းမှာ သိန်းတစ်ထောင် ရှိတယ်လေ"

"အဲဒါ နင့်အမေ ပေးထားတဲ့ မင်္ဂလာစရိတ်"

"နေစမ်းပါဦး၊ မင်္ဂလာဆောင်ကရော လုပ်ဖြစ်မှာမို့လား ခုထိ ဘာသံမှ မကြားရသေးဘူး။ မင်း အဲဒီပိုက်ဆံဘာ မှာသွားသုံးထားလဲ"

"မင်္ဂလာစရိတ်အနေနဲ့ပေးတာ၊ မင်္ဂလာဆောင်လုပ်လု မလုပ်လုပ် နင်နဲ့မဆိုင်ဘူး။ ငါ့ကို ပေးထားပြီးသား သုံးပိုင်ခွင့်ရှိတယ်"

"မင်း ဘာလုပ်ဖစ်လိုက်လဲ"

"နင်သိဖို့ မလိုဘူး။ ငါ့ဘာသာ ဘာလုပ်လုပ်"

"မင်္ဂလာဆောင်လည်း မလုပ်ဘဲနဲ့ ဘာကြောင့် မေ က သိန်းတစ်ထောင် မရမက တောင်းတာလဲ"





"ငါပြောပြီးသားလေ။ မင်္ဂလာစရိတ်တောင်းတာ။ မင်္ဂလာဆောင်လုပ်လုပ် မလုပ်လုပ် ဒါဟာ ငါရသင့်ရထိုက်တယ် ထင်တဲ့ စရိတ်တစ်ခုကို တောင်းတာ"

"အံ့ပါ့ကွာ၊ တော်တော်ငွေမက်တဲ့ မိန်းမပဲ"

"ဘယ်သူမဆို ငွေမက်တယ်။ ဒါပေမဲ့ ငါ ငွေမက်မော ရတာက နင်တို့ငွေမို့လို့ တမင်ယူတာ။ မရ,ရအောင်ကိုယူ တာ။ အဲဒီငွေကို ငါလည်းမသုံးဘူး။ လိုအပ်တဲ့လူကို ပေး လိုက်ပြီ။ ကဲ ... ရှင်းပြီလား"

သိန်းတစ်ထောင်ကို ငါးနေရာလောက် ခွဲဝေပြီးလှူ ဒါန်းလိုက်ကြောင်း စိန် မပြောပြတော့ပါ။ စိန် တစ်ဦးတည်းအမည် ဖြင့် ငွေတွေကို လျှောက်လှူပစ်လိုက်ရတဲ့အတွက် စိန် တော်တော် ကျေနပ်နေခဲ့တာ။

"ဆိုင်လည်းမဖွင့်နဲ့ ကားလည်း ဝယ်မပေးဘူး"

"နင် ဘာမှအမိန့်ပေးစရာ မလိုဘူး အလင်းနှစ်"

"အမိန့်ပေးရမှာပေါ့၊ ငါ မင်းကိုယူထားတာဟာ မင်းလုပ် ချင်တာတွေ ပေးလုပ်ဖို့၊ မင်းကို အလိုလိုက်ဖို့၊ ကြင်နာ ယုယဖို့ ယူထားတာ မဟုတ်ဘူး၊ မင်း ငါ့အရိပ်ထဲမှာ နေ ရမယ်။ သေတဲ့အထိ နေရမယ်။ မင်း ကိုယ်ပိုင်စိတ်ကူးနဲ့ ဘာမှလုပ်ခွင့်မရှိဘူး။ မင်း သွားချင်ရာသွားဖို့ ကားလည်း



www.burmeseclassic.com

www.burmeseclassic.com



ဝယ်မပေးဘူး။ သွားချင်ရင် တက္ကစီနဲ့သွား၊ တက္ကစီမစီးချင်ရင် မီဘအိမ်ပြန်ပြီးကားယူ ဒါပဲ။ ငါက မင်းလိုအပ်တာတွေ ထောက်ပံ့ဖို့ ဘယ်လိုမှ စေတနာ မပါဘူး"

"ငါ့ဘာသာ မရ,ရအောင် ဆိုင်ဖွင့်မယ်"

"ဖွင့်လေ ... ဖွင့်ရဲဖွင့်ကြည့်လေ။ အလင်းနှစ်ဆိုတဲ့ကောင်က အရက်တရားရှိတဲ့ကောင် မဟုတ်ဘူး။ မင်းဆိုင်ကိုလာရိုက်ခွဲ ဖျက်ဆီးပစ်ရဲတယ်။ မင်း ဘာမှတရားစွဲလို့လဲမရတော့ဘူး၊ မင်းနဲ့ငါ လင်မယား ဖြစ်နေပြီ။ လင်မယားချင်း စိတ်ဆိုးလို့ ဖြစ်ရတာဆိုတဲ့ တစ်ချက်တည်းနဲ့တင်ငါ လုပ်ချင်တာ လုပ်လို့ရနေပြီ။ မင်း ဘယ်နှကြိမ် ပြန်ပြင်ချင်လဲ။ ပြန်ဖွင့်ချင်လည်း ရတယ် လုပ်လိုက်။ ငါကတော့ရအောင်လိုက်ဖျက်နေမှာပဲ"

အလင်းနှစ်သည် စိန်ပန်းခိုင်၏ သေတော့မလိုပြူးထွက်မတတ် စိုက်ကြည့်ကာ လက်သီးကျစ်ကျစ်ဆုပ်၊ အံကြိတ်နေသောပုံသဏ္ဍာန်ကို အရသာခံကြည့်ပစ်လိုက်သည်။ ကောင်းတယ်ငါလိုချင်တာ ဒါပဲ။ ဒီမိန်းမ ချက်ချင်းလဲသေတော့မလောက်ခံစားနာကျင်ရတာကို လိုချင်တာ။ ကိုယ်ခန္ဓာပေါ်ပေးတဲ့ ဒဏ်ရာထက် စိတ်ကို ဒဏ်ရာတွေပေးရတာ အကောင်းဆုံးပဲ။ ဘယ်တော့မှ မရှုံးနိမ့်မယ့် နိုင်ကွက်တွေပဲ ... ဟား ဟား။





"နင့်ကို ငါ ဘယ်တော့မှ မကျေဘူး"

"ထပ်မပြောပြနေနဲ့လေ၊ မင်း ငါ့ကို ဘယ်တော့မှမကျေဘူးဆိုတာ ငါ သိပြီးသားပါ"

အလင်းနှစ်သည် ကြဲရာမရဖြစ်နေသော စိန်ပန်းခိုင်ကို ထပ်၍ ကလိချင်တာနဲ့ သူမရှေ့မှာပင် မိုဘိုင်းလ်ဖုန်းကိုနှိပ်ပြီး တစ်စုံတစ်ဦးကို ဖုန်းခေါ်လိုက်ပါသည်။

သူ့ဖုန်းမှန်းသိလျှင် ချက်ချင်းလက်ခံမည့်သူတွေ တစ်ပုံကြီးဖြစ်သည်။

"ဟဲလို ... ကိုကိုလား"

"ဟုတ်တယ်လေကွာ၊ ကိုကို့ဖုန်းကို ဘယ်သူကယူပြီး ချစ်လေးဆီ ဆက်မှာမို့လဲ"

အလင်းနှစ်သည် ဖုန်းပြောရင်း စိန်ပန်းခိုင်ကိုလည်း မျက်လုံးဒေါင့်ကြည့်လိုက်သေးလေသည်။

သူပြောတဲ့စကားတွေကို ကြားဟန်တူပေမယ့် ထိုစကားတွေမှာ စိတ်ဝင်စားဟန်မရ။ တစ်စုံတစ်ခုကို အကြီးအကျယ်အတွေးနက်လျက် အကြံထုတ်နေတာ တွေ့ရသည်။ ဘာတွေများအကြံထုတ်နေလဲ။ ဆိုင်ဖွင့်ဖို့လား။ ဆိုင်ဖွင့်ရင် လာဖျက်ဆီးမယ်လို့ ခြိမ်းခြောက်လိုက်တော့ နောက်ထပ် တစ်မျိုးမျိုးနဲ့ ကာကွယ်တားဆီးဖို့ စဉ်းစားနေသလား။ အလင်းနှစ် စိတ်ထဲမှာ စိန်ပန်းခိုင်



www.burmeseclassic.com

www.burmeseclassic.com



ကို ပြင်းပြင်းရှရှ နာကျင်သွားစေချင်သည်။ ဘယ်တော့မှ သူ့ကို မယှဉ်ရဲအောင် အထိနာသွားစေချင်သည်။ စိတ်ထဲမှာ ဒဏ်ရာ တမြည့်မြည့်နဲ့ ခံစားပြီး တစ်သက်လုံး စိတ်ဆင်းရဲနေစေချင်သည်။ အဲဒီလို ဖြစ်သွားအောင် ဘယ်လိုလုပ်ရမလဲသာ မသိသေးပေ။

"ရှော့ပင်း သွားချင်တယ်ဆို၊ ကိုကို လာခေါ်မယ်၊ ဘာ ဝယ်ချင်တာလဲ"

ချစ်လေးဟု နာမ်စားခေါ်သော မိန်းကလေးက အသက်ဆယ့်ရှစ်နှစ်အရွယ် လှပလန်းဆန်းနေသော ကောင်မလေး ဖြစ်သည်။ စိတ်အပန်းပြေစရာ ရည်းစားမထားရရင် မဖြစ်တာမို့ ဒီလိုပဲ ကလေပ်တွေရှော့ကြည်သွားရင်း လွယ်လွယ်ကူကူ ရည်းစား ဖြစ်လို့ရသော မိန်းကလေးတစ်ယောက်ကို ကောက်တွဲလိုက်တာ ဖြစ်သည်။ အင်္ဂလိပ်နာမည် Chevron (ရှယ်ဗရွန်း) ဟူသော အမည်ကိုမခေါ်ဘဲ ချစ်လေးဟု သူ ခေါ်သော ချစ်သူအသစ်လေး ကိုတော့ အသစ်အဆန်းလည်း ဖြစ်တာမို့ သူ အလိုလိုက်ဖို့လည်း ဝန်မလေး။ မကြာခဏ ရှော့ပင်းသွားချင်သော ကောင်မလေးကို လိုက်ပို့ဖို့ ခဏခဏ အချိန်ပေးရတာကို ပျော်နေသည်။

ကောင်မလေးက စိန်ပန်းခိုင်နှင့် ယှဉ်လျှင်တော့ ပိုပြီးလှပါသည်။ ကပြားရုပ်နှင့် ဆံပင်ခွေလိမ်လေးတွေကို ပန်းရောင် တစ်လွှာ ဟိုက်ထိလိုက်ထိလုပ်ထားသော၊ နှာခေါင်းအကြီးကြီး





တခါခါ ရှိတတ်သည့် ကောင်မလေးသည် ကျောလယ်လောက် တစ်ဖြောင့်တည်း ဆံပင်အရှည်ခပ်ရှိုးရှိုး၊ မဖြူမညို အသားအရေ နှင့် ချစ်စရာကောင်းတဲ့ မျက်နှာလေးကို ပိုင်ဆိုင်ထမယ့်လည်း ယောကျ်ားလေးတစ်ယောက်အနေနဲ့ကြည့်ရင် သိပ်ဆွဲဆောင်မှုမရှိ လှ၊ စိတ်ဝင်စားစရာ မကောင်းလှသော စိန်ပန်းခိုင်ထက် အပုံ ကြီးသာပါသည်။ ဒီတော့ အလင်္ကာနှစ်လည်း စိန်ပန်းခိုင်ရဲ့ရုပ်ရည် ထက်သာတဲ့ ချစ်သူအသစ်လေးကို ဘယ်တုတယနဲ့ အလိုလိုက်နေမိ တော့တာဖြစ်သည်။

"ဘယ်သွားမှာလဲ ... ကက်ဗီတယ်လ်ဖိုက်ပါမှာထိလား၊ အင်း ... ဟုတ်ပြီ။ ကိုကို ထွက်လာခဲ့မယ်။ ပြီးရင် ရွှေမုန့် ဆိုင်မှာ အိုက်(စ)ကရင်(မ)ကိတ် စားမယ်၊ သဘော ... သဘော ချစ်လေးသဘော၊ ကိုကို နောက်တစ်နာရီဆို ချစ် လေးဆီရောက်မယ်။ ဟား ဟား"

"အလှပြင်ရဦးမယ်၊ ကိုကို နည်းနည်းနောက်ကျလာ၊ တစ်နာရီကြီးအတိအကျ လုပ်မနေနဲ့နော်"

"မလိုပါဘူးကွာ၊ လှပြီးသားပါ။ လန်းပြီးသားပါ။ ပြင်စရာ တောင် မလိုဘူး"

စိန်သည် အကြံတစ်ခုရကာ သူတို့စကားပြောနေ တာကို ဆက်နားထောင်မနေတော့ဘဲ ထထွက်လာခဲ့သည်။ စိန်



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားလဲ လက်ကိုင်အိတ်ကောက်ကိုင်ကာ ခြံထဲက ဒီတိုင်း ထွက်လာသည်။ တက္ကစီငှားပြီးသွားရမည်။ ဒီခြံက လမ်းထိပ်ပိုင်း နည်းနည်းရောက်တာမို့ သိပ်တော့လျှောက်စရာမလို။ လမ်းထိပ် ရောက်တာနဲ့ စည်ကားနေသောလမ်းမမှာ တက္ကစီဂိတ်ထိုးတဲ့နေ ရာလည်း ရှိသဖြင့် စိန့်အတွက် သွားရေးလာရေး လွယ်ပါသည်။

သဘောကောင်းပုံရမည့် တက္ကစီသမားဆီ ချဉ်းကပ် လိုက်ပြီး ...

"ဦး ... ကျွန်မ ကားငှားချင်လို့"

ဟု စတင်ပြောလိုက်၏။

"ဘယ်သွားမလဲ"

"ဘယ်သွားမလဲ ဆိုတာတော့ ကျွန်မ ပြီးမှပြောမယ်။ ခုလောလောဆယ် ကျွန်မ ဦးရဲ့ကားနောက်ခန်းမှာပဲ ထိုင် စောင့်နေမယ်။ ဒီလမ်းထဲက ကားတစ်စီး ထွက်လာရင် နောက်ယောင်ခံလိုက်ပေးဖို့ပါ။ ကားက အမြင့်ကြီးလေ။ ဟိုင်းလင် [illegible] ူးအစား အမိုးဖွင့်ကားပါ။ ဒါပေမဲ့ ဘီး အကြီးကြီးတွေနဲ့ နှင်းကွဲမီးတွေနဲ့ အလှဆင်ထားတဲ့ အနီ ရဲရဲကားကြီး"

"ဪ ... သိပါတယ်၊ အဲဒီကားက ဒီလမ်းထဲမှာရှိတာ ပဲ။ ဒီလမ်းထဲကပဲ ထွက်ထွက်လာတာ"





"ကျွန်မ အဲဒီကားနောက် နောက်ယောင်ခံလိုက်ချင်လို့ပါ။ ကုန်ကျသလောက် နောက်မှ တွက်ချက်ပြီး ပေးပါ့မယ်။ အဲဒါ ဦး မောင်းပေးနိုင်မလား"

"ရတယ် ... ပိုက်ဆံရမယ့်အလုပ်ပဲ။ မောင်းပေးလို့ရတာ ပေါ့"

စိန် အိမ်ထဲက ထွက်သွားတာကို အလင်းနှစ် မြင် ပေမယ့် မတားလိုက်ပါ။ ဒါကြောင့် စိန် စိတ်တိုင်းကျ ထွက်လာ နိုင်တာဖြစ်သည်။ မတားတာကလည်း ရည်းစားနဲ့ အကြည်ဆိုက် စကားပြောနေရလို့ပဲလား။ ဒါမှမဟုတ် ဂျူ့စကားနဲ့သူ အပြင်ထွက် ချင်ရင် ကိုယ့်ဘာသာ ဖြစ်အောင်သွား၊ တက္ကစီငှားသွား၊ ကား တော့ ဝယ်မပေးဘူးဆိုတဲ့အတိုင်း စိန် လက်ခံပြီး ဒီတိုင်းထွက်သွား ပြီလို့ ထင်၍ပဲလားတော့ မသိ။ သူ မတားတော့ စိန့်စိတ်ကူး အကြံအစည်ကို စိတ်ကြိုက်အကောင်အထည်ဖော်ခွင့် ရတော့မည် တည်း။

စိန် သိပ်မစောင့်လိုက်ရပါ။ စိန် တက္ကစီကားထဲ ထိုင်ပြီး မရှေးမနှောင်းပင် ကားနီနီမြင့်မြင့်ကြီးကို တွေ့ရသည်။ အိပ်ဇောသံ တမင်အကျယ်ကြီးဖြစ်အောင် လုပ်ထားသော ကား ကြီးက အပြင်အဆင်လည်းဆန်းပြီး ဘယ်တော့တွေ့လိုက် တွေ့ လိုက် DJ တီးလုံးသံ အကျယ်ကြီးဖွင့်ထားခြင်းကြောင့် လူတိုင်း မျက်တစ်ခေါက်တော့ ထပ်ကြည့်မိစေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထူးခြန်းတခုက အလင်းနှစ်ဖာ ကားမောင်းရင်သာ DJ တီးလုံးသံပြင်းပြင်းထုတဲ့ ကလပ်(ပ)သီချင်းမျိုးသာ ဖွင့်ပေမယ့် အိမ်မှာရှိနေရင်တော့ အေးအေးဆေးဆေးနဲ့ သံစဉ်ငြိမ့်ငြိမ့်လေး တွေပါသော သီချင်းမျိုးကိုသာ ဖွင့်ထားတတ်လေသည်။ ခုတလော သူ မကြာခဏဖွင့်နေတတ်တဲ့ သီချင်းကတော့ Micheal Buble` (မိုက်ကယ်ဘူးဘလေး)၏ "I just haven't meet you yet"လို ချစ်စရာကောင်းတဲ့ အချစ်သီချင်းမျိုး၊ Owl City (အောင်းလ်စီးတီး)ရဲ့ Fireflies လိုသီချင်းမျိုး၊ Train (ထရိန်း)အဖွဲ့ရဲ့ Soul Sister လို သီချင်းမျိုး ထပ်ခါတလဲလဲ ဖွင့်တတ်ပြီး အဲဒါတွေ ရိုးလာရင်တော့ လေးဖြူရဲ့စာမျက်နှာဆယ့်ငါးနဲ့ သံယောဇဉ်လို သီချင်းမျိုးကိုပဲ ထပ်ခါ ထပ်ခါ ဖွင့်တတ်သေးတာ။ အိမ်မှာနေ သောအချိန်က သိပ်မရှိတတ်တာမို့ သူ နေနေရတဲ့ အချိန်လေးမှာ ဝတ္ထုရားကျေပဲလား၊ ယကြာကျေပဲလားမသိ ထိုသီချင်းငါးပုဒ်ကို တော့ ပြီးစီးအောင် ဖွင့်နားထောင်တတ်လေသည်။

စိန်ကတော့ သူ့သီချင်းတွေ ခိုးနားထောင်ရင်း လေးဖြူရဲ့စာမျက်နှာဆယ့်ငါးထဲက ...

"အပေါ်ယံရုပ်ထိသော ဒဏ်ရာမဟုတ်တော့ လွယ်ကူစွာနဲ့ မေ့မရဘူးကွယ်"





ဟူသည့် စာသားရောက်ရင်တော့ စိန့်ခံစားချက်နဲ့ ပြောင်းပြီး အသံလိုက်ရေရွတ်တတ်သည်။ စိန့်အတွက်တော့ အလင်းနှစ်ပေးတဲ့ ဒဏ်ရာသည် တကယ်ပဲ အပေါ်ယံရုပ်မထိခဲ့ ဘဲ စိန့်ဘဝကိုရော၊ အသည်းနှလုံးကိုပါ ချေဖျက်ပစ်စေခဲ့သော ဒဏ်ရာမျိုး။ စိန် သူ့ကို ဘယ်တော့မှ မကျေတော့။ စိန် ချစ်ရ သော ချစ်သူနဲ့လက်တွဲပြီး လှလှပပတည်ဆောက်ဖို့ ရည်ရွယ်ထား ခဲ့ရသော အနာဂတ်လှလှလေးလည်း သူ့ကြောင့်ပျက်ရပြီ။ စိန့် ဘဝ သေသွားရပြီ။ ဒီတော့ သူ့ဘဝမှာလည်း ဘယ်တော့မှ ရှင် သန်ခွင့်မရအောင် စိန် လုပ်ကိုလုပ်ချင်သည်။

"ကားက တော်တော်မြန်မြန်မောင်းပြီး မောင်းတဲ့သူက လည်း ကားမောင်း အရမ်းကျွမ်းကျင်တယ်ဗျ။ ကျွန်တော် မနည်း မျက်ခြည်မပြတ်အောင် လိုက်မောင်းနေရတယ်"

စိန် အတွေးလွန်နေရာမှ ပြန်အသိဝင်လာသည်။ တက္ကစီမောင်းသူ ဦးလေးကြီးက ကားကို ကြိုးစားမောင်းရင်း စိန့်ကို ပြောတာဖြစ်သည်။

"ဟုတ်ကဲ့ ... သူ့ကားကို မြင်နေရုံမိရင် ရပါပြီ။ သူသွား မယ့်နေရာကို သိပြီးသားပေမယ့် မသေချာလို့ပါ။ အခုပုံ အတိုင်းဆိုရင်တော့ ဗိုက်ပါမားထ်ဆီ ဦးတည်နေတဲ့ပုံပဲ"

"ဟုတ်တယ်၊ ဒီလမ်းက သွားရတာ"


www.burmeseclassic.com

www.burmeseclassic.com



"အဲဒီထိကို ဘယ်လောက်ကျမလဲ ဦး။ အခုတည်းက ကားခ တစ်ခါတည်း ပေးထားချင်လို့ပါ"

တက္ကစီမောင်းသူက ကားခငွေကို ရွတ်ပြပါသည်။ စိန်သည် သွက်လက်စွာပင် ပိုက်ဆံတစ်ထပ်ကို ထုတ်ယူပြီးလျှင်...

"ဒီမှာပါ ဦး။ အခုလို ကူညီမောင်းပို့ပေးတာ ကျေးဇူးပါပဲ"

ဟု ကမ်းပေးရင်း ပြောလိုက်ပါသည်။

ကားက ဟိုက်ပါမာ့ထဲထဲ ချိုးဝင်သွားပြီမို့ တက္ကစီမောင်းသူလည်း လိုက်အရှိန်လျှော့ပြီး ချိုးဝင်ပါသည်။

"နောက် အကူအညီလိုရင်လည်း ပြောပါ၊ ကျွန်တော့်ကားကို အချိန်မရွေး ငှားလို့ရပါတယ်။ ဒီမှာ ကျွန်တော့်ဖုန်းနံပါတ်ပါတဲ့ကတ်"

"ကောင်းလိုက်တာ၊ ဟန်းဖုန်းနံပါတ် ပေးထားတော့ ကျွန်မသွားချင်တဲ့နေရာရှိရင် ဦးရဲ့ကားကို ဖုန်းလှမ်းဆက်ရုံပဲ"

"အထင်မကြီးပါနဲ့ကွယ် ကတ်ဖုန်းပါ။ အလုပ်အတွက် အဆင်ပြေအောင် ဆောင်ထားရတယ်။ နိုင်ငံခြားသားတွေဘာတွေ ကားမောင်းပို့ရရင် သူတို့ခေါ်သုံးရင် သုံးလို့ရအောင် ဆောင်ထားသင့်တယ် အကြံပေးတာနဲ့ ရင်းနှီးပြီး ဆောင်ထားရတဲ့ သဘောပါပဲဗျာ"





"ကျေးဇူးပါပဲ ဦး။ နောက်တစ်ခါကျရင်လည်း ကျွန်မ ဦးရဲ့ဖုန်းကို ခေါ်လိုက်မယ်။ ကားငှားဖို့လေ"

"ဟုတ်ပြီ ... ဟုတ်ပြီ"

စိန်သည် ရှေ့က အလင်းနှစ် ဆင်းသွားတာကို မျက်ခြည်မပြတ်အောင် ပြေးလိုက်သွားမိသည်။ သကောင့်သားကတော့ အိမ်မိုဆံပင်တခါခါနဲ့ တကယ့် ဆယ်ကျော်သက်ကောင်လေးလိုပဲ ရှော့ပင်းမောလ်ထဲ လျှောက်သွားပါသည်။ အမှန်တော့ သူ့အသက်ဟာလည်းပဲ စိန်နဲ့ မတိမ်းမယိမ်းမို့ နှစ်ဆယ်တော်တော်ကျော်ပြီးနေတာ။

ဆယ်ကျော်သက်လေးလို ဝတ်စားပြင်ဆင်နေပုံကမလိုက်ဖက်လိုက်တာလေ။

စိန်သည် အမုန်းဓာတ်ခံနဲ့မို့ မကောင်းတဲ့ဘက်ကတွေးပြီး ကဲ့ရဲ့ပစ်မိသည်။ အမှန်တော့ မြန်မာလူမျိုးပီပီ ဘယ်လောက်ပဲ နှစ်ဆယ်ကျော်နေနေ ခေတ်နဲ့အညီ ပြင်ပြင်ဆင်ဆင်ဝတ်စားနေထိုင်တတ်ရင် အရွယ်ဆိုတာ ခန့်မှန်းရခက်တတ်တာမို့ အလင်းနှစ်ဟာလည်း အသက်အစိတ်နီးပါးအရွယ်၊ ကုမ္ပဏီတစ်ခုထူထောင်ထားသူ၊ တပည့်တပန်းတွေ အများကြီးနဲ့ ဂိုဏ်းခေါင်းဆောင်ကြီးလို နေသူဟု အပြင်မှာ မြင်ရင်တော့ ဘယ်လိုမှထင်စရာမရှိ။ ပေါ့ပေါ့ပါးပါး နေထိုင်တတ်တဲ့ ခေတ်လူငယ်လေးတစ်ဦးနဲ့ပင် တူပါသည်။ သို့သော် သူ့ရဲ့စိတ်ဓာတ်ကတော့ အတော်



www.burmeseclassic.com

www.burmeseclassic.com



ကြီးရင့်ကျက်ကာ သူတစ်ပါးအပေါ် အမြိုးကြီးကြီးနဲ့ ကလဲ့စားချေတတ်သူ။ အနိုင်ရယူလိုစိတ်များသူ။ အတော်စိတ်ပုပ်သောသူပဲ ဖြစ်သည်ဟု စိန် မှန်းတီးရှုံ့ရှာစွာ တွေးနေပါသည်။

"ကိုကို ... ချစ်လေး ဒီမှာ"

အသံလာရာဆီ စိန် ကြည့်လိုက်သည်။ မော်ဒယ်လ်သရုပ်ဆောင်လား၊ ဗီဒီယိုမင်းသမီးလား ထင်ရစေသည့် အပြင်အဆင်နဲ့ ငေးကြည့်ချင်စရာကောင်းအောင် လှသော မိန်းကလေးကို တွေ့ရသည်။ နှစ်ယောက်သား ဗီဒီယိုရိုက်ကွင်းတစ်ခု ရိုက်သလို အရှက်မရှိစွာ အလင်းနှစ်က ကောင်မလေးဆီ မသွားဘဲ နေရာမှာရပ် လက်နှစ်ဖက်ဖွင့်ကြို၊ ကောင်မလေးကတော့ တကယ်ပဲ လူမြင်ကွင်းကြီးမှာတောင် ရင်ခွင်ထဲ ပြေးဝင်တော့မလို ခြေလှမ်းတွေနဲ့ ပြေးလာ။

ကောင်မလေးကိုတော့ စိန် တစ်ခုရှိုးဈျူးမိသွားသည်။ ဘာကြောင့်လဲဆိုတော့ ဒေါက်မြင့်ဖိနပ် မြင့်မြင့်ချွန်ချွန်ဝတ်ထားတာတောင် ချော်မလဲဘဲ ပြေးလာနိုင်လို့ပင်။ စိန်သာဆို မှောက်ရက်လဲပြီးနေမှာ။ ဒေါက်မြင့်တွေတော့ ဝတ်ပေမယ့် သူ့လို လေးလက်မလောက်အမြင့်တော့ စိန် မဝတ်ရဲ။ ကောင်မလေးအရပ်ကလည်း ငါးပေခြောက်၊ခုနှစ်တော့ ရှိမှာပေမယ့် ဖိနပ်အမြင့်ကြီး ထပ်ဝတ်ထားပြန်လေရာ အလင်းနှစ်နဲ့ အရပ်တူလိုတောင် ဖြစ်သွားသည်။





နှစ်ယောက်သားနီးသွားကြတော့ သူတို့ တစ်ယောက်နဲ့တစ်ယောက် မဖက်ကြပေမယ့် လက်ချင်းလိမ်ကျစ်နေအောင် ချိတ်ထားလိုက်ကြပါသည်။ စိန်အသည် သူတို့ကို အနှောင့်အယှက်မပေးသေးဘဲ အကြိအစည်ဖြင့် တိတ်တဆိတ် နောက်ယောင်ခံလိုက်နေပါသည်။

ဖက်ရှင်ဒီဇိုင်းဆန်းတွေ ရောင်းချသော အင်္ကျီဆိုင်တစ်ဆိုင်ထဲ သူတို့ဝင်သွားကြသောအခါ စိန့်လည်း လျှို့ဝှက်စွာ ပြုံးလိုက်ပြီး အဲဒီဆိုင်ထဲ လိုက်ဝင်သွားပါသည်။ အင်္ကျီစင်တွေကို ကွယ်ရင်း သူတို့ရွေးချယ်နေတာကို စောင့်ကြည့်မိ၏။ အလင်းနှစ်ရဲ့အမူအယာဟာ ကောင်မလေး ဘယ်လောက်ဝယ်ဝယ် ဘာဖြစ်လောက်ပူဆာ ပူဆာ၊ မငြိုမငြင် မညည်းမညူ ဝယ်ပေးတော့မယ့်ပုံစံပင်။ အင်္ကျီတွေ တစ်စုံပြီးတစ်စုံ Fitting Room ထဲ သွားဝတ်ကြည့်လိုက် ဝတ်ပြီးသားနဲ့ ပြန်ထွက်လာပြကာ အလင်းနှစ်ကို လှ၊မလှ အကြံတောင်းဟန်ဖြင့် သရုပ်ပြလိုက် လုပ်နေသည်မှာ မော်ဒယ်လ်တစ်ယောက်ရဲ့ အမူအရာအတိုင်း ဖြစ်နေသည်။

ခါးကို လက်လေးတစ်ဖက်ဘင်ထောက်၊ ရင်လေးကော့ကော့ မေးလေးမော့မော့ ပခုံးကိုဖွင့်ပြီး ခြေတစ်ချောင်းရှေ့ထုတ်ကာ ရပ်ပြဟန်မှာ သပ်ရပ်လှပလွန်းသောကြောင့် အရောင်းဝန်ထမ်းတွေရော၊ တခြားလာဝယ်သူတွေရော ကောင်မလေးကို သတိထားမိပြီး ကြည့်ကြရစေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အရမ်းကို ကြည့်ကောင်းပြီး လှလည်းလှတယ်ဟယ်၊ သူ ဝတ်လိုက်ရင် သိပ်မလှတဲ့အင်္ကျီတောင် လှသွားသလိုပဲ"

စိန့်အနားမှာ ရှိနေသော အင်္ကျီရွေးနေသည့် ကောင်မလေးတချို့ရဲ့ ဝေဖန်သံ။

"ချစ်သူက အရမ်းချစ်ပြီး အရမ်းအလိုလိုက်တယ် ထင်တယ်နော်၊ ဘာဝတ်လာပြပြ၊ အပြုံးတစ်ချက်မှ မလျှော့သွားဘဲ လှတယ်၊ ကြိုက်ရင်ယူချည်းပဲ ပြောနေတာ"

"တစ်စုံကို ရှစ်သောင်းနဲ့အထက်မှာရှိတဲ့ အင်္ကျီတွေကို ဘယ်နှထည်တောင် ဝယ်ပေးမလို့လဲ မသိဘူး"

ဆိုသော တီးတိုးပြောသံတွေကြားမှာ စိန်သည် အောင်နိုင်သူအပြုံးကို ပြုံးလိုက်ပြီးလျှင် ဝယ်ထားသည့် အဝတ်အစားတွေအတွက် ကျသင့်ငွေရှင်းဖို့ ငွေရှင်းကောင်တာမှာ ရပ်နေကြပြီဖြစ်သော စုံတွဲဆီသို့ ခြေလှမ်းသွက်သွက်တွေဖြင့် လျှောက်သွားလိုက်ပါသည်။

တစ်ဆိုင်လုံးက တော်တော်လေး သတိထားပြီး ကြည့်နေကြသော အလင်းနှစ်တို့ စုံတွဲသည် စိန့်ရဲ့ပစ်မှတ်တည်း။

"ဩော် ... ဒါက ဘယ်လိုဖြစ်နေကြတာလဲ"

စိန်သည် အသံကျယ်ကျယ်ဖြင့် အော်ချလိုက်သော အခါ ပိုက်ဆံရှင်းရန် ငါးထောင်တန်အုပ်တွေကို ဟန်ပါပါထုတ်





နေသော အလင်းနှစ်၊ ဝယ်ထားသမျှတွေကို ဆိုင်တံဆိပ်ပါသော လက်ဆွဲစက္ကူထူ အိတ်လှလှကြီးတွေထဲ ထည့်ပေးသမျှ တစ်အိတ်ပြီးတစ်အိတ် လှမ်းယူနေသော သူ့ရည်းစားကောင်မလေး၊ ကွန်ပျူတာစက်တစ်လုံးဖြင့် ငွေလက်ခံဖို့ အသင့်ရှိသော ဆိုင်ရှင်လားမန်နေဂျာလား မသိသော အမျိုးသမီးကြီး အပါအဝင် ဝန်ထမ်းမိန်းကလေးများရော၊ သူတို့ကို အကဲခတ်ကြည့်နေသူတွေပါ စိန့်ထံ မျက်လုံးတွေ စုပြုံကျရောက်လာခဲ့ပါသည်။

စိန်သည် အထက်စီးကကြည့်သော အကြည့်မျိုးဖြင့် ငါးတစ်ဖက်ကို အသာထောက်လိုက်ကာ ...

"ကို ... သူက ဘယ်သူလဲ ပြောစမ်းပါ။ သူက ဘယ်သူလဲ။ စိန် ဒီဆိုင်ထဲ ဝင်ဝင်လာချင်းတည်းက မြင်တယ်။ အခြေအနေက တစ်မျိုးဖြစ်နေလို့ စောင့်ကြည့်နေတာ။ ခုတော့ ဖောဖောသီသီ ငွေထုတ်ဝယ်ပေးနေတာတွေ့လို့ အချိန်မီ လာတားရမှာပဲ"

အလင်းနှစ်သည် စိန် ဘာတွေပြောမှန်း ရုတ်တရက်တော့ နားမလည်နိုင်သလိုဖြစ်ကာ အံ့ဩမှင်တက်ငေးကြောင်နေသဲ။ ကောင်မလေးကတော့ သူ့ထက်ပိုသွက်သည်။ စိန့်ကိုပင် တစ်ပြန် စိန်ခေါ်သလို ပြန်ကြည့်လိုက်ကာ ...

"အိုး ... နေစမ်းပါဦး၊ ရှင်က ဘယ်သူမို့လို့ ကိုကို့ကို ပိုင်စိုးပိုင်နင်း လာအော်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ အလင်းနှစ်၏ တခြားသောရည်းစားတစ်ဦး ဟုထင်ကာ ယှဉ်ပြိုင်လိုဟန်ဖြင့် ပြန်တုံ့ပြန်ပါသည်။

စိန်သည် အနိုင်ရပြီးသော အပြုံးဖြင့် ...

"မေးရဦးမယ်၊ မင်းကရော ဘယ်သူလဲ"

ဟု ပြန်မေးခွန်းထုတ်လိုက်သေး၏။

"အို ... ဘာကိစ္စ ပြန်မေးရတာလဲ။ တို့က ကိုကို့ရဲ့တရား ဝင်ချစ်သူပဲ။ သူ့ချစ်သူမို့ သူ့ ကြည်ကြည်ဖြူဖြူဝယ်ပေး တာ။ ဘာလဲ ရှင့်ကိုဗျ ဝယ်မပေးလို့ မနာလိုဖြစ်နေတာ မဟုတ်လား"

"မနာလိုဖြစ်တာ မဟုတ်ဘူး။ ငါက တားပိုင်ခွင့် အပြည့် အဝရှိလို့ လာတားတာပဲ။ ငါ ဘယ်သူလဲဆိုတာ မင်း သူ့ ကိုပဲ မေးကြည့်။ သူ ဖြေလိမ့်မယ်"

ဆိုင်ထဲမှာတော့ ဝယ်နေသူတွေပင် ရွေးချယ်နေတာ တွေ ရပ်တန့်ကာ အားလုံး ဝိုင်းကြည့်ကုန်ကြတော့သည်။ ပွဲကြ ပွဲကောင်းပဲဆိုသော တီးတိုးသံတွေ သဲ့သဲ့ကြားနေရသည်။

"ကိုကို သူက ဘယ်သူလဲ"

အလင်းနှစ်သည် အခုမှ အသိဝင်လာကာ စိန်ပန်း ခိုင်၏လုပ်ရပ်အတွက် အတော့်ကို ကသိကအောက် ဖြစ်သွားပါ သည်။ တောက် ... တော်တော်အကြံပိုင်တဲ့ မိန်းမပဲ။ အကြံ လည်း ကြီးမှ။ ငါ ဖုန်းပြောတာကို ခိုးနားထောင်ပြီး ဒီလိုနော





ကလိုက်လာမယ်။ လူပုံအလယ်မှာ အရှက်ခွဲမယ်လို့ လုံးဝမထင် ခဲ့ဘူး။ ငါတော့ ဒီတစ်ခါ ခံရပြီထင်တယ်။

"ဟာကွာ ... ဘာတွေလဲကွာ စိန်ပန်းခိုင်ရာ။ မရှက်ဘူး လား။ အေးအေးဆေးဆေး အိမ်ပြန်စမ်းပါကွာ"

"ခြော် ... ဘာစိန်ပန်းခိုင်လဲ၊ ဘာစိန်ပန်းခိုင်လဲ ... ကို။ ဟင် ... ရှင် အိမ်မှာကတော့ ပါးစပ်က စိန် ... စိန်နဲ့ ပါးစပ်ဖျားကတောင် မချဘူး။ သည်းသည်းလှုပ် ချစ်ပြနေ တာ။ အခုကျ အပြင်ရောက်မှ နာမည်ကိုခေါ်လားခေါ်ရဲ့ မလုပ်နဲ့။ ကိုယ့်အပြစ် ကိုယ်သိစမ်းပါ။ ရှင်နဲ့စိန် ဘယ်လို ပတ်သက်သလဲဆိုတာ ရဲရဲပြောလိုက်စမ်းပါ"

"ပြဿနာမရှာနဲ့ကွာ။ မင်း မရှက်ဘူးလား၊ လူတွေကြည့် ကုန်ပြီ"

"ဘာရှက်စရာရှိလဲ၊ စိန့်ဘက်ကမှန်လို့ လာအော်တာ ဘာမှရှက်စရာမရှိဘူး။ ရှင်ပဲ ချစ်လွန်းလှချည်ရဲ့။ သူများ လက်တော့ အပါမခံနိုင်တော့ပါဘူး။ မခွဲနိုင်တော့ပါဘူး ဆိုပြီး အတင်းနိုးပြေးပြီး လက်ထပ်ယူထားတာလေ။ ရှင့် မိန်းမလေ ကိုရဲ့။ ရှင်ပဲ ချစ်လွန်းလို့ သစ်နတ်လွန်းလို့ ဘာအလုပ်မှ မလုပ်ခိုင်းဘဲ အိမ်ထဲမှာ သိမ်းထားတဲ့မိန်းမ လေ။ လက်စသတ်တော့ ရှင့်အကြံက ဒီလိုကိုး ကိုရယ်။ မိန်းမကိုတော့ တခြားယောကျ်ားတွေနဲ့တွဲပြီး အလုပ်လုပ်

www.burmeseclassic.com

www.burmeseclassic.com



မှာ စိတ်မချပါဘူးပြောပြီး အိမ်ထဲမှာထား။ ရှင်ကတော့
တခြားမိန်းမတွေနဲ့ အခုလို လျှောက်တွဲပြီး ပိုက်ဆံဖြုန်း
မယ်ပေါ့၊ အဲဒီလိုလား"

အလင်းနှစ်သည် စိန်ပန်းခိုင်၏ ဘယ်ကဘယ်လို
ရလာသည်မသိသော စိတ်ကူးဉာဏ်ကိုလည်းကောင်း၊ ဘယ်တုန်း
ကမှ မခေါ်ခဲ့ဘူးတဲ့ "ကို"တွေ "စိန်"တွေ ရေလဲသုံးပြီး စကား
ထဲ ထည့်ထည့်ပြောကာ ရန်တွေ့နေတာကိုလည်းကောင်း၊ မဟုတ်
မဟာတ် လုပ်ဇာတ်တွေခင်းပြီး ဇာတ်ကြောင်းလှန်ကာ ချစ်လွန်းလို့
ခိုးပြေးပြီး ယူထားတဲ့မိန်းမအဖြစ် သူမကိုယ်သူမ ဂုဏ်တင်ပြီး
ပြောတာကိုလည်းကောင်း၊ တအံ့တဩ (သို့သော် အနည်းငယ်
စိတ်ကြည်နူးမိစွာ) နားထောင်နေမိပါသည်။ အဲဒီအခိုက်အတန့်မှာ
အလင်းနှစ်သည် ထိုသို့ ကြည်နူးမိလိုက်သည့်အတွက် သူ့ကိုယ်
သူတောင် မုန်းသွားပါသည်။ တကယ်တော့ ဒီလိုမခံစားသင့်ပေ
ဒေါသပုန်ထပြီး တွန်းထိုးရိုက်ပစ်ချင်စိတ် ဖြစ်သင့်တာတော့
အမှန်။

ဒါပေမဲ့ အဲဒီစိတ် မဖြစ်လာခဲ့ခြင်းမှာ ထူးဆန်း
လှသည်။

"ကိုကို ... ကိုကို့။ ကိုကိုလို့ ခေါ်နေ။ ဘာဖြစ်တာလဲ
အဲဒါ ဘာတွေလဲ။ ကိုကို့မှာ မိန်းမရှိတာ တကယ်လား
ဒါ အမှန်ပဲလား၊ သူက ကိုကို့မိန်းမလား"





ရှယ်ဗရွန်းသည် မယုံနိုင်သလိုဖြင့် အံ့ဩနေကာ
မတုန်မလှုပ်ဖြင့် ငေးနေသော အလင်းနှစ်ကို လက်မောင်းမှဆွဲ
လှုပ်ကာ မေးပါသည်။

"ဝန်ခံလိုက်လေ၊ ရှင် ဘာလို့ဝန်မခံရဲတာလဲ ကို။ လွန်ခဲ့
တဲ့ တစ်လကျော်ကမှ လက်ထပ်ထားတဲ့ မိန်းမအစစ်ပါ
ဆိုတာ။ ကို့အမေကတောင် သဘောကျလွန်းလို့ သိန်းတစ်
ထောင်ထုတ်ပေးပြီး ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာဆောင်
ကြီးလုပ်ဖို့ စိန့်အလိုကိုလိုက်ထားတာ"

"ဘာ ... ဘာရယ် ... အမေကတောင် သဘောတူတာ
ဟုတ်လား"

အလင်းနှစ်သည် အံ့ဩတုန်လှုပ်ကာ အရှက်ကြီး
က်နေသော၊ စိန့်လို မိန်းကလေးနဲ့ သူမနဲ့ ယှဉ်ရင် ဘယ်သူက
လှနိုင်မယ်လို့ ကျိတ်၍လည်း ပြိုင်နေသော ရှယ်ဗရွန်းကို ...

"ဟုတ်တယ် ... သူ ကိုယ့်မိန်းမပဲ"

ဟု ဝန်ခံလိုက်ရပါတော့သည်။ သူ့စကားသံကြောင့်
ပန်းခိုင်၏မျက်နှာမှာ အောင်နိုင်သူတစ်ဦးလိုပဲ ပြုံးပျော်မာန
က်သွားတာကို တွေ့ရသည်။

"ဟင် ... ရှင် ... ရှင် ဒါဖြင့် ကျွန်မကို လိမ်ညာပြီးတွဲခဲ့
တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဘာမှမညာခဲ့ဘူး၊ မင်းနဲ့စတွေ့တယ်၊ တစ်ယောက်နဲ့တစ်ယောက် မိတ်ဆက်ကြတယ်။ ကိုယ်ကလည်း ကိုယ့်ကိုယ်ကိုယ် လူပျိုလို့ မကြေညာခဲ့ဘူး။ ဒါ ကြေညာနေစရာမှ မဟုတ်တာ။ မင်းကလည်း မမေးဘူး။ မင်း မေးရင် ကိုယ်ဝန်ခံမှာပေါ့။ ဘာ ဝန်မခံရဲစရာရှိလဲ။ မင်းမှမမေးတာ ကိုယ်က အလကားနေရင်း ကျွန်တော် လူပျိုမဟုတ်ပါဘူး ဆိုတာ လိုက်အော်ပြောနေမယ့် လူတော့ မဟုတ်ဘူး"

"ရှင် ... ရှင် တမင်လှုလည်ကျတာ"

ရှယ်ဗစွန်းမှာ အားလုံး ဝိုင်းကြည့်နေကြသော အချိန်တွင် အရှုံးကြီး ရှုံးလိုက်ရသည့်အတွက် အလင်းနှစ်ကိုမဲကာ လက်ဖဝါးတစ်ဖက် မြှောက်တက်သွားပြီး ပါးကိုဖြတ်ရိုက်ချလိုက်လျှင် အလင်းနှစ်လည်း ရုတ်တရက်မို့ အငိုက်မိပြီး ရိုက်ခံလိုက်ရတော့မလိုဖြစ်ကာ အမြန်ရှောင်လိုက်ရသည်။ အမြန်ရှောင်ပေမယ့် ရှောင်တာအနည်းငယ်မှ နောက်ကျသွား၍ သူ့ပါးကို မထိဘဲ သူ့မေးဖျားကိုသာ ဖတ်ခနဲ အဖျားခတ် ရိုက်မိသွားပါသည်။

စိန်သည် သူ အရိုက်ခံလိုက်ရ၍ ဝမ်းသာကျေနပ်စွာ ပြုံးကြည့်နေရင်း ...



"ကောင်းတယ် ... ကောင်းတယ်၊ အရိုက်ခံရပါစေ။ အရိုက်ခံရတာတောင် နည်းသေး။ ဟော့ ... ဒီမှာ။ မင်းမှာအစ်ကိုတွေ မောင်တွေ ရှိရင်လည်း သူ့ကို ချောင်းရိုက်ခိုင်းလိုက်ဦး။ မိန်းကလေးတစ်ယောက်ကို လှည့်စားပြီး လူပျိုဟန်ဆောင်ပြီး ရည်းစားထားတဲ့ကောင်ကို မှတ်လောက်သားလောက်အောင် ဆုံးမခိုင်းလိုက် ... သိလား"

ဟူ၍ ကောင်မလေးကိုပါ မြှောက်ပေးသလိုပြောလိုက်ပါသည်။ ဘေးပတ်ဝန်းကျင်က ရပ်ကြည့်နေသူတွေက မသိရင်တော့ မိန်းမဟာ တော်တော်စိတ်နာသွားပြီး သူ့ယောကျ်ားကို တခြားလူတွေကတောင် ချောင်းရိုက်စေချင်နေပြီလို့ ထင်ကြေးပေးမှာပင်။

"စိတ်ချ ... စိတ်ချ ... ရှင့်ယောကျ်ားကို ခြေပြိမ်သွားအောင် သူ့ခြေထောက်တွေကိုတောင် ရိုက်ချိုးပစ်ခိုင်းဦးမှာ။ ရှင်ကလည်း လက်ထပ်တာဖြင့် တစ်လကျော်ရှိသေးတယ်။ ယောကျ်ားကို ဆွဲခေါင်မထားနိုင်ဘဲ တခြားမှာ အပျော်ရှာချင်လောက်အောင် ဘာတွေအသုံးမကျ ဖြစ်ရတာလဲ"

ရှယ်ဗစွန်းမှာ အမှန်တော့ အလင်းနှစ်ဟာ လူမျိုးခြားဖြစ်ဖြစ်၊ လူအိုဖြစ်ဖြစ် သူမ,လိုအပ်တာတွေ အလျှံပယ်ဝယ်ပေးနိုင်လျှင် ခဏတစ်ဖြုတ်တော့ တန်အောင်တွဲမည့် မိန်းကလေးမျိုး

www.burmeseclassic.com

www.burmeseclassic.com



အစားမှန်း အလင်းနှစ် သိပါသည်။ သို့သော် လူပုံအလယ်မှာ မိန်းမက လိုက်လာပြီး အရှက်ခွဲခံရသည်ဖြစ်ရာ ဟန်ကိုယ့်ဖို့အနေနဲ့ ဒေါသဖြစ်ချင်ဟန်ဆောင်နေတာ ဖြစ်သလို၊ သူမလောက်တောင် လှပမှု၊ ဆွဲဆောင်မှု မရှိသော စိန်ပန်းခိုင်ကိုလည်း မနာလိုလည်း ဖြစ်နေမှန်းလည်း အလင်းနှစ် ရိပ်မိသည်။ ဒါကြောင့် စိန်ပန်းခိုင်ကို အထိနာသွားစေမည်ထင်သော စကားလုံးတွေနဲ့ ပစ်ပေါက်ရန် လိုလိုက်တာဖြစ်သည်။

အကာယ်၍သာ စိန်ပန်းခိုင်ဟာ အလင်းနှစ်နဲ့ တကယ် ချစ်ကြိုက်ယူသူဖြစ်လျှင် ဒီစကားကို နာသွားမှာပင်။ သို့သော် စိန်ပန်းခိုင်ကတော့ မနာတဲ့အပြင် အပြုံးမပျက်ဘဲ ...

"မလိုဘူးလေ၊ ငါက ယောကျ်ားတစ်ယောက် ရင်ထဲက အချစ်ကိုရဖို့ အပေါ်ယံအလှကိုပြပြီး ဆွဲဆောင်နေမယ့် မိန်းမမျိုး မဟုတ်ဘူး။ သူ့ရင်ထဲမှာ မြတ်မြတ်နိုးနိုး တန်ဖိုးထားပြီး ချစ်လို့အနားကပ်တာကိုပဲ လိုချင်တာ။ အဲဒီ စကားဟာ မင်းအတွက်တော့ ဟာသစကားမျိုး ဖြစ်နေပေမယ့် ငါကတော့ အဲဒီလိုပဲ ခံယူထားတယ်၊ ဒါပေမဲ့ မင်း ငါ့ကို ဘယ်လောက်ပဲ မနှာလိုဖြစ်ဖြစ်လေ။ ငါ့လက်ထဲက လုယူချင်လို့မှ မရတာ။ ယူရဲရင် ယူကြည့်ပေါ့။ သတင်းစာ





ထဲကကို ကြေညာမယ်။ လူဖတ်အများဆုံး ဂျာနယ်တွေမှာ အပတ်စဉ်ကို ထည့်မယ်။ ကျွန်မသာလျှင် တရားဝင်မယားကြီး ဖြစ်ပါကြောင်း ငါကလွဲပြီး ဘယ်သူကကြေညာရဲမှာလဲ"

"ဟော့ ... ဟော့ ... တော်ကွာ။ တော်ကြစမ်းကွာ။ မင်းတို့ မရှက်ဘူးလား။ လူတွေဝိုင်းအုံကြည့်နေပြီ"

"မရှက်ပါဘူး၊ မရှက်လို့ကို တမင်လိုက်ချောင်းပြီး အခွင့်ကောင်းယူပြီး ချက်ကောင်းစောင့်ပြီးမှ အပိုင်လာအော်တာ"

"စိန် ... စိန် ... မင်း တော်စမ်း၊ ပါးစပ်ပိတ်စမ်း။ လာပြန်မယ်။ တောက် ... ရှက်စရာ ကောင်းလိုက်တာကွာ။ လူမြင်ကွင်းကြီးမှာ အော်ကြီးဟစ်ကျယ် ရန်ဖြစ်ရတဲ့ မိန်းမ"

"ဘာဖြစ်လဲ ရန်ဖြစ်မှာပဲ။ ရှင့်မှ အရှက်မရှိဘဲ မိန်းမလက်ရှိ ရှိရက်နဲ့ တခြားမိန်းမတွေကို နှာဘူးကျပြီး လျှောက်တွဲပြီး လိုက်ဝယ်ခြမ်းပေးနေတာ"

အလင်းနှစ်သည် စိန်ပန်းခိုင်ဟာ သူ့ကို လူသူအလယ်မှာမို့ မကြောက်ဘဲ ခံအော်ရဲနေမှန်း သိသဖြင့် ဆက်စကားများမနေတော့ဘဲ စိန်ပန်းခိုင်၏ လက်ကို ဆောင့်ဆွဲကာ ဆိုင်ထဲမှ အမြန်ဆုံး ခြေလှမ်းတွေဖြင့် ထွက်လာခဲ့တော့သည်။ သူ့စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဒီဆိုင်ဝန်းကျင် ဒီနေရာဝန်းကျင်ကနေ အမြန်ဆုံး ထွက်သွားချင်စိတ်သာ ရှိတော့သည်။ စိန်ပန်းခိုင် ဘာကြောင့် မရက်တတ်သလဲဆိုတာ အံ့ဩနေမိသည်။ သူကတော့ အတော်ကြီး ရက်နေပြီ။ စိန်ပန်းခိုင်၏ လက်ဖဝါးတစ်ဖက်ကို ကျစ်နေအောင် မလွှတ်တမ်း ဆုပ်ကိုင် ဆွဲခေါ်လာပြီး ခြေလှမ်းကျဲတွေနဲ့ လျှောက်လာသည်ဖြစ်ရာ သူ့လောက် ခြေလှမ်းမမြန်သော စိန်ပန်းခိုင်တော့ ဒရွတ်တိုက်ဓိတတ် အပြေးလိုက်လာရမှာ သေချာသည်။

"အလင်းနှစ် ဖြည်းဖြည်းလျှောက်စမ်းပါ၊ ပြီးတော့ နင် ငါ့လက်ကို အခုလွှတ်ပေး၊ ငါ့လက်ကို မကိုင်နဲ့"

"မင်းပဲ ငါ့မိန်းမအဖြစ် သာယာပြီး လူပုံအလယ်မှာ ထပ်ခါတလဲလဲ အော်ခဲ့တာလေ။ လက်ကိုင်တော့ ဘာဖြစ်လဲ။ မင်းလုပ်ထားတဲ့အပြစ်အတွက် မင်း ဒီလောက်တော့ ခံစားရမှာပဲ"

"ငါ့ဘာသာ နင် အရှက်ကွဲအောင် စီစဉ်ပြီး ပြောတဲ့စကားတွေအတွက် စိတ်ကူးယဉ်မနေနဲ့။ နင့်ကို ငါ တစ်သက်မကျေဘူး။ ဘယ်တော့မှ နင့်ကို လက်ခံမှာ မဟုတ်ဘူး"

"ငါကလည်း မင်းကို မုန်းလို့ကို လက်ထပ်ထားတာ။ ခုနမင်း လုပ်ကြံဖန်တီးပြောတဲ့ အထဲကလို မြတ်မြတ်နိုးနိုး





ချစ်လာမယ်လို့ မျှော်လင့်မနေနဲ့ပေါ့။ ဘာကြောင့် ငါ့အချစ်ကို လိုချင်နေရလဲ"

"မမျှော်လင့်ဘူး ... မမျှော်လင့်ဘူး၊ နင့်အချစ်ကို လိုချင်ရအောင် နင်က ဘာကောင်မို့လဲ"

"ငါ့အချစ်ကို မလိုချင်ဘူးလည်း ဆိုသေး။ ငါ အခုလိုရည်းစားနဲ့ လျှောက်တွဲတော့လည်း မနာလိုဖြစ်ပြီး လိုက်ဖျက်လိုဖျက်ဆီး လုပ်သေး"

"အဲဒါ နင် ငါ့ကို နှိပ်စက်ထားတာတွေအတွက် လိုက်ကလဲ့စားချေတာ။ ငါ မပျော်သလို နင်လည်း မပျော်စေရဘူး။ ငါ စိတ်ဆင်းရဲနေသလို နင့်လည်း စိတ်ဆင်းရဲစေရမယ်။ ဒီတော့ အဲဒီလိုလုပ်ဖို့ ငါ နင့်နောက်ကို နောက်ယောင်ခံလိုက်ပြီး လိုက်အရှက်ခွဲနေဦးမှာပဲ"

အလင်းနှစ်သည် ခုနက ကြည်နူးမိသလိုလို ဖြစ်နေမိသော သူ့ကိုယ်သူပင် အခါခါ နာကြည်းလျက် ပြန်မုန်းနေမိတော့သည်။ တကယ်တော့ စိန်ပန်းခိုင် စိတ်ပါလို့ အော်နေတဲ့စကားတွေမှ မဟုတ်တာ။ အရှက်ကွဲဖို့၊ သူ့ကို နာကျင်စေဖို့တမင်လာလုပ်မှန်းလည်း အဲဒီတုန်းက သိသိကြီးနဲ့ ကြည်နူးမိတာလေ။



www.burmeseclassic.com

www.burmeseclassic.com



အလင်းနှစ်သည် ကားတံခါးကိုဖွင့်၊ စိန်ပန်းခိုင်ကို ကားထဲထိုးသွင်းပြီးသောအခါ မောင်းသူဘက်အခြမ်း ဝင်ထိုင်လိုက်ပြီး ကားကို တစ်ရှိန်ထိုး မောင်းထွက်လာခဲ့ပါတော့သည်။

ဆူညံသော Remix လုပ်ထားတဲ့ DJ တီးလုံးသံသာ ဆူညံနေသော သူတို့ရဲ့ကားကြီးကို အံ့သြစွာ ငေးကြည့်ပြီး ကျန်ရစ်ခဲ့ကြသူ တစ်သိုက်ကိုတော့ စိန် သတိမပြုလိုက်မိပါ။ စိန်သည် ဒီနေ့လုပ်လိုက်ရတာကို ကျေနပ်နေ၍ပင်။

❤ ❦ ❤





## ၁၄

"စိန့်ကို ကိုယ့်သူငယ်ချင်းတွေ တွေ့ခဲ့ကြတာ စိန်၊ ဆိုင်ထဲမှာ အော်ကြီးဟစ်ကျယ် ဖြစ်နေလို့တဲ့။ ဘာများလဲဆိုပြီး သူတို့ရပ်ကြည့်မိတော့ စိန်နဲ့ အလင်းနှစ် ပြဿနာတက်တာဆို။ အလင်းနှစ်က စိန့်ကို Cheating (ချိတင်း)လုပ်တယ်ဆို။ အပြင်မှာ တခြားကောင်မလေးတွေနဲ့ တွဲနေလို့ စိန်က လိုက်ချဲတာဆို ဟုတ်လား"

စိန်သည် မြတ်နိုး ဖုန်းဆက်မေးလာသောအခါ ဘယ်လိုရှင်းပြရမှန်း မသိအောင် ဖြစ်သွားပါသည်။ မြတ်နိုးစိတ်ထဲမှာ စိန်ဟာ အလင်းနှစ် အပြင်မှာ ဖောက်ပြန်တဲ့အတွက် အတော့်ကို မခံမရပ်နိုင်ဖြစ်ရကာ ပေါက်ကွဲအော်ဟစ်တဲ့အထိတောင် ဖြစ်ရသည်လို့ ထင်နေတော့မည်။ အလင်းနှစ်ကို လက်လွှတ်မခံနိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့လို့ ဒီလိုတွေဖြစ်ရတာလို့လည်း တွေးနေတော့မည်။ စိန် အဲဒီလို အထင်မခံချင်။ စိန့်ဘဝမှာ မြတ်နိုး ဆိုသော ယောကျ်ား တစ်ယောက်ကိုသာ ချစ်ခဲ့တာဖြစ်ပြီး သူ့နေရာမှာ ဘယ်သူ့ကိုမှ အစားထိုးပြီးတော့တောင် မချစ်နိုင်။ သို့သော် စိန်နဲ့ မြတ်နိုးဟာ ဘယ်တော့မှလဲ ဆုံစည်းပေါင်းဖက်ဖို့ဆိုတာ မဖြစ်နိုင်တော့မှန်း စိန် သိနေကာ ကြေကွဲဝမ်းနည်းနေခဲ့တာ ဘယ်သူမှ မသိ။ သိအောင်လည်း စိန် မပြောချင်။

"သူတို့ အံ့လည်းအံ့ဩနေကြတယ်။ စိန်က အလင်းနှစ်ကို ချစ်တာ သေချာတယ်တဲ့။ တခြားမိန်းကလေးနဲ့တွဲတွေ့တော့ စိန် တအားကို ပေါက်ကွဲတော့တာတဲ့၊ ကိုယ့်ကို ပြောသာပြောရတယ်၊ အားနာနေမှုပဲ"

"မဟုတ်ဘူး ... မဟုတ်ဘူး မြတ်နိုး။ သူတို့ထင်သလို မဟုတ်ဘူး။ စိန် သူ့ကိုချစ်နေတာ မဟုတ်ဘူး။ စိန် သူ့ကိုမုန်းလို့ လိုက်လုပ်နေတာ။ သူ့ကို လိုက်နှောင့်ယှက်နေတာပါ မြတ်နိုးရယ်။ စိန့်ကို အထင်မလွဲပါနဲ့။ စိန် ဘယ်သူ့ကိုမှ ထပ်မချစ်တော့ဘူး"

"ကိုယ် ဘာသဘောနဲ့မှ မေးတာမဟုတ်ပါဘူး စိန်။ စိန်တို့သတင်းကို ကြားရတော့ စိတ်မကောင်းဖြစ်လို့ သတင်းမေးတာပါ။ စိန့်ကို စိတ်ချမ်းချမ်းသာသာနဲ့ ပျော်တာပဲ





မြင်ချင်တယ်။ စိန် ဒီကောင့်ကို ဘာကြောင့်ပဲ ယူလိုက်ရ ပါစေ အိမ်ထောင်ရေး သာယာတာကိုပဲ မြင်ချင်တယ်။ စိန်လည်း အာဃာတတွေ မရှိတော့နဲ့။ သူလည်း စိန့်အပေါ် ဘာအငြိုးအတေးမှ မရှိတော့နဲ့ပေါ့"

"စိန် သူ့ကို ဘယ်တော့မှ မကျေဘူး။ စိန် တကယ်ချစ်တဲ့သူနဲ့ ကွဲရသလို သူလည်းပဲ သူချစ်တဲ့သူတွေနဲ့ကွဲအောင် စိန် လုပ်နေတာ"

"အံမာ ... ကြည့်စမ်း"

ရုတ်တရက် စိန့်လက်ထဲက ကော့ထ်လက်စ်ဖုန်းကို နောက်ကနေ ဆွဲလုခံလိုက်ရခြင်းနဲ့အတူ ကျယ်လောင်စွာ အော်ဟစ်လိုက်သော အလင်းနှစ်အသံကြောင့် စိန့် လန့်ဖျန့်သွားပါသည်။ စိန် အခန်းထဲမှာ ကော့ထ်လက်စ်ယူပြီး ဖုန်းပြောနေတာ ကြည့်စမ်း ... သူ့ အသံမပေးဘဲ ဝင်လာပြီး စိန့်ကို နှောင့်ယှက်လိုက်တာ။ စိန် ဒေါသတွေ ထောင်းခနဲ ထ,သွားပါသည်။ အလင်းနှစ်ကတော့ ခပ်တည်တည် မျက်နှာမာမာဖြင့် ဖုန်းကိုယူပြောနေသည်။

"ဟော့ ... ဒီမှာ မြတ်နိုး။ မင်းကိုယ်မင်း ရှက်တတ်ရင် ယောကျ်ားရှိပြီးသား မိန်းမတစ်ယောက်ကို ဖုန်းဆက်ပြီး အီစီကလီ လုပ်နေစရာ မလိုဘူး။ ကြာကူလီဆိုတဲ့ဘွဲ့ကို ဆရာဝန်ဘွဲ့မရခင်မှာ ရချင်နေပြီလား၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



အလင်းနှစ်သည် ခပ်ရိုင်းရိုင်းပင် ပြောပစ်လိုက်ပါသည်။ သူ့ကို တစ်စုံတစ်ရာ အော်ဟစ်ရန်တွေ့တော့မလို မြင်သော စိန်ပန်းခိုင်ကိုလည်း အားနေသော လက်တစ်ဖက်ဖြင့် ပါးစပ်ကို အတင်းဖိကာပ် ပိတ်ထားပစ်လိုက်သေး၏။ တစ်ဖက်မှ မြတ်နိုးဟာ ဒေါသတော့ ဖြစ်သွားပေမယ့် ပညာတတ် လူယဉ်ကျေးပီပီ သူ့ ဒေါသကို တစ်ဖက်လူ မသိစေလိုသောဟန်ဖြင့် (သို့သော် အလင်းနှစ်ကလည်း လူပါးမို့ ရိပ်မိနေသည်) သက်ပြင်းမသိမသာချကာ...

"စိန့်ကို ငါ သူငယ်ချင်းအဖြစ် သတ်မှတ်ပြီး ဆက်သွယ် စကားပြောတာပါ။ ငါ သူ့ကို ဘာမှမဆက်သွယ်ရဲစရာ မရှိဘူး။ ရိုးရိုးသားသား စကားပြောတယ်။ ဆက်သွယ်တယ်။ နိုးကြောင်ခိုးဝှက် မလုပ်ဘူး။ ငါ ဖုန်းနိုးဆက်ချင်ရင် သူ့ မိဘိုင်းလ်ဖုန်းကို ဆက်ရင်ရတယ်။ ဒါပေမဲ့ တမင်ပဲ မင်း အိမ်ဖုန်းနံပါတ်ကို ခေါ်တာပါ။ အိမ်ဖုန်းကိုဆက်တယ်၊ ရိုးသားတဲ့ ဆက်သွယ်မှုနဲ့ ဆက်သွယ်တယ်"

"အပြင်ပန်း ဘယ်လောက် ဟန်ဆောင်နေပါစေ မင်းစိတ်ထဲမှာ ဆက်ပြီး မရိုးမသားဖြစ်နေရင်ရော ငါက သိနိုင်ပါ့မလား"

"မင်း ဘာမှ မနာလို သဝန်တိုစရာ မလိုပါဘူး အလင်းနှစ်။ စိန့်ကို မင်း ရပြီးပြီပဲ။ မင်း၊ သူ့ဘဝတစ်ခုလုံးကို





ပိုင်ထားပြီးပြီပဲ။ မင်း နိုင်ပါတယ်။ မင်းပဲ သူ့ကိုပိုင်ဆိုင်ပါတယ်"

"အေး ... ဘာပဲဖြစ်ဖြစ် မင်း သူ့ကို ဘာမှဖုန်းဆက်စရာ မလိုဘူး။ အဲဒါ နောက်ဆုံးဝမ်းနင်ပဲ"

အလင်းနှစ်သည် အနိုင်ပိုင်းကာ ပြောပစ်လိုက်ပြီး လျှင် ဖုန်းခလုတ်ကို ပိတ်ချလိုက်ပါသည်။ သူ ပါးစပ်ပိတ်ကာ ချုပ်ထားသဖြင့် သူ့ကို ထုရိုက်ဖို့ ကြိုးစားရုန်းကန်နေသော စိန်ပန်းခိုင်ကို ကျန်လက်တစ်ဖက်ဖြင့်ထပ်၍ ချုပ်ကိုင်လိုက်သည်။ စိန်ပန်းခိုင်၏ ပခုံးနှစ်ဖက်ကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ပြီးသောအခါ မျက်နှာချင်းဆိုင်တည့်တည့် စိုက်ကြည့်ပစ်လိုက်ပါသည်။

ပိုင်းစက်ပြီး အရည်လဲ့သော၊ မျက်တောင်ထူထူ ကော့ကော့လေးများဖြင့် ဝန်းရံထားသော မျက်လုံးအိမ်သည် စိန် ပန်းခိုင်၏မျက်နှာပေါ်မှာ အလှဆုံးနဲ့ အထင်ရှားဆုံးသော အရာ ဝတ္ထုပင်ဖြစ်ကြောင်း အလင်းနှစ် သတိထားမိလိုက်ပါသည်။ သူမ လောက် မျက်လုံးလှသော မိန်းကလေးမျိုး သူ တစ်ခါမှ မဆုံဘူး။

"ဒီမှာ စိန်ပန်းခိုင်။ မင်း ကောင်းကောင်းနေပါ။ မင်းကို ဒီအိမ်မှာ ဖုန်းသုံးချင်ပေးထားတာ အပြင်ထွက်ခွင့် ပေးထား တာတွေကို မရုပ်သိမ်းစေချင်ရင် ကောင်းကောင်းနေ။



www.burmeseclassic.com

www.burmeseclassic.com



မင်းအကောင်နဲ့ ဆက်သွယ်ပြီး အီစီကလီ ထပ်လုပ်နေဦးမယ်ဆိုရင် ငါ့အဆိုးမဆိုနဲ့”

“နင် ငါ့ကို ဘာမှချုပ်ကိုင်စရာ မလိုဘူး။ ငါက နင့်အကျဉ်းသား မဟုတ်ဘူး။ ငါလုပ်ချင်တာလုပ်မယ်၊ ဘာဖြစ်လဲ”

“လုပ်ရဲရင် လုပ်လေ၊ ငါက မင်းကိုတော့ ဒုက္ခပေးမှာ မဟုတ်ဘူး။ မင်း သိပ်ချစ်ပါတယ်ဆိုတဲ့ မင်းအကောင် မြတ်နိုးကိုပဲ မှတ်လောက် သားလောက်အောင် ဒုက္ခပေးမှာ။ မင်း ငါ့စကားကို နားမထောင်ဘဲ ကလန်ကဆန်လုပ်လေလေ မြတ်နိုးမှာ ဒုက္ခဝတ်လည် ဝိုင်းလေလေဖြစ်မယ် စောင့်ကြည့်လိုက်လေ”

“နင် ... နင် ... အဲဒီလောက် မယုတ်မာနဲ့။ သူနဲ့ဘာမှ မဆိုင်ဘူး။ နင်နဲ့ ငါဖြစ်တဲ့ ပြဿနာမှာ သူ့ကိုဆွဲထည့်စရာ မလိုဘူး။ သူ့ကို ဘာမှမဲစရာ မလိုဘူး”

“မင်း သူ့ကို တော်တော်ချစ်လား”

“ချစ်တယ်။ ချစ်တယ် ... မြတ်နိုးဟာ ငါ့ရဲ့တစ်ဦးတည်းသော ချစ်သူပဲ၊ သူ့အသားနာတာဟာ ငါ့အသားနာတာနဲ့ အတူတူပဲ”

“ကျွတ် ... ကျွတ် ... ငါ မင်းအတွက်တော့ တော်တော် စိတ်မကောင်း ဖြစ်မိတယ်။ မင်း ဒီတစ်သက်မှာ မင်းသိပ်





ချစ်ရတဲ့ ချစ်သူနဲ့ လွဲရပြီနော်။ မင်း သူ့ကို ဘယ်တော့မှ လက်တွဲခွင့်မရလိုက်ရဘူး”

အလင်းနှစ် တမင်ပင် ကလိသလိုလို ပြောလိုက်သော စကားကြောင့် စိန်ပန်းခိုင် ခါးခါးချက်ချက်တော့ တွေသွားလေသည်။ သူမ၏ မျက်ဝန်းလဲ့လဲ့တွေပေါ်မှာ အရိပ်တစ်ရိပ် ဖြတ်ပြေးသွားခဲ့သည်။ ခဏတစ်ဖြုတ်လေးပေမယ့် အလင်းနှစ် သတိထားမိလိုက်ပါသည်။ ဒီမိန်းမဟာ အဲဒီအကောင်ကို တော်တော်ချစ်ခဲ့တာပါလားလို့ နည်းနည်းမနာလိုစွာ တွေးလိုက်မိသည်။

“ငါ့အတွက် နင် စိတ်မကောင်းဖြစ်ဖို့ မလိုဘူး။ နင့်ကိုယ်နင်ပဲ သနားပြီး စိတ်မကောင်း ဖြစ်လိုက်ပါ။ ငါလည်း ငါ ချစ်တဲ့သူနဲ့ မပေါင်းရသလို နင်လည်း ဘယ်တော့မှ နင် ချစ်တဲ့သူနဲ့ ပေါင်းရမှာ မဟုတ်ဘူး။ နင့်ဘဝမှာ သိပ်ချစ်ရတဲ့ မိန်းကလေး ထပ်တွေ့ဖို့ မမျှော်လင့်နဲ့။ ငါက ရှအောင်ကို လိုက်ဖျက်ပြီး နှောင့်ယှက်နေမှာလေ။ အရင် တစ်ခါကလိုပဲ လူကြားထဲ လိုက်အရှက်ခွဲဦးမယ်ဆိုတာ မမေ့နဲ့”

“ဟား ဟား ဟား ... မင်း ငါ့ကို ပြန်မခြိမ်းခြောက်ပါနဲ့။ ငါဆိုတဲ့ကောင်က အချစ်ကို ဦးစားပေးပြီး ကိုးကွယ်တဲ့ကောင် မဟုတ်ဘူး။ မချစ်ရလို့လည်း မသေသွားဘူး။



www.burmeseclassic.com

www.burmeseclassic.com

ငါ ချစ်တဲ့ မိန်းကလေးဆိုတာလည်း ဘယ်တော့မှ ရှိလာမှာ မဟုတ်ဘူး"

"ဟုတ်လား ... ဟား ဟား ... စောင့်ကြည့်လိုက်ဦးမယ်လေ။ အပြောမကြီးနဲ့။ စကားကို အကုန်မပြောနဲ့"

အလင်းနှစ်သည် သူ့လက်ထဲမှ ရုန်းထွက်နေသော စိန်ပန်းခိုင်ကို ဆက်၍ချုပ်မထားတော့ဘဲ အသာအယာ ပြန်လွှတ်ပေးလိုက်ပါသည်။ ခုတလော သူ ဘာဖြစ်နေသည်မသိ။ စိန်ပန်းခိုင် ဘာလုပ်နေသလဲ။ ဘယ်မှာရှိနေသလဲဆိုတာ သိပ်သိချင်နေလေရာ အိမ်ထဲမှာ သူနဲ့မဆုံရအောင် ရှောင်နေတတ်သော သူမကိုပဲ လိုက်ရှာနေမိသည်။ အိမ်မှာ မနက်မိုးလင်းတာနဲ့ အပြင်ထွက်ပြီး အလုပ်ကိစ္စတွေဆီ သွားရတတ်သော အလင်းနှစ်အဖို့ အိမ်ကို ခဏပြန်လာရရင်တောင် တစ်နာရီပြည့်အောင် မနားရ။ လုပ်စရာတွေ ဆက်တိုက်ရှိနေသေးရာ စားစရာရှိ ကသုတ်ကရက်စားပြီး ပြန်ထွက်ရတတ်သည်။

ညဘက်ဆိုလည်း တပည့်တွေ ကျေနပ်အောင် အလုပ်ပြီးတာနဲ့ဆိုင်သွား၊ စားသောက်၊ တပည့်တွေ ဖြုန်းချင် သလောက်ဖြုန်းဖို့ ကာရာအိုကေအဆိုတော်တွေကို ပန်းကုံးတွေ ဝယ်စွပ်ခွင့်၊ စိတ်ကြိုက်သောက်စားခွင့်ပေး၊ တချို့ရက်တွေ Cl သွားချင်ကြရင်လည်း ကလပ်သွား စသဖြင့် အချိန်ဖြုန်းရလေ





အိမ်ပြန်ရောက်ချိန်ဟာ အမြဲသန်းခေါင်ကျော်နေတတ်သည်။ စိန်ပန်းခိုင်နဲ့ အလင်းနှစ်တို့ဟာ တစ်အိမ်တည်းမှာသာ အတူနေနေပေမယ့် တစ်ခါတလေ သုံးလေးငါးရက် တစ်ပတ်လောက်တောင် မျက်နှာချင်းမဆိုင်ဖြစ်။ ဆုံကိုမဆုံဖြစ်ကြပါ။ တစ်ယောက်ယောက်က တကူးတကကြီး စောင့်နေမှသာ ဆုံရတာမျိုး ဖြစ်နေသည်။

အရင်အပတ် ရှော့ပင်းမောလ်မှာ ပြဿနာဖြစ်ပြီးတဲ့ နေ့တည်းက တစ်ပတ်လောက်ကြာတဲ့အထိ သူတို့မဆုံဖြစ်ကြပါ။

မဆုံဖြစ်ပေမယ့် အလင်းနှစ် စိတ်ထဲမှာ စိန်ပန်းခိုင်ကို သတိတရရဖြစ်ကာ သူမ ခုချိန်ဆို ဘာများလုပ်နေသလဲ။ ဘယ်သူနဲ့များ ဖုန်းပြောနေသလဲ။ ကားလည်းပေးမထားတာမို့ ဘယ်ကိုများ တက္ကစီနဲ့ ထွက်သွားနေပြီလဲ စသဖြင့် အချိန်တိုင်းလိုလို တွေးနေမိကာ အိမ်ကို မြန်မြန်ပြန်ချင်နေမိသည်။ သူ့အလုပ်ကလည်း များလှတာမို့ အိမ်ပြန်ရောက်ချင်တာတောင် ချက်ချင်း ပြန်လို့ မရတာတွေ ရှိသဖြင့် တွေ့ချင်ပေမယ့် မတွေ့ရ။ တော့ နေ့လယ်ပိုင်း ဘာအလုပ်ကိစ္စမှ မရှိ၍ အိမ်တစ်ချက် ခြင်းဖြစ်သည်။

အိမ်ထဲမှာ မသိမသာ ရှာဖေမယ့် မတွေ့၍ ဒေါ်တွေး မေးကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမလေးက သူ့အခန်းထဲမှာပဲ တစ်နေ့ကုန် နေတတ်တယ်။ သိပ်လည်း အပြင်မထွက်ဘူးလေ။ အခုလည်း နေ့လယ်စာထမင်းစားပြီးတာနဲ့ ဖုန်းလာတော့ ဖုန်းကိုင်ပြီး အခန်းထဲ ပြန်ဝင်သွားတာပဲ"

စိန်ပန်းခိုင်၏အခန်းကို ဝင်သွားသင့်,မသင့် သူ အတန်ကြာ စဉ်းစားနေမိသေးသည်။ သူတို့က လင်မယားဟုသာ အမည်ခံထားသော်လည်း အတူလည်းမနေ၊ တစ်ယောက်တစ်ခန်း သီးသန့်နေနေကာ မျက်နှာချင်းတောင် မဆိုင်ဖြစ်တဲ့သူတွေဖြစ် ရာ စိန်ပန်းခိုင်၏အခန်းထဲကို သီးသန့်သွားရမှာ မဝံ့မရဲဖြစ်နေ မိသည်။ တကယ်တော့ စိန်ပန်းခိုင်နေသော အခန်းဟာ အရင်က အလင်းနှစ်ရဲ့အခန်း၊ စိန်ပန်းခိုင် အိပ်သော အိပ်ရာခုတင်တွေက အစ အလင်းနှစ်အိပ်ခဲ့တဲ့ အိပ်ရာပင်။ အခန်းထဲမှာ ဘယ်နေရာ မှာ ဘာရှိတယ်။ ဘယ်ထောင့်မှာ ဘာရှိတယ်ဆိုတာကအစ။ ရေ ချိုးခန်းကြွေပြားလေးတွေကို သူ့စိတ်ကူးနဲ့သူ ဘယ်လိုကပ်ထား တယ် ဆိုတာပင် မှတ်မိနေသေးသည်။

သို့သော် အခုတော့ သူနဲ့ မသက်ဆိုင်တော့သော အခန်းဖြစ်လေရာ ဝင်သွားရမှာ ခက်နေသည်။ ဒေါ်ထွား အပ အဝင် ဒီအိမ်ထဲနေသမျှလူတွေကတော့ အလင်းနှစ်တို့အကြော င်း ကောင်းကောင်းသိနေကာ အံ့သြတကြီး ကွယ်ရာတွင်တော့





"လက်မထပ်ဘဲ အတူနေတာပဲ ကြားဖူးတယ်။ လက်ထပ်ပြီး အတူမနေတာတော့ မကြားဘူးပေါင်။ ငါတို့ရဲ့သူဌေးကျမှ အဲဒီပုံစံမျိုးဖြစ်နေတာ တော်တော်အံ့သြဖို့ ကောင်းတယ်"

ဟု ဝေဖန်သူက ဝေဖန်။

"ကိုလင်းနှစ်က အချစ်ကို ဓားမြတိုက်ပြီး မယူချင်လို့ပါ။ မမလေး ပြန်ချစ်လာတဲ့နေ့ကို စောင့်နေတာ"

ဟူ၍ စိတ်ကူးယဉ်အချစ်ကားဆန်ဆန် ပြောသူက ပြောနှင့် တီးတိုးအတင်းပြောကြတာတွေတောင် ရှိပါသည်။ အခု လည်း စိန်ပန်းခိုင်ရှိနေသော အခန်းထဲ ဝင်လိုက်သွားဖို့ ချီတုံ ချတုံဖြစ်သည့် အလင်းနှစ်ကို ဒေါ်ထွား တစ်ယောက် အကဲတခတ် ခတ်နှင့်မို့ အလင်းနှစ် စိတ်ဆုံးဖြတ်ပြီး စေ့ထားသော အခန်း တံခါးကို တွန်းဖွင့်ဝင်သွားလိုက်မိတာ။ လက်စသတ်တော့ ဒီမိန်းမ က ရည်းစားဟောင်းနဲ့ အလွမ်းသယ်နေခဲ့တာကိုး။ ရုတ်တရက် တော့ သူ ဒေါသတွေဖြင့် မျက်လုံးတောင် ပြာသွားခဲ့ကာ စိန် ပန်းခိုင်ကို ရိုက်ပစ်ချင်သွားခဲ့သေးသည်။ ဒါပေမဲ့ သူ့ဒေါသကို ခပ်မြန်မြန်ပဲ ထိန်းချုပ်နိုင်ခဲ့ပါသည်။

အလင်းနှစ် အောက်ပြန်ဆင်းလာလိုက်ပြီးလျှင် ဘာ လုပ်ရမှန်းမသိဖြစ်ကာ ဟိုလျှောက် ဒီလျှောက် လုပ်နေမိသည်။ တကယ်တော့ သူ စိန်ပန်းခိုင်ကို တွေ့ချင်လို့ ပြန်လာမိတာ။ ရန်



www.burmeseclassic.com

www.burmeseclassic.com



စကားပဲဖြစ်ဖြစ် ပြောချင်လို့ ပြန်လာတာ။ အခုတော့ ရန်တော့ ဖြစ်ရပါရဲ့။ သူ့ရင်ထဲမှာ မကျေမနပ် ဖြစ်ကျန်ရသည်။ ဘာကြောင့် မြတ်နိုး ဆိုတဲ့ကောင်က စိန်ပန်းခိုင်ကို စိတ်မပြတ်ရသေးတာလဲ။ ဘာကြောင့် ဆက်သွယ်နေရတာလဲ။ အဲဒီကောင်ကိုတော့ မှတ် လောက်သားလောက်အောင် ပညာပေးမှထင်တယ်။

ထိုအချိန်တွင် အိမ်ရှေ့မှာ မာစီဒီး(စ်)တစ်စီး ထိုး ရပ်လာသဖြင့် အမေရောက်လာမှန်း သိလိုက်ရာ အလင်းနှစ် အမြန်ပြေးကြိုလိုက်ပါသည်။

"ဟယ် ... သားလေး အိမ်မှာပါလား။ အမေက သား အပြင်ရောက်နေမယ် ထင်နေတာ"

"အလုပ်သိပ်မရှိလို့ စောစော အိမ်ပြန်နားတာပါ အမေ ဘာကိစ္စရှိလို့ လာတာလဲ"

"အံမယ်လေးကွယ်၊ ငါ့သားအိမ် ငါလာတာ ကိစ္စက ကြောင်း ပြောရဦးမှာလား"

"ဟာ ... သားက တခြားသဘောနဲ့မေးတာ မဟုတ်ပါဘူး သား နေ့လယ်တွေ အိမ်မှာမရှိတတ်မှန်းသိရက် အမေရော လာလို့ပါ"

"တကယ်တော့ အမေတွေ့ချင်တာ စိန်ပန်းခိုင်ကိုပဲ။ မင်္ဂလ ဆောင်သုံးဖို့ဆိုပြီး သိန်းတစ်ထောင် ပေးထားတာ ဘာ





မှလဲ မကြားရသေးတော့ သိချင်လို့ပါ။ သူ ဘယ်မှာလုပ် မှာလဲ။ ဘာတွေမှာပြီးပြီလဲ သိချင်လို့။ အမေ့ဘက်ကလည်း ပြင်ဆင်စရာတွေ ရှိတယ်လေ။ သားလေးတစ်ယောက်တည်း ရှိတာ ဒီပွဲကိုမှ အမေ ကောင်းကောင်းမနွှဲရရင် ဘယ်တန် မလဲ၊ ပြောရရင် အသေတောင်ဖြောင့်မှာ မဟုတ်ဘူး"

အလင်းနှစ်မှာ အမေ့စကားကြောင့် စိတ်ညစ်သွား ပါသည်။ အမေ့မှာလည်း မင်္ဂလာဆောင်နဲ့ ပတ်သက်သော စိတ္တဇတစ်မျိုးရှိကြောင်း အလင်းနှစ် သိသည်။ အလင်းနှစ် ငယ် ငယ်ကဆို အမေ ခဏ ခဏ ပြောပြတတ်သည်။

"တကယ်တော့ အမေလည်း မိန်းကလေးပီပီ ကိုယ့်ကို ကောင်းကောင်းမွန်မွန် လက်ထပ်ပြတဲ့ မင်္ဂလာပွဲကြီးလုပ် ချင်တာပေါ့ကွယ်။ အမေ့လက်ထက်မှာ လုပ်ခွင့်မပြောနဲ့ အမေ့ယောကျ်ားပါလို့တောင် လက်ညှိုးထိုးပြခွင့်မရှိတဲ့ အဖြစ် နဲ့ ကြုံခဲ့ရတော့ ငါ့ကလေးအလှည့်ကျရင် ရအောင်လုပ်မယ် ဆိုပြီး တေးထားတာ။ မွေးလာတော့ ယောကျ်ားလေးဖြစ် နေတော့ နည်းနည်းစိတ်ပျက်သွားသေးတယ်။ ဒါမျိုးက ယောကျ်ားလေးတွေမှာ ဖီလင်သိပ်မရှိဘူးလေ။ သမီးမိန်း ကလေးဖြစ်မှ အမေနဲ့ စိတ်တူကိုယ်တူ တိုင်ပင်လို့ရတာ။ ဒါပေမဲ့ သားဖြစ်နေတော့လည်း ဘာဖြစ်လဲ။ ငါ့သားကို



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင်ပွဲကြီး ဘာကြောင့် မလုပ်ပေးနိုင်ရမှာလဲ နော်"

ဟူသော စကားမျိုး အမေ ခဏခဏ ပြောတာကြားဖူးနေသဖြင့် အမေဟာ စိန်ပန်းခိုင်ကို သဘောကျတာ မကျတာ အသာထား။ မင်္ဂလာဆောင်ပွဲကြီးကိုတော့ မျှော်လင့်နေမှန်း အလင်းနှစ် အလိုလို သိပါသည်။

ခုလေးတင် ရန်ဖြစ်စကားများထားရလေရာ စိန်ပန်းခိုင်ကို သွားမခေါ်ချင်ပါ။ အမေရောက်လာတော့ အခက်တွေ့နေသည်။

"ဘယ်မှာလဲ၊ သူ ဘယ်သွားနေလဲ"

"ရှိတယ် အမေ၊ အပေါ်ထပ်မှာ"

"သွားခေါ်လိုက်လေ"

အလင်းနှစ် အမေ့ကို မညာချင်တာနဲ့ ...။

"ရန်ဖြစ်ထားတယ် အမေ၊ သွားမခေါ်ချင်ဘူး"

"ဘာကိစ္စ ရန်ဖြစ်ရပြန်တာလဲ။ မင်းတို့ကလည်း ယူပြီးတာဖြင့် မကြာသေးဘူး။ ရန်ခဏခဏ ဖြစ်ရတယ်လို့"

အလင်းနှစ်မှာ အဖြစ်မှန်ကို မပြောချင်တော့သဖြင့် အသာငြိမ်နေလိုက်သည်။

"ဒါဖြင့် အမေ တက်သွားမယ်"





"ဟာ ... အမေ မသွားပါနဲ့၊ ဒေါ်ထွားကို ခေါ်ခိုင်းလိုက်ပါ့မယ်။ သူက ဘာမို့လို့ အမေကတောင် တကူးတက သွားတွေ့ရမှာလဲ"

အလင်းနှစ် အချက်ပြလိုက်၍ ဒေါ်ထွား ခပ်မြန်မြန်ပဲ အပေါ်ထပ် တက်သွားပါသည်။ ဒေါ်ထွား ရှေ့ကပြန်ဆင်းလာပြီးသောအခါ မရေးမနှောင်းဘဲ စိန်ပန်းခိုင်ကို နောက်ကဆင်းလိုက်လာတာ တွေ့ရသည်။

စိန်ပန်းခိုင် မျက်နှာမှာ ဖော်ရွေမှုမရှိ။ ရယ်ခြင်းပြုံးခြင်းပင် မရှိဘဲ ခပ်တည်တည် မျက်နှာပေးဖြင့် အမေ့ရှေ့လာထိုင်သည်။

"ကဲ ... ဘယ်လိုလဲ စိန်ပန်းခိုင်။ မင်္ဂလာဆောင် ကိုယ့်ဘာသာ စီစဉ်မယ်ဆိုပြီး ပိုက်ဆံထုပ် ပိုက်ထားတာ။ ဘာတွေ ဘယ်လိုစီစဉ်ပြီးပြီလဲ သိချင်တယ်။ ငါ့သားကို သဘောကျလို့ပဲယူယူ၊ သဘောမကျလို့ပဲ ယူယူ အခုချိန်မှာ ညည်းနဲ့ငါက မပတ်သက်ချင်လည်း မရတော့ဘူး။ ယောက္ခမနဲ့ ချွေးမဆိုတဲ့ တော်စပ်မှု ရှိနေပြီလေ။ ဒီတော့ ရှိသေသမှုနဲ့ ဘာတွေ ဘယ်လိုစီစဉ်ပြီးပါပြီ ဆိုတာတော့ ဖုန်းလေးတစ်ချက်ဆက် အသိပေးသင့်တယ်၊ ငါ့ဘက်မှာလည်း ငါ့အသိုင်းအဝိုင်း ရှိသေးတယ်။ ဖိတ်သင့်တဲ့သူ

www.burmeseclassic.com

www.burmeseclassic.com



ဖိတ်ဖို့၊ ငါ့ဘက်မှာလည်း ပြင်ဆင်ဖို့ ရှိသေးတယ်လေ။ ညည်းနဲ့ လာမေးမှပဲ ပြောမယ့်ပုံပါလား"

စိန်ပန်းခိုင်သည် ခပ်တည်တည်ဖြင့် နှုတ်ခမ်းတွန့်ရှုံ့ပြီးကာ ...

"အန်တီ့ကို ဘာမှအသိမပေးတာက စိန် ဘာမှမစီစဉ်တော့လို့ပါ။ စိန် မင်္ဂလာပွဲကို လုပ်မှာမဟုတ်ဘူး။ ပိုက်ဆံလည်း မရှိတော့ဘူး"

ဟု ပြောလိုက်လျှင် ဒေါ်မဥ္ဇူရီ ရှုံ့မဲ့ရှုံ့မဲ့ ဖြစ်သွားပါသည်။ စိန်သည် အမေရော သားပါ ပိုက်ဆံအတွက် ဒီလောက်ကြီး ခံစားသွားရတာမြင်လျှင် ကျေနပ်သွားသည်။

"ညည်း ... ညည်းပဲ သိန်းတစ်ထောင်တန် မင်္ဂလာပွဲကို လုပ်ချင်လှချည်ရဲ့ဆို"

"ပိုက်ဆံတွေ ဘယ်ရောက်သွားလဲ စိန်ပန်းခိုင်"

ပြိုင်တူမေးလိုက်သော မေးခွန်းကို စိန် အရသာခံနားထောင်လိုက်ပြီးမှ လက်ထဲတွင် အသင့်ပါလာသော ပလတ်စတစ်ဖိုင်လ်အိတ်လေးကို ကလစ်အသာဖြုတ် ဖွင့်လိုက်ပါသည်။ အထဲမှာရှိသော ဂုဏ်ပြုမှတ်တမ်းလွှာ ငါးခုကို ထုတ်ယူလိုက်သည်။

"ပိုက်ဆံတွေ ဒီမှာပဲ။ ယူကြည့်ပေါ့"





မိဘမဲ့ကျောင်းသို့ သိန်းနှစ်ရာ၊ ဆေးရုံကြီးသို့သိန်းနှစ်ရာ၊ ဘုန်းတော်ကြီး ပညာသင်ကျောင်းတစ်ခုသို့ သိန်းနှစ်ရာ၊ သီလရှင်စာသင်တိုက်သို့ သိန်းနှစ်ရာ၊ ဘိုးဘွားရိပ်သာသို့ သိန်းနှစ်ရာ စသဖြင့် ဒေါ်စိန်ပန်းခိုင်မှ လှူဒါန်းပါသည်ဆိုသော ဂုဏ်ပြုလွှာတွေကို ပြူးပြဲကြည့်နေကြသည့် သားအမိကို စိန်ကတော့ အေးဆေးစွာ စောင့်ကြည့်နေခဲ့၏။

"ဒါ ... ဒါတွေ ညည်း အကုန်လုံး လျှောက်လှူပစ်လိုက်တယ် ... ဟုတ်လား"

"အန်တီ စိန့်ကို မင်္ဂလာစရိတ်ပေးတာလေ၊ စိန်မသုံးဘဲ လှူပစ်လိုက်တယ်၊ မင်္ဂလာဆောင် မလုပ်ဘဲ လှူပစ်လိုက်တာပဲ"

"ဒါပေမဲ့ ညည်းနာမည်တစ်ခုပဲ သုံးပြီး ဘာကြောင့် လှူရလဲ။ လှူတာကို ငါ မနှမြောပါဘူး။ မတွန့်တိုပါဘူး။ လိုတဲ့နေရာတွေ လှူတာ အပြစ်မပြောပါဘူး။ ဒါပေမဲ့ ညည်းက ဘာကြောင့် ငါ့သားနာမည် မထည့်ရလဲ။ မောင်အလင်းနှစ်နှင့် မစိန်ပန်းခိုင်တို့၏ မင်္ဂလာဦးအလှူဆိုတာမျိုး ခေါင်းစဉ်တပ်ပြီး လှူသင့်တာလေ။ ငါပေးတာ ညည်းတို့ရဲ့မင်္ဂလာစရိတ်ပေးတာ။ ညည်းတစ်ယောက်တည်းနဲ့ မဆိုင်ဘူး။ ငါ့သားလည်း ဆိုင်တယ်။ ငါ့သားနာမည်နဲ့ပါ တွဲပြီးလှူသင့်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မဥ္ဇူရီမှာ ဘဝင်မကျမှုတွေ၊ ခံပြင်းနေမှုတွေ၊ ဒေါသမောဟတွေဖြင့် အသံတွေတုန်နေကာ နှလုံးခုန်သံတောင် မြန်နေသည်။ စိန်ပန်းခိုင်လုပ်ပုံ မဟုတ်သဖြင့် ဒေါသတွေအလိပ်လိုက် တက်နေပါသည်။

"စိန် သူနဲ့ နောက်ဘဝမှာတောင် ရေစက်မပါချင်ဘူး။ အန်တီ့ကို ပြောပြီးသားပဲ စိန် သူ့ကိုမုန်းတယ်လေ။ ဘယ်သူကများ ကိုယ်မုန်းတဲ့လူနဲ့တွဲပြီး အလှူလုပ်ချင်ပါ့မလဲ"

"ညည်း ... ညည်း ပြောတာဆိုတာ တရားလွန်လွန်းတယ်။ ညည်း အခုပြောထားတာတွေအတွက် နောင်တမရပါစေနဲ့ အမယ်လေး ... အား ... ကျွတ် ကျွတ် ..."

စိန်သည် ဒေါ်မဥ္ဇူရီ ဒေါသတကြီး ထရပ်ကာ စိန့်ကို ရိုက်ချတော့မလို လက်ရွယ်လိုက်ပြီးမှ ရုတ်တရက် သူမ၏ ဘယ်ဘက်ရင်အုံနေရာကိုဖိကာ မျက်စိမှိတ်ပြီး ခွေလဲကျသွားတာ မြင်လိုက်ရ၍ လန့်ဖျပ်သွားပါသည်။

"ဟာ ... အမေ ... အမေ ... ဟာကွာ ... မင်း ... တောက် အမေ့မှာ နှလုံးရောဂါရှိတယ်ကွ။ အမေ တအားစိတ်လှုပ်ရှားပြီး ဒေါသထွက်အောင် လုပ်လိုက်ပြီး အမေသေရင် မင်းကို ငါ အလွတ်မပေးဘူး။ သတ်ပစ်မယ်၊ ဘာမှတ်လဲ"





အလင်းနှစ်သည် အမေ့ကို ပြေးပွေ့ကာ စိန့်ကို တရကြမ်း ကြိမ်းမောင်းအော်ဟစ်လိုက်ပါသည်။ စိန်လည်း ကိုယ့်ရှေ့မှာ ကိုယ့်အမေနဲ့ ရွယ်တူအမျိုးသမီးကြီးတစ်ယောက် ရောဂါဝေဒနာ အပြင်းအထန် ခံစားနေရသော အသွင်ကို ရုတ်တရက် မြင်လိုက်ရ၍ လန့်ထိတ်ချောက်ချားနေမိသည်။ စိန် နည်းနည်းတော့ သနားသွားပါသည်။

အလင်းနှစ်ကတော့ အမေ့လက်ကိုင်အိတ်ကြီးထဲ မွှေနှောက်ရှာဖွေကာ ...

"ဟာ ... မတွေ့ဘူး ဒုက္ခပါပဲ။ အမေ ... အမေ ... အမေ သားအသံကြားရသေးရင် ခေါင်းညိတ်ပြပါ။ အမေ့အိတ်ထဲမှာ လျှာအောက်ငုံဆေး ဆောင်ထားလား။ ပါတယ် မဟုတ်လား"

ဟူ၍လည်း ဆက်တိုက်အော်မေးနေသည်။ ဒေါ်မဥ္ဇူရီမှာ ရောဂါဝေဒနာ ခံစားနေရ၍ မျက်စိပင် မဖွင့်နိုင်တော့။ အိမ်ထဲကလူတွေ ပြေးထွက်လာကြပေမယ့်လည်း သူတို့ဘာမှမလုပ်တတ်တာမို့ ဟိုဟာပြေးကိုင်၊ ဒီဟာကောက်ကိုင်နဲ့သာ ယောင်နေကြသည်။ စိန်လည်း ဒီတိုင်းရပ်ငေးမကြည့်နိုင်သည်ဖြစ်ရာ အလင်းနှစ် လက်တစ်ဖက်ဖြင့် ဖွနေသောလက်ကိုင်အိတ်ကို ဆွဲယူလိုက်ပြီး အထဲရှိသမျှ ပစ္စည်းတွေကို ကြမ်းပြင်ပေါ် မှောက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

PRADA (ပရာဒါ)အိတ်အကောင်းစားကြီးထဲမှ iphone တစ်လုံး၊ Estee lauder (အက်စတီးလော်ဒါ)ကရင်(မ်)ပတ်(ဖ)တစ်ဘူးနှင့် ပန်းဆီရောင်ရင့်ရင့် နှုတ်ခမ်းဆိုးဆေးတစ်တောင့်၊ မျက်နှာသုတ်တစ်ရှူးထုပ်များ၊ Note Books (နုထ်ဘွ(ခ)) သုံးလေးအုပ်၊ ဘောလ်ပင်န် သုံးလေးချောင်း၊ ဘရပ်(ရှ်)ဘီးတစ်ချောင်း၊ ရိုးရိုးဘီးကျဲတစ်ချောင်း၊ သော့တွဲကြီးတစ်တွဲနှင့်အတူ ဆေးကတ်တချို့ ရှူဆေးဘူးတချို့တို့မှာ ပါကေးကြမ်းပြင်ပြောင်ပြောင်ပေါ် ပြန့်ကျဲသွားပါသည်။

"ဒါလား ... ဒီဆေးကတ်ထဲက ဆေးက လျှာအောက်ငုံဆေးလား"

စိန် ကောက်ယူကြည့်ပြီး မေးလိုက်ရာ အလင်းနှစ် စိန့်လက်ထဲမှ ဆွဲယူလိုက်ကာ ဆေးတစ်လုံး ဖောက်ယူ၍ သူ့အမေပါးစပ်ကိုဖြဲပြီး လျှာအောက်ထဲ ဆေးလုံးကို ထည့်ပေးပါသည်။ စိန့်မေးခွန်းကိုတော့ မဖြေဘဲ ဆေးကိုယူသုံးသည်ဖြစ်ရာ ဒီဆေးဟာ သူ့အမေ သုံးနေကျဆေးဖြစ်မှန်း သူ သိလို့ဖြစ်မည်။

ဆေးအရည်ပျော်ပြီး ဝင်သွားလျှင် မိနစ်အနည်းငယ်အတွင်းမှာပင် သက်သာသွားပုံရကာ အင်းခနဲ ညည်းညူလျက် မျက်လုံးဖွင့်နိုင်လာပါသည်။





ဒေါ်မဥ္ဇူရီသည် စိန့်ကို ခပ်စိမ်းစိမ်း ကြည့်ကာ အလင်းနှစ်၏ ပါးတစ်ဖက်ကို ဖတ်ခနဲ တစ်ချက် အသာလေး ရိုက်လိုက်လေသည်။ မနာအောင် ရိုက်ပေမယ့် အမေသတိရရချင်း အရိုက်ခံလိုက်ရ၍ အလင်းနှစ် အံ့သြငေးကြောင်သွားသလို စိန်လည်းပဲ အံ့သြစွာ ကြည့်နေမိသည်။

"လှုမိုက် ... မင်းဆွ သူ့ကိုရအောင်ယူခဲ့တာ မှားတယ်။ မင်းဘယ်တော့မှ စိတ်ချမ်းသာရမှာ မဟုတ်ဘူး။ ငါက ငါ့သားကို တစ်သက်လုံး စိတ်ချမ်းသာအောင် ထားခဲ့တာ၊ သူနဲ့ကျမှ"

စိန်သည် သူတို့သားအမိကို ကျောခိုင်းခဲ့သည်။ သူ့အမေ မှတ်ချက်ချလိုက်သော စကားဟာ သူ့ကို တကယ်ထိစေတယ်ဆိုရင် စိန်ဟာ ဘဝကို အနစ်မွန်းခံပြီး သူ့ကိုယူလိုက်ရကျိုး နပ်ပြီပေါ့။

❤ ❤


www.burmeseclassic.com

www.burmeseclassic.com



## ၁၅

မနက်တည်းက ရုတ်ရုတ်၊ ရုတ်ရုတ်နဲ့ လှုပ်ရှားနေကြသော သူတွေကို စိန် စူးစမ်းနေမိသည်။ ခြံထဲမှာလည်း ဆ…လိုက်မီးတွေ၊ ဒစ္စကိုလိုက်ထိတွေ၊ မီးချောင်းတွန်းဖို့ သစ်ပင်ပေါ် … …တွေ၊ မီးလုံးတွေ အလှဆင်နေတာတွေအပြင် ပေါ် … …လေးလေးလှည်း ကြိုးစားပမ်းစား ဆောက်နေကြတာတွေ့ရသည်။

စိန်သည် တစ်နေ့ တစ်နေ့ ဘယ်မှလဲ သွားစရာမရှိ။ အလင်းနှစ် လာဖျက်မည်ဟု ခြိမ်းခြောက်ထား၍ ဆိုင်လည်းသွားမဖွင့်၍ မသွားရချေ။ အားအားရှိ တက္ကစီငှားပြီး ရှော့ပင်းမောလ်တွေ လျှောက်သွားဖို့လည်း နေ့တိုင်းကြီးဆိုတော့ စိန် စိတ်မပါတော့။ DVD တွေသာ သွားငှားပြီး တစ်ထပ်ကြီး ထိုင်ကြည့်လိုက်၊ ညနေပိုင်းလေးမှာ သွားနေကျ Gym မှာ သွားကစားလိုက်





ဖြင့်သာ အချိန်ဖြုန်းနေရသည်။ အိမ်မှာရှိနေလည်း ဒီအိမ်သည် ဒီခြံသည် စိန်နဲ့မဆိုင်သလိုသို့ ခံစားရသဖြင့် အိမ်ထဲလျှောက်မကြည့်သလို ခြံထဲလည်း ဆင်းမကြည့်ဖြစ်ချေ။ အခန်းအောင်းကာ ဝတ္ထုဖတ်၊ DVD ကြည့်၊ အဖေအမေနဲ့ ဖုန်းပြော၊ တစ်ခါတလေကျ မြတ်နိုးနဲ့ဖုန်းပြောဖြင့်သာ အချိန်ကုန်ရသည်။ တကယ်တော့ အခု စိန် တဖြည်းဖြည်း သိလာသည်။ စိန်ဟာ အလင်းနှစ်ကို စိတ်အနှောင့်အယှက်ပေးချင်လို့ သူ့အရိပ်ထဲမှာ နေရပေမယ့် စိန် သူ့ကို ဘယ်လိုမှ မနိုင်နိုင်သေးခြင်းပင်။ စိန် စိတ်ဆင်းရဲတာကများများ သူ ခဏတစ်ဖြုတ် စိတ်အနှောင့်အယှက် ဖြစ်ရတာ နည်းနည်း ဖြစ်နေသည်။

ဒီနေ့လည်း အရင်ကဆို မိုးလင်းကမိုးချုပ် ပျောက်နေတတ်သော အလင်းနှစ်၏ မြင်ဖူးပြီးသား တပည့်တွေရော၊ မမြင်ဖူးသေးသော တပည့်တွေပါ လူအယောက်နှစ်ဆယ် အစိတ်နီးပါးလောက် ခြံထဲမှာ ပြင်ဆင်နေသည့် မြင်ကွင်းကို စိန် စိတ်ဝင်စားနေမိသည်။ ဝရန်တာထွက်ရပ်ကြည့်ခဲ့သော စိန်သည် ဝရန်တာမှာ ခဏရပ်ကြည့်နေမိသေးသည်။

ဒေါ်ထွား စိန့်အခန်းကိုရှင်းဖို့၊ အပေါ်ထပ်ကို သန့်ရှင်းရေးလုပ်ဖို့ တက်လာသောအခါ စိန်မနေနိုင်ဘဲ မေးမိလေသည်။

“ဒီအိမ်မှာ ဘာပွဲရှိလို့ ပြင်ဆင်နေကြတာလဲ”

www.burmeseclassic.com



"ရှင် ... မမလေး မသိရသေးဘူးလား၊ ကျွန်မက သိပြီး ပြီ အောက်မေ့လို့ မပြောတာပါ။ ကိုလင်းနှစ် မွေးနေ့တဲ့ နှစ်ဆယ့်ငါးနှစ်ပြည့်မို့ လုပ်မှာတဲ့။ သူကတော့ မလုပ်ချင် ပါဘူး။ တပည့်တပန်းတွေက ပျော်ချင်ပါးချင် စားသောက် ချင်ကြတာနဲ့ ကောင်းဆိုလို့ ပါတီလုပ်ပေးမှာတဲ့။ ကာရ အိုကေစက် အကြီးကြီးတောင် ငှားထားတယ်။ ဆိုကြ မတဲ့။ ကိုလင်းနှစ်လည်း ခုတလော ပျော်နေတယ်ဆိုတော လိုလိုလားလားပဲ လုပ်ပေးတာလေ။ သူက မွေးနေ့ပွဲတွေ ဘာတွေ လုပ်ရတာလဲ ဝါသနာမပါဘူးပြောတာပဲ။ ဒီတစ်ခါ ပဲ လုပ်ဖူးတာတဲ့"

ဒေါ်ထွား အကျင့်အတိုင်း မေးတာနည်းနည်း၊ ပြေ တဲ့အကြောင်းအရာက စုံစုံလင်လင်နဲ့ ခပ်များများ ဆက်တိုက်ပြေ သွားရလေရာ စိန် တော်တော်သိလိုက်ရသည်။

"ဘယ်နေ့လဲ ... ဒီနေ့လား၊ မနက်ဖြန်လား"

"ဒီနေ့ညနေပိုင်းပဲ ခုနစ်နာရီလောက် စမယ်ပြောတယ် ဧည့်သည်ကတော့ သူတို့လူတွေချည်းပါပဲ။ ဒေါ်မဉ္ဇူရိ မိတ်ဆွေတွေတောင် မပါဘူး။ ဒေါ်မဉ္ဇူရိကတော့ မနက် ဖြန်မနက်မှာ သူ့အိမ်မှာပဲ ဘုန်းကြီးဆွမ်းကပ်မယ် ပြော တယ်။ သြော် ... ဖြစ်ရလေ၊ မမလေးကို ဘယ်သူ မပြောကြပဲကိုး။ တကယ်ဆို ပြောသင့်ပါတယ်လေ"





စိန်လည်း ကိုယ့်ကို သေသေချာချာ အသိမပေးခံရ၍ စိတ်ထဲမှာ ခံပြင်းသွားပါသည်။ ဘာသဘောလဲ။ လူရာမသွင်းချင် တဲ့ သဘောလား။ စိန့်ကို အသိမပေးရလောက်အောင် စိန်က ဘာဖြစ်နေလို့လဲ။

"ဒါနဲ့ ဒေါ်ထွား ပြောတဲ့အထဲမှာ အလင်းနှစ်က ခုတလော ပျော်နေတယ်ဆို၊ အဲဒါ ဘာလဲ။ သူ့မှာ တခြားဘာပျော် စရာရှိလို့လဲ"

"အဟင်း ဟင်း ... တခြား ဘာမှသံသယမဖြစ်ပါနဲ့ မမ လေးရယ်။ သူ့မှာ မမလေးကလွဲရင် အပျော်ရှာစရာမိန်း ကလေး မရှိပါဘူး"

"ဒေါ်ထွား ... စိန် မေးတာ အဲဒါမဟုတ်ဘူး။ သူနဲ့ စိန့် အကြောင်း တွဲပြီးစကားထဲ ထည့်မပြောပါနဲ့။ သူ တခြား မှာ ဘာလုပ်လုပ် ဘယ်သူနဲ့ပဲနေနေ စိန် ဂရုမစိုက်ဘူး။ စိန် သိချင်တာက သူ ပျော်နေတယ်ဆိုတာပဲ၊ သူ့မှာဘာ ပျော်စရာရှိလဲ။ စိန် သိချင်တယ်"

သူ့ကို စိန်က မပျော်စေချင်ဘူး။ စိတ်ဆင်းရဲနေစေ ချင်တာ ဆိုသော စကားကိုတော့ ဆက်မပြောတော့ပါ။ ပြဿနာ တွ ခဏခဏဖြစ်။ ရန်ခဏခဏဖြစ်။ စကားများကြသော နှစ်တို့နှစ်ယောက် စကားတွေ သူတို့အားလုံး အလွတ်ရပြီး သိပြီး ကြမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



စိန် ခပ်မာမာပြောလိုက်၍ ဒေါ်ထွား ငြိမ်သွားပါသည်။ ပြီးမှ စိန် သိချင်တာကို ပြောပြသည်။

"ကိုလင်းနှစ် ကျောက်အောင်ထားတယ်၊ စိန်အရိုင်းတုံးကြီးလို့ ပြောကြတယ်၊ သေသေချာချာ သွေးပြီးရင် တန်ဖိုးအရမ်းကြီးတဲ့ စိန်တုံးကြီး ရလာမှာလို့ ပြောတယ် မမလေး"

ဪ … သူက ကျောက်လုပ်ငန်းလည်း လုပ်သလား။ စိန် တအံ့တသြ တွေးမိသည်။ သူ့မှာ ကုမ္ပဏီရှိတာပဲ သိသည်။ ဘာလုပ်ငန်းတွေ လုပ်သလဲ။ ဘာတွေလုပ်နေသလဲဆိုတာ စိန် လုံးဝမသိသေးပါ။

"သူ … သူ … ကိုလင်းနှစ်က … ဟို … ကိုလင်းနှစ်က လေ … အဲဒီ … စိန်ကြီးကို စိန်ပန်းခိုင်လို့ နာမည်ပေးထားတယ်တဲ့"

စိန့် ရင်ထဲမှာ ဖျတ်ခနဲ ဖြစ်သွားရပါသည်။ ခဏလေး ဖြစ်သွားတဲ့ ခံစားချက်ကို စိန် သတိမထားလိုက်မိအောင် အာရုံပြောင်းလိုက်ပါသည်။ ဒေါ်ထွားကတော့ စိန်နဲ့ အလင်းနှစ် အကြောင်း တွဲမပြောပါနဲ့ မှာထားရက်နဲ့ ဆက်ပြောမိသွားသဖြင့် သူမဘာသာ စိန့်ကိုလန့်ပြီး စကားထပ်မပြောရဲတော့ဘဲ အလုပ်တွေ ကျိုးရိုးလုပ်နေပါသည်။

စိန်ကတော့ ပါတီကျင်းပမယ့် ခြံဝန်းကို ငေးလိုက်၊ အလင်းနှစ် စိန့်ကို ဘာကြောင့် အသိမပေးချင်ရသလဲ ဆိုတာ



တွေးပြီး ဒေါသဖြစ်လိုက်နဲ့ အပြင်ကပြန်မလာသေးသော အလင်းနှစ်ကို စောင့်နေမှန်းမသိ စောင့်နေမိသည်။ သူ့ကိုစောင့်နေရတဲ့အတွက်လည်း စိန် ကိုယ့်ဘာသာ ပြန်မုန်းနေရပြန်သည်။ နောက်တော့ စိန် အကြံရကာ တက္ကစီငှားပြီး အပြင်ထွက်ခဲ့မိ၏။

ညနေသုံးနာရီလောက်မှ ပြန်ရောက်လာသော အလင်းနှစ်သည် အိမ်ရောက်ရောက်ချင်း စိန်ပန်းခိုင်ကို ရှာမိပြန်သည်။ ဘယ်တော့မှ အောက်ထပ်မှာ ဆင်းမနေတတ်၊ ဝရန်တာမှာမရှိတတ်၊ ခြံထဲမှာ လမ်းလျှောက်မနေတတ်ဘဲ အခန်းအောင်းနေတတ်မှန်း သိပေမယ့် အိမ်ပြန်ရောက်ရင်တော့ အကျင့်လိုဖြစ်ကာ မျက်လုံးများဖြင့် ရှာဖွေမိသည်။

အိမ်သန့်ရှင်းရေးလုပ်၊ ဘုရားခန်းရှင်း၊ ပန်းကပ်ပြီး ပြန်ဆင်းလာသော ဒေါ်ထွားက သူမထုံးစံအတိုင်း အလိုက်သိစွာပင် (အလင်းနှစ် မမေးပေမယ့်) စိန်ပန်းခိုင် ဘယ်မှာရှိတယ်၊ ဘာလုပ်နေတယ်ဆိုတာ လှမ်းအသိပေးလေသည်။ ဒါက အမြဲထုံးစံကြီးလို ဖြစ်နေတာ အလင်းနှစ်က အမိန့်မပေး၊ မခိုင်းဘေဲ ဒေါ်ထွားဟာ အလင်းနှစ် တစ်နေရာရာက ပြန်လာရင် စိန်ပန်းခိုင် အကြောင်း ပြောပြောပြတတ်နေတာ သိပ်မကြာသေး။

"မမလေး အပြင်ထွက်သွားတယ်"

"ဘယ်သွားမယ် ပြောလဲ"

"သူ့အမေအိမ် သွားမယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"တက္ကစီ ဘယ်သူငှားပေးလိုက်လဲ"

"ဘယ်သူ့ကိုမှ မနိုင်းဘူး။ မမလေးဘာသာ ခြံထဲက လမ်းလျှောက်ထွက်သွားတာပဲ"

"တစ်ယောက်ယောက် နိုင်းလိုက်တာ မဟုတ်ဘူး"

အလင်းနှစ်၏ စိတ်တို့ တော်တော်လေး ပျော့ပျောင်းနေပြီမှန်း သူ့ဘာသာ သိပါသည်။ ကားဝယ်မပေးဘူး ပြောထားသဖြင့် သွားချင်ရင် တက္ကစီနဲ့သွားနေရသော စိန်ပန်းနိုင်ကိုမြင်လျှင် ကားတစ်စီး ဝယ်ပေးချင်စိတ် မကြာခဏ ဖြစ်နေရသည်။ ခက်တာက စိန်ပန်းနိုင်ကလည်း မာနကြီးစွာ ကားဝယ်ပေးဖို့ကို နောက်တစ်ခါက် မတောင်းဆိုတော့သဖြင့် ဝယ်ပေးရမှာ ကသိကအောက် ဖြစ်နေမိပြန်သည်။ အခုလို သူ ပြန်လာချိန်မှာ စိန်ပန်းနိုင် မျက်နှာကို တွေ့ရသည်ဖြစ်စေ၊ မတွေ့ရသည်ဖြစ်စေ အိမ်မှာရှိနေတယ် ဆိုလျှင်တော့ သူ အလိုလို ကျေနပ်သွားတတ်သည်။ အိမ်မှာမရှိဘူး ဆိုလျှင်တော့ ရင်ထဲမှာ ဘာကိုမကျေနပ်မှန်းမသိ ဖြစ်နေတတ်ကာ တစောင့်စောင့်နဲ့ မျှော်နေမိသည်။

"အိမ်မှာ ဘာလုပ်ကြမလို့လဲတော့ မေးတယ်၊ ကျွန်မ ပြောပြလိုက်ပါတယ်"

ဒေါ်ထွားက အရိပ်အခြည်ကြည့်ပြီး ဆက်ပြောသည်။

"ကျွန်တော် ပြန်လာရင်လည်း ပြောပြမလို့ပါ။ သူမေးတာ ဆောသွားတယ်"





"မမလေးက သူ့ကိုမပြောလို့ နည်းနည်းတော့ စိတ်ကောက်သွားတယ် ထင်တယ်"

စိတ်ကောက်တယ် ဆိုသော စကားဟာ သူတို့ကြားမှာ မရှိသောစကားသာ ဖြစ်သည်။ စိတ်ဆိုးခြင်း၊ ဒေါသဖြစ်ခြင်း၊ မုန်းတီးခြင်း၊ တစ်ယောက်နဲ့တစ်ယောက် မာနပြိုင်ခြင်း၊ ပဋိပက္ခတွေနဲ့သာ ဖြတ်သန်းခဲ့ရတာမို့ ဒီစကားဟာ အထူးအဆန်းလိုဖြစ်နေသည်။

အလင်းနှစ်သည် တပည့်တွေလုပ်ချင်သော မွေးနေ့ပါတီကို စိတ်မဝင်စားလှတာမို့ ခဏတစ်ဖြုတ် ဟိုနားဘာလိုတယ်၊ ဒီနား ဘာလိုတယ်လောက်သာ ပြောပြီးလျှင် အိမ်ထဲပြန်ဝင်၊ နာရီတစ်ကြည့်ကြည့်နဲ့ စောင့်နေမိသည်။ အရင်တစ်ခါ အမေအိမ်သွားတုန်းက မြတ်နိုးဆိုတဲ့ကောင်ပါ ရှိနေတာ။ အဲဒီကောင်နဲ့ ဖုန်းလည်း ခဏခဏ ပြောကြတယ်ဆိုတာ ဘိနေတော့ တွေ့တဲ့အခါ ရန်ဖြစ်လိုက်၊ မတွေ့တဲ့အခါ မသိလိုက်ရတာတွေလည်း ရှိသည်။ အခုရော အဲဒီကောင်များ ရောက်နေမလား။

ညနေခြောက်နာရီကျော်တဲ့အထိ ပြန်ရောက်မလာသေးသောအခါ အလင်းနှစ် ဒီတိုင်းငြိမ်မနေနိုင်တော့။ စိန်ပန်းနိုင်၏ဖုန်းကို ဆက်ကြည့်ဖို့ ဖုန်းကိုလက်အလှမ်းမှာ တိုက်ဆိုင်စွာပဲ ဖုန်းကမြည်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းမှာပေါ်နေသော အမည်ကိုမြင်လျှင် အလင်းနှစ် သတိအနေအထား ဖြစ်သွားပါသည်။

"ဘယ်လိုလဲ အလင်းနှစ်၊ ငါ့ဖုန်းမှန်းသိတော့ လန့်သွားလား"

ဖုန်းကို နားမှာကပ်ကပ်ချင်း တစ်ဖက်မှ အသံကို စတင်ကြားရသည်။

"ဘာလန့်စရာရှိလဲ၊ မလန့်လို့ ငါ ဖုန်းကိုင်တာပေါ့"

"မင်းကို ငါတောင်းထားတဲ့ကိစ္စ ဘယ်လိုလဲ"

"ငါ ပြောပြီးပြီ။ အဲဒီကျောက်ကို ရကတည်းက မင်းနဲ့ လုံးဝမဆိုင်ဘူးလို့ ပြောပြီးပြီ။ ငါ့တွင်းက ထွက်တာ။ ငါ တစ်ဦးတည်းပိုင်တယ်"

"ဒါပေမဲ့ မင်း, ငါ့စက်တွေ သုံးခဲ့တယ်"

"မင်းဆီက ငှားတာလေ"

"ငှားရင် ငှားတုန်းက ငှားခ မင်းတစ်ခါတည်း ပေးရမှာပေါ့၊ မင်း လူလည်မကျနဲ့။ အဲဒီတုန်းက မင်းမှာ ငွေမြုပ်နေလို့ စက်ငှားခတောင် မတတ်နိုင်လို့ ကျောက်အောင်ရင် ပေးပါ့မယ်ဆိုတဲ့ကတိနဲ့ ငှားခဲ့တာလေ"

"ကျောက်အောင်ရင် ပေးမယ်ဆိုတာ ငှားခပဲ ပြောတာ။ ကျောက်ကို မင်းနဲ့ဆိုင်တယ်လို့ ငါမပြောဘူး"





"အလင်းနှစ် ... မင်း အချင်းချင်းတွေ အဲဒီလို လူလည် မကျနဲ့"

"ငါ လူလည်မကျဘူး။ မင်းသာ လောဘရမ္မက်ကြီးပြီး စကား လှည့်ပတ်တာ။ ကျောက်အောင်လို့ ငွေပေါ်ရင်ပေး မယ်ပြောတာ။ ကျောက်ကို မင်းတစ်ဝက်ဆိုင်တယ်လို့ ငါ လုံးဝမပြောခဲ့ဘူး"

"ကဲ ... ငါ နောက်ဆုံးမေးမယ်၊ မင်း ငါ့ကို တစ်ဝက် ပေးမှာလား၊ မပေးဘူးလား"

အလင်းနှစ်သည် တစ်သက်လုံး လက်တွဲလုပ်လာ သော မိတ်ဆွေဘက်မှ မတရားလုပ်လာသည်ကို မခံမရပ်နိုင်သည် ဖြစ်ရာ လေသံပြတ်ဖြင့် ...

"မပေးဘူးကွာ၊ စက်ငှားခ,ပဲ ပေးမယ်"

"အေး ... မင်း သတိနဲ့သာနေပါ။ ငါက မင်းကို နိုင်ကွက် ဘယ်မှာရှာရမလဲဆိုတာ သိပြီးထားတဲ့ကောင်ပါ"

တစ်ဖက်မှ ဖုန်းပိတ်သွားပါသည်။ တစ်သက်လုံး သူ့ငွေ၊ ကိုယ့်ငွေ သတ်မှတ်မထားဘဲ အလုပ်လုပ်လာခဲ့သော မိတ်ဆွေလုပ်ငန်းရှင်နဲ့ အခုတော့ တန်ဖိုးကြီးသည့် "စိန်ပန်းနိုင်" ဆိုသော စိန်အရိုင်းတုံးကြီးကြောင့် သဘောထား ကွဲလွဲသွားပြီ။ သွေးပြီးရင် အမေရိကန်ဒေါ်လာ မီလျံနဲ့ချီပြီးတောင် တန်ပါမည်ဟု



www.burmeseclassic.com

www.burmeseclassic.com



အကဲဖြတ်သူတွေမှတစ်ဆင့် သတင်းကြီးနေသော ထိုကျောက်ရိုင်းစိန်ရိုင်းတုံးကြီးကို အလင်းနှစ်သည် အားလုံးသိအောင်ပင် ...

"ငါ့မိန်းမနာမည် စိန်ပန်းခိုင်ကို ဒီကျောက်ကို နာမည်ပေးလိုက်ပြီ"

ဟု ကြေညာကာ အလွန့်အမင်း မြတ်နိုးမက်မောမိပါသည်။ ငွေကြေးတန်ဖိုးထက် စိန်ပန်းခိုင်လို့ နာမည်ပေးလိုက်ကတည်းကကို ဒီကျောက်ဟာ သူနဲ့တစ်ဦးတည်းသာ ဆိုင်ရမယ်လို့ အစွဲအလမ်းတစ်ခု ဖြစ်သွားခဲ့ပါသည်။

"ကိုလင်းနှစ် ဘူဖေးစားစရာတွေ ရှောက်လာပြီ၊ ခြံထဲဆင်းတော့မလား"

"အေး ... ဆင်းမယ်။ ဟောကောင် ... ဒီမှာ ငါ သတိပေးစရာရှိတယ်။ ငါ့ရဲ့စိန်ပန်းခိုင်ကြီးကိစ္စ ဟိုကောင်တွေဘက်က မကျေနပ်ကြဘူး။ ရဲဖွဲ့တို့အုပ်စုက တစ်ဝက်ပိုင်တယ်လို့ တောင်းနေကြတယ်။ သူ့စက်ကို ငှားခမရှင်းဘဲ ကျောက်တူးတာ။ သူ့စက်နဲ့တူးလို့ ဒါတွေထွက်တယ်ဆိုပြီး လိုက်ခွဲနေတယ်"

"ဟာ ... ဒါတော့ မတရားတာပဲ။ ကိုလင်းနှစ်ပိုင်တဲ့တွင်းက ထွက်တာ အားလုံး အသိ၊ ရဲဖွဲ့တို့ဘက်က ဘယ်လိုနည်းနဲ့မှ လုလို့မရပါဘူး။ ကိုလင်းနှစ် ဘာမှမပူနဲ့"





"သူတို့ မကောင်းတာ တစ်ခုခုတော့ ကြံလိမ့်မယ်။ မင်းတို့အားလုံး သတိထားနေကြ။ မင်းက ငါ့တပည့်အုပ်စုထဲမှာ ခေါင်းဆောင်ပဲ အောင်နိုင်။ ဒီတော့ မင်း တခြားကောင်တွေကို သတိနဲ့နေဖို့ အကြောင်းကြားထားပါ။ ဒီပွဲမှာ ပျော်တာလည်းပျော်။ ဒါပေမဲ့ သူတို့ဘက်က အချိန်မရွေး တစ်ခုခုတော့ လုပ်လာနိုင်တယ်"

"စိတ်ချပါ ကိုလင်းနှစ်"

"အေး ... မင်းတို့ စ,နှင့်ကြဦး။ ငါ ငါ့မိန်းမဆီ ဖုန်းဆက်လိုက်ဦးမယ်"

အလင်းနှစ်သည် စိန်ပန်းခိုင်၏ဖုန်းကို ခေါ်လိုက်ပါသည်။ ဖုန်းပိတ်ထားသည်ဆိုသော ဖြေကြားမှုကိုသာ ရင်ဆိုင်ရသဖြင့် ဒေါသဖြစ်ဖြစ်နဲ့ ပါးစပ်မှ ဆဲရေးလိုက်ကာ ချက်ချင်းထ,ရပ်မိသည်။ တွေ့မှ ကောင်းကောင်းပညာပေးလိုက်ဦးမယ်။ မြတ်နိုးဆိုတဲ့ကောင်နဲ့ ချိန်းကိုချိန်းတွေ့နေလို့ တမင်ပိတ်ထားတာ။ မင်း ငါနဲ့တွေ့မယ် စိန်ပန်းခိုင်၊ ငါက စိတ်ပျော့လာပြီး အလျှော့ပေးသလောက် မင်း ခုထိ ငါ့ကိုနိုင်ရမယ့်အကွက်ကို ရှာတုန်းပဲလား။

ခြံထဲမှကားကို တရကြမ်းနီးပါးပင် မောင်းထွက်လာမိကာ စိန်ပန်းခိုင်၏မိဘတွေအိမ်ကို မောင်းလာခဲ့ပါသည်။ တွေ့ရင် စကားပြော အဆင်မပြေကြ၊ တစ်ယောက်နဲ့တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်စကားက သူ့ကိုနာကျင်စေနိုင်မလဲ ဆိုတာ ရွေးချယ်ပြီး ပြောကြ၊ အော်ကြဟစ်ကြ၊ ရန်ဖြစ်ကြဦးမယ်မှန်း သိပေမယ့် နောက်ဆုံးတော့ ဘယ်လိုပဲပြောပြော စိန်ပန်းခိုင်ဟာ သူ့နောက်ကို ပြန်ပါလာရမှာပင်။

သူ့အရိပ်ထဲမှာ ပြန်သိမ်းထားပြီး သူပိုင်ဆိုင်သော သူတစ်ဦးအဖြစ် နေပေးရဦးမှာပင်။

အဲဒီအချက်နဲ့တင် သူဟာ စိန်ပန်းခိုင်ကို တစ်သက်လုံး အနိုင်ရနေပြီမှန်း သူ့ကိုယ်သူ သိပါသည်။ စတွေ့ကတည်းက တခြားမိန်းကလေးတွေနဲ့မတူ၊ သူနဲ့ မာနတွေလိုက်ပြိုင်ပြီး မရမက ပြန်ကလဲ့စားချေချင်စိတ်ရှိသော စိန်ပန်းခိုင်ဆိုတဲ့ မိန်းမကို သူ ဘာကြောင့် ရအောင်ယူခဲ့သလဲ။ ဘာကြောင့် သူများလက်က ရအောင်လုယူမိသလဲ။ အလိုမတူဘဲ အတင်းခိုးပြေးလက်ထပ်ခဲ့သည်အထိ အန္တရာယ်ကြီးမားလှသော နာမည်ဆိုးတွင်မည့် အမှုကြီးကို သူ ဘာကြောင့် နစ်ခါမစဉ်းစားဘဲ ရှေ့တိုးခဲ့မိသလဲ။ မြန်စဉ်းစားကြည့်ရင် စိန်ပန်းခိုင်ဘက်က အလျှော့ပေးပြီး တရားမစွဲခဲ့လို့သာ သူဟာ အခုလိုအနိုင်ရနေသေးခဲ့တာ။ ဒါကြောင့် နုတလော နောင်တရသလိုဖြစ်ကာ စိန်ပန်းခိုင်ကို မသိမသာဘဲ တော်တော်များများမှာ အလျှော့ပေးပြီး ပျော့ပျောင်းလာခဲ့မိတာဖြစ်သည်။





ခုထိ ရည်းစားဟောင်းနဲ့ ဖုန်းခိုးပြောတာ သိပေမယ့် မသိကျိုးကျင် လုပ်ခြင်းဖြင့် သူမ အနည်းငယ် စိတ်ချမ်းသာရစေဖို့ သူ့ဘက်က လျှော့ပေးတဲ့သဘော ဖြစ်ပါသည်။ ဒါပေမဲ့ ခုလောက်ကြီး အိမ်ကိုပြန်မလာရလောက်အောင် အမေအိမ်အကြောင်းပြပြီး ရည်းစားဟောင်းနဲ့ တွေ့ရင်တွေ့နေနိုင်မယ့်ကိစ္စကိုတော့ လျှော့မပေးနိုင်ပါ။ ရင်ထဲ အသည်းထဲမှာ ဆတ်ဆတ်ခါအောင် နာလှကာ လူသတ်ချင်စိတ်တောင် ဖြစ်နေသည်။ ခုချိန်မြတ်နိုး ဆိုတဲ့ကောင်သာ စိန်ပန်းခိုင်နဲ့ တွဲတွေ့ရရင် ဒီကောင့်ကို သတ်မိမယ်ထင်တယ်။

စိန်ပန်းခိုင်၏မိဘအိမ်ရှေ့ ကားကို ကျွီခနဲထိုးရပ်၊ ကားတံခါး အုန်းခနဲ ဆောင့်ပိတ်လိုက်စဉ်မှာ အရင်တစ်ခါတုန်းက တံခါးဝလာရပ်သော အိမ်ဖော်မိန်းကလေးပဲ ထွက်လာပါသည်။ ဒီတစ်ခါတော့ အလင်းနှစ်ကို သိပြီးဖြစ်နေဟန်ဖြင့် ...

"မမစိန် ပြန်သွားတာ ခုလေးတင်ပဲ"

ဟု ဆီးပြောပါသည်။ ရင်ထဲမှာ ဟာသွားသလိုလို ဘာလိုလို ဖြစ်သွားသည်။ စိန်ပန်းခိုင်ကို သူ လာကြိုလို့ သူ့ကားနဲ့ ပြန်လိုက်လာရတာကို လိုလားနေမိပြန်သည်။

"ဘာနဲ့ ပြန်တာလဲ"

"အငှားကားနဲ့ပဲ၊ ကျွန်မ ထွက်ငှားပေးလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဘယ်သူများလဲလို့၊ မောင်အလင်းနှစ်ပါလား။ အိမ်ထဲဝင်ဦးမလား"

စိန်ပန်းခိုင်၏မိခင်အသံနဲ့အတူ လှုပါတံခါးဝလာ ရပ်တာ တွေ့ရသည်။ မည်သည့် အာဃာတ၊ မာန်မာန၊ အငြိုးအတေး၊ အမုန်းတရားများ ရှိမနေဘဲ ကြည်လင်နေသော စိန်ပန်းခိုင်၏မိခင်ကိုမြင်တော့ အလင်းနှစ် အားနာသွားသည်။ သူ့အပေါ် ရန်သူတစ်ယောက်လို သဘောမထားတော့ဘဲ ဆွေမျိုးရင်းချာပမာ ဆက်ဆံပုံမှာ ရင်ကိုနွေးထွေးစေသည်။

"မဝင်တော့ဘူး အန်တီ။ စိန်ပန်းခိုင် ပြန်မလာသေးလို့ လိုက်လာပြီး ခေါ်တာပါ။ အပြန်မှောင်မှာစိုးလို့"

"အန်တီ ကားယူသွား ပြောပါတယ်၊ သူ့ကားလေး အိမ်မှာရှိသေးတာ ယူမသွားဘူး။ တက္ကစီပဲ ငှားခိုင်းလို့ ငှားပေးလိုက်ရတယ်၊ ခုလေးတင်ပါ။ အဝင်အထွက်လေး လွဲသွားတာဖြစ်မယ်။ ဖုန်းဆက်ပြီး စောင့်ခိုင်းရင် စောင့်မှာပေါ့"

"ကျွန်တော် ဖုန်းဆက်တယ်။ ဖုန်းပိတ်ထားလို့"

"ဩော် ... ဒါဆိုလည်း ဒီအိမ်ဖုန်းကို ဆက်ရောပေါ့"

ဟုတ်သားပဲ၊ အဲဒီတစ်ချက် လိုသွားတယ်။ ဖုန်းဆက်မရဘူးဆိုပြီး အလောတကြီး ထွက်လာမိတာလား။ သူ့စိတ်ကိုက စိန်ပန်းခိုင်ကို အိမ်အပြန် သွားကြိုချင်နေခဲ့တာပဲလား။





"ကျွန်တော် ပြန်တော့မယ် အန်တီ"

"အိမ်မှာ တစ်ရက် ထမင်းလာစားဦးလေ၊ ခုထိ မလာကြသေးဘူး"

"အလုပ်များနေလို့ပါ"

"မင်းအမေနဲ့လည်း ဖုန်းဆက်သွယ်မိကြတယ်၊ သူ စပြီး ဆက်လာတာကွယ်။ မင်္ဂလာဆွမ်းကျွေးလေးတော့ လုပ်ပေးကြရအောင်လို့ တိုင်ပင်တာနဲ့ ဒီအပတ် သူနဲ့ချိန်းပြီး ဆွမ်းစားကျောင်းဆောင်တွေ လိုက်စုံစမ်းကြဦးမလို့"

အင်း ... အမေကတော့ လုပ်နေပြန်ပြီ။ သားတစ်ယောက်ရှိတာ မင်္ဂလာမဆောင်ပေးရရင် မနေနိုင်ဘူးထင်တယ်။ စိန်ပန်းခိုင် ပိုက်ဆံတွေ လျှုပစ်လိုက်တာတောင် စိတ်က မပြတ်သေးဘူး။ သူ့နည်းသူ့ဟန်နဲ့ ရအောင်လုပ်ဦးမယ်။ အလင်းနှစ်သည် ကားပေါ်တက်၊ စက်နှိုး၊ လက်ပြနှုတ်ဆက်ရုံသာ နှုတ်ဆက်ပြီး မောင်းထွက်လာခဲ့သည်။ အရင်တည်းကလည်း စကားပြောသိပ်မယဉ်ကျေးသလို အပိုတွေလည်း မပြောတတ်သောကြောင့် ဘာဆက်ပြောလို့ ပြောရမှန်း မသိသဖြင့် လက်ပြနှုတ်ဆက်ရုံသာ နှုတ်ဆက်လာခဲ့ပါသည်။

အိမ်မှာ ပါတီပွဲက စ,နေလောက်ပြီပေါ့။ စိန်ပန်းခိုင် စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ခဏတဖြုတ် အောက်ဆင်း

www.burmeseclassic.com



ညှော်ခံဖို့တော့ ပြောကြည့်ရမည်။ ရန်လည်းဖြစ်ရဦးမယ် ထင်ပါရဲ့ဟု ကြည့်နူးသလို ဖျတ်ခနဲ တွေးမိလျှင် သူ့ရင်ထဲမှာ နည်းနည်းလှုပ်ရှားသွားပါသည်။ အိမ်ကိုပြန်ရောက်နေမယ်မှန်း သိပေမယ့်တွေ့ချင်စိတ် ကြီးစိုးကာ အမြန်မောင်းလာခဲ့မိသည်။

အိမ်ရောက်တော့ ဗာပည့်တွေ ဝိုင်းအွဲ့နေတာတောင် အရေးမလုပ်အားဘဲ အိမ်ထဲပြေးဝင်လာမိ၏။

"စိန်ပန်းခိုင်ရော"

အိမ်အနှံ့ရော၊ သူမရှိနေကျ အပေါ်ထပ်ကိုပါ ရှာ...ယ့် မတွေ့သဖြင့် ဒေါ်ထွားကို ပြေးမေးမိသည်။ အိမ်ပြန်ရောက်နေမယ်ထင်ပြီး ပြန်လာခဲ့တာ မရောက်သေးဘဲ ဘယ်သွားနေမှန်းမသိသဖြင့် ဒေါသဖြစ်သွားပါသည်။

"ပြန်မရောက်သေးဘူး ကိုလင်းနစ်။ ကျွန်မက ကိုလင်း...သွားခေါ်တယ်ထင်လို့"

"သူ့အမေပြောတော့ ကားငှားပြီး ပြန်သွားပြီတဲ့"

"တစ်နေရာရာများ ဝင်နေသလား မသိဘူး"

သူ ဒေါသတကြီး ခုံတွေကန်၊ ဟိုဟာကန် ဒီဟာကန်ဖြစ်ကာ အိမ်ထဲမှာထိုင်လိုက်၊ ထလိုက်ဖြင့် ဗျာများနေသ...နာရီဝက်လောက် စိတ်တွေဖြောင်းဆန်နေပြီးလျှင် စိန်ပန်းခိုင်...ဖုန်းကို ခေါ်ကြည့်မိသည်။ ခေါ်လို့မရ။ မြတ်နိုးနဲ့များချိန်...





လျှောက်သွားနေသလား။ မြတ်နိုး၏ဟန်းဖုန်းနံပါတ်ကို မသိပေမယ့် အိမ်ဖုန်းကိုတော့ ရအောင်စုံစမ်းထားဖူးသည်ဖြစ်ရာ သိသဖြင့်ခေါ်ကြည့်လိုက်ပါသည်။

အဆင်ပြေချင်တော့ လာကိုင်သူမှာ မြတ်နိုး ကိုယ်တိုင်ပဲ ဖြစ်နေလေသည်။

"ဟော့ကောင် ... မြတ်နိုး၊ စိန်ပန်းခိုင် မင်းနဲ့အတူ ရှိနေသလား"

"မင်း ဘာလာမေးနေတာလဲ"

"ငါမေးတာ ရှင်းရှင်းလေး၊ မင်းလို သိပ်တော် သိပ်ထက်၊ သိပ်ဉာဏ်ကောင်းတဲ့သူတာ နားမလည်စရာ မရှိဘူး"

"စိန်က မင်းရဲ့ဇနီးပဲ။ မင်းနဲ့ပဲ အတူရှိနေရမှာပေါ့။ ငါနဲ့ဘာလို့ ရှိရမှာလဲ"

"မင်း မညာနဲ့"

"ငါ မညာပါဘူး။ ဘာလို့ညာရမှာလဲ။ ပြီးတော့ ငါဟာ အိမ်ထောင်ရှိပြီးသား မိန်းမတစ်ယောက်နဲ့ ဖောက်လွဲဖောက်ပြန် လုပ်ရလောက်အောင်လည်း မတုံးဘူး။ ငါ့သိက္ခာ ငါထိန်းတယ်။ ခုချိန်မှာ ငါ စိန့်ကို သူငယ်ချင်းလို၊ ညီမတစ်ယောက်လိုပဲ သဘောထားပြီး ဆက်ဆံတယ်။ စကားပြောတယ်။ အားပေးစကား ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



အလင်းနှစ်၏စိတ်ထဲမှာ ဒီကောင် မညာဘူးဆိုတာ သိသဖြင့် ဆက်ပြီးစွပ်စွဲမနေတော့ပါ။ ဒါဖြင့် စိန်ပန်းခိုင် ဘယ်ရောက်နေသလဲ ဆိုတာသာ ခေါင်းထဲမှာ ရှုပ်နေအောင် မေးနေမိသည်။

"မင်း မယုံရင် ငါ့အိမ်လာကြည့်ပါ။ ငါ ဖိုင်နယ်အိပ်ဖင်း ဖြေရမှာမို့ သူငယ်ချင်းတွေနဲ့ စာစုကျက်နေတယ်။ မင်း လာကြည့်နိုင်တယ်"

"အဲဒီလောက်ကြီး သက်သေပြမနေပါနဲ့ကွာ၊ မင်းလူကောင်း လူတော် လူလိမ္မာဆိုတာ ယုံပါတယ်"

"စိန်က ဘယ်ရောက်နေလို့လဲ၊ ညရှစ်နာရီကြီး သူ့ အိမ်မှာမရှိဘူးလား"

"ငါလည်း အဲဒါ သိချင်နေတာ"

"မင်း သူ့ကို ပြန်ရှာတွေ့ရင် ငါ့ဆီတစ်ချက် ဖုန်းဆက်ပေးပါလား။ မင်းတို့ကို ငါ နှောင့်ယှက်တာ မဟုတ်ပါဘူး။ အားလုံး အဆင်ပြေရဲ့လား သိချင်လို့"

"အိုခေ"

အလင်းနှစ် ဖုန်းပြန်ပိတ်ပြီး ခေါင်းထဲမှာ ထုပ္ပ အောင် လိုက်စဉ်းစားနေစဉ် သူ့မိုဘိုင်းလ်ဖုန်း ရုတ်တရက် မြည်လာသည်။ ကြည့်လိုက်တော့ စိန်ပန်းခိုင်၏နာမည် ပေါ်နေတာတွေ့





သဖြင့် စိတ်လှုပ်ရှားစွာ ပြောလိုက်ပါသည်။ သူ့ကို တစ်ခါမှ ဒီလို ဖုန်းမခေါ်ဖူးဘူးလေ။ အပြင်မှာ ဘာများဖြစ်နေသလဲ။

"ဟဲလို"

ဟု ခပ်တည်တည်ဖြင့် စိတ်ပူမနေဟန်ဆောင်ကာ ထူးလိုက်ပါသည်။ တစ်ဖက်မှ ဘာပြောသံမှ မကြားရဘဲ ယောကျ်ားတစ်ယောက်၏ ရယ်သံကိုသာ ဆက်တိုက်ကြားလိုက်ရလျှင် သူ အံ့သြသွားပါသည်။

"ဟေ့ကောင် ... မင်း ဘယ်သူလဲ၊ ဘာကြောင့် ဒီဖုန်းက မင်းဆီရောက်နေတာလဲ"

"ဟဲ ဟဲ ဟဲ ... ငါလေကွာ၊ ငါ့ရယ်သံကိုတောင် မမှတ်မိတော့ဘူးလား ရောင်းရင်းကြီးရာ"

"ရဲဇွဲ"

"မှတ်မိသွားပြီလား၊ ခုန မိနစ်ပိုင်း ... အဲ ... မဟုတ်သေးပါဘူး၊ နာရီပိုင်းလေးမှာတင် မင်းနဲ့ ဖုန်းပြောထားတာပါကွာ"

"ဟေ့ကောင် ... မင်း ဘာလုပ်တာလဲ။ ဘာကြောင့် စိန့်ဖုန်းက မင်းဆီရောက်နေတာလဲ။ မင်း ဘာလုပ်တာလဲ"

"ဖြည်းဖြည်း ... ဖြည်းဖြည်း ... မေးခွန်းတွေ အဲဒီလောက် မလိုပါဘူးကွာ၊ မင်း မမေးလည်း ငါက ဖြေမှာပါ။ မင်း



www.burmeseclassic.com

www.burmeseclassic.com



မိန်းမဖုန်း ငါ့ဆီ ဘာကြောင့်ရောက်နေရှလဲဆိုတာ ရှင်း နေတာပဲကွာ၊ မင်းမိန်းမ ငါ့ဆီရောက်နေလို့ပဲပေါ့"

"ဘာ ... ဘာကွ။ စိန် မင်းဆီ ဘာကြောင့်ရောက်ရမှာလဲ၊ စိန်နဲ့ မင်း သိနေစရာ အကြောင်းမရှိဘူး"

"သူ, ငါ့ကိုမသိပါဘူးကွာ၊ ငါကသာ သူ့ကိုသိနေတာပါ၊ သူ့ရဲ့အိမ်အပြန်လမ်းမှာ သူ ငှားစီးလာတဲ့ တက္ကစီကို အတင်းပိတ်တားပြီး သူ့ကို ဆွဲခေါ်သွားတယ်ဆိုရင် သူ ဘာထူးတတ်နိုင်မှာလဲ"

အလင်းနှစ်၏ ရင်ထဲတွင် ပူလောင်ပြင်းပြခြင်းတည်းဟူသော ခံစားမှုတစ်ရပ်ကို ချက်ချင်းခံစားလိုက်ရသည်။

သူ့တစ်သက်တွင် ဒီတစ်ခါလောက် ရင်ထဲမှာ ပူရတာမျိုး မခံစားဖူးခဲ့။

"မင်း ... တောက် ... မင်းကွာ၊ လုပ်ရက်တယ် သူငယ်ချင်းချင်း"

"မင်းဘက်ကရော သူငယ်ချင်းဆိုတဲ့ သစ္စာစောင့်သိမှုမျိုး ရှိခဲ့လို့လား"

"မင်း စိန့်ကို လက်ဖျားနဲ့တောင် မထိနဲ့၊ ထိလို့ကတော့ မင်းကို ငါ ရေအဆုံး မြေအဆုံး မတွေ့တွေ့အောင်ရှာ ပြီး သတ်မယ်"





"အိုး ... ဟိုး ... စိတ်ချ၊ စိတ်ချ၊ ငါဆိုတဲ့ကောင်ကလည်း မြိုင်ပြီးတော့သာ မိုက်ရင်မိုက်မယ် သူများသားမယားကို ပြစ်မှားတဲ့ ဒုဿနသောကိုတော့ လုံးဝရှောင်တယ် ပေါ့ ကောင်၊ လုံးဝပဲ။ ပြီးတော့ မင်းရဲ့စိန်ပန်းခိုင်ဟာ မင်း အတွက်သာ စိတ်ဝင်စားစရာ ဖြစ်ရင်ဖြစ်မယ်။ ငါ့အတွက် တော့ လုံးဝပဲ ... No ... No (နိုး)ပဲ။ လုံးဝစိတ်မဝင်စား ဘူး ပေါ့ကောင်။ ငါလိုချင်တာ မင်းနဲ့ငါ ကြားမှာရှိနေ တဲ့ အကြွေးကိုပေးဖို့ပဲ။ မင်း, သူနဲ့ လဲယူမှ ကျေနပ်မယ်"

"မင်း စက်ရုံငှားခတွေ ငါပေးမယ် ပြောပြီးပြီ"

"ငါ စက်ငှားခမှ မလိုချင်တာ။ စိန်ပန်းခိုင်ကိုပဲ အပြီးအပြတ် ပိုင်ဆိုင်မှ ပေးရမှာလေ။ ဟဲ ဟဲ ... စိန်ရိုင်းတုံးကြီး စိန် ပန်းခိုင်ကို ပြောတာနော်။ လူ စိန်ပန်းခိုင်တော့ မဟုတ်ဘူး"

အလင်းနှစ်သည် ရဲစွဲဘက်မှ မထင်မှတ်သော အကျပ်ကိုင်မှု ခံရလိုက်မှန်း ချက်ချင်းသိလိုက်ပါသည်။ သူ့ရဲ့ ကျောက်တွင်းမှရသော အရိုင်းတုံး စိန်ပန်းခိုင်ကိုလည်း သူမက် မောသည်။ ဒါ့အပြင် စိန်ပန်းခိုင် ဆိုသော မိန်းကလေးကိုလည်း အင်း ... သူ အခုမှ ဝန်ခံချင်မိသည်။ စိန့်ကို ... စိန်ပန်းခိုင်ဆိုတဲ့ မိန်းကလေးကို သူ့ရင်ထဲ အသည်းထဲ နှလုံးသားထဲမှာ နစ်နေအောင် ချစ်မြတ်နိုးနေမိခဲ့ပြီတည်း။ အဲဒီခံစားချက်ကို ခုချိန်မှာ သိလိုက်ရပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သူ ဘယ်လိုမှ စိန့်ကို လက်လွှတ်မခံနိုင်လောက်အောင် ချစ်သွားမိပြီ။ ဘယ်အချိန်တည်းက ချစ်နေခဲ့မှန်းတော့ မသိပေမယ့် သူ့ရင်ထဲက အချစ်က တော်တော့်ကို အမြစ်တွယ် အခြေခိုင်နေခဲ့ပြီမှန်း ခံစားလိုက်ရပါသည်။

"စဉ်းစား ... စဉ်းစား အလင်းနှစ်။ မင်းကို နှစ်ဆယ့်လေးနာရီ အချိန်ပေးမယ်။ ဒီနာရီအပိုင်းအခြားအတွင်းမှာ မင်းရဲ့စိန်ပန်းခိုင်ဟာ သေးမသိ၊ ရန်မခဘဲ ငါ့ရဲ့စောင့်ရှောက်မှုအောက်မှာ ရှိနေမှာပါ။ မင်း ဆုံးဖြတ်ရမှာက အလဲအလှယ်ပဲ။ လူနဲ့ကျောက် ဘယ်ဟာကိုလဲမလဲ"

"တစ်ဝက်ပေးမယ်ကွာ"

"မင်းကို ငါ တစ်ဝက်အောင်းတုန်းက မပေးခဲ့တော့ မင်းခုချိန်မှာ တစ်ခုလုံး ဆုံးရှုံးရဖို့ ဖြစ်လာတာပေါ့ကွာ"

အလင်းနှစ် ချက်ချင်းပဲ ဆုံးဖြတ်လိုက်ပါသည်။

"အေး ... ကောင်းပြီ။ ငါ လုံးဝစဉ်းစားမနေတော့ဘူး။ စိန့်ကို ငါ လာရွေးမယ်။ ဘယ်မှာလဲ ဘယ်နေရာမှာလဲ။ ငါ လာရွေးတဲ့အချိန်မှာ စိန့်မှာ ဒဏ်ရာအနာတရ တစ်စုံဖြစ်နေတာတွေ့ရင် မင်းတို့တစ်ဖွဲ့လုံး အမှုန့်ချေပစ်မယ်"

"စိတ်ချ၊ စိတ်ချ စိန်ပန်းခိုင် ကြောက်ပြီး ငိုထားတာလောက်ရင် ကျန်းမာပကတိပါ။ မှဲ့တစ်ပေါက်တောင် မစွန်းပါဘူး။





မင်းသာ ကတိတည်ပါစေ။ ရဲကို အကြောင်းကြားတာတို့ ဘာတို့ မလိုချင်ဘူးနော်။ အဲဒီလိုသာ သတင်းအနံ့ရရင် မင်းရဲ့စိန်ပန်းခိုင်ကို အသက်ရှင်ရက်တွေ့ရမှာတော့ မဟုတ်ဘူး"

"မင်းကတိ တည်ပါစေ၊ ကဲ ... ငါ ဒီညဆယ့်နှစ်နာရီကို လာခဲ့မယ်၊ ဘယ်ကိုလာရမှာလဲ"

ရဲဖွဲ့က သူတို့အဖွဲ့ ရှိနေကျ ခြံတစ်ခြံကို ပြောလိုက်ပါသည်။ ရန်ကုန်မြို့စွန်မြို့ဖျား လူနေအိမ်ခြေ သိပ်မရှိသေးသော နေရာသစ်မှာ ရဲဖွဲ့တို့အဖွဲ့က ခြံကျယ်ကြီးနဲ့ စခန်းချနေတာဖြစ်သည်။ ရဲဖွဲ့လည်း အလင်းနှစ်လိုပင် တပည့်တပန်းတွေ အများကြီးနဲ့ တစ်ဂိုဏ်းတစ်ကဏ္ဍ တည်ထောင်ထားသူဖြစ်သည်။ ဒီကောင့်ကိုယုံပြီး တစ်ယောက်တည်းသွားဖို့တော့ မသင့်။ သူ့ကိုဒုက္ခပေးတာ အကြောင်းမဟုတ်။ စိန့်ကို ဒုက္ခပေးမှာကို ပိုပြီးပူသည်။ စိန်အခုဆို တော်တော်ကြောက်နေရှာတော့မည်။ စိန့်ဘဝမှာ တစ်ခါမှ မကြုံဖူး၊ မတွေ့ဖူးတာတွေမို့ စိန့်ကို သနားနေမိသည်။

အလင်းနှစ်သည် ချက်ချင်းပဲ တပည့်တွေကို ခေါ်လိုက်ပါသည်။ အကျိုးအကြောင်း ပြောပြလိုက်သောအခါ စိတ်ဆတ်ပြီး မိုက်ရူးရဲ လုပ်ရဲကြသော တပည့်တွေက အလင်းနှစ်အတွက် အသင့်ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"စိန်ပန်းခိုင်ကို လုံးဝအပိုင်ပေးစရာ မလိုဘူး ကိုလင်းနှစ်။ ဒါ တမင်သက်သက် ဗိုလ်ကျတာပဲ၊ ကျွန်တော်တို့ စိန်မှန်းခိုင်ကိုရော၊ မမလေးကိုရော ရအောင်လုပ်မယ်"

"ကိုလင်းနှစ် ဘာမှမပူနဲ့၊ တစ်ခုမှ မဆုံးရှုံးစေရဘူး။ အသက်ပေးပြီးတော့တောင် လုပ်ပေးမယ်"

စသဖြင့် တစ်ယောက်တစ်ပေါက် ဝိုင်းကတိပေးကြသည်။ အလင်းနှစ်က သူ စီစဉ်ထားသော အစီအစဉ်ကို ပြောပြပြီးလျှင် အားလုံး လက်ဝါးချင်း ဖြောင်းခနဲ ရိုက်လိုက်ကြပါသည်။

ညဆယ့်တစ်နာရီ ထိုးခါနီးအချိန်တွင် အလင်းနှစ်၏ခြံကြီးထဲမှ ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် မောင်းထွက်လာကြပါသည်။ အလင်းနှစ် ကိုယ်တိုင်မောင်းသော အမိုးဖွင့်ကားနီနီအမြင့်ကြီးက ရှေ့ကမောင်းကားနောက်မှ 4WD တစ်စီးနဲ့ သူ့လူတွေအပြည့် ပါလာခဲ့ပါသည်။



## ၁၆

အခန်းအပြင်မှ ဆူဆူညံညံ အသံတွေကြောင့် စိန်သည် အခန်းထောင့်မှာ ဒူးပိုက်ပြီးကွေး၍ ထိုင်နေရာမှ တစ်ချက်တောင့်မတ်သွားပါသည်။ အပြင်က စကားသံတွေထဲမှာ စိန်မှန်းခိုင်၊ စိန်ပန်းခိုင် ဆိုသော အသံတွေ သဲ့သဲ့ကြားနေရသည်။

စိန်သည် ဘဝမှာ မကြုံဖူးတာတွေ၊ ရင်မဆိုင်ရဖူးတာတွေ ကြုံရသဖြင့် ကြောက်ရွံ့ထိတ်လန့်ရလွန်းကာ ရှော့(ခ) ရသလိုဖြစ်ပြီး ဒီအခန်းထောင့်မှာကွေးပြီး ထိုင်နေမိတာ ဘယ်လောက်တောင် ကြာပြီမသိ။

"ဒီထဲမှာ စိတ်ချလက်ချနေ၊ မင်းကို ဘာမှမလုပ်ဘူး၊ ငါတို့နဲ့ ရင်ဆိုင်ရမှာက မင်းရဲ့ယောကျ်ား အလင်းနှစ်ဆိုသူနဲ့ ငါ ရှင်းစရာရှိတယ်၊ မင်းကတော့ ခဏစောင့်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်လို့ ထင်ရတဲ့လူက စိန့်ကို အခန်းတစ်ခုတွင်း တွန်းပို့ကာ ပိတ်လှောင်ထားစဉ် ပြောလိုက်သော စကားကြောင့် ဒီလူတွေဟာ အလင်းနှစ်ရဲ့ရန်ငြိုးရန်စရှိသူတွေဆိုတာ စိန် သိလိုက်သည်။ သူတို့ ဘာမှမလုပ်ဘူး ပြောပေမယ့် စိန် ကြောက်သည်။ လူဆိုးဆိုတာ ကတိတည်တဲ့သူ၊ စိတ်ကောင်းရှိတဲ့သူတွေ မဟုတ်တာမို့ စိန် မယုံရဲ။ အေးအေးဆေးဆေး မနေရဲဘဲ အသံတိတ်မျက်ရည်ကျ၍ တုန်လှုပ်ကာ အကြောက်ကြီးကြောက်လန့်နေမိသည်။

အပြင်မှာ ဆူဆူညံညံ စကားပြောသံတွေ အဆုံးတွင် ဝုန်းဒိုင်းကြဲ အော်ကြဟစ်ကြဲ ထိုးကြိတ်ရိုက်နှက်ကြသံတွေမှာ ကြောက်စရာကောင်းလောက်အောင် ထွက်ပေါ်လာသောအခါ စိန်သည် ဆောက်တည်ရာမရ ဖြစ်တော့သည်။ တစ်နေရာတည်းထောင့်မှာ ထိုင်မနေရဲဘဲ ဟိုဘက်ပြေးပုန်းလိုက်၊ ဒီဘက်ပြေးပုန်းလိုက် ဖြစ်နေမိသည်။ ဘုရားရေ ... ရုပ်ရှင်တွေထဲမှာ မြင်ဖူးကြားဖူးသလို လူဆိုးတွေ ရန်ဖြစ်ထိုးကြိတ်ကြတာမျိုး အပြင်မှာဖြစ်နေကြတာပါလား။

တစ်ယောက်နဲ့တစ်ယောက် ရိုက်သံ၊ ထိုးကြိတ်ကန်ကျောက်သံ၊ အော်ဟစ်ညည်းညူသံ၊ ခုံတွေ ပစ္စည်းတွေ ကျိုးပဲ့ကွဲရှသံတွေ စိန် အကုန်လုံး ကြားနေရသည်။ စိန်လည်း ဖွင့်လို့မရမှန်း





သိပေမယ့် ပြတင်းပေါက်မှန်တံခါးကို ထုနှက်ပြီး ဖွင့်ကြည့်နေမိစဉ် စိန့်ကို ထည့်လှောင်ထားသော အခန်းတံခါးချက်ကို တစ်ခုခုဖြင့် ရိုက်ဖွင့်သံ ကြားရပါသည်။ စိန် ကြောက်လန့်ပြီး ကြံရာမရစွာ ထောင့်ပြေးကပ်ပြီး ပုန်းမိစဉ် တခါးအလျင်စလိုဖွင့်လိုက်သံနှင့်အတူ ...

“စိန် ... စိန် ... စိန်”

ဟု စိုးရိမ်တကြီး အော်ခေါ်သံ၊ အလင်းနှစ် ပြေးဝင်လာခြင်းတို့ကို တစ်ပြိုင်တည်း ကြားလိုက် မြင်လိုက်ရပါသည်။

သူ စိန့်ဆီပြေးလာလျှင် စိန်သည် အားကိုးတကြီးပင် သူ့ဆီပြေးသွားမိသည်။ အဲဒီအချိန်တွင် စိန့်စိတ်ထဲမှာ ဘာမှမရှိ။ ဘာမှမသိတော့။ ဘာအမုန်းတရား၊ ဘာအာဃာတမှ မရှိတော့။ သူ့ကို မြင်လိုက်ရခြင်းသည် စိန့်ရဲ့ကြောက်ရွံ့ထိတ်လန့်မှုတွေ၊ အားငယ် စိုးရွံ့ရခြင်းတွေ တစ်ပြိုင်နက်တည်း ထုတ်ယူပစ်လိုက်သလို ပျောက်ကွယ်သွားပါသည်။ သူသည် စိန့်ဘဝရဲ့ တစ်ဦးတည်းသော အားကိုးရာမယ့်သူ တစ်ဦးအဖြစ် စိန် အားကိုးတကြီး ဝမ်းသာအားရပင် ပြေးသွားလိုက်မိသည်။

အလင်းနှစ်သည် သူ့ကိုမြင်တော့ ကြောက်ရွံ့ထိတ်လန့် အားငယ်နေသော ယုန်သူငယ် မျက်လုံးလေးတွေ အားတက်သောက်ဖြာသွားကာ အားကိုးတကြီး ပြေးလာခဲ့တာမြင်လျှင်



www.burmeseclassic.com

www.burmeseclassic.com



သူ့နား ရောက်ရောက်ချင်း ရင်ခွင်ထဲ သိမ်းကျုံးပွေ့ပိုက်လိုက်မိတော့လေသည်။ တင်းကျပ်နေအောင် ပွေ့ဖက်ထားရင်း ...

"ဆောရီး ... ဆောရီး ... စိန်ရယ်။ စိန် ခုလို ဒုက္ခတွေ ရောက်ရတာ ကိုယ့်ကြောင့်ပါ။ ကိုယ့်ရဲ့ပြဿနာတွေကို မဆိုင်တဲ့စိန်က ကြားဝင်ခံရတာပါ။ နောက် အဲဒီလိုမဖြစ်စေရပါဘူး။ စိန့်ကို ကိုယ် အသက်နဲ့လဲပြီးတော့တောင် စောင့်ရှောက်မယ်"

ဟု သူ တတွတ်တွတ် ကတိတွေပေးမိသည်။ စိန်သည် သူ့ရင်ခွင်ထဲတွင် ကြောက်ရွံ့တုန်လှုပ်မှုတွေဖြင့် တဆတ်ဆတ်တုန်နေကာ မျက်ရည်ကျနေလေသည်။ စိန့်ရဲ့မျက်ရည်တွေဟာ အလင်းနှစ်ရဲ့ရင်ဘတ်မှာ ချက်ချင်းရွှဲသွားပါသည်။

"လာ ... လာ ... စိန်။ အမြင်မှာ ကိုယ့်လူတွေ စာရင်းဆက်ရှင်းနေကြလိမ့်မယ်။ စိန့်ကိုတော့ ကိုယ် ဘေးလွတ်ရာ မြန်မြန်ပြန်ခေါ်သွားမှဖြစ်မယ်"

"စိန် ... စိန် ကြောက်တယ်၊ မထွက်ရဲဘူး၊ မထွက်ရဲဘူး"

"ဘာမှမကြောက်နဲ့ ကိုယ့်လက်ကို မြဲမြဲကိုင်ထား။ စိန့်ကို ကားဆီရောက်အောင် ခေါ်ထုတ်သွားဖို့ ဒီတစ်လမ်းပဲရှိတယ်"





"အား ... သူတို့ ... သူတို့ သွေးတွေနဲ့။ သွေးတွေအများကြီးပဲ။ စိန် အရမ်းကြောက်တယ် အလင်းနှစ်"

"စိန် ... လာ ... လာ။ မြန်မြန်လျှောက်"

အလင်းနှစ်သည် စိန့်လက်ဖဝါးကို တင်းကျပ်စွာဆုပ်ကိုင်ထားကာ လူအုပ်စုကြားက ဖောက်ထွက်ပါသည်။ ရှဲ့ရဲ့လူတွေနဲ့ သူ့လူတွေ ထိုးကြိတ်သတ်ပုတ်နေစဉ် ...

"ကိုလင်းနှစ် ... မမလေးကို သွားကယ်ထုတ်လိုက်၊ ကျွန်တော်တို့ ဒီကောင့်ကို ထိန်းထားမယ်"

ဆိုသော တပည့်တစ်ယောက် အကြံပေးမှုကြောင့် နှစ်ထပ်တိုက်အိမ်ကြီးထဲ ပိတ်ထားသော အခန်းမှန်သမျှ လျှောက်ဖွင့်ကာ ရှာဖွေမိသည်။ သော့ခလောက်ကြီး ခတ်ထားသော အခန်းတစ်ခုကိုတွေ့တော့ ဖွင့်ဖို့သော့မရှိသဖြင့် မီးဖိုခန်းထဲ ပြေးရှာရသည်။

ထုနက်ဖွင့်စရာ ရှာတွေ့မှ ရိုက်နက်ထုဖွင့်၊ စိန့်ကို ခေါ်ကာ အောက်ထပ်ပြန်ဆင်းလာတော့ မြင်ကွင်းက စိန့်လိုမိန်းကလေးတစ်ယောက်အတွက် ထိတ်လန့်စရာ ဖြစ်နေပါသည်။ လဲသူလဲ၊ ကွဲသူကွဲကာ ဒေါသတကြီး တိုက်ပွဲဖြစ်နေကြသေး နှစ်ဖက်လူတွေသည် ဘယ်ဘက်ကမှ အလျှော့ပေးမည့်ပုံမရ။

www.burmeseclassic.com



"ဟာ … ဆရာ … ဆရာရဲဇွဲ၊ ခိန်ပန်းခိုင် ထွက်လာပြီ။ စိန်ပန်းခိုင်ကို ဟိုကောင် ခေါ်ထုတ်လာနိုင်ပြီ"

ရဲဇွဲ၏ တပည့်တစ်ယောက်အသံနှင့်အတူ လူရိပ်တချို့ အလင်းနှစ်တို့နား ဝိုင်းလာကြသည်။

အခြေအနေတွေ တစ်ခဏချင်း ရှုပ်ထွေးသွားသည်။ သူ့ကို လာတိုက်ခိုက်သမျှ လူရိပ်တွေကို သူ ရသလောက်ပြန်ရှင်းပစ်နေပေမယ့် စိန့်လက်ကိုတော့ လုံးဝမလွှတ်ခဲ့ပါ။ သူ့ကိုထိမှာ နာကျင်မှာထက် စိန့်ကို တစ်ချက်လေး ထိသွားမှာ စိုးရိမ်နေခဲ့သည်။

တစ်ချက်မှာတော့ ထိုးနက်ချက်တစ်ခုက သူ့မျက်နှာကို လည်ထွက်သွားလျှင် သူ ဆုပ်ကိုင်ထားသော စိန့်လက်လည်း လွတ်ထွက်သွားပါသည်။ စိန် ယိုင်လဲကျသွားသောအခါ စိန့်ကို ရဲဇွဲတို့ဘက်မှ လူတစ်ယောက် လာချုပ်ကိုင် ခေါ်လိုက်လေသည်။

"ဟေ့ကောင် … စိန့်ကိုမထိနဲ့၊ လွှတ်လိုက်စမ်း"

အလင်းနှစ်သည် နာကျင်နေသည့်ကြားမှ မုန်တိုင်းဝင်မွှေသလို မြင်မြင်ကရာ တိုက်ခိုက်လိုက်ပြီး စိန့်ကို ဖမ်းချုပ်ဆွဲခေါ်သူဆီ ပြေးသွားလိုက်စဉ် …

"အား …"





သူ့ရဲ့နံကြားတစ်ဖက်ထဲ ပူခနဲဖြစ်သွားကာ အဆုံးစွန်သော နာကျင်မှုဖြင့် သူ ခွေလဲသွားခဲ့ပါသည်။

"ဟာ … ဓားနဲ့ထိုးလိုက်ပြီ။ ကိုလင်းနှစ်ကို ထိသွားပြီ"

"ဟေ့ကောင်တွေ မပြေးနဲ့၊ မင်းတို့သွေးကြွေးကို ပြန်ဆပ်ရမယ်"

"ကိုလင်းနှစ်ကို ဆေးရုံအမြန်ပို့မှဖြစ်မယ်"

"မမလေးကို သူတို့လက်ထဲ အပါမခံနဲ့၊ ပြန်ကယ်ကြ"

အလင်းနှစ်သည် သူ့ဒဏ်ရာကို လက်ဖြင့်ပိတ်ရင်း မရမက ကုန်းထရင်း စိန့်ကိုဆွဲခေါ်နေသည့်သူဆီ ထသွားဖို့ ကြိုးစားနေသည်။

သူ့မျက်လုံးတွေလည်း ပြာဝေနေသည်။ နာကျင်မှုက တစ်ကိုယ်လုံးအနှံ့ ပျံ့နှံ့နေပြီ။ စိတ်ကိုလျှော့ချပြီး လောကကြီးနဲ့ အဆက်အသွယ် ဖြတ်ပစ်လိုက်ချင်သည်။ သို့သော် စိတ်မလျှော့ရဲပြန်။ စိန့်ကို ဘေးမသီရန်မခတဲ့အထိ ကာကွယ်စောင့်ရှောက်ရဦးမည်။ ဒဏ်ရာကြီးဖြင့် သူ အားရှိသမျှ စိန့်ကိုဆွဲခေါ်သူထံ ပြေးသွားကာ တိုက်ခိုက်နေစဉ် သူ့တပည့်အချို့ပါ ရောက်လာပြီး လျှပ်တစ်ပြက်အတွင်းမှာပင် စိန့်ကို ဖမ်းချုပ်နေသူ မှောက်သွားအောင် တိုက်ခိုက်လိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိန်သည် သူမ၏လက်ကို ဖမ်းဆွဲခေါ်လိုက်သော အလင်းနှစ်ထံ အလိုက်သင့် ပါသွားပါသည်။ စိန့်မှာ အဖြစ်အပျက်တွေရဲ့ မြန်ဆန်စွာ ပြောင်းလဲမှုကြောင့် ကြောက်လန့်လွန်းကာ ကြောင်နေသည်။ သွေးတွေခြင်းခြင်းနီနေသော အလင်းနှစ်ကတော့ စိန့်လောက် ကြောက်ငေးထိတ်လန့်မနေဘဲ စိန့်ကိုဆွဲခေါ်ကာ ကားဆီသို့ ကြိုးစားပြီး သွားပါသည်။

တစ်ဖက်မှအဖွဲ့လည်း လဲသူလဲ၊ ကွဲသူကွဲဖြစ်ကာ လှုစုကွဲနေပြီ။ သူတို့ခေါင်းဆောင် ဆိုသူလည်း အလင်းနှစ်၏တပည့်တွေကြောင့် လှုပ်တောင် မလှုပ်နိုင်တော့။ အလင်းနှစ်ကတော့ ကားတံခါးဖွင့်နေစဉ်မှာပင် မြေပြင်ပေါ် ခွေလဲပုံကျသွားပါသည်။

"အလင်း ... အလင်းနှစ် ... အလင်းနှစ်"

စိန် အခုမှ သတိဝင်လာသလိုဖြစ်ကာ အလင်းနှစ်ကို ဆွဲယူပွေ့ပိုက်ရင်း ခေါ်လိုက်မိသည်။ အလင်းနှစ်သည် ခုထိသတိရှိသေးစွာ စိန့်ကို အားယူမျက်လုံးဖွင့်ကြည့်ပါသည်။

"စိန် ... ဘာဖြစ်သွားသေးလဲ၊ ဘယ်ထိသွားသေးလဲ""

"စိန် ဘာမှမဖြစ်ပါဘူး"

"စိန် အိမ်ပြန်တော့၊ အိမ်ပြန်တော့ ကားမောင်းပြီးပြန်တော့။ စိန် ဒီမှာရှိနေလို့ မဖြစ်ဘူး။ စိတ်မချရဘူး"





အလင်းနှစ်သည် ထိုစကားတွေကို တစ်လုံးချင်း အားယူပြောနေရတာ ဖြစ်ပါသည်။ စိန်သည် ဘယ်ကဘယ်လို ကျလာသည်မသိသော မျက်ရည်တွေဖြင့် အားကိုးရာမဲ့နေသလို ငိုမိသည်။ စိန် သူ့ကို မသေစေချင်ပါ။ စိန့်အနားမှာ သူရှိနေစေချင်သည်။

"မမလေး ... မမလေး ... ကျွန်တော်တို့ ကိုလင်းနှစ်ကို ဆေးရုံပို့မှ ဖြစ်မယ်"

"ကျွန်တော်တို့ ဝိုင်းချီမပြီး ကားထဲထည့်လိုက်မယ်"

"မမလေး ... ဖယ် ... ဖယ် ... ကျွန်တော်တို့ပဲ ဝိုင်းပွေ့မှရမှာ။ မမလေး စိတ်ချလက်ချသာ ကားနောက်ခန်းထဲ အရင်ဝင်ထိုင်နှင့်ပါ။ ကိုလင်းနှစ်ကို ကျွန်တော်တို့ နောက်ခန်းထဲ ထည့်ပေးမယ်"

စိန်သည် 4WD ၏နောက်ခန်းတွင် ဝင်ထိုင်ပြီးသောအခါ အလင်းနှစ်တပည့်တွေ ဝိုင်းပွေ့တင်ပေးသည့်အတွက် အလင်းနှစ်လည်း စိန်နှင့်အတူ ကားနောက်ခန်းကို ရောက်လာသည်။ အလင်းနှစ်၏ခေါင်းကို အသာမ,ယူကာ စိန် လက်နှစ်ဖက်ဖြင့် ပွေ့ပိုက်ထားလိုက်မိပါသည်။ အလင်းနှစ်က စိန့်ကိုထပ်၍ အားယူမျက်လုံးဖွင့်ကြည့်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိန်"

ဟု တိုးလျှစွာ သူ ခေါ်ပါသည်။

"ကိုယ် စိန့်ကို အရမ်းချစ်တယ်"

သူ၏တိုးလျှလွန်းသော အသံဟာ စိန့်နားထဲမှာတော့ ဗုံးပေါက်ကွဲသကဲ့သို့ ကျယ်လောင်လွန်းလှသည်။ စိန့်ရင်ထဲမှာ ဘာတွေဖြစ်သွားသည်မသိ။

စိန် သူ့ကို မုန်းရတာတွေ၊ အငြိုးထားရတာတွေ၊ သူနဲ့နိုင်အောင်ပြိုင်ရတာတွေ၊ စိန် သူ့အပေါ် ကလဲ့စားချေချင်တာတွေ တစ်ကိုယ်လုံး ပျံ့နှံ့နေသည်။ အဲဒီခံစားချက်နဲ့ တစ်ပြိုင်တည်းမှာပင် စိန်သည် ဆောက်တည်ရာမဲ့ ငိုကြွေးချင်စိတ်တွေလည်း ဖြစ်လာသည်။ စိန် ဘာလုပ်ရမလဲ၊ စိန့်ကို သူ အရှုံးပေးပြီး "ချစ်ပါသည်"ဟု ဝန်ခံတာကို စိန် လိုချင်ခဲ့သည်။

အခု အဲဒီစကားကို စိန် ကြားရပြီ။ သူက စိန့်ကို ချစ်နေခြင်းသည် စိန် အမြဲအနိုင်ရနေခြင်းသာဖြစ်ပါသည်။ စိန် သူ့ကို မုန်းကိုမုန်းရမည်။ ပြန်ပြီးတုံ့ပြန်ချစ်နေစရာမလို။ သူ့ကို နိုင်ဖို့ဆိုတာဟာ စိန်က သူ့ကို မုန်းနေမှသာဖြစ်မည်။ ဒါမှ စိန် လည်း အမြဲနိုင်တော့မည်ဖြစ်သည်။ မုန်းနေသော လူတစ်ယောက်ကို ပြန်ချစ်လိုက်ခြင်းသည် အရှုံးနဲ့ ရင်ဆိုင်ရခြင်းသာ ဖြစ်ပါသည်။





စိန်သည် ကောက်ကျစ်သောအပြုံးကို ပြုံးလိုက်ကာ အံကိုခဲနေအောင် ကြိတ်ထားလိုက်သည်။ အေးစက်စပြုနေသော အလင်းနှစ်၏ခန္ဓာကိုယ်ကတော့ လှုပ်ရှားမှု ကင်းနေပါသည်။ အလင်းနှစ်တစ်ယောက် သူ့ ဝန်ခံချင်သောစကားကို ပြောပြီးသော အခါ လောကကြီးနဲ့ အဆက်အသွယ် ပြတ်သွားခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

သူ သတိရပြီး မျက်လုံးတွေ အရင်ဖွင့်လိုက်သော အခါ အမေ့ကို အရင်ဆုံး တွေ့ရသည်။ သူ့ခုတင်ဘေးမှာ ငိုထားသော မျက်လုံးနီနီတွေနဲ့ အမေသည် ဝမ်းသာအားရပင် ...

"သား ... သားလေး သတိရပြီ"

ဟု အော်လိုက်ပါသည်။

"သားရယ် ... မသေကောင်း မပျောက်ကောင်း၊ သားသာ သေသွားခဲ့ရင် အမေတော့ ဘယ်လိုဖြေရမှန်းတောင် သိမှာ မဟုတ်ဘူး"

"သား အခု ကောင်းသွားပါပြီ"

"ဘယ်လိုလုပ် ချက်ချင်းကောင်းပါ့မလဲ။ သုံးရက်တောင် သတိလစ်နေတာ"





"ဟုတ်လား"

"သွေးထွက်လွန်နေတယ်၊ ဒဏ်ရာကလည်း အရိုးထိတယ်၊ အထဲက အသားစတွေ မျက်စီးတာလည်း များတယ်ဆိုပြီး အကြီးစား အော်ပရေးရှင်း ချက်ချင်းလုပ်ရတယ်လေ။ သွေးငါးပုလင်း သွင်းရတယ်။ မင်းတစ်ပည့်တွေ့ပဲ ဝိုင်းလှူကြတာ။ ခွဲစိတ်ပြီး သတိကလုံးဝမရနိုင်ဘူး။ ခဏခဏ နှလုံးခုန် ရပ်ရပ်သွားသေးတယ်။ စက်နဲ့နှိုးရတယ် သားရယ်။ အမေဖြင့် မကြည့်ရက်ပါဘူး။ သား ခံစားနေရတာ မြင်ပြီး သတိတောင် လစ်သွားသေးတယ်။ သုံးရက်လုံးလုံး အဖျားကြီးပြီး ကယောင်ကတမ်းတွေ ပြောနေခဲ့တာ။ သားရယ်။ အမေရာ အားလုံးကပါ သားမှာ မျှော်လင့်ချက် မရှိတော့ဘူး ထင်နေတာပါ"

အလင်းနှစ်သည် အမေ့မျက်ရည်တွေကို အားယူ၍ လက်တစ်ဖက်မြှောက်ကာ သုတ်ပေးမိသည်။ ဒီကမ္ဘာမှာ အမေ့လောက် သူ့ကို မေတ္တာရှိနိုင်တဲ့သူ ဘယ်သူမှ မရှိတော့ပြီ။

"အမေ ... အမေ့ကို သား ချစ်ပါတယ်။ ဒါကြောင့် အမေ့အတွက် သား အသက်ရှင်မှာပါ"

အမေက အလင်းနှစ်၏ခေါင်းကို ပိုက်၍ပွေ့ထားလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အမေ ... စိန်ရော"

"သားရယ် ... ဒီမိန်းကလေးက သားအပေါ် လုံးဝမေတ္တာမရှိဘဲ ထားသွားခဲ့တာတောင် ..."

"စိန် သားကို မထားခဲ့ပါဘူး အမေ။ သား နောက်ဆုံးသတိရတဲ့အချိန်ထိ ရှိနေသေးတယ်"

"သား ဆေးရုံပေါ်မှာ ခွဲစိတ်နေရှိန်ရော၊ သတိလစ်နေတဲ့သုံးရက်လုံးလုံးရော သူ့ကို အမေမတွေ့ဘူး၊ သားဂသာကယောင်ကတမ်းနဲ့ တစ်ချိန်လုံး သူ့ကိုပဲ တမ်းတနေခဲ့တာ"

"စိန် ဘယ်ရောက်သွားလဲ"

"သူ့မိဘအိမ် ပြန်နေနေတယ်လို့ မင်းလူတွေ ပြောကြတာပဲ"

"သူ ပြန်လာမှာပါ"

"အမယ်လေး ... မထင်ပါဘူးကွယ်၊ သေကောင်ပေါင်းလဲဖြစ်နေတဲ့ ယောကျ်ားကို ဂရုမစိုက်ဘဲ ပစ်ထားပြီး မိဘအိမ်ပြန်နေနေတဲ့ မိန်းမပါ။ မင်း ဘာကြောင့် စိတ်မပြတ်နိုင်ရတာလဲ။ မင်းအပေါ် တစ်စက်မှ အကြင်နာတရားမရှိဘူးလေ"

"သား သူ့ကိုချစ်တယ် အမေ။ သား အသက်ရှင်နေသရွေ့သူ့ကို သားအနားမှာပဲ ထားမယ်"





အလင်းနှစ်သည့် သူ သတိမလစ်ခင်လေးမှာ စိန့်ကို သူ ဝန်ခံလိုက်သည့်အတွက် စိန် သူ့ကို တုံ့ပြန်လိုက်တဲ့အပြုံးကို အမှတ်ရနေမိသည်။ စိန့်အပြုံးသည် သူ့နှလုံးသားကိုထိကာ ကွဲအက်သွားစေခဲ့ကြောင်း သူ အဲဒီအချိန်က သိလိုက်ပါသည်။

ထိုသို့ သိလိုက်ခြင်းနဲ့အတူ သူဟာ စိန့်ကို တစ်သက်လုံး ရှုံးနေတော့မည် ဆိုတာကိုပါ နားလည်လိုက်ပါသည်။ သို့သော် သူသည် ခုချိန်မှာနိုင်တာ၊ ရှုံးရတာ၊ ပြိုင်တာ၊ ဆိုင်တာတွေကိုလည်း ဂရုမစိုက်ချင်တော့။ သူ ဘာကိုမှ မလိုချင်တော့။

သူ့ရင်ထဲမှာ အလိုချင်ဆုံး အတောင့်တဆုံးအရာမှာ စိန့်ကို သူ့ဘဝထဲမှာ ထားခွင့်ရဖို့သာဖြစ်သည်။ စိတ်ချမ်းသာရသည်ဖြစ်စေ၊ စိတ်မချမ်းသာရသည်ဖြစ်စေ သူ စိန့်ကိုအနားမှာထားဖို့ တကယ်လိုအပ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# နှလုံးသားက
# အနိုင်ရသွားသောအခါ...



## ၁၈

"စိန် ... မင်း ငါနဲ့ပြန်လိုက်ခဲ့စမ်း"

စိန်သည် အိမ်ထဲသို့ လျှပ်စီးလက်သလို ပြေးဝင်လာကာ စိန့်လက်ကို ဆွဲခေါ်လိုက်သော အလင်းနှစ်ကြောင့် ရုတ်တရက် မှင်တက်သွားမိသည်။

ဖျော့တော့နေသော အသားအရေနှင့် နေမကောင်းသေးသော လူတစ်ယောက်အသွင် ရှိနေသေးသော အလင်းနှစ်ကို စိန်ဟာ မမြင်ဖူးသူတစ်ယောက်လို ကြည့်နေမိသည်။

"သမီးကို ဒီလို အတင်းအကျပ် ပြန်မခေါ်ပါနဲ့ မောင်အလင်းနှစ်။ မင်းလိုလူတစ်ယောက်အနားမှာ နေရရင် သမီးအတွက် အန္တရာယ်တစ်မျိုးပြီးတစ်မျိုး ရှိလာနိုင်တာမြင်လို့ ငါတို့ ပြန်ခေါ်ထားတာပဲ၊ ငါ ခွင့်မပြုဘူး မင်း ခေါ်မသွားရဘူး"



www.burmeseclassic.com

www.burmeseclassic.com

စိန့်ဖေဖေက အလင်းနှစ်ကို စူးစူးရဲရဲကြည့်ကာ အော်သည်။

"သမီးမှာ ကြောက်လွန်းလို့ ရှော့(ခ)ရပြီး အိပ်ရာထဲ လဲသွားတာ မနည်း ပြန်ကုထားရတယ်၊ အဲဒါတွေ မင်းကြောင့်ဖြစ်ရတာ။ မင်းလို ဓာတ်လမ်းရှုပ်တဲ့လူကြောင့် တစ်ခါမှ မကြုံဖူးတာတွေကြုံပြီး သမီး ဒီလိုဖြစ်ရတာ။ အန်တီ့သမီးကို အန်တီပြန်သိမ်းတယ်။ မင်းကို မပေးနိုင်တော့ဘူး"

"စိန်က ခုထိ ကျွန်တော့်ဇနီးပဲ။ ကျွန်တော့်ဇနီး ကျွန်တော်ပြန်ခေါ်ခွင့်ရှိတယ်။ သူ့ကို ကျွန်တော်ပဲ စောင့်ရှောက်ခွင့်ရှိတယ်။ သူ့အတွက် ကျွန်တော် အသက်ပေးပြီးတောင် စောင့်ရှောက်နိုင်တယ်"

"အို ... ဘာပဲဖြစ်ဖြစ် မင်းသာ အသက်ပေးရင်ပေး၊ သမီး အသက်တော့ ထပ်အထိပါး မခံနိုင်ဘူး"

"မင်း အေးအေးသက်သာ ထွက်သွားရင်ထွက်သွား၊ မသွားရင် ဒီတစ်ခါတော့ ငါကိုယ်တိုင် ရဲကိုဖုန်းဆက်ပြီးခေါ်မယ်။ မင်းကို ဖမ်းချုပ်မယ်။ ဇနီးမယားက အလိုမတူရင် လင်ယောကျ်ားဟာ သူ့ဇနီးကို အတင်းပြန်ဆွဲခေါ်ခွင့်မရှိဘူးဆိုတာ မင်း သိရဲ့လား။ ပြီးတော့ မင်း ငါ့အိမ်မှာ ပိုင်နက်လာကျူးလွန်တယ်။ ပိုင်နက်ကျူးလွန်မှုနဲ့လည်း တရားစွဲလို့ရတယ်"





"ကျွန်တော် အန်ကယ်လ်နဲ့ အန်တီ့ကို မလေးစားတာ၊ မခန့်လေးစားလုပ်တာ မဟုတ်ပါဘူး။ စိန်ဟာ ကျွန်တော့်ဇနီးမို့ ကျွန်တော် ပိုင်ဆိုင်တယ်။ ကျွန်တော့်အရိပ်အောက်မှာပဲ နေကိုနေရမယ်။ ဒီအိမ်ထဲက စိန်မပါဘဲ ကျွန်တော် ပြန်မထွက်ဘူး"

"မင်း ... မင်း ... တောက်၊ မိုက်ရိုင်းလိုက်တဲ့ကောင်၊ ကဲကွာ"

စိန်သည် မျက်လုံးကိုယောင်ပြီး ပိတ်ချလိုက်ပါသည်။ ခွပ်ခနဲအသံနဲ့အတူ ဖေဖေ ထိုးလိုက်သော လက်သီးတစ်ချက်ဟာ အလင်းနှစ်၏ ပါးတစ်ဖက်ကို လည်ထွက်သွားစေသည်။ ပါးစပ်ထဲမှ သွေးစတချို့ စိမ့်ထွက်သွားပေမယ့်လည်း သူ ဖြုံမသွား။ သူ့ပုံစံဟာ အားအင်ကုန်ခန်းနေဆဲ၊ ခပ်ယိုင်ယိုင်ဖြစ်နေဆဲပေမယ့် ဖွဲမနှော့သောပုံစံ။ သူ ဆေးရုံက ဒီနေ့ဆင်းကြောင်း စိန့်ကို ဒေါ်ထွား ဖုန်းဆက်အသိပေးလို့ သိထားပါသည်။ ဆေးရုံက ဆင်းဆင်းချင်း သူ ဒီကိုလာခဲ့တာပဲဖြစ်မည်။ ဘုရားရေ ... ဆေးရုံဆင်းခါစ အားအင်ဖျော့တော့နေတဲ့ သူတစ်ယောက်ရဲ့စိတ်ဓာတ်က ပြင်းလှချည်လား။ သူ ခုထိ စိတ်မာတုန်းပဲ။ လိုချင်တာကို မရရအောင် ယူချင်တုန်းပဲ။ အဲဒီစိတ်ကို စိန် သိပ်မုန်းခဲ့တာ။ အဲဒီစိတ်ကပဲ တိုက်တွန်းလို့ သူဟာ စိန့်ကို အရယူခဲ့တာဖြစ်ကြောင်း စိန် အခုတော့ သိနေပြီ။


www.burmeseclassic.com

www.burmeseclassic.com



"သမီး အရှင်းဆုံး၊ အပြတ်ဆုံး ပြောလိုက်စမ်း၊ သမီး သဘောမတူဘူး။ ပြန်မလိုက်နိုင်ဘူး ပြောလိုက်စမ်း။ ဒါမှ ဒီကောင့်ကို ဖေဖေ လုပ်ချင်တာလုပ်လို့ ရမယ်"

"သမီး စိန် ... တွေဝေမနေနဲ့တော့။ သမီးကို သူ ဒုက္ခပေးခဲ့တာများပြီ။ မေမေတို့ အရိပ်အောက်ကို ပြန်နေတော့မယ်လို့ ပြောလိုက်တော့"

စိန်သည် ဖေဖေနဲ့မေမေကို တစ်လှည့်စီ တွေဝေစွာ ကြည့်နေမိပြန်သည်။

"စိန် ... မင်းဟာ ငါ့မိန်းမနော်။ မင်း ငါ့အိမ်ကလွဲရင် ဘယ်အိမ်မှာမှ မနေရဘူး။ မင်း ငါ့အရိပ်အောက်ထဲမှာ နေရမယ်၊ ငါနဲ့ ပြန်လိုက်ခဲ့ရယ်"

စိန်သည် အလင်းနှစ်၏ မျက်လုံးတွေထဲ တည့်တည့် စိုက်ကြည့်လိုက်မိသည်။ သူ့မျက်လုံးတွေက ခုတော့ မာနကြီးနေပြန်သည်။ စိန်လည်း မာနကြီးစွာ လှို့ဝှက်သောအပြုံးကို ပြုံးလိုက်မိသည်။ စိန် သူ့ရဲ့အားနည်းချက်ကို သိထားပြီးပြီ။ စိန် သူ့ကို ဘာကြောင့် တစ်သက်လုံး မနိုင်ရမှာလဲ။ စိန် သူ့ကိုအမြဲ အနိုင်ရနေတော့မည်မှာ သေချာနေပြီပဲ။ စိန် ဘာကို ဂရုစိုက်နေရမှာလဲ။ စိန် ဘာမှမကြောက်တော့။

"စိန် သူနဲ့ ပြန်လိုက်သွားမယ် ဖေဖေနဲ့မေမေ"





စိန့်စကားအဆုံးတွင် အလင်းနှစ်သည် စိန့်ကို ဖွဖွ ခနဲပါသွားအောင် ဆွဲခေါ်ပြေးထွက်လာခဲ့ပါသည်။

စိန်သည် လွတ်ထွက်သွားမှာ စိုးသည့်အလား ဆွဲကိုင်ဆုပ်ညှစ်ထားသော သူ့လက်ချောင်းတွေထဲ စိန့်လက်တစ်ဖက် ပါသွားခွင့်ရခြင်းအတွက် ကျေကျေနပ်နပ် ပြုံးနေခဲ့ပါသည်။

ဘာလိုသေးလဲလေ။ စိန် လိုချင်တာ ရပြီပဲ။ အဲဒီအတွက် စိန်သည် အယ်တော့မှ နောင်တမရတော့ပြီတည်း။



www.burmeseclassic.com

www.burmeseclassic.com

"နှလုံးသားက အနိုင်ရသွားသောအခါ"

"သူတို့နှစ်ဦးကြားမှာ တည်ရှိနေသော

တစ်စုံတစ်ရာကို အနိုင်ပေးလိုက်တဲ့အခါ

သူတို့နှစ်ဦးဟာ တစ်သက်လုံး

မခွဲနိုင်တော့ခြင်းတည်းဟူသော

အရှုံးနဲ့ရင်ဆိုင်ရသူများသာ ဖြစ်သွားခဲ့ကြောင်း

ဘယ်တော့မှ သူတို့ သိလာလိမ့်မည် မဟုတ်တော့ချေ"



ရှင်မိုး

(ဆေးတက္ကသိုလ်)

25th April, Su.ːday

2010.

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

ရှင်မိုး (ဆေးတက္ကသိုလ်)

# နှလုံးသားက အနိုင်ရသွားသောအခါ

www.burmeseclassic.com